www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၈၄ ခုနှစ်၊ စာပေဗိမာန် စာမူဆု

ဝတ္ထုရှည်၊ ပထမ ဆုရ

# အနောက်ကိုရှေ့၊ အရှေ့ကိုမျှော်

BURMESE CLASSIC .com

ဒေါက်တာ ရဲနိုင်

အဖုံးပန်းချီ – ဇော်တေဇ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲ စာစဉ်

www.burmeseclassic.com

www.burmeseclassic.com

ပထမ နှိပ်ခြင်း၊ ၁၉၇၇၊ အုပ်ရေ ၁၇,၀၀၀

အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ တွဲဖက်ညွှန်ကြားရေးမှူး ဦးမျိုးသန့်က (ယာယီ
မှတ်ပုံတင် အမှတ် ၁၁၁) ဖြင့် စာပေဗိမာန်ပုံနှိပ်တိုက်တွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၁၀၂၅) ဖြင့် ထုတ်ဝေသည်။

အိမ်အပြန်ခက်၍
လွမ်းရတက်ပွေသူများနှင့်
ကိုယ့်အိမ်ကို ကိုယ်မခင်
အိမ်ပြင်ကို မျှော်ငေးသူများအား
ရည်ညွှန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကိုယ်တိုင်ထက်ပင်
ကျွန်တော်၏စာများကို
ပို၍တန်ဖိုးထားမြတ်နိုးသော
ကွယ်လွန်သူ ကျေးဇူးရှင်ဖခင်ကြီး
ဦးဘတုတ်အား၊
ဤစာအုပ်ဖြင့် ကန်တော့ပါသည်။

သားကြီး

ရဲနိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အနောက်ကိုရွှေ၊ အရှေ့ကိုမျှော်

"ပက်တီကုတ်ဈေးသည် ကမ္ဘာပေါ်တွင် လမ်းပေါ်မှ အကြီးကျယ်ဆုံး ဈေးဖြစ်သည်"....တဲ့။

သည်နှုတ်ဖူးစည်းစာတမ်းကို ဈေးထိပ်တွင် ကြွားကြွားဝင့်ဝင့် ချိတ်ဆွဲထား၏။

သည်အဆိုမှန်သလား၊ လွန်လေသလားတော့ စည်သူလင်း ရေရေရာရာမပြောတတ်။ သူ့အနေဖြင့် မြန်မာပြည်မှလွဲလျှင် လန်ဒန်မြို့တစ်မြို့တည်းသာရောက်ဖူးခဲ့သည်။ သည်တော့လည်း ကမ္ဘာနှင့်ချီပြီးနှိုင်းယှဉ်၍ မသိတတ်နိုင်။ သူသိသည်မှာ ပက်တီကုတ်ဈေးသည် ရန်ကုန်မြို့ပေါ်က ဈေးတွေထက်တော့ အပြတ်အသတ် ကြီးကျယ်သည်။ စည်ကားသည်ဟူ၍သာ....။

"ဒီဈေးမှာဝယ်ရတာ ကုန်တိုက်ကြီးတွေမှာ ဝယ်ရတာထက် ပိုပြီး စိတ်ချမ်းသာတယ်ဗျ။ ကုန်တိုက်တွေမှာ ကြိုက်ရာပစ္စည်းကောက်ထည့်၊ ကောင်တာမှာ ပစ္စည်းတွေပြပြီး ငွေချေရတာ အချိန်ကုန် သက်သာတာတော့ မှန်ပါတယ်။ ဒါပေမယ့် လူလူချင်း ဆက်ဆံမှုအပိုင်းကျတော့ လျော့နည်းလွန်းလှတယ်ဗျာ"

စည်သူလင်းက သူ့ထင်မြင်ချက်ကို အဖော်ပါလာသည့် ဦးတင်လတ်အား တင်ပြသည်။

"ဘာလို့လဲ၊ ကုန်တိုက်က အရောင်းစာရေးမတွေက မျက်နှာထားတင်းပြီး လေပေါက်ဆိုးလို့လား"

"ဟုတ်တယ်လေ။ သူတို့ကမရယ်မပြုံး မျက်နှာကြောတင်းတင်းကြီးတွေနဲ့။ ပြီးတော့လဲ ဆက်ဆံရတာ သူတို့လက်ထဲက ကွန်ပျူတာတွေလိုပဲ မေးတစ်ခွန်းဖြေတစ်ခွန်းနဲ့။ ဒီဈေးထဲမှာတော့ ကြည့်စမ်းပါဦး



www.burmeseclassic.com

www.burmeseclassic.com

ကိုလတ်ရယ်။ ရောင်းတဲ့သူတွေက မျက်နှာရှင်ရှင် နှုတ်ချိုချိုနဲ့ ဘယ်လောက် ဆက်ဆံရေးကောင်းသလဲ။ တချို့ဆိုယင် ဝယ်သူကို ဒါလင် ကလဲကွာ ဘာညာနဲ့ သူတို့ရည်းစားကျနေတာပဲ"

ဦးတင်လတ်က စည်သူလင်း၏စကားကို သဘောကျစွာ ရယ်မောလိုက်၏။

"ဟား....ဟား....ဟား။ ဒါလင် အခေါ်ခံရတာနဲ့ ခင်ဗျားအိတ်ထဲက ပေါင်နှစ်ဆယ်တန်တစ်ရွက် ချော်ပြီမဟုတ်လား"

"ပေါင်နှစ်ဆယ်နဲ့ ရလာတဲ့ပစ္စည်းတွေလဲ ကြည့်ဦးလေဗျာ။ ကုန်တိုက်တွေမှာဆိုယင် ဒီလောက်ပစ္စည်း ပေါင်ငါးဆယ်နဲ့ ဘယ်ရမလဲ။ အခု လက်နှိပ်စက်မျိုးလေးကို အားဂေါ့ (စ) မှာ ကျွန်တော်တွေ့ခဲ့တယ်။ ခြောက်ဆယ့်ငါးပေါင်တဲ့။ အခုဟာက တစ်ပတ်ရစ်သာဆိုတယ် အကောင်းကြီး သုံးလို့ရသေးတယ်။ ဆယ့်လေးပေါင်နဲ့ ရတာ အရမ်းဟန်တာပဲဗျ"

ပက်တီကုတ်ဈေးသည် လန်ဒန်မြို့အောဂိတ်ရပ်ကွက်တွင်ရှိ ပက်တီကုတ်လမ်းသွယ်လေးပေါ်တွင် စတင် ဖွင့်လှစ်ခဲ့ရာမှ တစ်စစကြီးထွားလာပြီး ယခုဆိုလျှင် အောဂိတ်တစ်ရပ်ကွက်လုံးရှိ လမ်းများအားလုံးပြည့်အောင် ဆိုင်ဖွင့်နေကြပြီ။ သည်ဈေးကို မြန်မာလို လေဟာပြင်ဈေးဟုလည်း ခေါ်နိုင်သည်။ ရောင်းကုန်ပစ္စည်းများကို လမ်းပေါ်တွင် ဖုံ၍လည်းကောင်း၊ ယာယီဆိုင်ခုံနှင့် လက်တွန်းလှည်းများပေါ် ဝယ်ပြန့်ခင်း၍ချိတ်ဆွဲ၍လည်းကောင်း ရောင်းကြသည်။

ထူးခြားသည်မှာ ဈေးနှုန်းသည် ကုန်တိုက်ကြီးများ၊ စတိုးဆိုင်များတွင် ရောင်းသည်ထက် များစွာ သက်သာသည်။ တစ်ပတ်ရစ်ပစ္စည်းအဟောင်းများ၊ ဆိုင်ကပ် အရောင်းထိုင်းပစ္စည်းများကို ခေါက်ချိုးဈေးမျှ သက်သာစွာ ရောင်းသည့်ဆိုင်များလည်း ရှိသည်။ သည့်အပြင် မြန်မာတို့ ထုံးစံအတိုင်း ဈေးဆစ်တာတို့၊ များများဝယ်ပြီး အပိုတောင်းတာတို့လည်း ရနိုင်သေးသည်။

"လာပါ၊ ဝယ်ပါ။ လျှော့ဈေးတွေပေးနေပြီ။ ဒီလိုဈေးနှုန်းနဲ့ ဘယ်မှာမှမရနိုင်ဘူး"



"ကြိုက်တာယူပါ။ တစ်ခုတစ်မျိုးကို တစ်ပေါင်တည်း"

"သုံးမျိုးကြိုက်တာရွေးယူ။ ငါးပေါင်နဲ့ရမယ်"

ရောင်းသူတို့၏ ဈေးခေါ်သံ၊ ကြော်ငြာသံများလည်း ဈေးအတွင်း ပွက်ပွက်ညံနေသည်။ စည်သူလင်း သည်ဈေးကိုရောက်လျှင် အညာဘုရားပွဲမှ ပွဲဈေးတန်းကို လွမ်းဆွတ်သတိရမိသည်။ ဒါကြောင့်လည်း ပက်တီကုတ်ဈေးကို သူ့သံယောဇဉ်ဖြစ်နေမိခြင်းပင်။

ပက်တီကုတ်ဈေးသည် စနေ တနင်္ဂနွေ ရက်များတွင်သာဖွင့်သည်။ ခုလို စနေ တနင်္ဂနွေ ရက်အားများတွင် စည်သူလင်းသည် ဈေးကို အရောက်လာသည်။ ဈေးအတွင်း တစ်ပတ်ပတ်ပြီး တစ်မနက် အချိန်ဖြုန်းသည်။ နေ့လယ်ရောက်တော့ ဈေးထိပ်မှ "လခြမ်း" စားသောက်ဆိုင်ကို ဝင်သည်။

လခြမ်းစားသောက်ဆိုင်သည် မွတ်စလင်ဆိုင်ဖြစ်၍ အိန္ဒိယ အစားအသောက်များအပြင် ထမင်းနှင့် ဟင်းလည်းရသည်။ မြန်မာဆန်သော ဈေးကို တစ်ပတ်လှည့်ပြီး ထမင်းကို နန္ဒင်းဝါဝါ၊ မဆလာနံ့သင်းသင်း ဟင်းနှင့် စားချခြင်းသည် စည်သူလင်းအတွက် မြန်မာပြည်ကိုအလွမ်းပြေစေ၏။

"ဒီနေ့တော့ ချပါတီနဲ့ ဟင်းနဲ့ပဲ စားကြရအောင်ဗျာ။ ညနေစာကျတော့ ကိုကြီးအောင်တို့အိမ်မှာ မြန်မာထမင်းဟင်းစစ်စစ် စားရမှာ အရသာပျက်လိမ့်မယ်။ ဒီကထမင်းဟင်းကို မစားကြပါစို့နဲ့"

"ကိုလတ် သဘောပဲလေ၊ ချပါတီနဲ့အာလူးဟင်းကလဲ ဟမ်းဘားဂါးနဲ့ ဟော့ဒေါ့တို့ ထက်တော့ ခံတွင်း တွေ့ပါသေးတယ်။ လာဗျာ ကျွန်တော်လဲဆာလှပြီ။ လခြမ်းဆိုင်ဘက်ကို ထွက်ကြရအောင်"

လက်ထဲမှ ပစ္စည်းများကလည်း လေးလှပြီ။ စည်သူလင်း၏ ညာဘက်လက်က အင်္ဂလိပ်လက်နှိပ်စက်ကလေးကို ကြာကြာဆွဲလာရတော့ လက်မောင်းအောင့်လာသည်။ တစ်ခါတစ်ခါ သူက လူတွေကြားထဲမှာ ကန့်လန့်ခံပြီး ညပ်နေတတ်သေးသည်။ ပုံမပျက်အောင် ဟန်လုပ်ပြီး လက်မှဆွဲနေမည့်အစား မြန်မာဆန်ဆန် ပခုံးပေါ် တင်ပြီး ထမ်းလိုက်ချင်သည်၊ ဦးတင်လတ်လက်ထဲမှာလည်း လက်ဆွဲအိတ်အားလုံး



www.burmeseclassic.com

www.burmeseclassic.com

နှင့် ပစ္စည်းများအပြည့်။ ဝမ်းဗိုက်ဖြည့်ရန်သာမက ပစ္စည်းခိုးအနားယူရန်လည်း လိုအပ်လာပြီ။

"ကိုယ့်ပစ္စည်းကိုယ် ဂရုစိုက်ကြပါ၊ ခါးပိုက်နှိုက်တွေ သောင်းကျန်းနေပါတယ်၊ အိတ်တွေကို ကျောမှာ ပိုးမထားကြပါနဲ့၊ အဖုံးပိတ်ပြီး လက်ထဲမှာ ကိုင်ထားကြပါ"

အမျိုးသမီးရဲတစ်ဦးက လက်ကိုင်အသံချဲ့စက်ဖြင့် အော်၍သတိပေးနေသည်။ ရဲကားများ၏ရှေ့မှာလည်း ခါးပိုက်နှိုက်သတိပြုရန် နှိုးဆော်သည့်ပိုစတာကြီးများ ချိတ်ထား၏။

"သင် သည်စာကို ဖတ်ရသောအချိန်တွင် သင့်အိတ်ထဲမှ ပစ္စည်းတစ်ခုခု ခါးပိုက်နှိုက်ခံလိုက်ရပြီး ဖြစ်ပေလိမ့်မည်" တဲ့။

အမျိုးသားရဲများကလည်း ပေါ့ဆသောဈေးဝယ်သူများကို တစ်ဦးချင်း ခါးပိုက်နှိုက်ရန်မှ ကာကွယ် နိုင်ရန် သတိပေး နေသည်။ လက်ကမ်းကြော်ငြာများလည်း ဝေငှနေသည်။

ဈေးအတွင်းမှာ လူတွေပခုံးချင်းထပ်။ ရင်ချင်းအပ်၍ ကျပ်ညပ်နေ၏။ သူတို့နှစ်ယောက်လည်း ခါးပိုက်နှိုက်ကို သတိထားရင်း ဈေးအပြင်သို့အမြန်ရောက်နိုင်ရန် ကြိတ်ကြိတ်တိုးတွန်းဖယ်သွားကြရသည်။

"အိုးဆောရီး....ဆိုးဆောရီး"

စည်သူလင်း၏လက်ထဲမှ ပေါက်နှိုပ်စက်ကလေး လွတ်ကျသွားသံနှင့်အတူ အမျိုးသမီး တစ်ဦး၏ တောင်းပန်သံကို ကြားလိုက်ရသည်။ မည်သူက သူ့လက်နှိုပ်စက်ကို တိုက်ချလိုက်သည်ကို လှည့်မကြည့်အားဘဲ လွတ်ကျသွားသည့်သူ့ပစ္စည်းကို သူများ တက်မနင်းနိုင်အောင် အမြန်လိုက်ကောက်ရသည်။ တိုးတိုက် တွန်းဖယ်ကြသူ အချင်းချင်းတွင် သူထက်အလျင်လိုသော ထိုအမျိုးသမီးက သူ့နောက်မှ ကျော်အတက် သူမ၏ဒူးနှင့်လက်နှိုပ်စက်ကို တိုက်ခြင်းဖြစ်နိုင်သည်။

စည်သူလင်းက အဖုံးပွင့်သွားသောသူ့လက်နှိုပ်စက်ကို ကပျာကယာကောက်ယူပြီး အပျက်အစီးအကျိုးအပဲ့ရှိမရှိ ကသောကမျော စစ်ဆေးကြည့်သည်။



"အခြေအနေကောင်းရဲ့လားရှင်။ မတော်တဆဖြစ်ရတာ တောင်းပန်ပါတယ်နော်"

"အားလုံးကောင်းပါတယ်။ ကိစ္စမရှိပါဘူး"

စည်သူလင်းက မျက်နှာဖြူအမျိုးသမီးကို ဝေ့ခနဲ မျက်စိတစ်ချက်ကစားရင်း အင်္ဂလိပ်လို ပြန်ပြောသည်။ နောက်ထပ်လည်း သူမနှင့်ဘာမျှ ဆက်ပြောမနေဘဲ ကို ၃ပစ္စည်းကိုယ်ဆွဲ၍ ဦးတင်လတ်နှင့်အတူ ဈေးအပြင်ဘက်သို့သ ၁ ဦးတည်ထွက်ခဲ့ကြသည်။

"ဒီဈေးထဲမှာ တိုးမိတိုက်မိတာကို တောင်းပန်တဲ့သူက ခပ်ရှားရှားပဲဗျ။ တချို့ဆိုယင် ခုလို့တောင်းပန်တဲ့အပြင် ခင်ဗျားကိုတောင်မှ သူ့ရဲ့လမ်းမှာရှုပ်လိုက်တာဆိုပြီး အပြစ်တင်မျက်စောင်းထိုးသွားလိမ့်ဦးမယ်"

"အခုလဲ ပါးခပ်ကသာတောင်းပန်တာ မျက်စောင်းထိုးချင်ထိုးမှာပေါ့ဗျ။ ကျွန်တော်က ကိုယ့်ပစ္စည်းကိုယ် ဂရုစိုက်နေတာနဲ့ သူ့မျက်နှာမကြည့်အားလို့ မသိလိုက်ရတာ"

"ကျွန်တော်ကြည့်လိုက်ရတယ်။ ခင်ဗျားကိုမျက်စောင်းမထိုးဘူးဗျ။ တကယ့်ကို အားနာတဲ့အမူအရာနဲ့ တောင်းပန်နေတာ"

"အင်္ဂလိပ်မကာများ အားနာမလားဗျာ။ ကြံကြံဖန်ဖန်။ နေပါဦး ကိုလတ်က ကျွန်တော့်ကိုမကြည့်ဘဲ အဲဒီအမျိုးသမီးကိုပဲ ကြည့်နေတယ်ဆိုတော့ ကောန္တ တော်တော်ဆွဲဆောင်မှုရှိတယ်ထင်တယ်"

"ဆွဲဆောင်မှုရှိမရှိ သိချင်ယင် နောက်ကို လှည့်ကြည့်လိုက်။ အဲဒီအမျိုးသမီး ခင်ဗျားနောက်မှာ ကပ်ပါလာတယ်"

ဦးတင်လတ်ပြောမှ စည်သူလင်း နောက်ကိုလှည့်ကြည့်သည်။ သူပြောသလို ကပ်လျက်ဆို တကယ့်ကိုတစ်ပေလောက်အကွာမှ ကပ်လျက်ပါလာသည်။ သူ့မအကြောင်းကို မြန်မာလိုပြောနေကြသို့သာ အင်္ဂလိပ်လိုပြောကြလျှင် ကောင်းကောင်းကြားပြီး ရေရေလည်လည် နားလည်သွားနိုင်သည့်အနေအထားမျိုး။ စည်သူလင်းက လှည့်အကြည့် သူမနှင့်အကြည့်ချင်းဆုံသွား၍ အမြန်ဆုံး ခေါင်းပြန်တည့်လိုက်ရ၏။

"ဟုတ်ဘယ်ဗျ။ လျှပ်တစ်ပြက် အကြည့်မှာတောင် တော်တော်ချောသာပဲ။ အကြည့်ချင်းဆုံသွားလို့ ကြာကြာမကြည့်လိုက်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com

"အကြည့်ချင်းဆုံပြီး ကြာကြာ စိုက်ကြည့်တော့လဲ ဘာဖြစ်မှာလဲဗျာ။ သူလှတာကို လေ့လာတာပဲ။ ရှိုင်းပြုစော်ကားတာမှမဟုတ်တာ။ ဂုဏ်ယူပြီး သဘောကျသွားပါလိမ့်ဦးမယ်"

အင်္ဂလိပ်မကို အနားထားပြီး မြန်မာနှစ်ယောက် မြန်မာလို ပယ်ပယ်နယ်နယ် ဝေဖန်နေကြသည်။ ပြောရင်းဆိုရင်းနှင့်ပင် သူတို့နှစ်ယောက် လခြမ်းစားသောက်ဆိုင်ရှေ့သို့ ရောက်လာကြသည်။ ဆိုင်ထဲသို့မဝင်မီကပင် မဆလာသင်းသည့် ဟင်းရနံ့က ဆိုင်အပြင်သို့ထွက်၍ ကြိုဆိုနေ၏။

သူတို့နှစ်ယောက် ဆိုင်ထဲသို့ဝင်ပြီး လွတ်နေသည့်စားပွဲတစ်လုံးပေါ်တွင် ပစ္စည်းများကို ဦးစွာတင်လိုက်ကြသည်။ ရေတစ်ခွက်စီ အလျင်စလိုသောက်လိုက်ကြပြီး အညောင်းဆန့် အမောဖြေကြရသည်။ ပြီးမှ စည်သူလင်းက ချပါတီ၊ ပဲဟင်း၊ အာလူးဟင်းနှင့် ဆိတ်သားဆယ်လုံးကြော်များမှာပြီး ငွေချေသည်။ ပန်းကန်များကို ကိုယ်တိုင်ယူလာကြပြီး လက်ဆေးကြသည်။ ဇွန်းခက်ရင်းနှင့် စားတွေ ကိုင်မနေတော့ဘဲ လက်နှင့်ပင် အားရပါးရ စားကြသည်။ ဆာကလည်းဆာ ခံတွင်းလည်းတွေ့၍ နှစ်ယောက်သား စကားပင်မပြောဖြစ်ကြ။

ဆိုင်ထဲတွင် ဟိန္ဒူ၊ မွတ်ဆလင်၊ ပန်ချာပီနှင့် အာရပ်နွယ်ဝင်များသာမက မျက်နှာဖြူအနောက်တိုင်းသားများနှင့် ကပ္ပလီများကိုလည်း တွေ့နေရသည်။ သို့သော် အရှေ့တိုင်းသားဆို၍ စည်သူလင်းတို့ မြန်မာနှစ်ဦးသာ ရှိနေပါ၏။

"လူကြီးမင်းများရှင့်၊ အနောက်အယှက် မဖြစ်ဘူးဆိုယင် ကျွန်မလဲ ဒီစားပွဲမှာ အတူလာစားပြီး စကားပြောခွင့်ပေးပါလားရှင့်"

သူတို့နှစ်ယောက်၏ စားပွဲထိပ်တွင် ရပ်လျက် ခွင့်ပန် လာသူမှာ စောစောတုန်းက ဈေးထဲတွင် စည်သူလင်းနှင့်တိုက်မိသော မိန်းမပျို။

သူတို့နှစ်ယောက်စလုံး အလွန်အမင်း အံ့အားသင့်ခြင်းဖြင့် မျက်လုံးများပင်ဝိုင်းဝင့်သွားကြသည်။ ဆိတ်သားခယတ်ကို ဝါးနေသည့် စည်သူလင်း၏ ပါးစပ်သည် ဟသွား၏။ အာလူးဟင်းကို လှမ်းခပ်နေသော ဦးထင်လတ်၏လက်သည်လည်း လမ်းခုလတ်တွင် တန့်သွားသည်။



မြန်မာအမျိုးသားနှစ်ဦး သည်မျှ အံ့ဩရသည်ကား ထိုမျက်နှာဖြူအမျိုးသမီးသည် မြန်မာ့ဟန် မြန်မာ့အသံဖြင့် မြန်မာလို ပီပီသသကြီး ပြောလိုက်ခြင်းကြောင့် ဖြစ်ပါသည်။

× × × ×

လည်ကုပ်နောက်တွင် ခပ်ဖွဖွလေး စည်းထားသည့် ဆံပင်နှင့် ခြယ်သခြင်းကင်းသော ဖြူစင်ဝင်းမွတ်သည့် မျက်နှာလေး။ သည်မျက်နှာပေါ်မှ ဖြောင့်စင်းသောနှာတံ၏ တစ်ဘက်တစ်ချက်တွင် အဝန်းအဝိုင်းကျယ်သည့် မျက်အိမ်လှလှဝယ် ရှည်သွယ်ကော့ပျံသည့် မျက်တောင်များ ဝန်းရံထားသည့် မျက်လုံးတစ်စုံ။ မေးသွယ်သွယ်နှင့် နှာတံစင်းစင်းအကြားတွင် ဖောင်းအိအိနှုတ်ခမ်းနှစ်လွှာက ထိလုလုစေ့လျက်။ မပွိုးသော်လည်း နုပျိုသောပါးအစုံသည် ဖုအစ်ဖောင်းမို့ပြီး ပန်းနုရောင်သွေး ဝင်နေပါ၏။

ဩော်....လျပ်တစ်ပြက်သာမက စေ့စေ့ကြည့်ပြန်တော့လည်း ပိုလို့အထောင်လှတဲ့သူလေးပါလား။ သူမသည် မိုးပြာရောင်တီရှပ်နှင့် နက်ပြာရောင် ဂျင်းဘောင်းဘီကို ဝတ်ထားပြီး စည်သူလင်းတို့၏ စားပွဲထိပ်တွင် ရပ်နေသည်။

"ကျွန်မလဲ ရှင်တို့စားတဲ့အစားအစာမျိုး မှာထားပြီး ငွေချေပြီးသားပါရှင်"

အမျိုးသားများထံမှ စကားပြန်မရ၍ သူမအပေါ် သံသယဝင်လေသလားဟု တွေးပြီး ဖြေရှင်းချက် ထုတ်နေပြန်သည်။ ဒုတိယအကြိမ် မြန်မာလိုဖွင့်ဆိုကာမှ စည်သူလင်းက ပါးစပ်ထဲမှ ခယတ်ကြော်ကို မျိုချလိုက်ပြီး စကားဆိုရန် သတိရသည်။

"ဩော်...ရပါတယ်။ ထိုင်ပါခင်ဗျာ။ ကျွန်တော်တို့ အတွက် အနှောင့်အယှက်မဖြစ်တဲ့အပြင် ဂုဏ်ယူစရာ ဘာယာမှုတစ်ရပ် ဖြစ်ပါလိမ့်မယ်၊ ဖိတ်ခေါ် ကြိုဆိုပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

သူက အင်္ဂလိပ်ယဉ်ကျေးမှုအသုံးအနှုန်းများကို တိုက်ရိုက် မြန်မာပြန်ဆို၍ ဖိတ်ခေါ်သည်။

“ကျေးဇူးတင်ပါတယ်ရှင်။ ဒီလိုဆိုယင် ကျွန်မရဲ့ ပန်းကန်တွေကို ဒီဘက်စားပွဲ ပြောင်းလိုက်တော့မယ်နော်”

“ထိုင်ပါ။ ကျွန်တော်ပြောင်းပေးပါ့မယ်။ ဟိုစားပွဲလွတ်က ပန်းကန်တွေ မဟုတ်လား”

“ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်”

စည်သူလင်းက သူမ မှာထားသည့် ဟင်း ပန်းကန်များကို သူတို့စားပွဲသို့ ပြောင်းပေးသည်။ နောက်ထပ်လည်း ကြက်သားဟင်းတစ်ပွဲထပ်မှာပြီး ကျသင့်ငွေကို တစ်ခါတည်း ရှင်းပြီး ယူလာသည်။ သူနေရာတွင် ပြန်မထိုင်မီ ဦးတင်လတ် ပန်းကန်ထဲသို့ ကြက်သားတစ်တုံး ဦးချလိုက်ပြီး ဧည့်သည်အမျိုးသမီး ပန်းကန်ထဲသို့လည်း ချပါတီနှင့် ကြက်သားဟင်းများ ထည့်ပေး၏။

“ဒီက မိန်းကလေးက မြန်မာစကားပြောတာ သိပ်ပီသတာပဲ။ မြန်မာပြည်မှာ တော်တော်ကြာကြာကြီး နေခဲ့ဖူးတယ် ထင်တယ်”

ဦးတင်လတ်ပင်လျှင် မိန်းမပျိုအပေါ် စိတ်ဝင်စားမှုများကို မချုပ်တီးနိုင်ဘဲ မေးသည်။

“ကျွန်မ အဖေက မြန်မာ စစ်စစ်ပါ။ ဒီမှာပဲ အိမ်ထောင်ကျပြီး ကျွန်မကို မွေးပါတယ်။ မာမီက အင်္ဂလိပ်ဖြစ်ပေမယ့် ဖေဖေသင်ပေးလို့ မြန်မာစကားရော မြန်မာစာပါ ကျွန်မ ကောင်းကောင်း တတ်ပါတယ်။ မြန်မာပြည်ကိုတော့ မရောက်ဖူးသေးပါဘူးရှင်။ ဈေးထဲမှာ ရှင်တို့နှစ်ယောက် မြန်မာလို ပြောနေတာကြားလို့ လိုက်ပြီး မိတ်ဆက်တာပါ။ မြန်မာသွေးပါတဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်လို့ မြန်မာတွေနဲ့ ခင်မင်ချင်ပါတယ်။ မြန်မာစကား ပြောချင်ပါတယ်ရှင်”

မြန်မာသွေးပါသည်ဆိုမှ စည်သူလင်း သတိထားမိသည်။ သူမ၏ ဆံပင်သည် ရွှေဝါရောင်၊ ကြေးနီရောင်၊ ဘော်ငွေရောင်မျိုး မဟုတ်ဘဲ ပိတုံးရောင် နက်မှောင်နေ၏။ မျက်ဝန်းအစုံမှာလည်း အပြာရောင်၊ မီးခိုးရောင် မသန်းဘဲ မဟူရာသွေးလဲ့နေသည်။



“ဈေးထဲမှာ ကျွန်တော်တို့ မြန်မာလို ပြောတာကြားလို့ လိုက်လာတယ်ဆိုတော့ ပြောခဲ့တဲ့ စကားတွေအတွက် စိတ်ဆိုးလို့ ရန်တွေ့ဖို့ လိုက်လာတာတော့ မဟုတ်ပါဘူးနော်”

“ကျွန်မ စိတ်မဆိုးပါဘူး။ ရှင်တို့ပြောတဲ့ စကားထဲမှာလဲ စိတ်ဆိုးစရာ မပါပါဘူးရှင်”

စကား၏အဆုံးတွင် သူမက လှလှပပလေးပြုံးသည်။ စည်သူလင်းနှင့် ဦးတင်လတ်တို့လည်း ပြောခဲ့ကြသည့် စကားလုံးများကို ပြန်လည်သတိရပြီး ရယ်ကြသည်။

“ကဲ....ကဲ.... မိတ်ဆက်ကြရအောင်နော်။ ကျွန်တော့် နာမည်က ဒေါက်တာ စည်သူလင်း မျက်စိအထူးကု ဆရာဝန်ပါ။ လေ့လာရေးပညာတော်သင်အဖြစ် မိုးဖီး မျက်စိအထူးကု ဆေးရုံကြီးမှာ လက်တွေ့ဆင်းနေပါတယ်။ ဒီက ကျွန်တော့်မိတ်ဆွေကတော့ ဦးတင်လတ်တဲ့။ လျှပ်စစ်ဆက်သွယ်ရေး အင်ဂျင်နီယာပါ။ မြန်မာနိုင်ငံအစိုးရတာဝန်နဲ့ ဒီကိုရောက်လာတာ မကြာသေးပါဘူး”

စားလက်စမို့ လက်များပေကျံနေသဖြင့် လက်ဆွဲ နှုတ်မဆက်နိုင်ကြ။ ခပ်ယို့ယို့သေးသပြီး “တွေ့ရတာ ဝမ်းသာပါတယ်”ဟု အပြန်အလှန် ပြောကြသည်။

“ကျွန်မနာမည်က ဒိုရာဝိုက်(ဇ)ပါ။ စိန့်သောမတ်(စ) ဆေးရုံကြီးမှာ သူနာပြုလုပ်နေပါတယ်။ ဒေါက်တာလင်းက ဆရာဝန်ဆိုတော့ ကျွန်မတို့ ဆေးရုံကို ရောက်ဖူးမှာပေါ့နော်။ ကျွန်မတို့ ဆေးရုံမှာလဲ မျက်စိအထူးကုဌာန ရှိပါတယ်”

“ဟုတ်ကဲ့၊ ဗုဒ္ဓဟူးနေ့နံနက်တိုင်း လုပ်နေတဲ့ မျက်စိဆရာဝန်များဆွေးနွေးပွဲတွေကို တက်ရင်း မစ္စဝိုက် (ဇ)တို့ ဆေးရုံကို ကျွန်တော်ရောက်ဖူးပါတယ်။ စိန့်သောမတ် (စ) ဆေးရုံကြီးဟာ သူ့ရဲ့ ဆရာမလေးတွေလိုပဲ သိပ်လှတယ်ဗျာ”

စည်သူလင်း၏ စကားကြောင့် ဒိုရာက စားလက်စ မုန့်ဖတ်ကိုချထားပြီး ပြုံးသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့ဆေးရုံကို ချီးမွမ်းတာလား၊ ကျွန်မကို မြှောက်တာလား ဒေါက်တာ။ ကျွန်မက ဒီက ဆေးရုံတွေ၊ ဆရာမတွေ လုပ်တာကို ဂုဏ်ယူတာ မဟုတ်ပါဘူး မြန်မာပြည်ရဲ့ အလှအပတွေကို ပိုပြီး စိတ်ဝင်စားပါတယ်။ ဖြစ်နိုင်မယ်ဆိုယင် ကျွန်မကို မြန်မာပြည်က အကြောင်းတွေကို ပြောပြပေးပါလားရှင်"

"ကျွန်တော်တို့ မြန်မာပြည်အကြောင်းကို ပြောရယင် သဘာဝ အလှအပတွေကိုပဲ ပြောရပါလိမ့်မယ်။ ဒီမှာလိုတော့ လူတွေ ဖန်တီး တည်ဆောက်ထားတဲ့ စက်မှုပစ္စည်းတွေ၊ ဗိသုကာပညာ တန်ဆာဆင်မှု အလှအပတွေက နည်းပါတယ်။ ပျော်စရာ ရွှင်စရာဆိုယင်လဲ လူလူချင်း ခင်မင်ရင်းနှီးစွာပေါင်းသင်းဆက်ဆံပြီး ပျော်ရတဲ့ သဘာဝအလျောက် ပျော်ရွှင်မှုမျိုးပဲ များပါတယ်။ ဒီမှာလို စက်ကိရိယာနဲ့ ကစားစရာတွေ ဖျော်ဖြေမှုတွေက ရှားတယ်လို့ ဆိုရမှာပေါ့ဗျာ"

"ဒေါက်တာပြောတာ သိပ်မှန်တာပဲ၊ ဒီကလူတွေ လုပ်ထားတဲ့ အလှအပတို့၊ စက်နဲ့လုပ်ထားတဲ့ ဖျော်ဖြေမှုတို့ဆိုတာက ပိုက်ဆံနဲ့ ဝယ်ယူကြရတာပါရှင်။ ဒါကြောင့်မို့ ဒီမှာ ပိုက်ဆံ မရှိတဲ့သူတွေမှာ အလှအပ မရှိကြပါဘူး။ ပျော်လည်းမပျော်နိုင်ကြပါဘူး"

စားရင်း သောက်ရင်း စည်သူလင်းက မြန်မာတို့၏ နှစ်သစ်ကူး ပွဲတော်တွင် သင်္ကြန်ရေကစားကြပုံ၊ အဆိုအကနှင့် သံချပ်ထိုးကြပုံ များ၊ သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ် ပြိုင်ပွဲများ၊ တန်ဆောင်တိုင်ပွဲတော်နှင့် မသိုးသင်္ကန်းရက် ပြိုင်ပွဲများ၊ ဘုံကထိန် သင်္ကန်းကပ် အလှူတော်မှအစ၊ ကျေးမနိုး ပွဲများပါမကျန် ရယ်ရွှင် ဖွယ်ရာ ဟာသလေးများစွက်၍ ပြောပြသည်။

ဒိုရာက "အံ့ဩစရာကောင်းလိုက်တာ" "အို....တကယ်ပဲလား" "ဟယ်....ချစ်စရာလေး" စသည့် အာမေဍိတ်ကလေးများ ရေရွတ်ရင်း စည်သူလင်း၏ စကားကြားတွင် မျောပါနေ၏။

"ရန်ကုန်မြို့ကြီးဟာ လန်ဒန်မြို့လောက် ကျယ်သလားဟင်"

"လန်ဒန်လောက်တော့ မကျယ်ပါဘူး။ ဒါပေမယ့် ရန်ကုန်မြို့ရဲ့ လှိုင် မြစ်က ဒီမှာရှိတဲ့ သိမ်း (စ) မြစ်ထက် ကျယ်ပါတယ်။ ဟိုက ရွှေတိဂုံ



စေတီတော်ကြီးဟာလဲ ဒီက စိန်ပေါကသီဒရယ် (ဘုရားရှိခိုးကျောင်း) ထက်ပိုပြီး မြင့်မားလှပပြီး သပ္ပာယ်ပါတယ်။ နောက်ပြီး ဒီက မြို့လယ် လမ်းတွေဖြစ်တဲ့ အောက်စဖို့လမ်း၊ ရီဂျင့်လမ်း၊ ပစ်ကဒီလီလမ်းတွေထက် ရန်ကုန်မြို့လယ်က ဗိုလ်ချုပ် အောင်ဆန်းလမ်း၊ အနော်ရထာလမ်းနဲ့ မဟာဗန္ဓုလလမ်းတို့ဟာ နှစ်ဆလောက် ပိုပြီးကျယ်ပါတယ်"

ကြုံကြုံဖန်ဖန် ကြွားတတ်သော စည်သူလင်းကို ဦးတင်လတ်က ချီးကျူးရင်း ပြုံးမိသည်။ ဒိုရာက စိတ်ဝင်စားခြင်းဖြင့် မျက်လုံးသေး များ အရောင်တလက်လက် တောက်ပနေ၏။

"ရွှေတိဂုံစေတီတော်ကြီး အကြောင်းကို မေမေပြောပြဖူးပါတယ်။ ဓာတ်ပုံလဲ မြင်ဖူးပါတယ်။ သောန်းပါတ် (ခ) ထဲက ဗိုလ်ချုပ်ကြီး မောင့် ဘက်တန် တည်ထားခဲ့တဲ့ ရွှေတိဂုံစေတီရဲ့ ပုံတူကိုလဲ ကျွန်မ ဖူးတွေ့ခဲ့ရ ပါတယ်။ ကျွန်မ မသေခင်တော့ ရန်ကုန်က ရွှေတိဂုံစေတီတော်ကြီးကို ဖူးလိုက်ချင်ပါသေးတယ်ရှင့်"

"ကျွန်တော်တို့ ရန်ကုန်ပြန်ရောက်တော့ မစ္စဝိုက် (ဇ) တို့ရစ် အနေနဲ့ အလယ်လာခဲ့ပါလား။ ရွှေတိဂုံစေတီတော်ကြီးနဲ့ ရန်ကုန်က ဘုရားတွေဆုံ ကျွန်တော်တို့ လိုက်ပို့ပါ့မယ်"

ဒိုရာ၏မျက်နှာသည် မသိမသာလေးညှိုးသွားသည်။ ဖိတ်ခေါ် ချက် ကိုလည်း တုံ့ပြန်စကားမဆိုဘဲ ဒူပန်းကန်ထဲမှ မုန့်နှင့်ဟင်းကိုသာ ဆက် စားနေသည်။ စည်သူလင်းက ရန်ကုန်မြို့မှ စေတီ ပုထိုးများနှင့် တန်ခိုးကြီးဘုရားများအကြောင်းသာမက မန္တလေးနှင့် ပုဂံညောင်ဦး မှ ဘုရားများအကြောင်းကို ဆက်ပြောပြနေပြန်သည်။ ထို့နောက် သုံးဦးစလုံး စားသောက်ပြီး၍ လက်ဆေးရန် ထလိုက်ကြသည်။

"ဒေါက်တာလင်းက စကားပြော သိပ်ကောင်းတာပဲနော်။ အချိန် ပေးနိုင်သေးယင် ဒီဆိုင်ကထွက်ပြီး တစ်နေရာကို သွားကြရအောင်လား ရှင်။ ကျွန်မကို မြန်မာပြည်ကအကြောင်းတွေဆက်ပြီးပြောပြပါဦးနော်"

စည်သူလင်း အဖြေမပေးသေးဘဲ ဦးတင်လတ်၏မျက်နှာကို လှမ်း ကြည့်သည်။ ဦးတင်လတ်က ဆိုင်တွင်းရှိ နံရံကပ်နာရီကြီးကို ကြည့် ပြီးမှ။



www.burmeseclassic.com

www.burmeseclassic.com

"အချိန်မရှိတော့ဘူး ကိုစည်သူ၊ ကျွန်တော်တို့ ၃ နာရီအဆောက်ကိုကြီးဆောင်တို့အိမ် လာကြမယ်လို့ ပြောထားတယ်မဟုတ်လား"

"ဟုတ်တယ်မစ္စဝိုက် (ဇ)၊ ကျွန်တော်တို့ ချိန်းထားတဲ့ ကိစ္စလေးတစ်ခု အချိန်နီးနေလို့ ခွင့်ပြုပါဦး။ ကျွန်တော်လဲ မစ္စဝိုက် (ဇ) နဲ့ စကားပြောရတာ ပျော်ပါတယ်။ နောက်ထပ်တွေ့ဖို့ အခွင့်ကြုံယင်ဆော့မြန်မာပြည်အကြောင်းတွေ ဆက်ပြောကြသေးတာပေါ့"

ဒိုရာ၏မျက်နှာလေးသည် ရှင်ရှင်ပျပျလေးဖြစ်သွားပြီး ဖမ်းသားအားရ လေသံဖြင့်...

"ဒီလိုဆိုယင်လဲ နက်ဖန်ညနေပိုင်း ဒေါက်တာလင်း အားရဲ့လားဟင်။ ည နေ ၄ နာရီမှာ ကျွန်မ ဂျူတီက ထွက်ရပါလိမ့်မယ်၊ ဒေါက်တာလင်း လာနိုင်ယင် ကျွန်မတို့ ဆေးရုံရှေ့က ပန်းခြံထဲက စောင့်နေပါနော်။ ကျွန်မနဲ့ တစ်နေရာရာမှာ စကားပြောကြရအောင်လေ"

"သိပ်ကောင်းတဲ့အစီအစဉ်ပါပဲ မစ္စဝိုက် (ဇ)၊ ညနေစာကို တစ်နေရာရာမှာ သွားစားကြရင်း စကားပြောကြတာပေါ့၊ ကျွန်တော်ဆက်ဆက်လာခဲ့ပါမယ်"

"ဦးတင်လတ်ရော လိုက်ခဲ့မယ်မဟုတ်လားဟင်"

ဒိုရာက ဦးတင်လတ်ဘက်သို့ လှည့်ပြီး မေးခေါ်ပြန်သည်။ ဦးတင်လတ်က ပြုံး၍ခေါင်းခါသည်။

"ကျွန်တော့်အလုပ်က နေ့တိုင်းနေ့တိုင်း ညနေ ၆ နာရီကျော်မှ ပြီးပါတယ်။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်မလာနိုင်တာကို ခွင့်လွှတ်ပါ မစ္စဝိုက် (ဇ)"

× × × ×

စိန့်သောမတ်(စ)ဆေးရုံကြီးသည် တကယ့်ကို လှပခန့်ညားပါပေသည်။ သည်ဆေးရုံကြီးသည် လန်ဒန်မြို့၏ သက်တမ်း အရှည်ဆုံး



ဆေးရုံကြီးတစ်ရုံ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ရပြီးနောက် ခေတ်သစ်ဗိသုကာ လက်ရာများဖြင့် အသစ်ပြန်လည်တည်ဆောက်ခဲ့ကြသည်။ ထို့ကြောင့် အခြားဆေးရုံကြီးများထက် ပို၍ထူးခြားစွာ သစ်လွင်လှပနေခြင်း ဖြစ်ပါ၏။ ဆေးရုံကြီးသည် သိမ်းမြစ်ကမ်းနံဘေး ဝက် (စ်) မင်စတာ ပါလီမန် အဆောက်အအုံကြီး၏ တစ်ဘက်ကမ်းတွင် တည်ဝါစွာ ရပ်တည်နေပါ၏။

ဆေးရုံရှေ့ ပန်းခြံတွင်းသို့ စည်သူလင်း ညနေလေးနာရီ မထိုးခင်ကတည်းက ရောက်နှင့်နေသည်။ အင်္ဂလိပ်လူမျိုးများသည် အချိန်ကို ဘိတိကျကျ လေးစားကြသည် မဟုတ်ပါလား။ သို့သော် မြန်မာကပြားမလေးဒိုရာကို ၄ နာရီခွဲသည့် အထိ အရိပ်အရောင်မျှ မတွေ့ရသေး။

စည်သူလင်း လမ်းလျှောက်ရင်း စောင့်ရသည်မှာ ညောင်းလာ၍ ပန်းခြံအတွင်း အုတ်ခုံလေးတစ်ခုပေါ်တွင် ထိုင်သည်။ လက်ဆွဲအိတ်နှင့်ကုတ်အင်္ကျီကို ဆေးရုံမှာထားခဲ့၍ သူ့မှာအပျင်းပြေဖတ်စရာစာအုပ်ပင်ပါမလာခဲ့။ သူ့ညာဘက်ဘေးမှအဘိုးကြီးတစ်ယောက်က ယနေ့ထုတ်သတင်းစာကို သဲကြီးမဲကြီး ဖတ်နေသည်။ သတင်းစာ၏ မျက်နှာဖုံးနှင့် ကျောဖုံးတွင် ဖောက်ကလန် စစ်သတင်းကို စာလုံးမည်းကြီးများနှင့် အကျယ်တဝင့် ဖော်ပြထားသည်ကို မြင်နေရသည်။ မြန်မာပြည်မှာဆိုလျှင် ယခုလိုအချိန်မှာ တစ်မိမ်းပြင်ပြင် နှစ်ဦးပင်လျှင် ပူပူနွေးနွေး စစ်သတင်းကို စကား အပြန်အလှန် ဆွေးနွေးမိကြ ပေလိမ့်မည်။ သည်လိုဆွေးနွေးကြရင်းနှင့် စောင့်ရသည့် အချိန်များ ကုန်မှန်းမသိကုန်ဆုံးသွားနိုင်သည်။

သည်မှာတော့ သည်လိုမဟုတ် အင်္ဂလိပ်လူမျိုးများသည် ဘာသိဘာသာ နေတတ်လွန်းအားကြီးသည်။ သူတို့လူမျိုး အချင်းချင်းပင် ရင်းနှီးမှုမရှိလျှင် စကားမပြောကြ။ ဆေးရုံတွင် တန်းစီပြီး ထိုင်စောင့်နေကြသော လူနာများကိုလည်း စည်သူလင်း လေ့လာ ကြည့်သည်။ ဂူနေကြီးတစ်ခွဲသားနှင့် ခပ်တည်တည်ပဲနေကြသည်။ မြန်မာပြည်မှာဆိုလျှင် အခုမှ တွေ့ကြရသည့် လူနာ အချင်းချင်း သတင်းမေးကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရောဂါအကြောင်း၊ ဆေးအကြောင်း။ အတွေ့အကြုံ ဖလှယ်ကြသည်။ တစ်ဦးနှင့်တစ်ဦး စေတနာဗရပွနှင့် အကြံပေးကာ၊ မာတ်စာလေးများပင် ညွှန်းတတ်ကြသေးသည်။

တစ်ခါက မြန်မာပီပီ စည်သူလင်း နှုတ်ဆော့ မိဖူးသည်။ ဘတ်စကားကို တန်းစီပြီးစောင့်ရင်းက ငြီးငွေ့ပျင်းရိလာသည်နှင့် သူ့နောက်မှ အဒေါ်ကြီး တစ်ယောက်ကို စကားစကြည့်သည်။

“ဘတ်စကားကလဲ လာခဲလိုက်တာနော်။ ဒီမှတ်တိုင်မှာ ရပ်မှရပ်ရဲ့လား မသိဘူး”

အမေးခံရသောအဒေါ်ကြီးက သူဖတ်နေသော သတင်းစာပေါ်မှ မျက်စိကျော်ကြည့်ပြီး ခပ်တည်တည်ဖြင့်….

“ဘတ်စကား ဒီမှာရပ်ပါတယ်။ ငါစာဖတ်နေတာကို မနှောင့်ယှက်ပါနဲ့” တဲ့။

ယခုလည်း အပျင်းပြေ အဖော်ညှိလို့ သူ့ဘေးမှ အဘိုးကြီးကို စကားစလျှင် သည်လိုပင် ခပ်စိမ်းစိမ်း တုံ့ပြန်ခြင်း ခံရမှာ သေချာလှသည်။ ထို့ကြောင့်ပင် လန်ဒန်ရောက် မြန်မာမိသားစုဝင် တစ်ဦးက ပြောဖူးသည်။

“လန်ဒန်မှာ တယ်လီဗီးရှင်းသာမရှိယင် ပျင်းတာနဲ့ သေမှာပဲဗျာ” တဲ့။ ပြောလည်း ပြောလောက်စရာပင်။ ကိုယ့်ကို အဖက်လုပ်ပြီး စကားတွေ ရွှန်းရွှန်းဝေအောင် ပြောမည့်သူဆို၍ တယ်လီဗီးရှင်းထဲမှ လူများသာရှိသည်ဟု ဆိုနိုင်ပါ၏။ အပေါ်ထပ် အောက်ထပ် အိမ်နီးနားချင်းပင် မျက်နှာချင်းဆိုင် တွေ့ကြ၍ မလှဲသာ မရှောင်သာ တာဝန်ကျေ ပြုံးမပြချင်ကြ။ စည်းကမ်းကြီး၍ ရင့်ကျက် တည်ငြိမ်သောသူများ၊ လွတ်လပ်မှုကို မြတ်နိုးသူများဟု ဆိုရမည်လား။ မာနကြီးလွန်း မျက်နှာကြော တင်းလွန်းသူများဟု ဆိုရမည်လား မခွဲခြား တတ်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဖော်ရွေရင်းနှီးချင်သော မြန်မာတို့ ဓလေ့နှင့်တော့ လုံးဝအံဝင်ခွင်ကျ မဟုတ်။ သဘောမတွေ့နိုင်။

သည်အတောအတွင်း ပန်းခြံထဲ၌ ကစားနေသည့် ကလေးငယ် တစ်ဦး၏ ဘောလုံးလေး သူ့ခြေရင်းသို့ လိမ့်ဝင်လာသည်။ စည်သူလင်း



က ဘောလုံးကိုကောက်ယူနေစဉ် ကလေးငယ်က သူ့ရှေ့ကိုရောက်လာ၏။ ကလေးချစ်တတ်သော အရင်းခံစိတ်ကြောင့် ရွှေရောင်ဆံပင် ပါးဖောင်းဖောင်းလေးနှင့် ကလေးငယ်ကို ချက်ချင်းပင် ချစ်ခင်စိတ် ဝင်မိသည်။ စည်သူလင်းက ပြုံးချိုသော မျက်နှာပေးဖြင့် ကလေးကို ကြည့်ရင်း ညာဘက်လက်ထဲမှ ဘောလုံးကို ပန်းခြံထဲသို့ လွှင့်ပစ်ယန် ပြုကာ ဘယ်ဘက်လက်ထဲသို့ ပြောင်းထည့်လိုက်သည်။

“ဟိုမှာ…ဟိုမှာ ဘယ်ဘက်လက်ထဲရောက်သွားပြီ”

မြန်မာကလေးငယ် တစ်ယောက်သာ ဆိုလျှင် ဤသို့ ရယ်ရယ် မောမောပြောဆိုပြီး သူနှင့်အတူ ဘောလုံးတက်တမ်းကစားကာ ရင်းနှီးကြမည်။ ကလေးနှင့် ကစားရင်း စောင့်ဆိုင်းရမည့် အချိန်များကို မှုန်းပစ်နိုင်သည်။ သို့သော် မျက်နှာဖြူကလေးငယ်သည် သူမျှော်လင့်သလို ဖြစ်မလာ။

“ခင်ဗျားကြီး ကျွန်တော့် ဘောလုံးကို ယူထားဖို့ ကြိုးစားမယ် ဆိုယင် ဟိုမှာရှိတဲ့ ရဲသားကြီးနဲ့ တိုင်ပြောလိုက်မယ်”

ကလေးငယ်က သုန်သုန် မှုန်မှုန် မျက်နှာထားနှင့် အော်ကြီး ဟစ်ကျယ်ရန်တွေ့သည်။ စည်သူလင်းမျက်နှာပျက်သွားပြီး သူ့လက်ထဲမှ ဘောလုံးကို ပြန်ပေးလိုက်ရ၏။ ကလေးက ဘောလုံးကို ဖော်ခနဲ လှမ်းယူလိုက်ပြီး သူ့ရှေ့မှ အမြန်ဆုံး ပြေးထွက်သွားသည်။ ပျင်းရိငြီးငွေ့စိတ်တွင် နောက်ကျိ ထိုင်းမှိုင်းသော စိတ်တို့က ဝင်နှောက်သွားပြန်သည်။ အနေအထိုင်မတတ်ဘဲ ဆတ်ဆော့မိသည့် မိမိကိုယ်ကိုသာ အပြစ်တင်ရတော့သည်။

“ဟေး….လင်း။ စောင့်နေရတာ ကြာသွားပြီလား။ ကျွန်မလဲရချီး နေတာနဲ့ နောက်ကျသွားတာခွင့်လွှတ်ပါနော်”

ခေါ်သံနှင့်အတူ ရောက်လာသည့် ဒိုရာကို မြင်တော့မှ ထိုင်းမှိုင်း နောက်ကျိနေသည့်စိတ်များ လွင့်စင် ပျောက်ပျက် သွားသည်။

“ဒိုရာကိုမြင်လိုက်ရတော့ ကိုယ်ဘယ်အချိန်က ရောက်နေပြီး ဘယ်လောက်ကြာအောင် စောင့်ခဲ့ရတယ် ဆိုတာတောင် မေ့သွားပြီကွာ။ တကယ်ပဲ၊ ဒိုရာက သိပ်လှနေတာပဲ”



www.burmeseclassic.com

www.burmeseclassic.com

သူမသည် ရင်ညွန့်မှ ဒူးဆစ်အထိ အတွန့်အထပ်များစွာဖြင့် ချုပ်ထားသည့် ပုစွန်ဆီရောင် ဂါဝန်ပြော့ပြော့ကို ကြိုးသေးသေးလေးများဖြင့် ပခုံးပေါ်တွင် ချိတ်ပြီး ဝတ်ထားသည်။ လက်မောင်း၊ ပခုံးနှင့် လည်ပင်းတို့မှ ဝင်းအိအိအသားရောင်သည် အကာအကွယ်မရှိ တောက်ပစွာ ပေါ်လွင်နေသည်။ စိုပြည်ဝင်းသန့်သည့် အသားအရည်သည် အရှေ့တိုင်းသူတို့၏ ပြုစ်မျိုးမှည့်မထင်သည့် အလှမျိုး။ ဖွံ့ဆွတ်ပြီး အစက်အပြောက်များဖြင့် ကြမ်းတမ်းသော အနောက်တိုင်း သူတို့၏ အသားမျိုးမဟုတ်။ ဒိုရာသည် အရှေ့တိုင်း၏ စိုပြည် နွဲ့နှောင်းခြင်းနှင့် အနောက်တိုင်း၏ ထွားကြိုင်းဖွံ့ဖြိုးခြင်းတို့ ပေါင်းစပ်ထားသည့် ဂုဏ်တွဲ အလှကို ပိုင်ဆိုင်သူပါတကား။

"ကျေးဇူးတင်ပါတယ်လင်းရယ်။ လိုတာထက်ပိုပြီး ချီးကျူးတော့ မြှောက်ပင့်ပြီးပြောမှန်း သိလိုက်ပါတယ်။ ကဲ....အခု ကျွန်မတို့ ဘယ်ကို သွားကြမှာလဲဟင်"

ပန်းခြံ၏ အုတ်လှေကားပေါ်မှ တက်ခဲ့ကြပြီး နှစ်ယောက်သား ကားလမ်းပလက်ဖောင်းပေါ်သို့ ရောက်ခဲ့ကြသည်။

"လီစတာစကွဲကို သွားကြမယ်လေ။ တရုတ်ဆိုင် တစ်ဆိုင်ဆိုင်မှာ ထမင်းစားပြီး စကား ပြောကြတာပေါ့။ ဒီအချိန်မှာ ကားရှုပ်တယ် ဒိုရာရယ်၊ ကျူဘ်(မြေအောက်ရထား)စီးကြရအောင်နော်"

မျဉ်းကြားမှနေ၍ ကားလမ်းမကြီးကို လက်တွဲ ဖြတ်ကူးခဲ့ကြသည်။ မြို့တော်ခန်းမကြီး၏ရှေ့မှဝါတာလူးဘူတာသို့ ငါးမိနစ်ခန့် လမ်းလျှောက်ကြရသည်။ ဘူတာတွင်းရှိ လက်မှတ်ရောင်းသည့် စက်ထဲသို့ စည်သူလင်းက အကြွေစေ့လေးများ ရေတွက်ပြီး ထည့်လိုက်ရာ ပဲနီလေး ဆယ်တန်လက်မှတ် နှစ်စောင် ထွက်လာ၏။ တစ်မိနစ် အတွင်းမှာပင် မြို့လယ်ဘက်သို့သွားမည့် မြေအောက်ရထား ဝင်လာသည်။

မြေအောက် ရထားသည် သိမ်းမြစ် ကြမ်းပြင်အောက်မှ ဖြတ်ပြီး နောက်တစ်ဘူတာသို့ဆိုက်သည်။ ဒိုရာနံဘေးမှလူ ဆင်းသွား၍ စည်သူလင်းက ဒိုရာနှင့်မျက်စောင်းထိုးနေရာမှ နေရာပြောင်းထိုင်လိုက်သည်။



ပြတင်းပေါက်မှ တိုးဝှေ့လာသော လေပြည်လေညှင်းသည် သူမထံမှ မွှေးရနံ့သင်းသင်းလေးကို သယ်ဆောင်လာ၏။

"လန်ဒန်မှာတော့ လမ်းလျှောက်နိုင်ယင်လျှောက်၊ မလျှောက်နိုင်ယင် ကျူဘ်စီးတာပဲ ကောင်းတယ်နော်။ ဘတ်စကား စောင့်ရတာ ကြာတယ်။ တက္ကစီကလဲ မသက်သာဘူး။ ကိုယ်ပိုင်ကားကျတော့ ရပ်စရာနေရာက ခက်ပြန်ရော။ ရန်ကုန်မှာရော ကားရပ်စရာနေရာ ရှားသလားဟင်"

အတူတွဲထိုင်မိပြီး စကားပြောရန် ခွင့်သာသည်နှင့် ဒိုရာက မြန်မာပြည်အကြောင်း မေးခွန်းများ စလေသည်။

"ရန်ကုန်ကလမ်းတွေက ကျယ်တော့ လမ်းဘေးမှာ ကားရပ်စရာ နေရာ ပေးနိုင်ပါသေးတယ်။ ဒီလို ပလက်ဖောင်းပေါ် ကားတစ်ခြမ်းနဲ့ ဘီးနှစ်ဘီး တင်ထားစရာမလိုဘူး။ ပလက်ဖောင်းကျော်ပေးပြီး အရှည်လိုက် လမ်းကိုကန့်လန့်ထားပြီး ရပ်လို့ရပါတယ်ဒိုရာ။ တချို့ ကားရပ်ခွင့် မပြုတဲ့နေရာတွေ နည်းနည်းပါးပါးတော့ ရှိတာပေါ့။ ဒီလောက်တော့ မဆိုးလှပါဘူး။ အခပေးပြီး ကားအပ်ရတဲ့နေရာတွေလဲ ရှိပါတယ်။ ဒီမှာလိုမဟုတ်ဘူး။ တစ်ကျပ်ပေးယင် တစ်နေကုန် ထားလို့ရတယ်"

"အို....ဒီမှာဆိုယင် တစ်နာရီကို ပဲနီငါးဆယ်ကနေ တစ်ပေါင်အထိ ပေးပြီး ကားရပ်ရတာ။ မရပ်ရတဲ့နေရာတွေကလဲ တစ်မြို့လုံးအပြည့်ပဲ။ ရထားခနဲ့ ဘတ်စကားခတွေရော ရန်ကုန်မှာ သက်သာတာပဲလားဟင်"

"တစ်ပေါင်ဟာ တစ်ကျပ်နဲ့အတူတူပဲဆိုယင်တောင်မှ မြန်မာပြည်မှာ သက်သာတယ်လို့ဆိုရလိမ့်မယ်ဒိုရာ။ အခုကိုယ်တို့စီးတဲ့ နှစ်ဘူတာခရီးကို ဒီမှာပဲ ပဲနီလေးဆယ်နော်။ ရန်ကုန်က မြို့ပတ်ရထားမှာ ပြားနှစ်ဆယ်။ ဒီခရီးကို ဘတ်စကားနဲ့သွားယင် ဒီမှာပဲနီလေးဆယ်ပဲမဟုတ်လား။ ရန်ကုန်မှာပြားလေးဆယ်ပဲ ပေးရမယ်။ တချို့ကားလိုင်းတွေဆိုယင် အခုလိုတစ်မှတ်တိုင် နှစ်မှတ်တိုင်အတွင်းကို ဆယ်ပြားပဲ ပေးရတာရှိသေးတယ်။ ဒါပေမယ့် တစ်ပေါင်ဟာတစ်ကျပ်နဲ့မတူဘူး။ တရားဝင် ငွေလဲလှယ်နှုန်းထားအရ တစ်ပေါင်မှာ ၁၃ ကျပ် ကျော်ကျော် လောက်နဲ့ ညီနေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆိုယင် ရန်ကုန်မှာ ခရီးစရိတ်က လန်ဒန်ထက် ၁၃ ဆကျော် ကျော်လောက် သက်သာမှာပေါ့နော်။ စားသောက်စရိတ်လဲ ဒီလိုပဲလား လင်းရယ်"

မြေအောက်ရထားသည် နောက်တစ်ဘူတာဖြစ်သော လီစတာစကွဲ သို့ဝင်ရန် အရှိန်လျှော့သည်။

"ဒီလိုပါပဲဒို့ရာ။ အခုကိုယ်တို့စားမယ့် ထမင်းဆိုင်မျိုးမှာ ထမင်း တစ်ပန်းကန်ကို ပဲနီ ခုနစ်ဆယ်လောက် ပေးရမယ်။ ရန်ကုန်မှာ ထမင်းလိုက်ပွဲတစ်ပန်းကန်ကို ပြားငါးဆယ်။ အလွန်ဆုံး တစ်ကျပ်ပဲ။ ယင်းကတော့ ဆိုင်အမျိုးအစားအလိုက် ဈေးနှုန်း ကွာတာပေါ့လေ။ ဒို့ရာနှိုင်းယှဉ်ကြည့်တတ်အောင် ကိုယ်ပြောပြမယ်။ လန်ဒန်ဆင်ခြေဖုံး ရပ်ကွက်က လူတစ်ယောက်ဟာ ငွေတစ်ပေါင်ရှိလို့ မြို့ထဲသွားဖို့ ခရီး စရိတ်တောင် မလောက်ဖူးမဟုတ်လား။ ရန်ကုန်ဆင်ခြေဖုံးရပ်ကွက်က လူတစ်ယောက်မှာ ငွေ ၁၃ ကျပ်ရှိယင် အသွားအပြန်ခရီးစရိတ် လောက်တဲ့အပြင် မြို့လယ်ခေါင်မှာ ရုပ်ရှင်ကြည့် ထမင်းစားပြီး လက်ဖက်ရည် ကော်ဖီ သောက်လို့ရသေးတယ်"

"အို....လင်းရယ်။ သိပ်အံ့ဩစရာကောင်းတာပဲနော်"

ရထားရပ်လျှင် သူတို့နှစ်ယောက် ဆင်းကြသည်။ မြေအောက် ဘူတာမှ မြေပြင်ပလက်ဖောင်းပေါ်သို့ တက်ခဲ့ကြသော် လန်ဒန်မြို့ လယ်ခေါင် လူအစည်ကားဆုံး နေရာဖြစ်သည့် လီစတာစကွဲချပ်ကွက်သို့ ရောက်ကြသည်။

× × × ×

★ လီစတာစကွဲသည် ရန်ကုန်ရှိ ဆူးလေဘုရားလမ်းနှင့် အနော်ရထာ လမ်းထောင့် (မြဝတီပုံနှိပ်တိုက်အနီး) မှ ကြော်ငြာဆိုင်းဘုတ်များ ထောင်ထားသည့် ပန်းခြံလေးမျှသာ ကျယ်ပါလိမ့်မည်။ ပန်းပင်သေး



များ၊ ထိုင်ခုံလေးများရှိသဖြင့် အပန်းဖြေနားနေသူများနှင့် ချစ်သူ အတွဲလေးများ ထိုင်နေတတ်ကြသည်။ ပန်းခြံပတ်လည် လမ်းမပေါ် တွင်လည်း စားပွဲဝိုင်းလေးများ ချထားကာ လမ်းဘေးစားသောက် ဆိုင်လေးများ ဖွင့်ထားသည်။ သည်စတုရန်းပုံ ပန်းခြံလေးကိုအမှီပြုပြီး လီစတာစကွဲရပ်ကွက်ဟု အမည်တွင်ခဲ့ပါ၏။

လီစတာစကွဲပန်းခြံသည် သေးငယ်သလောက် လီစတာရပ်ကွက် သည် စည်ကားရှုပ်ထွေး ဆူညံလွန်းလှသည်။ လမ်းမကြီး၏ တစ်ဘက် တစ်ချက်တွင် ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံများ။ ကုန်တိုက်၊ စတိုးဆိုင်ကြီးများ စီတန်းနေရာယူထားကြသည်။ ကြော်ငြာဆိုင်းဘုတ်များမှ နီယွန်မီး ရောင်စုံတို့သည်လည်း နေ့နေ့၏ အလင်းရောင်အောက်မှာပင် ပြိုးပြိုး ပြက်ပြက် ဝင်းလက်နေကြသည်။

လီစတာစကွဲကို လန်ဒန်မြို့၏တရုတ်တန်းဟုလည်း ခေါ်နိုင်ပါသည်။ လမ်းဘေးပလက်ဖောင်းပေါ်မှ ဘီးတပ်တွန်းလှည်းဖြင့် ရောင်းသော ခေါက်ဆွဲဆိုင် လေးများမှသည် ကြီးကျယ်ခန်းနားသော တရုတ် ဟိုတယ်ကြီးများအထိ တွေ့နိုင်သည်။ လမ်းတိုင်းလမ်းတိုင်းတွင် တရုတ် ဘာသာနှင့် ရေးထားသော ဆိုင်းဘုတ်များ၊ တရုတ်အသံထွက်ကို အင်္ဂလိပ်လို ရေးထားသည့် ဆိုင်းဘုတ်များကလည်း အပြိုင်အဆိုင်။ စားသောက်ဆိုင်တို့၏ မှန်ပြူတင်းပေါက်များတွင်လည်း အခေါက်ကင်၊ ဘဲကင်များကို ချိတ်ဆွဲထားကြသည်။ တရုတ်စတိုးဆိုင်ကြီးများတွင် လည်း ခေါက်ဆွဲခြောက်၊ မှိုစွမ်၊ ကြံမဆိုင်၊ ပဲငါးပိ၊ ဘဲဥထုံးရေစိမ်၊ ဆားရေစိမ်စသော တရုတ်စားကုန်အစုံအခြောက်များကို တွေ့ရသည် မှာ လမ်းမတော်သံဈေးကို သတိရစေသည်။ သည်ဆိုင်များ၏ ဝယ်သူ များကလည်း ဆံပင်နက်နက်၊ အသားဝါဝါ၊ မျက်ပေါက်ကျဉ်းကျဉ်း များသာ။

စည်သူလင်း လီစတာစကွဲသို့ ရောက်သည့်အချိန်သည် လူအစည် ဆုံးအချိန်ဖြစ်သည်။ ပလက်ဖောင်းပေါ်တွင် လူတွေလှုပ်လှုပ်ရွရွ သွား နေကြသလို လမ်းပေါ်မှာလည်း ကားတွေ ဥဒဟိုပြေးနေကြသည်။ လမ်းများပေါ်တွင်ကား သွားစရာသာ နေရာပေးနိုင်သည်။ ကားရပ်



www.burmeseclassic.com

www.burmeseclassic.com

ဈေး နေရာမရှိ၊ ကားခေတ္တရပ်ပြီး အတက်အဆင်း လုပ်လိုက်ရုံဖြင့် လမ်းပေါ်တွင် ယာဉ်ပိတ်ဆို့မှု ဖြစ်သွားနိုင်သည်။

သည်အချိန် သည်နေရာမျိုးတွင် သူတို့နှစ်ယောက် အေးအေး ဆေးဆေး စကားပြောရင်း လမ်းလျှောက်နေခွင့်မရ။ တစ်ယောက်ကို တစ်ယောက်တွဲပြီး မျက်စိရှင်ရှင် နားစွင့်စွင့်ထား၍ လျှောက်ရသည်။ တစ်ခါတစ်ရံ သူတို့နှစ်ယောက် ပခုံးချင်းထိပြီး သွားရသလို တစ်ခါတစ်ရံ ရှေ့ဆင့်နောက်ဆင့်ထပ်ပြီး တိုးရသည်။ သူတို့နှစ်ဦးအကြား လူဖြတ်တိုးခံရ၍ လက်တွဲဖြုတ်လိုက်ရသည်လည်း ကြုံကြရသည်။

"ဒီမှာ လူတွေဒီလောက်စည်ပြီး ကားတွေရှုပ်နေပေမယ့် လူရော ကားပါ လမ်းစည်းကမ်းကိုလိုက်နာကြတာ ချီးကျူးစရာပဲနော်။ မျဉ်းကျားမှာကူးနေတဲ့ လူတစ်ယောက်ကို ကားငါးစီးလောက်က ရပ်ပေးကြရတယ်"

ကားလမ်းအကူး ရပ်စောင့်ရင်း စည်သူလင်းက အချိန်လုပြီး စကားပြောဖြစ်အောင် ပြောလိုက်သေးသည်။

"လင်းပြောတာ မှန်ပါတယ်။ ဒါပေမယ့် မျဉ်းကျားမဟုတ်တဲ့ ကားလမ်းပေါ် ဆင်းမိယင် လူဆယ်ယောက်ကိုလည်း ကားတစ်စင်းက တိုက်ပစ်မှာပဲ။ ကဲ....ကူးတော့လင်း မြန်မြန်လျှောက်"

အပြေးအလွှား လက်တွဲပြီး လမ်းကိုဖြတ်ကူးကြရသည်။

"ဟော့ လင်း၊ ဒီဆိုင်နာမည်ကိုကြိုက်တယ်ကွာ၊ ကျွန်မတို့ ဒီဆိုင်မှာ ထမင်းစားလို့ ရမလား"

ပလက်ဖောင်းနံဘေး ကပ်လျက်ရှိသော တရုတ်စားသောက်ဆိုင် တစ်ဆိုင်၏ ဆိုင်းဘုတ်ကိုဖတ်ကာ ဒိုရာက ရပ်တန့်သည်။ စည်သူလင်း ကြည့်လိုက်တော့ ဆိုင်နာမည်ကဂွတ်ဖရင်း(ကောင်းသောမိတ်ဆွေ)တဲ့။

"ဒိုရာကြိုက်ယင် ဝင်ရအောင်လေ၊ ထမင်းပေါင်း စားလို့ကောင်းပါတယ်"

"ထမင်းပေါင်းဆိုတာ ဘယ်လိုဟာမျိုးလဲ။ ကျွန်မက ဆိုင်နာမည်ကို ကြိုက်တယ်ပြောတာပါ။ အစားအသောက် ကောင်းမကောင်း မသိပါဘူး လင်းရယ်"



"လာပါလေ စားကြည့်တော့ သိမှာပေါ့"

စားပွဲထိုး တရုတ်ကလေးက ပြုံးရွှင်စွာ ကြိုဆိုသည်။ ဆိုင်ခန်းကျဉ်းကျဉ်းတွင်းရှိ စားပွဲသေးသေး ထိုင်ခုံ ငယ်ငယ်လေးများတွင်နေရာယူကြပြီး ဝေးဖွယ်စာရင်းကို ယူကြည့်သည်။ စည်သူလင်းက ဘဲကင်ပါသော ထမင်းပေါင်းနှစ်ပွဲ၊ အခေါက်ကင် တစ်ပွဲနှင့် ၁၂ မျိုးဟင်းချို ဆံဆံ အသီးအရွက်ဟင်းချို တစ်ပွဲမှာလိုက်သည်။

"ဒိုရာ အရင်ကရော ဒီလိုတရုတ်ဆိုင်မျိုးမှာ ထမင်းစားဖူးလားဟင်"

"တရုတ်ဆိုင်က ဝယ်လာတဲ့ အသားကင်နဲ့ ဘဲကင်တော့ စားဖူးပါတယ်။ အခုလို ဆိုင်ထဲမှာထိုင်ပြီး ထမင်းနဲ့ ဟင်းတို့၊ ထမင်းပေါင်းတို့ မစားဖူးပါဘူး။ ဒါပေမယ့် မြန်မာထမင်းနဲ့ မြန်မာဟင်းတော့စားဖူးပါတယ်"

"ဩော်....ဒိုရာမေမေက ချက်ကျွေးတာလား"

"ဟင့်အင်း၊ မေမေ အဲလေ မာမီက အင်္ဂလိပ်ပဲ။ မြန်မာထမင်းဟင်း မချက်တတ်ပါဘူး။ ဖေဖေကလဲ မချက်တတ်လို့ မစားခဲ့ရပါဘူး။ ကျွန်မစားဖူးတာက မြန်မာ မိတ်ဆွေတစ်ယောက် ချက်ကျွေးတာကို စားဖူးတာပါ"

"ဟုတ်လား ဘယ်သူကချက်ကျွေးတာလဲ"

"ကျွန်မတို့ဆေးရုံမှာ အမ်အာစီပီဘွဲ့အတွက် စာမေးပွဲ လာဖြေနေတဲ့ ဒေါက်တာ သင်းသင်းရီဆိုတာ ရှိတယ်လေ၊ လင်းသိသလား"

"ကိုယ် မသိပါဘူး။ ဒီမှာ ကိုယ်မသိတဲ့ မြန်မာ ဆရာဝန်တွေ အများကြီးပဲ။ အတန်းမတူ။ ဆေးတက္ကသိုလ်ချင်းမတူယင် သိဖို့မလွယ်ဘူးလေ"

"သင်းသင်းနဲ့ ကျွန်မ မြန်မာလို စကားပြောကြရင်း ခင်မင်သွားလို့ သူ့အိမ်ကိုလိုက်ပြီး ထမင်းစားဖူးတယ်။ နနွင်းနဲ့ ချင်းနဲ့ ချက်တဲ့ ကြက်သားဟင်း၊ ချဉ်ရည်ဟင်းတို့၊ ငါးပိချက်တို့လဲ ပါတယ်လေ။ မြန်မာ ထမင်းဟင်းကို ကျွန်မကြိုက်ပါတယ်။ လင်းရော အခု ကိုယ့်အိမ်မှာ ကိုယ့်ဘာသာကိုယ် ချက်စားတာပဲလား"



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်တို့မှာ ချက်ဖို့ အချိန်မရပါဘူး။ ဆေးရုံက ဆိုင်မှာပဲ စားလိုက်တာပဲ။ စနေ၊ တနင်္ဂနွေနေ့တွေမှာတော့ မြန်မာ မိတ်ဆွေတွေ အိမ် လျှောက်လည်ပြီး စားကြတာပေါ့။ တစ်ခါတလေ ဦးတင်လတ်က ထမင်းချက်ပြီး သံဘူးထဲက ဟင်းကို ဖောက်စားကြတယ်"

မှာထားသည့် အစားအစာများ အငွေ့တထောင်း ထောင်း နှင့် ရောက်လာသည်။ ထမင်းပေါင်း တစ်ပန်းကန်စီပေါ်တွင် ဘဲကင် တစ်ပေါင်စီကို ဓားဖြင့် အထုံးငယ်လေးများ ခုတ်ပြီး ပုံမပျက် စီထားသည်။ မုံညင်းရွက်နှင့် ကြက်သွန် ကွင်းလေးများကိုလည်း ကြည့်ကောင်းအောင် ထမင်းပေါ်တွင် ဖြန့်ထားပြီး ဟင်းရည်ကျဲကျဲဆန်းလို့ ၁၂ မျိုးဟင်းချိုကလည်း ကြက်သားဖတ်နှင့် မုံညင်း၊ ခါချက်ဥများကို အဝိုင်းလိုက် လှပစွာလှီးထည့်ထားသော စွပ်ပြုတ်ရည် ပျစ်ပျစ် ဖြစ်သည်။ အခေါက်ကင်သည် ပုံသဏ္ဌာန်အားဖြင့် မြန်မာပြည်က အခေါက်ကင်နှင့် သိပ်မထူးခြား။ အားလုံးတွင် တူညီသော ထူးခြားချက်မှာ ဘာလိုနေမှန်းမသိသော ပေါ့ရွတ်ရွတ် ချိုရဲရဲအရသာဖြစ်နေခြင်းပင်။ စည်သူလင်းက သူ့ပန်းကန်ထဲသို့ ငံပြာရည်များ ဆမ်းထည့်ပေးသည်။

"အဲဒီ ဆော့(စ) ထည့်စားမှ ကောင်းတာလားဟင်"

"ဒါဆော့(စ)မဟုတ်ဘူး ဒိုရာ။ ငံပြာရည်လို့ခေါ်တယ်။ဆားရည်လိုပဲ ငန်တယ်။ ငါးပိကထွက်တဲ့ အရည်ပေါ့"

"လင်းက ငန်တဲ့အရသာမှ ပိုကြိုက်လို့လား"

"မြန်မာတွေက လေးလေးပင်ပင် အရသာမှ ခံတွင်းတွေ့တတ်ကြတာ။ ငါးပိတို့၊ ငံပြာရည်တို့၊ ငါးခြောက်တို့ ဆိုတာ မြန်မာကြိုက် အစားအစာတွေပဲ။ ကိုယ်တို့ မြန်မာတွေက ချို၊ ချဉ်၊ စပ်၊ ငံ၊ ဖန်၊ ခါးဆိုတဲ့ ရသာခြောက်ပါးနဲ့ ပြည့်စုံမှ နှစ်သက်ကြတာ"

"ပြောပြပါဦး လင်းရယ်။ ဘာတဲ့။ ချို၊ ချဉ်၊ စပ် အဲဒီ အရသာခြောက်မျိုးပါတဲ့ မြန်မာအစားအစာတွေအကြောင်းကို"

စားရင်းသောက်ရင်း စည်သူလင်းက လက်ဖက်သုပ်၊ ချဉ်းသုပ်၊ ရှောက်သီးသုပ်တို့၏အရသာများ။ ထို့နောက် မုန့်ဟင်းခါး၊ အုန်းနို့



ခေါက်ဆွဲ၊ မုန့်တီလက်သုပ်၊ အုန်းထမင်း၊ နှမ်းမနဲ့စသည်တို့အကြောင်းများကို သူတတ်သမျှ မှတ်သမျှနှင့် ပြောပြသည်။

"လင်းက သိပ်ပြောတတ်တာပဲ။ လင်းပြောတာနဲ့ ကျွန်မတောင် စားချင်လာပြီရှင်"

"ကိုယ်ကပြောရုံတင်ပြောတတ်တာ မချက်တတ်တာက ခက်တယ်။ နောက်တစ်ခါ မြန်မာအိမ်တွေမှာစားဖို့ကြုံယင် ဒိုရာ့ကိုပါခေါ်သွားမယ်လေ။ လက်ဖက်သုပ်နဲ့ မုန့်ဟင်းခါးကတော့ ဒီမှာလဲ မကြာခဏ စားရတတ်ပါတယ်"

"လက်ဖက်သုပ်ကို သင်းသင်းတို့ အိမ်မှာတုန်းက စားဖူးပါတယ်။ ဟုတ်တယ်နော်။ လက်ဖက်ရဲ့ အရသာကလဲ ခါးပေမယ့် တစ်မျိုးစားလို့ကောင်းတယ်။ မုန့်ဟင်းခါးကရော ခါးတာပဲလားဟင်။ ဒီမှာ ဘယ်လိုချက်ကြတာလဲ"

"မုန့်ဟင်းခါးဆိုတာ မခါးပါဘူး။ ဆန်နဲ့လုပ်တဲ့ ခေါက်ဆွဲလို မုန့်ဖတ်ပေါ်မှာ စွပ်လို ငါးဟင်းရည် ပျစ်ပျစ်ထည့်ပြီး စားရတာပါ။ ဟင်းချိုကို ဟင်းခါးလို့ခေါ်ကြလို့ မုန့်ဟင်းခါးဖြစ်နေရတာပါ။ လန်ဒန် မုန့်ဟင်းခါးကတော့ မြန်မာမုန့်ဟင်းခါးလို မဟုတ်ဘူးပေါ့။ ကိုရီးယားကလာတဲ့ ဆန်ခေါက်ဆွဲ အခြောက်ကို ရေနွေးနဲ့ ပြုတ်လိုက်တော့ မုန့်ဟင်းခါးဖတ် ဖြစ်သွားရော။ နောက်ပြီး ငါးသေတ္တာကို ပဲမှုန့်တို့၊ ဆန်မှုန့်တို့နဲ့ ရောချက်ထားတာ မုန့်ဟင်းခါးဟင်းရည်ဖြစ်သွားတာပေါ့။ မုန့်ဟင်းခါးအစစ် မဟုတ်ပေမယ့် အလွမ်းပြေ မုန့်ဟင်းခါးပါပဲ"

စားသောက်ပြီးကြ၍ စားပွဲထိုးလေးကို ခေါ်လိုက်သောအခါ ၁၅ ပေါင်နှင့် ပဲနီ သုံးဆယ်ကျကြောင်း ပြေစာလာပြသည်။ ဒိုရာက ပြေစာကို လှမ်းကြည့်ပြီး သူ့လက်ကိုင်အိတ်ထဲမှ ငွေစက္ကူနှင့် အကြွေစေ့များ ထုတ်ပြီး ရေတွက်နေသည်။

"ဘာလုပ်နေတာလဲ ဒိုရာ။ ကျသင့်ငွေ အားလုံး ကိုယ်ပေးလိုက်ပြီးပြီ"

"ဟင် ဘာဖြစ်လို့ နှစ်ယောက်စာပေးလိုက်ရတာလဲ။ တစ်ယောက် တစ်ဝက် အတူတူစားကြတာ ညီတူညီမျှ ခွဲဝေပေးကြမှတရားမျှမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒိုရာက မျက်လုံး အဝိုင်းသားနှင့် တအံ့တသြ မေးပြန်သည်။ စည်သူလင်းက အသံထွက်ရုံလေး ရယ်သည်။

"အနောက်တိုင်းထုံးစံအရ ဒိုရာပြောတာ မှန်ပါတယ်။ ကိုယ်တို့ မြန်မာတွေမှာ ဒီလိုထုံးစံမျိုး မရှိပါဘူး။ ခင်မင်ရင်းနှီးတဲ့သူတွေ ဆိုင်မှာ အတူတူစားကြရင်း တစ်ယောက်ယောက်ကပဲ အားလုံး အတွက် တာဝန်ယူတတ်ကြပါတယ်။ ဒီလိုအချိုးကျ ခွဲဝေပေးကြတဲ့ထုံးစံ မရှိကြပါဘူး။ တစ်ခါတလေ တစ်ယောက်နဲ့ တစ်ယောက် အပြိုင်အဆိုင် အလုအယက် ပေးကြလို့ စားပွဲထိုးက ဘယ်သူ့ဆီက ယူရမှန်းတောင် မသိအောင် ဖြစ်ကြရတယ်"

ဒိုရာက အံ့သြသည့်အမူအရာ မပျောက်သေးဘဲ....

"သိပ် ဆန်းတာပဲနော်။ မြန်မာတွေ သိပ် သဘောကောင်းတယ် ဆိုတာ တကယ်ပါလား လင်းရယ်"

"စေတနာလို့ ခေါ်ပါတယ် ဒိုရာ။ စေတနာပြိုင်ကြတာဟာ မြန်မာရဲ့ ထုံးစံပါ။ စေတနာပြိုင်ပွဲမှာ နိုင်တဲ့သူက ဝမ်းသာကျေနပ်မှုကိုခံစားရတယ်။ ရှုံးတဲ့သူက ကျေးဇူးတင် အားနာကြရတယ်။ ဒါကြောင့်မို့ အားနာတယ်ဆိုတဲ့စကားဟာ အင်္ဂလိပ်စကားမှာ မရှိပေမယ့် မြန်မာစကားမှာတော့ ကလေးကအစ လူတိုင်းသိကြတဲ့ စကားလုံးပါ။ ကိုယ် အခုပြောနေတဲ့ စေတနာတို့၊ အားနာတယ်တို့ဆိုတာရဲ့အဓိပ္ပာယ်ကိုရော နားလည်ရဲ့လား"

"အို....သိတာပေါ့ လင်းရယ်။ ကျွန်မဖေဖေမသေခင် အသက် ၂၂ နှစ်အထိ အိမ်မှာ မြန်မာလို ဖေဖေနဲ့ အမြဲပြောနေကြတာပဲ။ ဒီနေ့ လင်းနဲ့ ကျွန်မ စေတနာပြိုင်ပွဲမှာ ကျွန်မက ရှုံးသွားလို့ အားနာပြီး ကျေးဇူးတင်ရတော့မှာပေါ့နော်။ ထားပါတော့၊ နောက်တစ်ခါ စေတနာပြိုင်ပွဲကျရင် လင်းကို ကျွန်မက ကောင်းကောင်းကြီး အနိုင်ယူပြလိုက်မယ် သိလား"

× × × ×



ကောင်းသောမိတ်ဆွေ စားသောက်ဆိုင်မှ ထွက်လာကြပြီးနောက် သူတို့နှစ်ဦး တရုတ်တန်းကိုဖြတ်၍ လျှောက်ခဲ့ကြသည်။ သည်တွင် နာမည်ကျော် ဆိုဟိုးရပ်ကွက်ကို ရောက်ခဲ့ကြသည်။ ဆိုဟိုးရပ်ကွက် ဘွင်းရှိ လမ်းဘေးဘစ်မကာတစ်ချက်ဒီဝယ် "လူကြီးများအတွက်သာ" ဟူသော ရုပ်ရှင်ရုံများ၊ အပေါ်ပိုင်းအဝတ်ဗလာဖြင့် အမျိုးသမီးများ ဒားပွဲထိုးသည့် အရက်ဆိုင်များ၊ နိုက်ကလပ်များရှိသည်။ လိင်နှင့် ပတ်သက်သော အသုံးအဆောင်ပစ္စည်းများနှင့် စာအုပ်များချည်း သပ်သပ်ရောင်းသော ဆိုင်များကလည်း ရောင်းကုန်ပစ္စည်းများကို ပြောင်ပြောင်တင်းတင်းပင်ကြော်ငြာထားကြသည်။ မိန်းမတစ်ယောက် ဝတ်လစ်စားလစ် ကနေသည်ကို ပိုနိုင်ငါးဆယ်ပေးပြီး ချောင်းကြည့် ပေါက်မှ ကြည့်ရသော အခန်းငယ်လေးများလည်း ဖွင့်ထားသည်။ တစ်နည်းဆိုသော် ဆိုဟိုးရပ်ကွက်သည်အပြာရောင်လွှမ်းသည့်ရပ်ကွက်၊ အညှီအဟောက် ထူပြောသည့် ရပ်ကွက်ပင် ဖြစ်ပါသည်။

စည်သူလင်းက လမ်းလျှောက်ရင်း လမ်းဘေးဆိုင်းဘုတ်များကို မျက်စိကစားသည်။ ဒိုရာက ဆိုင်းဘုတ်များ၊ ကြော်ငြာများကို မမြင်ဟန်ဆောင်လျက် ရှေ့တည့်တည့်သာကြည့်ပြီး လျှောက်နေ၏။

"အခုလို ယောကျ်ားတစ်ယောက်နဲ့တွဲပြီး လည်ရတာ ဒိုရာတို့ အတွက်တော့ ရိုးနေမှာပေါ့နော်၊ ပွင့်လင်းလွတ်လပ်တဲ့ နိုင်ငံကြီးတွေမှာ ဒါမျိုးက အဆန်းမှမဟုတ်တော့တာ"

ဒိုရာက ဆတ်ခနဲ သူ့မျက်နှာကို လှည့်ကြည့်သည်။

"ကျွန်မကို ဒီကမိန်းမတွေနဲ့ရောပြီး အထင်သေးလို့လား လင်းရယ်၊ မှန်တာပြောရရင် ကျွန်မမှာ ယောကျ်ားလေးသူငယ်ချင်း တစ်ယောက်မှ မရှိခဲ့ဖူးပါဘူး၊ ခုလိုသွဲတွဲပြီး တစ်ခါမှ မလည်ခဲ့ဖူးပါဘူး။ လင်းကိုသာ မြန်မာဗုဒ္ဓဘာသာမို့ ယုံပြီးလိုက်ခဲ့တာပါ။ လင်းနဲ့လိုက်ခဲ့မိတာ အထင်သေးလို့ မေးတာလားဟင်"

"မဟုတ်ပါဘူး ဒိုရာ။ ကိုယ်က ဒီကလူတွေကိုခြုံပြီး သိမ်းကြုံးပြောလိုက်တာပါ။ ဒိုရာ့သိက္ခာကို ထိခိုက်တယ်ဆိုရင် ကိုယ်တောင်းပန် ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"လင်းပြောမယ်ဆိုယင်လဲ ပြောစရာပဲပေါ့လေ။ ဒီကယောကျ်ားတွေရော၊ မိန်းမတွေရော မကောင်းကြတော့ပါဘူး။ ယောကျ်ားတွေနဲ့ မိန်းမတွေဟာ သာယာမှုချင်း အပေးအယူလဲလုယ်ဖို့ လူဖြစ်လာကြတာလို့ပဲ မှတ်ယူနေကြတာလင်းရဲ့။ အချစ်မပါတဲ့ ယောကျ်ားမိန်းမဆက်ဆံရေးကို ကျွန်မကြိုက်ပါဘူး။ ဒါကြောင့် ဒီကယောကျ်ားတွေနဲ့လဲ ခင်မင်ရမှာကို ကျွန်မကြောက်ပါတယ်"

"သူတို့အချင်းချင်း အပေးအယူတည့်နေကြတော့လဲ ကျေနပ်ကြတယ်မဟုတ်လား။ ဒါကိုပဲ လွတ်လပ်တယ်၊ အချုပ်အနှောင် ကင်းတယ်လို့ သတ်မှတ်ကြတယ်လေ။ လက်မထပ်ပဲ အတူတူနေကြတဲ့စနစ်မျိုးပေါ့"

ပြောတုန်းဆိုတုန်းမှာပင် လမ်းထောင့်တစ်နေရာတွင် ဆယ်ကျော်သက်ရွယ် စုံတွဲတစ်တွဲ ရင်ချင်းအပ်ကာ မတ်တပ်ရပ်လျက် စိမ်ပြေနပြေ နမ်းနေကြသည်။ ဒိုရာက စက်ဆုပ်ရွံရှာသည့် အကြည့်ဖြင့် သူတို့အတွဲကို မျက်စောင်းထိုးသည်။

"လင်းက သူတို့ကို ထောက်ခံနေတာလား။ ကျွန်မ ကြားဖူးတာကတော့ မြန်မာတွေဟာ တစ်ခါလက်ထပ်ပြီးယင် မသေမချင်း ပေါင်းကြတယ်ဆို"

စည်သူလင်းက မျက်နှာပျက်ကာ ငိုင်သွားသည်။ နောက်တော့မှ သူစကား အမှားအတွက် ကသောကမျောလေး ဖြေရှင်းသည်။

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး။ ကိုယ်လဲ တစ်လင်တစ်မယားစနစ်ကိုပဲ ကြိုက်တာပါ"

"ဩော်. ဒါကို ဘယ်လိုခေါ်တယ်။ တစ်လင် တစ်မယားစနစ်ဟုတ်လား။ သိပ်ကောင်းတဲ့ စကားလုံးပဲ လင်းရယ်။ တစ်လင် တစ်မယားစနစ်၊ တစ်လင် တစ်မယားစနစ်"

ဒိုရာက သူနားမလည်လိုက်ရသော မြန်မာဝေါဟာရအသစ်တစ်မျိုးကို ကဗျာလေးတစ်ပုဒ်သဖွယ် ရေရွတ် ကျက်မှတ်နေသည်။

"တစ်လင် တစ်မယားစနစ်ပေါင်းတာကို ရိုးမြေကျ ပေါင်းတယ်၊ သေတာပန် သက်တဆုံး ပေါင်းတယ်လို့လဲ ခေါ်ကြသေးတယ် ဒိုရာ။



ဒါဟာ မြန်မာ့ထုံးစံ အိမ်ထောင်ရေးစနစ်ပါပဲ။ ခုခေတ်တော့ မြန်မာတွေလဲ အနောက်တိုင်းဆန်လာပြီလို့ ဆိုရမလား မသိတော့ပါဘူးကွာ။ လင်မယားချင်းလဲ သည်းမခံနိုင်တော့ဘဲ ကွဲကြ၊ ပြတ်ကြတာတွေ ရှိနေပါပြီ"

စည်သူလင်းက သူအကြောင်းနှင့် သူ တစ်စုံတစ်ခုကို တွေးမိပြီး ဆွေးဆွေးမြည့်မြည့်လေး ညည်းတွားနေပြန်၏။

"ကျွန်မတော့ ဒီလိုလွတ်လပ်မှုမျိုးကို မကြိုက်ပါဘူး လင်းရယ်။ ဒီလွတ်လပ်မှုရဲ့ ပြစ်ဒဏ်ကို မိန်းမတွေချည်း ခံရတာ မဟုတ်လား။ ပြီးတော့လဲ အဖေမပေါ်တဲ့ ကလေးတွေ၊ မိဘမဲ့ကလေးတွေက ပိုပြီးခံရသေးတယ်။ ဒီလို လွတ်လွတ်လပ်လပ် ဖြစ်ချင်တိုင်း မဖြစ်ရအောင် မိဘတွေကလဲ သားသမီးတွေကို မထိန်းနိုင်ကြတော့ဘူးလေ။ လူငယ်တွေဟာ အသက် ၁၈ နှစ်ကျော်ယင် အုပ်ထိန်းခြင်း လွတ်ပြီ ဆိုပြီး ထင်ရာလုပ်ကြတော့တာပဲ။ အဖေ့ရှေ့မှာ သားက အရက်သောက်ကြတယ်။ မိဘရှေ့မှာပဲ သမီးက သူ့ယောကျ်ားလေးမိတ်ဆွေကို အိပ်ခန်းထဲခေါ်တယ်။ ဟိုမှာလဲ ကြည့်စမ်းပါဦး လင်းရယ်။ ကျွန်မရဲ့ သားသမီးဆိုယင် ဒီလိုနေခွင့် မပေးနိုင်ပါဘူး"

ဒိုရာမေးငေါ့ပြရာသို့ စည်သူလင်း လှမ်းကြည့်သည်။ ပစ်ကဒီလီအဝိုင်းနားတွင် ပန့်(ခ) ဟု ခေါ်သော လူသိုက်တစ်စု။ ယောကျ်ားကလေးများသည် နားထင်တွင် ဆံပင်ကို ပြောင်အောင် ရိတ်ထားကြပြီး ငယ်ထိပ်ဘွင်သာ ကြက်အမောက်လို ထောင်ထားကြသည်။ ဘောင်းဘီအင်္ကျီ အစုတ်အပြဲများကို ဝတ်ထားကြပြီး ဆံပင် မျက်နှာနှင့် အင်္ကျီပေါ်တွင် ဆိုးဆေးအနီ၊ အစိမ်း၊ အပြာ၊ အဝါတို့ကို ကြောင်ကြောင် ကျားကျား ဆိုးထားကြသည်။ မိန်းကလေးများကလည်း ထိုနည်းအတိုင်းပင် ဝတ်စားထားကြ၏။ မျက်ခွံနှင့် နှုတ်ခမ်းတို့တွင် အပြာအစိမ်း အရောင်များ ခြယ်ထားလိုက်ကြသေးသည်။ စည်သူလင်းလည်း သူတို့ကိုကြည့်ပြီး နှာခေါင်းရှုံ့မိသည်။

"သူတို့မိဘတွေကိုချည်း အပြစ်ပြောလို့ မရဘူးလေ။ သားသမီးတွေ အသက် ၁၈ နှစ် ကျော်လာယင် နိုင်ငံတော်က ပညာသင်ထောက်



www.burmeseclassic.com

www.burmeseclassic.com

တာဝန်မယူနိုင်သလို မိဘတွေကလဲ အကုန်အကျခံပြီး ပညာသင်မပေးနိုင်ကြဘူး မဟုတ်လား။ တာဝန်မယူတဲ့ မိဘဆိုတော့ သားသမီးကလဲ ဘယ်လေးစားတော့မလဲ။ မိဘတွေငယ်စဉ်တုန်းကသဲ သူတို့ ဘိုးဘွားတွေရဲ့ စကားကို နားထောင်ခဲ့တာမှမဟုတ်တော့ သားသမီးတွေကိုလဲ ဘယ်ဆုံးမနေကြတော့မလဲ”

“မြန်မာမိသားစုထဲမှာရော ဒီလိုဖြစ်နေကြပြီလားဟင်”

“ဒီလို ဖြစ်ချင်သလိုလိုရှိတဲ့ လူနည်းစုကို အများစုက အကြောက်အကန် ဝိုင်းပြီး ရှုံ့ချနေကြရတယ်။ များသောအားဖြင့်တော့ မိဘနဲ့ သားသမီး ဆက်ဆံရေးမှာ မြန်မာအပါအဝင် အရှေ့တိုင်းသားတွေဟာ ဂါရဝတရားခေါ်တဲ့ ကြီးသူကို ငယ်သူက လေးစားကြပါတယ်။ မိဘတွေကလဲ သားသမီးတွေကို ပညာဆုံးခန်းတိုင်အောင် သင်ပေးရုံမက အလုပ်ရှာ၊ အိမ်ထောင်ပြုတဲ့အထိ တာဝန်ယူပြီး ဖြေရှုတာတောင် လိုက်ထိန်းပေးကြသေးတယ်။ ဒီတော့လဲ မိဘတွေက သားသမီးတွေအပေါ်မှာ ဩဇာညောင်းတော့တာပေါ့။ ကိုယ်ဆိုယင် အခု အသက် ၃၂ နှစ် ရှိနေပြီ။ ဖေဖေဆူတာ ခေါင်းငုံ့ပြီး ခံရတုန်းပဲ။ ဒီတော့လဲ သားသမီးတွေက စည်းလွတ်ကမ်းလွတ် ထင်တိုင်းမကြဲဝံ့ဘူး။ မိဘမျက်ကွယ်မှာ ထင်သလို နေကြယင်တောင်မှ ပတ်ဝန်းကျင်က အမြင်မတော်ယင် ဝိုင်းပြီး ကဲ့ရဲ့ကြတာနဲ့ မိဘက ပြန်သိရတာပဲ။ ဒီတော့လဲ မဖြစ်သင့်တာတွေ ဖြစ်ချင်တိုင်း ဖြစ်ခွင့်မရကြဘူးပေါ့ ဗိုရာရယ်”

စကားပြောရင်း ပစ်ကာဒီလီအဝိုင်းကို ကျော်ဖြတ် ခဲ့ကြသည်။ ပစ်ကာဒီလီအဝိုင်း ဆိုသည်မှာ ရန်ကုန်က တာမွေအဝိုင်းခန့်သာ ကျယ်သော လမ်း ငါးလမ်းဆုံမှ နေရာကွက်လပ်ဖြစ်သည်။ သည်ကွက်လပ်ကို သံတန်းဝရန်တာကာထားပြီး ကွန်ကရစ်အပြည့်ခင်းထားသည်။ အလယ်တွင်လှေကားထစ် အဆင့်မြင့်မြင့်တက်သွားသော အုတ်ခုံနှင့် မြှ နေတ်မောင် ရုပ်တုပါသော သံတိုင်တစ်ခုကို ဗဟိုပြုထားသည်။ အုတ်ခုံ လှေကားထစ်များ ပေါ်တွင် ဆယ်ကျော်သက်ရွယ် စုံတွဲလေးများ ထိုင်နေကြသည်။ တချို့က ဖက်လှဲတကင်း နမ်းရှုပ်နေကြ၏။ သူတို့သည် ဆေးရောင် လွင့်ပြယ်နေသော ဂျင်းဘောင်းဘီများကို အဖာအစုတ်များ



အသားပေးပြီး ဝတ်ထားကြသည်။ တချို့က သံမှိုစွဲထားသော သားရေဂျာကင်၊ သားရေဘောင်းဘီတို့ကို ဝတ်ဆင်ထား၏။ ထိုဝိုင်းသွင်း အုတ်ခုံပေါ်မှ အနိုလူတန်းစားသည် စည်သူလင်းတို့လို ရိုးရိုး လမ်းသွား လမ်းလာများကိုပင် အထူးအဆန်းလုပ်ပြီး ထိုင်ကြည့်နေကြသည်။

“ဒီက မိဘနဲ့ သားသမီး ဆက်ဆံရေးကလဲ လျော့တိ လျော့ရဲနိုင်လွန်းပါတယ် ဗိုရာရယ်၊ နို့စို့အရွယ် ကလေးတွေတောင် မိဘနဲ့အတူ အိပ်ခွင့်မရကြရှာဘူး။ အပြင်ထွက်ယင်လဲ ကိုယ့်ကလေးကို ချီပိုးပြီး ခေါ်မသွားဘူး။ တွန်းလှည်းနဲ့ပဲတင်ပြီး တွန်းကြတော့တာပဲ”

စည်သူလင်း ပြောမည်ဆိုလည်း ပြောစရာပင်။ တစ်ခါတစ်ရံ ရင်သွေးငယ်ကို တွန်းလှည်းနှင့်တင်တွန်းပြီး ခွေးကိုချီလျက် လမ်းလျှောက်နေသော မိခင်များကိုပင် တွေ့ကြရတတ်သည်။

“မြန်မာမိဘတွေဆိုယင် အိမ်ထဲမှာရော အိမ်ပြင်မှာပါ ကလေးတဲ့လောင်းနဲ့ သွားလေရာ ပွေ့ချီထားကြရတယ်။ တိုင်းရင်းသားတွေထဲက ကချင်တို့၊ ချင်းတို့ဆိုယင် ကလေးကိုအဝတ်နဲ့သိုင်းပြီး ကျောပိုးအိတ်လို လွယ်ထားတတ်ကြတယ်။ ဒီတော့လဲ မိဘနဲ့ သားသမီး ရင်းနှီးတွယ်တာမှုရှိတော့တာပေါ့။ ဒီသံယောဇဉ်တွေကြောင့် ကြီးလာတော့လဲ သားသမီးက မိဘကို ငဲ့ညှာတာတို့ သနားထောက်ထားတာတို့ကြောင့် လုပ်ချင်ရာ လျှောက်မလုပ်ရက်ကြတော့ဘူး”

“အင်းလေ၊ သိပ်ကိုကြီးမားတဲ့ မိဘနဲ့သားသမီး အချစ်တွေတောင် လျော့နည်းနေတော့လဲ ကြီးမှတွေ့ကြကြိုက်ကြတဲ့ ယောကျ်ားနဲ့ မိန်းမ ရဲ့အချစ်ဟာလဲ ဘယ်ခိုင်မြဲပါတော့မလဲ လင်းရယ်”

သူတို့နှစ်ယောက် လမ်းကူးမျဉ်းကျားတစ်ခုကို ဖြတ်ရန် ကားတန်းကို စောင့်ကြရပြန်သည်။ အနားတွင် အဘွားကြီး တစ်ယောက် အထုပ်တစ်ထုပ်၊ ခွေးတစ်ကောင်နှင့် မနိုင်မနင်း ဖြစ်နေသည်ကို တွေ့ကြရသည်။ သူမ၏ အထုပ်ကလည်း လက်နှစ်ဘက်ဖြင့် ကိုင်မှရသည်။ ခွေးကလည်း လက်ပေါ်မှ မဆင်း။ သည်လိုနှင့် မီးစိမ်းပြသည့်တိုင် အဘွားကြီးလမ်းကို ဖြတ်ကူးရန် အခက်တွေ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com

“နှစ်ကို၊ မင်း နောက်ကို ဒီလိုဆိုးနေယင် အိမ်ထဲမှာ တစ်ကောင်တည်း သော့ပိတ်ထားခဲ့ရလိမ့်မယ်။ လမ်းကို ဖြတ်ကူးတဲ့ အခါတိုင်း မင်းကို ငါမချီနိုင်ဘူးလို့ ဘယ်နှခါပြောရမလဲ”

အဘွားကြီးက သူ့ခွေးကို ကြိမ်းမောင်း ဆူပူနေသော်လည်း ပြုံးသနားကာ မဖြေလည်း။ မနေတတ်သော စည်သူလင်းက “ကျွန်တော် ကူညီပါရစေ” ဟု ဆိုကာ ခွေးကိုကောက်ယူပြီး လမ်းကို ဖြတ်ကူးပေးသည်။ အဘွားကြီးနှင့် အထုပ်ကို ဒိုရာက ကူညီတဲ့ခေါ်လာသည်။

“ကျေးဇူးတင်တယ် ကလေးတို့ရယ်။ မင်းတို့ဟာ ကြင်နာတတ်ကြပါပေတယ်”

အဘွားကြီးက တစ်ဘက် ပလက်ဖောင်းပေါ်သို့ ရောက်သော် စည်သူလင်းတို့ကို ကျေးဇူးတင်စကားဆိုပြီး သူ့ခွေးကို ဆက်၍မြည်တွန်တောက်တီး နေပြန်သည်။ စည်သူလင်းနှင့် ဒိုရာတို့က အဘွားကြီးနှင့် ဆန့်ကျင်ရာသို့ လျှောက်ခဲ့ကြသည်။

“ဒီက အဘိုးကြီး အဘွားကြီးတွေဟာ သိပ်သနားစရာကောင်းတာပဲနော်။ သားသမီးတွေက စွန့်ခွာသွားပြီးတဲ့နောက် ခွေးလေးတွေ ကြောင်လေးတွေနဲ့ပဲ အဖော်လုပ်နေကြရတယ်။ ကိုယ်တို့ ဆေးရုံကို လာပြတဲ့ မျက်မမြင်အဘိုးအို၊ အဘွားအိုတွေဆိုယင် လမ်းပြခွေးနဲ့ တောင်ဝှေးအဖြူလေးတွေကို အဖော်ပြုပြီး လာကြရတယ်။ ကိုယ်က ဘာနားလို့ သားသမီးတွေ မခေါ်ခဲ့ဘူးလားလို့ မေးကြည့်တော့ သူတို့ သားသမီးတွေ လန်ဒန်ထဲမှာပဲ ရှိတယ်။ မအားကြတာရယ်၊ အတူတူ မနေကြလို့ရယ်၊ လိုက်မပို့ကြဘူးတဲ့။ တချို့ဆိုယင် ဆေးရုံပေါ်မှာ သေသွားတဲ့အခါ သားသမီးတွေကို မနည်းဖုန်းဆက်ခေါ် ယူကြရတယ်”

“အဲဒါထက်ဆိုးတာ ရှိသေးတယ် လင်းရဲ့။ အဘိုးကြီး၊ အဘွားကြီးတွေ အိမ်ထဲမှာ တစ်ယောက်တည်းနေကြပြီး လောင်စာခ မတတ်နိုင်လို့ အအေးမိပြီး သေကြတာတွေ၊ အာဟာရပြတ်ပြီး သေတာတွေ ဘယ်သူမှ မသိကြဘူး။ သတင်းစာနဲ့ နွားနို့ပုလင်းတွေ သိမ်းမယ့်သူ မရှိဘဲ တံခါးဝမှာ စုပုံနေတာတွေ့တော့မှ တံခါးဖျက်ပြီး အိမ်ထဲဝင်ကြည့်တော့ ပုပ်ပွနေတဲ့ အလောင်းကို တွေ့ကြရတာ ခဏခဏပဲ”



ကြားရရုံနှင့် ကြက်သီးထမိပြန်သည်။

“ကိုယ်တို့မြန်မာ အိမ်ထောင်စုမှာတော့ မိဘကိုလုပ်ကျွေးပြုစုရတာကို အခွင့်အရေးတစ်ရပ်၊ မင်္ဂလာတစ်ပါးလို့ မှတ်ယူကြတယ်လေ။ တတ်နိုင်ယင် မိဘသာမက အဘိုးအဘွားကိုတောင် အိမ်ဦးခန်းမှာထားပြီး ပြုစုကြတယ်။ မိဘဆုံးလို့ မပြုစုလိုက်ရတဲ့ အဝေးက သားသမီးတွေ ရောက်လာယင် ယူကြုံးမရ ငိုကြွေးကြတယ်”

သူ၏ စကားအဆုံးဝယ် ဒိုရာက သက်ပြင်းရှည်ကြီး တစ်ချက်ကို လေးလေးပင်ပင်ကြီး ချလိုက်သည်။

“ဟင်း....ဒါကြောင့်မို့ပေါ့ လင်းရယ်၊ ကျွန်မတော့ ဒီတိုင်းပြည်မှာ ယောကျ်ားယူရမှာရော အဘွားကြီး ဖြစ်ရမှာကိုရော သိပ်ကြောက်မိတာပဲရှင်”

× × × ×

လန်ဒန်နွေ၏ ပန်းချီကားသည် ဆေးရောင်စုံ တောက်ပနေသည်။ ရိုးတံပြိုင်းပြိုင်း သစ်ပင်များနှင့် နှင်းဖွေးဖွေးတို့သာ မင်းမူတတ်သော ဆောင်း။ ဤဆိုင်းမှုန်မှိုင်းပြီး စိုစွတ်ထိုင်းမှိုင်းနေတတ်သည့် မိုးတို့နှင့် နှိုင်းယှဉ်ရလျှင် လန်ဒန်နွေသည် ချစ်စရာကောင်းသည်ဟု ဆိုရပါမည်။

သည်လို နွေလရက်များတွင် ဇွန်လသည် နေ့တာအရှည်ဆုံးဖြစ်၍ နွေ၏အလှအပများ ပြည့်ဝဆုံးသော ကာလဖြစ်သည်ဟု ဆိုနိုင်ပါ၏။ အင်္ဂလန်ပြည်သည် အာတိတ်စက်ဝိုင်းနှင့် နီး၍ နွေကာလတွင် နေ့တာရှည်သည်။ နံနက်လေးနာရီလောက် ကတည်းက မိုးလင်း၍ ည ၁၀ နာရီကျော်မှ မိုးချုပ်မှောင်ကျတတ်၏။

ယခု ၇ နာရီကျော်နေသော်လည်း ညနေဟုပင် ခေါ်နိုင်သေးသည်။ နေလုံးဝါဝါကြီးက ရောင်ခြည်နွေးနွေးလေးကို မထုန့်မထို



www.burmeseclassic.com

www.burmeseclassic.com

ပေးဝေနေဆဲ။ ညနေဝါဝါ ဆည်းဆာလင်းလင်းတွင် သူတို့နှစ်ယောက် အပြုံးချင်းပြိုင် အပျော်ချင်းဖလှယ်လျက် ရှိနေသေးသည်။

"ဆေးရုံအထိ လမ်းလျှောက်ပြီး ပြန်ကြရအောင်လား လင်းရယ်။ လန်ဒန်မှာ ခုလိုနွေရာသီ ညနေပိုင်းတွေမှာပဲ အပြင်မှာ လမ်းလျှောက်လို့ရတာမဟုတ်လား။ လင်းနဲ့လမ်းလျှောက်ရင်း စကားပြောရအောင်နော်။ ကျွန်မဆေးရုံကို မြန်မြန်ကြီး ပြန်မရောက်ချင်သေးဘူးကွယ်"

"ဟုတ်ပါတယ်။ ကိုယ်လဲ ဒီလိုပဲပြောမလို့ စိတ်ကူးနေတာ။ ဒိုရာနဲ့ စကားပြောရတော့ လန်ဒန်နွေညနေက ပိုပြီးလှနေတယ်ထင်မိတယ်"

ဒိုရာက နှစ်လိုဖွယ်လေးပြုံးသည်။

"လင်းက လန်ဒန်ဆောင်းနဲ့မိုးကိုရော ကြုံဖူးပြီးပြီလား။ ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲဟင်"

"ကိုယ်ရောက်တာ ရှစ်လကျော်ပါပြီ။ မိုးကိုတော့ မကြုံဖူးသေးပါဘူး။ လန်ဒန်ဆောင်းရဲ့အရသာကိုတော့ ခါးခါးသီးသီးခံစားပြီးပါပြီ။ ချမ်းလွန်းလို့ အိမ်ထဲမှာချည်း ကုပ်နေရတာနဲ့ ပျင်းရိညောင်းညာနေတာရယ်၊ မသွားမဖြစ်လို့ အိမ်ပြင်ထွက်ရတော့လဲ အနွေးထည် အထပ်ထပ်ကို ဖောက်ဝင်လာတဲ့ အအေးဓာတ်ကြောင့် အေးစက်ထုံကျင်ပြီး တစ်ကိုယ်လုံး ကိုက်ခဲလာပြန်ရော။ ရောက်ခါစမှာပဲ ရေရေလည်လည် ခံလိုက်ရတော့ ချက်ချင်းမြန်မာပြည်ကို ပြန်ပြေးချင်စိတ်ပေါက်မိတယ်။ ဒီမှာ အမြဲတမ်းနေယင် မီးလျှံနာဖြစ်မယ်ဆိုတောင်မှ မနေနိုင်ဘူးလို့လဲ ဆုံးဖြတ်မိတယ်။ ဒီကမြန်မာတွေ အမြဲတမ်းအခြေချပြီး မနေချင်ကြတာလဲ လန်ဒန်ဆောင်းရဲ့ဒဏ်ကို မခံနိုင်တဲ့အချက်လဲ တစ်ခုအပါအဝင်ပေါ့"

"ဒါကြောင့်မို့ပေါ့လင်းရယ်။ အခုလို ချစ်စရာကောင်းတဲ့ ဇွန်လမှာ လင်းနဲ့တွေ့ရတာ ကျွန်မကံကောင်းတာပေါ့"

"ဒိုရာက ဒီလိုပဲတွေးသလား။ ကိုယ့်အတွက်တော့ ဒိုရာကို ဆောင်းရာသီတုန်းက တွေ့ခဲ့ရင်လဲ ကံကောင်းတယ်လို့ ဆိုရမှာပဲ။ လန်ဒန်ဆောင်းကို ဒီလောက် အကျည်းတန်တယ်လို့ ပြောမိမှာမဟုတ်ဖူး"

"ဘာဖြစ်လို့"



"ပျော်လို့ပေါ့ဒိုရာရယ် ပျော်လို့ပေါ့။ ဒိုရာနဲ့ တွေ့ရတဲ့အချိန်ဆိုယင် ဘယ်ရာသီမဆို ကိုယ့်အတွက်လှနေမှာပဲ။ ဒီနေ့ဟာ လန်ဒန်ရောက်ပြီးမှ ကိုယ့်အတွက် အပျော်ဆုံးနေ့တစ်နေ့ပေါ့ ဒိုရာ"

"အို ....လင်းရယ်၊ ကျွန်မလဲပျော်တာပါပဲရှင်"

သူတို့နှစ်ဦး၏ ရယ်မောသံနှစ်ခုသည် ရောပြွမ်းလွင့်ပျံ့သွားသည်။ ကြည်ကြည်နူးနူး ရွှင်ရွှင်ပျပျနှင့် ရီးဂျင့်လမ်း၏ ပလက်ဖောင်း တစ်လျှောက် လက်မောင်းချင်းလိမ်၊ လက်ဝါးချင်းဆုပ်လျက် လျှောက်လာကြသည်။

"ကျွန်မကို မေးတဲ့မေးခွန်းမျိုးကို လင်းကိုလဲ ပြန်မေးမယ်နော်။ လင်းရော ဒီကိုရောက်မှ ခုလို မိန်းခလေးတွေနဲ့တွဲပြီး လျှောက်လည်ပြီး ပျော်ရတာ ဘယ်နှခါရှိပြီလဲဟင်"

"ဒါဟာပထမဦးဆုံး အတွေ့အကြုံပါပဲ"

"တကယ်နော်"

"ကိုယ်မညာပါဘူး။ ဒီရောက်မှ အမျိုးသမီးမိတ်ဆွေဆိုလို့ အိမ်ထောင်သည် တရုတ်ဆရာဝန်မတစ်ယောက်ရယ်။ နီဂရိုးသူနာပြုဆရာမ တစ်ယောက်ရယ်၊ ကိုယ်တို့ဆေးရုံမှာ သိကျွမ်းခင်မင်ခဲ့ပါတယ်။ အဲ... နောက်ပြီးတော့ ကိုယ်တို့ရဲ့အိမ်ရှင်အဖွားကြီး မစ္စစမစ်။ သူတို့နဲ့လဲတွဲပြီး အပြင်ထွက်မလည်ခဲ့ဖူးပါဘူး။ ဒီကအပျိုမတွေကိုလဲ မခင်ချင်ပါဘူးကွာ။ သူတို့က ကိုယ်တို့လို အသားအရောင်ရှိတဲ့သူတွေကို ဆက်ဆံပုံက တစ်မျိုးပဲ။ ကိုယ်မကြိုက်ဘူး"

ဒိုရာက စည်သူလင်းနှင့်တွဲထားသောလက်ကိုလွှဲရင်း လမ်းလျှောက်နေရာမှ ခေါင်းကလေးငဲ့ပြီးကြည့်သည်။

"ဒီလိုဆိုယင် မြန်မာပြည်မှာတော့ ရှိခဲ့မှာပေါ့နော်"

စည်သူလင်းက သူပေးရမည့် အဖြေအတွက် စီစဉ်တည်းဖြတ်ရန် အချိန်ယူနေရသည်။ သူ့ထံမှ ရှောရှောရှူရှူအဖြေထွက်မလာဘဲ မျက်ခုံးကြောလေးများ ရှုံ့သွားသည်ကိုလည်း ဒိုရာသတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖြေရမှာ ခက်နေပြီလားလင်းရယ်၊ ကျွန်မက အခုလိုလင်းနဲ့တွဲပြီး ပျော်နေမိတာဟာ ဗုဒ္ဓဘာသာဝင်နှစ်ဦးအနေနဲ့ အပြစ်ဖြစ်မှာစိုးလို့ပါ။ လင်းမှာ အိမ်ထောင်ရှိနေယင် ခုလိုနေတာ မကောင်းဘူးပေါ့နော်"

သည်တော့မှ စည်သူလင်း မျက်နှာထားကိုပြင်ပြီး ခပ်ရွှင်ရွှင်လေး ရယ်လိုက်သည်။

"အပြစ်မရှိပါဘူးဒိုရာ၊ ကိုယ်ဟာ ပိုင်ဆိုင်သူမရှိတဲ့ လွတ်လပ်သူပါ။ နောက်ပြီး ကိုယ်တို့နှစ်ယောက်ရဲ့ အခြေအနေက အပြစ်ဖြစ်စရာလဲ မဟုတ်သေးပါဘူး၊ ကောင်းသောမိတ်ဆွေတွေပဲ မဟုတ်လားလို့"

စည်သူလင်းက သူမ၏ပခုံးပေါ် လက်တင်ပြီး ခပ်ဖွဖွလေး ဆုပ်ထားလိုက်သည်။ လက်ချင်းတွဲရာမှ ကိုယ်ချင်းထိ၍ လမ်းလျှောက်လာကြရာ ထရာဖဲဂါရင်ပြင်သို့ ရောက်ခဲ့ကြပြီ။

ထရာဖဲဂါရင်ပြင်သည် ရန်ကုန်ရှိ မဟာဗန္ဓုလပန်းခြံ၏ တစ်ဝက်ခန့်သာကျယ်သော မြို့လယ်ခေါင်မှ အပန်းဖြေစခန်းလေးတစ်ခု ဖြစ်၏။ သို့သော် မဟာဗန္ဓုလပန်းခြံလို မြက်ခင်းပြင်နှင့် ပန်းပင်များမရှိဘဲ ကွန်ကရီအပြည့်ခင်းထားပြီး ရေကန်နှင့် ရေပန်းများရှိသည်။ ရင်ပြင်၏ထိပ်တွင် ဗိုလ်ချုပ်နယ်လဆင်၏ အထိမ်းအမှတ် ရုပ်တုပါသော ကျောက်တိုင်တစ်တိုင်ရှိပြီး ကျောက်တိုင်ကို ခြင်္သေ့ရုပ်ကြီးလေးရုပ်က ဝန်းရံထားသည်။ ရေကန်ဘောင်နှင့် ကျောက်တိုင်အုတ်ခုံပေါ်တွင် အပန်းဖြေနားနေသူများ၊ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများ တွေ့ရသည်။ ခိုလေးများ နားနေပျံသန်းနေကြ၍ ခိုများကိုကျွေးရန် အစာခွက်များလည်း ရောင်းသည်။

"ဒီနေရာရောက်ယင် ရန်ကုန်က မဟာဗန္ဓုလပန်းခြံကို သိပ်သတိရတာပဲ ဒိုရာရယ်။ မဟာဗန္ဓုလပန်းခြံက ဒီထက်နှစ်ဆလောက်ကျယ်ပြီး ဒီလိုပဲ ရေကန်နဲ့ ရေပန်းလေးတွေရှိတယ်။ ပန်းခြံထဲမှာရှိတဲ့ လွတ်လပ်ရေး ကျောက်တိုင်ကြီးက ဒီကနယ်လဆင်ကျောက်တိုင်ထက် ပိုမြင့်တယ်။ ဒီလိုပဲ ကျောက်တိုင်ကို ခြင်္သေ့ငါးကောင် နှစ်ထပ်ဆိုတော့ ဆယ်ကောင်ပေါ့လေ ဝိုင်းထားတယ်"



ဒိုရာက ခါတိုင်းဆိုလျှင် မြန်မာပြည်အကြောင်း စိတ်ဝင်စားစွာ အသေးစိတ် မေးခွန်းထုတ်တတ်သော်လည်း သည်တစ်ခါတော့ ထူးခြားစွာ ဆိတ်ငြိမ်နေသည်။ တစ်စုံတစ်ခုကို စဉ်းစားဟန်ပြုပြီး မဆီမဆိုင် မေးသည်။

"လင်းလန်ဒန်ရောက်တာ ရှစ်လကျော်ပြီနော်။ ဒီလိုဆိုယင် နှစ်သစ်ကူးတဲ့ညတုန်းက ဒီကို ရောက်ခဲ့သေးသလား"

"ရောက်ခဲ့တယ်လေ၊ ဘာဖြစ်လို့လဲ"

ဒိုရာ၏အပြုံးမျက်နှာသည် ချက်ချင်း တည်ကြည်လေးနက်သွားပြီး စည်သူလင်းနှင့် ကိုယ်ချင်းထိနေရာမှ ရုတ်တရက် ခွဲထွက်လိုက်သည်။

"ရောက်ခဲ့တယ်ဆိုယင် အဲဒီတုန်းက မိန်းမဘယ်နှယောက် နမ်းခဲ့သလဲ မှန်မှန်ပြောပါ"

စည်သူလင်းသူ့အဖြေနှင့်သူပတ်မိနေပြီ။ ထရာဖဲဂါရင်ပြင်တွင် နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလ ၃၁ ရက်ညတွင် နှစ်သစ်ကို ကြိုဆိုကြသည်။ ညဦးပိုင်းကတည်းက လူအများ ရင်ပြင်ပေါ်တွင်စုဝေးကြပြီး ဘစ်ဘင်နာရီစင်ကြီးမှ ၁၂ နာရီ ထိုးသံကြားသည်နှင့် တစ်ပြိုင်နက် "ဟက်ပီးနယူးယား" ဟု ပြောပြီး နီးစပ်ရာလူချင်း နမ်းကြတော့သည်။ နီးစပ်ရာ လူဆိုသော်လည်း မိမိနှစ်သက်ရာ ဆန့်ကျင်ဘက် လိင်များကိုသာ နမ်းကြခြင်း ဖြစ်ပါ၏။ ထို့ကြောင့် တာဝန်ကျ ရဲသားကြီးကိုမှ တစ်ယောက်ပြီးတစ်ယောက် အဆက်မပြတ် နမ်းနေကြသော အမျိုးသမီးများ၊ ချောချောလှလှ အမျိုးသမီးတစ်ဦးကို နမ်းရန်တန်းစီနေကြသော ပုရိသများကိုလည်း ကြုံတွေ့ရသည်။ ကြာလာတော့ ဟက်ပီးနယူးယားတောင် မပြောကြဘဲ ကိုယ်ကြိုက်ရာလူ လက်တို့ပြီး အနမ်းပွဲကြီး ဆင်နွှဲကြသည်မှာ နံနက်မိုးလင်းခါနီးသည့် အထိတိုင်။

"ကိုယ်က လေ့လာတဲ့အနေနဲ့ လာခဲ့တာပါ ဒိုရာရယ်"

"ဒီလိုဆိုယင် လေ့လာတဲ့အနမ်းလေးတွေလဲ နမ်းခဲ့မှာပေါ့ ဟုတ်လား"

"ကိုယ်မညာချင်ပါဘူး။ နည်းနည်းပါးပါး"



www.burmeseclassic.com

www.burmeseclassic.com

သူ စကားဆုံးအောင်ပင် မပြောလိုက်ရ။ ဒိုရာသည် သူ့ရှေ့မှ ချာခနဲ လှည့်ထွက်သွားသည်။

"ဒိုရာကလဲကွာ ဒါကစိတ်ရဲ့မောက်ပြန်မှု၊ အကျင့်သိက္ခာရဲ့ မခိုင်မြဲမှု မဟုတ်တာ ကာလဒေသအရ လန်ဒန်ရောက်တုန်း လန်ဒန်သားလို ကျင့်ကြံတာပဲဟာ"

ဒိုရာက လုံးဝလက်သင့်မခံဘဲ တင်းမာသော မျက်နှာထားနှင့် မြေအောက်ဖြတ်ကူးလမ်းထဲသို့ ခပ်သွက်သွက် ဆင်းသွားသည်။ စည်သူလင်းက လှေကားများ အဆစ်ကျော်ဆင်းပြီး အပြေးအလွှား တားချင်း ယှဉ်လိုက်သည်။

"လင်းကို ကျွန်မက မြန်မာဆန်တဲ့ မြန်မာ... ...က်ိ့် အထင်ကြီးခဲ့မိတာ၊ အခုတော့ လင်းကလဲ ဒီကယောကျ်ား ...ပိုင် မိန်းမတွေကိုနမ်းပြီး သာယာမှု ရှာတတ်တယ်။ အရသာခံပြီး ပျော်ခဲ့တယ်ဆိုတော့ ကျွန်မ လင်းကို အထင်မကြီးချင်တော့ဘူး"

"လှေလာတာနဲ့ လိုက်စားတာနဲ့ တစ်ခြားစီပဲ ဒိုရာ။ ကိုယ်က ဒီနှစ်သစ်ကူး အနမ်းပွဲမှာ ဆင်နွှဲပြီး ပျော်ခဲ့တာ၊ သာယာခဲ့တာမှ မဟုတ်ပဲ။ အဲဒီနေ့တုန်းက ဒီမှာရှိတဲ့ နောင်တော်ကြီးတွေက ဒီည ဒီကိုမရောက်ဖူးယင် လန်ဒန်ရောက်တယ်လို့ မပြောနဲ့ဆိုလို့ လာပြီး လေ့လာတာပါ။ ချမ်းလွန်းလို့ ပျော်လဲမပျော်နိုင်ပါဘူး ဒိုရာရယ်၊ ၁၂ နာရီထိုးပြီး မကြာခင်ပဲ ကိုယ်ပြန်ခဲ့တာပါ။ ကိုယ်က ရောက်ဖူးတယ်၊ ကြုံဖူးတယ်လို့ အမှန်အတိုင်း ပြောမိတာနဲ့ ကိုယ့်ကို အထင်သေးပြီး စိတ်ဆိုးမယ်ဆိုယင်တော့ ဒီနေ့ ကိုယ့်အတွက် လန်ဒန်မှာ အပျော်ဆုံးနေ့ဆိုတာ ဘယ်ဟုတ်တော့မလဲ"

စည်သူလင်း ဘယ်လိုမှ ဖြေရှင်း၍မရတော့။ ဒိုရာသည် မြေအောက် ဖြတ်ကူးလမ်းမှ ပြန်တက်ကာ ဝိုက်ဟောလ် လမ်းမကြီး၏ ညာဘက် ပလက်ဖောင်းအတိုင်း ခြေလှမ်း စိပ်စိပ်မြန်မြန် လျှောက်သည်။ စည်သူလင်းက ခြေလှမ်းကျဲကျဲနှင့် နောက်မှ ကပ်လိုက်သွား၏။

ဘုရင်မ၏ ကိုယ်ရံတော် မြင်းစီးတပ်ဖွဲ့ရုံးရှေ့သို့ ရောက်လာသည်။ ဂိတ်ဝတွင် အကျႌနီဝတ် တပ်သားနှစ်ဦးရှိသည်။ တစ်ဦးက မက်တပ်ရပ်



လျက် တစ်ဦးက မြင်းစီးလျက် ကင်းစောင့်နေကြသည်။ တကယ်တော့ ကင်းစောင့်ရန် လိုအပ်သည့်နေရာလည်းမဟုတ်ပါ။ အလှပြသက်သက်ပင် ဖြစ်ပါသည်။ သူတို့နားကပ်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည့် လူများကလည်း အဆက်မပြတ်။

"ကင်းစောင့်နေတဲ့ ရဲဘော်ရေ ရှေ့က ကောင်မလေးကို ဖမ်းထားပေးပါဗျို့"

စည်သူလင်းက နောက်မှနေ၍ မြန်မာလို လှမ်းအော်သည်။ မည်သူမှ နားမလည်၍ ဂရုမစိုက်ကြ။ ဒိုရာက မကြားချင်ယောင်ဆောင်ပြီး ရပ်နေသည့် ကိုယ်ရံတော်တပ်သား ရှေ့နားကပင် ကပ်၍ လျှောက်ပြီ လိုက်သော... ...သည်လို့နှင့် ဒေါင်းနင်းလမ်းထိပ်နားသို့ ရောက်လာပြန်သည်။

"ဒိုရာရေ အိမ်နံပါတ် ၁၀ ကနေ စောင့်နေနော် ကိုယ်လိုက်ခဲ့မယ်။ အဲဒါ ကိုယ်ရဲ့ စားအိမ် သောက်အိမ်ပဲ"

ဒေါင်းနင်းလမ်း အိမ်နံပါတ် ၁၀ သည် ဗြိတိသျှ ဝန်ကြီးချုပ်များ အဆက်ဆက်နေခဲ့ကြသော အိမ်တော်ဖြစ်သည်။ (ဝန်ကြီးချုပ်နှင့် မတွေ့ရပါဘဲလျက်) အိမ်နံပါတ် ၁၀ ကို တကူးတက လာကြည့်ကြသူများနှင့် ဒေါင်းနင်းလမ်းသည် စည်ကားနေသည်။

စည်သူလင်းလှမ်းအော်သည်ကို ဒိုရာကြား၍ ပြုံးချင်သည်။ မပြုံးဖြစ်အောင် နှုတ်ခမ်း ကို တင်းတင်းစေ့ရင်း ဒေါင်းနင်းလမ်းထိပ်ကို ကျော်ဖြတ်သွားသည်။

ဒေါင်းနင်းလမ်းမှ လူအုပ်ကြားခံနေ၍ စည်သူလင်းနောက်ဘက် ခပ်လှမ်းလှမ်းမှာ ပြတ်ကျန် ခဲ့သည်။ ဝက်(စ)မင်စတာ ဘုရားရှိခိုးကျောင်းကြီးနားသို့ ရောက်လာပြီ။ ချာခေါ်၏ ကြေးရုပ်ကြီးကို လှမ်းမြင်နေရသည်။ ဘစ်ဘင်နာရီစင်ကြီးမှ ရှစ်နာရီထိုးရန် ဆယ်မိနစ်အလို ပြနေသည်။ ဒိုရာက မြေအောက် ဖြတ်ကူးလမ်းထဲ ဆင်းသွားသည်။ နောက်သို့ လှည့်မကြည့်သော်လည်း ခြေသံ ကြားနေ၍ စည်သူလင်း လိုက်လာမှန်း သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြေအောက်ဖြတ်ကူးလမ်းဆုံတွင် အဘိုးကြီးတစ်ယောက် ဘာချော မှုတ်ပြီးပိုက်ဆံတောင်းနေသည်။ စည်သူလင်းကခေတ္တရပ်ပြီးနားထောင်သည်။ သူမနောက်မှ လိုက်လာသည့်ခြေသံ မကြားတော့ ဒိုရာကရပ်၍ လှည့်ကြည့်သည်။

"စိတ်ကောက်တဲ့လူကလဲကွာ ချော့မယ့်သူလိုက်မလာယင် ရပ်ပြီး စောင့်ရတယ်လို့"

သူက အဘိုးကြီး၏ဦးထုပ်ထဲသို့ တစ်ရှီလင်စေ့တစ်စေ့ ပစ်ထည့်ခဲ့ပြီး ဒိုရာ၏နောက်သို့ လိုက်သွားသည်။ ဒိုရာက မြေအောက် ဖြတ်လမ်းမှ ပြန်တက်ပြီး ဝက်(စ)မင်စတာ တံတားကြီးပေါ်သို့ တက်သွားပြန်၏။ ပါလီမန်အဆောက်အအုံကြီးကို ကျောခိုင်းကာ သိမ်းမြစ်ပေါ်မှကျော် ဖြတ်ခဲ့ကြသည်။ ရှေ့တည့်တည့်တွင် စိန့်သောမတ်(စ်) ဆေးရုံကြီးကို လှမ်းမြင်နေရပြီ။ ဆေးရုံကြီး၏ မျက်နှာချင်းဆိုင်ရှိ မြို့တော် ခန်းမကြီး၏ ထိပ်တွင်ကား "လန်ဒန်မြို့၏ အလုပ်လက်မဲ့ ဦးရေသည် သုံးသိန်း ငါးသောင်းကျော်ရှိကြောင်း" စာလုံးကြီးများဖြင့် ကြေညာထားသည်ကို တွေ့ရသည်။

ငမိုးရိပ်ချောင်းမျှသာ ကျယ်သော သိမ်းမြစ်ကို မိနစ်ပိုင်းမျှသာ လမ်းလျှောက်၍ တံတားပေါ်မှ ကူးဖြတ်ခဲ့သည်။ တံတားပေါ်မှာပင် စည်သူလင်းက ဒိုရာကို မီလာသည်။ ပြေးသူရော လိုက်သူပါ မောချွေးလုံးများ နွေးလာကြသည်။ ခရီးဆုံးခါနီးမို့ အရှိန် လျှော့လိုက်ကြသည်လည်း ဖြစ်နိုင်၏။ ဆေးရုံရှေ့ ပန်းခြံနားရောက်သော် စည်သူလင်းက ဒိုရာကိုကျော်တက်ပြီး မျက်နှာချင်းဆိုင်ရပ်သည်။

"ဒိုရာကို ဆေးရုံအထိ ကိုယ်ပြန်ပြီး ပို့ခဲ့ပါတယ်နော်။ ပြန်တော့မယ်ကွယ်။ကိုယ်နှုတ်ဆက်ခဲ့ပါတယ်။ ကိုယ့်ကို အထင်သေးပြီး မုန်းလိုက်ပြီဆိုယင်တော့ ဒါဟာ နောက်ဆုံးနှုတ်ဆက်ခြင်းလို့ မှတ်ယူလိုက်ပါ ဒိုရာ"

သူမက ဘာမျှ ပြန်မပြောနိုင်ဘဲ ခေါင်းငုံ့နေသည်။ တစ်နည်းအားဖြင့် စည်သူလင်း၏ ရင်ခွင်ကို မျက်နှာအပ်ထားသလို ဖြစ်နေသည်။



"ကိုယ့်ကို ပြန်ပြီး နှုတ်ဆက်စကား မပြောတော့ဘူးလား၊ မပြောချင်တော့ဘူးလားဟင်"

စည်သူလင်းက သူမ၏ ပါးနှစ်ဘက်ကို လက်ဝါးနှင့် ဆုပ်ကိုင်လိုက်ပြီး မျက်နှာလေးကို မော့ယူသည်။ ဒိုရာ၏ ညှိုးနွမ်းနွမ်း မျက်နှာလေးသည် အလိုက်သင့် မော့မော့လေး ပါလာသည်။

"နှုတ်ဆက်တယ်ဆိုပြီး နမ်းတော့မလို့လား လင်းရယ်။ နှစ်သက်ကူးညမှာ အင်္ဂလိပ်မတစ်ယောက်ကိုနမ်းတဲ့ အနမ်းမျိုးနဲ့တော့ မနမ်းပါနဲ့နော်။ ဒီလိုအနမ်းမျိုးတွေ ကျွန်မ မသာယာတတ်ပါဘူးရှင်"

စည်သူလင်းက ခေါင်းခါ၍ ပြုံးသည်။ ထို့နောက် သူမ၏ပါးပေါ်မှ လက်နှစ်ဘက်ကို ပခုံးအစုံဆီသို့ ပြောင်းသည်။ သည့်နောက် သူ ခေါင်းကို ငုံ့ပြီး ဒိုရာ၏ ဘယ်ဘက် ပါးပြင်ပေါ်တွင် နှာခေါင်းတင်ပြီး တစ်ကြိမ် ရှိုက်လိုက်၏။ ဒိုရာသည် ဝိုင်းလည်သော မျက်ဝန်းအစုံဖြင့် စည်သူလင်းကို တအံ့တဩ ပြန်ကြည့်သည်။

"ဒါ မြန်မာလို နမ်းတာပါဒိုရာ။ မိဘနဲ့သားသမီး၊ မောင်နဲ့နှမလဲ ဒီလိုပဲ နမ်းကြပါတယ်။ ပန်းကလေးတစ်ပွင့်ကို နမ်းသလိုပေါ့ကွယ်"

"ဟင်....ပါးကို နှာခေါင်းနဲ့ရှူတာကို နမ်းတယ်လို့ ခေါ်တယ်လား"

သူမက ဘာကယ်ပင် နားမလည်ရှာပါ။ အပြစ်ကင်းစင်သည့် မျက်နှာလေးနှင့် မေးသည်။ စည်သူလင်းက ခေါင်းညိတ်ပြပြီး ပြုံးသည်။ နောက်တစ်ဖန် သူမ၏ ညာဘက်ပါးလေးကို နှာခေါင်းဖြင့် ထပ်၍နမ်းပြန်၏။

"ဟုတ်ပါတယ် ဒိုရာ။ အထိအတွေ့ကို ဦးစားမပေးဘူး၊ ရမ္မက်မဆန်ဘူး၊ ကိုယ့်သင်းရနံ့လေးကို ရှူရှိုက်တာ။ ကြင်နာ ယုယမှုရဲ့ သင်္ကေတ၊ ချစ်ခင်မြတ်နိုးမှုရဲ့ အမှတ်တရ၊ မွှေးမွှေး ပေးတယ်လို့လဲ ခေါ်ပါတယ်"

ဒိုရာက ကြည်နူးဝမ်းသာမှုအပြည့်ဖြင့် ပြုံးပျော်လာသည်။

"ဒီလိုဆိုယင် ကျွန်မလဲ လင်းကို မြန်မာလိုနမ်းပြီ မွှေးမွှေးပေး ကြည့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

ထိုညနေတွင် စည်သူလင်းသည် ဒိုရာအား မြန်မာပြည်၊ မြန်မာ့အစားအစာ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ ထုံးစံများကိုသာမက မြန်မာ့အနုမ်းကိုပါ လက်တွေ့ကျကျ ရှင်းပြခဲ့ရပါ၏။

× × × ×

စည်သူလင်း အိမ်ထဲသို့မဝင်မီကတည်းက တစ်ခုခုထူးခြားနေပြီကို သိလိုက်သည်။ အိမ်တံခါးသည် သော့မပိတ်၊ဂျက်လည်းမချဘဲ ဟတတ ပွင့်နေသည်။ စီးကရက်မီးခိုးများ၏ အနံ့ရောအငွေ့ပါ အခန်းအပြင်သို့ လျှံထွက်နေ၏။ ဦးတင်လတ်ရောသူပါ ဆေးလိပ်သောက်တတ်သူများ မဟုတ်၍ ဧည့်သည်တစ်ယောက်ယောက် ရှိနေသည်ကိုလည်း ခန့်မှန်းကြည့်မိသည်။

အိပ်ခန်းဝကတည်းက တွေ့လိုက်ရပါပြီ။ အမျိုးသမီး တစ်ယောက်၊ သူ့ခုတင်ပေါ်တွင် ကပိုကရိုလဲလျောင်းရင်း စီးကရက်ကိုသောက်နေသည်။ သူမသည် ဘယ်ဘက်ဒူးကို ထောင်ထား၍ ကျန်ခြေထောက်နှားသည် ပေါင်လယ်သို့လျောကျနေ၏။ သူမသည် ပေါင်ရင်းထိရှည်သော နိုင်လွန်အသားကပ် ခြေအိတ်ရှည်ကို ဝတ်ထားသည်။ မျက်နှာကိုဒူးနှင့်ကွယ်နေ၍ မည်သူမည်ဝါမှန်းမသိရသေး။ သူမကလည်း စည်သူလင်းကို မမြင်။

စည်သူလင်း အံ့ဩတွေဝေသွားသည်။ သူ့အခန်းထဲဝင်ပြီး သူ့ခုတင်ပေါ်မှာ အခန့်သား အိပ်နေသူ အမျိုးသမီးက ဘယ်ကလဲ။ တစ်ခန်းထဲအတူနေသူ ဦးတင်လတ် ခေါ်လာသူတော့ မဖြစ်နိုင်။ သည်လူက ဒါမျိုးဝါသနာမပါ။ ဧကန္တ ဦးတင်လတ်မိတ်ဆွေ တစ်ယောက်ယောက်က အခန်းငှား၍ သော့ပေးလိုက်ပြီထင်သည်။ သို့ပေမယ့် အခန်းထဲတွင် သူမမှလွဲ၍လည်း တခြားဘယ်သူမျှမတွေ့ရပြန်။ စည်သူလင်း အခန်းထဲသို့ ဝင်လိုက်ခါမှ သူမက မြင်သွားသည်။



"ဝဲလ်ကမ်း ဒါလင် ဝဲလ်ကမ်း။ စောင့်လိုက်ရတာကြာလှပြီကွယ်။ ချင်းပျင်းရိတာနဲ့ ယူ့ဝီဘကီပုလင်း ဖောက်သောက်ရင်း စောင့်နေရတယ်"

မြန်မာစကားနှင့် နှုတ်ဆက်သံကြားရ၍ ပို၍ပင် အံ့ဩရပြန်သည်။ သူမပြောမှ ခုတင်နံဘေးစားပွဲပေါ်တွင် တံဆိပ်နီကျော်နီဝါကား ပုလင်းနှင့် သောက်လက်စ ဖန်ခွက်ကို တွေ့ရသည်။ စည်သူလင်း မကျေမနပ်ဖြစ်သွားသည်။

"မင်းဘယ်သူလဲ၊ ငါ့ဆရာကိုလက်ဆောင်ပေးဖို့ ဝယ်ထားတဲ့ ဝီစကီပုလင်းကိုဖောက်သောက်ပြီး ငါ့ခုတင်ပေါ်တက် အိပ်ရအောင် မင်းကို ဘယ်သူကခွင့်ပေးလို့လဲ၊ အခွင့်မရှိဘဲ ငါ့အိမ်ထဲဝင်နေတာ ဘာသဘောလဲ"

မြန်မာစကားတတ်သူမို့ စည်သူလင်းက မြန်မာလိုပင် ဟောက်ပစ်လိုက်သည်။ သူမက စည်သူလင်း၏ ခက်ထန်သောအမူအရာ၊ မောက်မာသော စကားလုံးများကို ဂရုမမူ၊ ထိမထင်သော မျက်နှာပေးဖြင့် အေးအေးဆေးဆေးပင် ခုတင်ပေါ် ထထိုင်သည်။

"မေးခွန်းတွေကများလွန်းလို့ ဘာကစဖြေရမှန်းတောင် မသိတော့ဘူး ဒါလင်ရာ။ ဟား....ဟား....ဟား။ ဆွေမျိုး အရင်းကြီးတွေပဲကွာ မမှတ်မိတော့ဘူးလား။ ဟန်နီလေ ယူ့ရဲ့ ချစ်ချစ်ဟောင်း ဟန်နီပေါ့ ဟဲ .... ဟဲ ... ဟဲ"

"ဟင် ... ဟန်နီ မင်း .... မင်း"

မျက်နှာပေါ် ဝယ် ဖရိုဖရဲဖုံးလွှမ်းနေသည့် ဆံပင်နီကျင်ကျင်များကို ခေါင်းယမ်းပြီးပင့်တင်လိုက်မှ ဟန်နီ၏ မျက်နှာကို ပုံဖမ်းလို့ ရသည်၊ ဘိုတိုကောက်ကောက်နှင့် ဖွာဆန်ကြဲနေသော ဆံပင်သာမက တစ်ကိုယ်လုံး အနေအထိုင်း အသွင်အပြင် အဆင်အယင် ဖုံးလွှမ်းထားသော ဟန်နီကို စည်သူလင်း အလွယ်တကူ မှတ်မိနိုင်စရာအကြောင်းလည်းမရှိပေ၊ ဟန်နီမှန်း သိလိုက်ရပြန်တော့လည်း အသက်ရှူရန်ပင်မေ့သွားသည်။ သူ၏လှုပ်ရှားမှု အားလုံးလည်း အခိုက်အတန့်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ရပ်ဆိုင်းသွားပြီး နှလုံးသွေး လှည့်ပတ်မှုပါ ဆုတ်ဆိုင်းသွားသည်ဟု ထင်ရသည်။

"မင်း ..., မင်း ဒီကိုဘယ်လိုလုပ်ပြီး ရောက်လာပြန်တာလဲ ဟန်နီ။ ငါ့အခန်းထဲမှာ ဘာလာလုပ်နေတာလဲ"

စည်သူလင်းက ချောက်ချားစွာဖြင့် တုန်တုန်ရီရီ မေးသည်။ ဟန်နီက စီးကရက်ကို ပြာခွက်ပေါ်တွင် တင်ပြီး ခုတင်အောက်သို့ ဆင်းကာ ဖိနပ်စီးရင်း ပေါ့ပျက်ပျက်ပြုံးသည်။

"ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါ ဒါလင်ရယ်။ ဇင်ကာ့ပူက လူတစ်ယောက်ကို လန်ဒန်မှာတွေ့ရတာ ဒီလောက်လဲ အံ့ဩစရာမကောင်းပါဘူး။ ဒီအခန်းမှာ ဘာလာလုပ်ရမှာလဲ ယူနဲ့တွေ့ဖို့ လာခဲ့တာပေါ့။ သံယောဇဉ်တွေမှ မပြတ်နိုင်သေးပဲကိုးကွယ် ဟဲ ... ဟဲ"

အခန်း၏ အလယ်တွင် ကျောက်ဆစ်ရုပ်ပမာ ငြိမ်သက်စွာ ရပ်နေသော စည်သူလင်းထံသို့ သူမက ယီးတီးယိုင်တိုင်ဖြင့် လှမ်းလာသည်။ အနားရောက်မှ စည်သူလင်း၏ လည်ပင်းကိုဖက်ပြီး နှုတ်ခမ်းကိုနမ်းရန် ကြိုးစား၏။ သည်တော့မှပင် စည်သူလင်း သတိဝင်လာပြီး ဆတ်ခနဲ ရုန်းသည်။

"ဖယ်စမ်း ဟန်နီ။ မင်းနဲ့ငါ ဘဝချင်း ခြားခဲ့ကြပြီးပြီ။ ဘာမှ ဆက်ပြီး ပတ်သက်စရာမလိုတော့ဘူး။ သွား...သွား၊ မင်း ငါ့အခန်းက ခုချက်ချင်း ထွက်သွားစမ်း"

စည်သူလင်းက ရုန်းရုံသာမကသေး တွန်းလည်း တွန်းလိုက်သည်။ သူကလည်း အားပါပါ၊ ဟန်နီကလည်း မူးဝေဝေ ယိုင်တိုင်တိုင်မို့ ဆိုဖာပေါ်တွင်လဲကျသွားသည်။ ဟန်နီကဆိုဖာပေါ်မှ အလူးအလဲထသည်။ ညှိုသောမျက်လုံး ပေါ့ပျက်သော အပြုံးများ ချက်ချင်းပျောက်ကွယ်သွားကာ တင်းမာသောမျက်နှာ၊ နာကျည်းသောအကြည့်များဖြင့် သူ့ကိုတုံ့ပြန်သည်။

"အိုးဝမ်းဒါးဖူးလ်၊ ဗဲရီးဝမ်းဒါးဖူးလ်။ ယူက ဒီလိုဖြစ်နေမှကိုး။ ရပါတယ်၊ ရပါတယ်။ ဒီလိုဆို အိုင်က လိုရင်းကိုစွကိုပဲ ပြောရတော့မှာပေါ့။ အိုင့်မှာ လန်ဒန်ရောက်တုန်း ငွေပြတ်သွားလို့ ယူ့ဆီက လာဆွဲတာပဲ။



ပေါင် တစ်ရာလောက် လိုချင်တယ်။ ချက် (ခ) နဲ့တော့ မလုပ်နဲ့နော်။ ကက်(ရှ)၊ ကက်(ရှ)"

"ဟား....ဟား....ဟား"

စည်သူလင်းက ခြောက်ကပ်စွာ အော်ကြီး ဟစ်ကျယ် ရယ်သည်။ သည့်နောက် အနားမှဆက်တီပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီးမှ စကားဆက်သည်။

"လွယ်လိုက်တာကွာ။ ကိုယ့်လင်ဆီက ဈေးသုံးတောင်းတာကျနေတာပဲ။ ငါဟာ မင်းလင်မဟုတ်ဘူး။ ပေးစရာလဲမလိုဘူး။ ပေးလဲ မပေးနိုင်ဘူး ရှင်းပြီလား။ ကဲ....မင်း ငါ့အခန်းထဲက ထွက်သွားဖို့ကလွဲပြီး တခြားဘာမှကိစ္စမရှိတော့ဘူး သိလား"

"ဟင်း....ဟင်း....ဟင်း....ဟင်း"

သည်တစ်ခါ မဆိုးမခန့် ရယ်သူက ဟန်နီ။ သူမက ဖန်ခွက်ကို ကောက်ယူပြီး လက်ကျန်ကို မော့ချသည်။ ပြာခွက်ပေါ်မှ သောက်လက်စ စီးကရက်ကို ယူ၍ နီနီစွေးစွေး ဆေးဆိုးထားသည့် နှုတ်ခမ်းနှစ်လွှာကြားတွင် တေ့လိုက်၏။ ထို့နောက် အတွင်းခံမပါသော ရင်အစုံကို မောက်တက်သွားအောင် မီးခိုးများကိုရှိုက်ပြီး ဖြည်းညင်းစွာ မှုတ်ထုတ်သည်။

"ဆောရီးပဲ ဒေါက်တာစည်သူလင်း။ ဗဲရီးဆောရီး၊ ဆိုးဆောရီး။ အခု ယူ့ဆီက မယားစရိတ် တောင်းနေတာမဟုတ်ဘူး။ ယူ့ကို အကြပ်ကိုင်ပြီး ငွေညှစ်နေတယ်ဆိုတာ နားလည်လိုက်စမ်းပါ။ ယူက မပေးနိုင်ဘူးဆိုယင် ကယ်ကြပါ၊ ကျွန်မကို ဒီအခန်းထဲမှာ မတရားကြံနေပါတယ်လို့ အော်လိုက်တော့ ယူဘာဖြစ်သွားမယ်ထင်သလဲ။ လိမ္မာစမ်းပါကွယ်။ တရားဥပဒေဆိုတာ သက်သေမရှိယင် မိန်းမတွေဘက်က အမြဲဘမ်း ရပ်တည်နေတယ်၊ ယူလဲနားလည်ရက်သားနဲ့ကွာ။ မမိုက်ချင်စမ်းပါနဲ့"

စည်သူလင်းသည် ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း၊ စိုးရိမ်ခြင်းများနှင့်အတူ အကျပ်အတည်းကြားတွင် ကြံရာမရဖြစ်နေသည်။ မလှုပ်သာ မယှက်သာ ချောင်ပိတ်မိနေပါကလား။ တဇက်အတွင်း အကျပ်အတည်း



www.burmeseclassic.com

www.burmeseclassic.com

မှ လွတ်မြောက်ရန်နည်းလမ်းကို ရှာကြံမိသည်။ သို့သော်အဖြေကိုကား တိတိပပမတွေ့ရ။ မဆုတ်သာ မတိုးသာ ကျဉ်းထဲ ကျပ်ထဲ ရောက်နေသည်။

ဟန်နီသည် စီးကရက်ကို ဖွာရှိုက်ရင်း ဆက်သောက်ရင်း အသာစီးရနေသော လေသံဖြင့် ဆက်ပြောသည်။

"အိုင်တို့က ဒီလိုမရက်စက်ချင်ပါဘူးလေ။ ထားခဲ့ဖူးတဲ့ သံယောဇဉ် အကြွင်းအကျန်လေးတွေကိုငဲ့ညှာပါသေးတယ်။ ဒီတော့ ယူကလဲ လိမ္မာပါးနပ်စွာနဲ့ စကားကို ပြင်ပြီး ပြောစေချင်ပါတယ်။ ကိုယ့်ကိုယ်ကိုလဲ ငဲ့ညှာမယ်ဆိုယင်ပေါ့လေ၊ ဟဲ...ဟဲ...ဟဲ"

"မင်း...အတော်အကြံပက်စက်တဲ့ မိန်းမပါလား။ ဘယ်လိုအညိုးနဲ့ ငါ့ကို ဒီအထိလိုက်ပြီး နှောင့်ယှက်နေတာလဲ။ ငါ့အိမ်မှာ ငွေတစ်ရာပြည့်အောင် ဘယ်တုန်းကမှ မထားဘူး။ ဘဏ်မှာပဲထားတယ်။ မယုံယင် မင်းကြိုက်သလိုရှာပြီး တွေ့တာ အကုန်ယူသွား။ အခု သောက်လက်စပုလင်းကိုပါ ယူချင်ယူသွားလိုက်ဦး"

စည်သူလင်း၏ စကားများသည် မသိမသာ တောင်းပန်ရသည့်ဘက်သို့ လျှောဆင်းသွားသည်။ ဟန်နီက ဘာမျှ ပြန်မပြောသေးဘဲ စီးကရက်ကိုခဲရင်း ဖိနပ်နှင့် အသားကပ်နိုင်လွန်ခြေအိတ်ရှည်ကို ချွတ်နေသည်။ ပြီးနောက် သူထိုင်နေသည့် ကုလားထိုင် လက်တန်းပေါ်တွင် လာထိုင်သည်။ စည်သူလင်းက သူ့အင်္ကျီအိတ်ထဲ လာနှိုက်ပြီး ငွေယူမည်ထင်၍ ငြိမ်နေသည်။ ရှာချင်သလိုရှာပြီး ယူချင်သလောက်ယူပစေ၊ သူ့အိတ်ထဲမှာ ၁၀ ပေါင်ကျော်ကျော်မျှသာ ငွေသားအဖြစ်ရှိကြောင်း သူသိထားသည်။

ဟန်နီက အိတ်ထဲသို့ မနှိုက်ဘဲ သူ့ခေါင်းမှ ဆံပင်များကိုသာ ဖွကစားနေသည်။ လက်တစ်ဘက်က သူ့၏ ရင်ဘတ်မှ အင်္ကျီစကို ဆွဲချလိုက်ပြီး....

"ဒီလောက်သဲ ကပ်စေးနှဲမနေပါနဲ့လေ။ အိုင့်မှာ အကျပ်အတည်းဖြစ်နေလို့ ယူ့ဆီက အကူအညီတောင်းရတာပါ။ ယူ့ပိုက်ဆံကို အလကား မယူပါဘူး။ ပေါင်တစ်ရာအတွက် တန်ရာတန်ကြေးပေးခဲ့မှာပါ။



ဒီတစ်ညလုံး အိုင့်ကို ယူပိုင်တယ်လေ၊ နက်ဖန် မိုးလင်းယင်တော့ ဘိုင့်ဘိုင်ပေါ့။ ဟဲ...ဟဲ...ဟဲ"

ကုလားထိုင်လက်တန်းပေါ်မှ သူမ၏ တင်ပါးသည် စည်သူလင်း၏ ပေါင်ပေါ်သို့ တဖြည်းဖြည်းလျှောကျလာသည်။ သူက အထိတ်တလန့် ဘွန်းဖယ်ကာ ထရပ်သည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ ဟန်နီ။ မင်းဘာတွေလုပ်နေတာလဲ၊ မင်း ဘယ်ဘဝရောက်နေပြီလဲ"

စည်သူလင်းသည် တုန်လှုပ်ချောက်ချားစွာဖြင့် သူမ၏ ပခုံးနှစ်ဘက်ကို ဆတ်ခါဆတ်ခါ ကိုင်လှုပ်ရင်း မေးပြန်သည်။

"ပြောစမ်း ဟန်နီ၊ ပြောစမ်း...ပြောစမ်း"

သူ့အသံသည် အခန်းတွင်းဝယ် ပဲ့တင်ထပ်သွားသည်။

"ဟေ့လူ၊ ကိုစည်သူ။ ဘာတွေထပြီး အော်နေတာလဲ"

"ဟင်...ကိုလတ်"

စည်သူလင်းက အိပ်ရာပေါ်မှာ၊ ဦးတင်လတ်က ခုတင်ဘေးမှာ ရပ်လျက် သူ့ပခုံးကို ကိုင်လှုပ်နေသည်။ သူက ဇဝေဇဝါဖြင့် မျက်လုံးကို ပွတ်ကြည့်မိသေးသည်။ ဦးတင်လတ်မှ ဦးတင်လတ်အစစ်ပါပဲ။ အခန်းကလည်း သူတို့အခန်း။ သို့သော် အခန်းထဲတွင် စီးကရက်နှင့် အရက်နံ့များ ကျန်နေသေးသလိုလို။ ဟန်နီ၏ စကားသံများ ကြားနေရသယောင်ယောင်။ ဝိုးဝါးမပီ မကြည်မလင်။ ဟန်နီ အခန်းထဲ တစ်နေရာရာမှာများ ပုန်းနေလေသလား ရှာကြည့်မိပြန်သည်။

"ဘယ်လိုဖြစ်နေတာလဲ၊ အိပ်မက် မက်ပြီး ယောင်နေတာလား ကိုစည်သူ"

"ဟုတ်တယ် ကိုလတ်ရယ်။ ကျွန်တော် အိပ်မက်မက်ပြီး ယောင်နေတာပဲ ဖြစ်မှာပါ။ ဟင်း..."

စည်သူလင်းက သက်ပြင်းတစ်ချက်ချပြီး စောင်ကိုခွာ၍ အိပ်ရာမှ ထသည်။ ဦးတင်လတ်က သူ့ခုတင်ဆီသို့ ပြန်သွားပြီး စောင်ပြန်ခြုံကာ လဲလျောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘာ အိပ်မက်များမက်ပြီး ထမင်းလုံးတစ္ဆေခြောက်နေတာလဲ။ ခုထက်ထိ မူမမှန်ချင်သေးဘူး။ ကလေးကလားဗျာ။ အော်လိုက်တာ ကျွန်တော်တောင် လန့်နိုးတယ်"

"ဟုတ်ပါတယ် ကိုလတ်ရယ်။ တကယ်ပဲ ထမင်းလုံးတစ္ဆေခြောက် နေတာပဲဗျာ"

"ကဲ...ကဲအိပ်တော့ဗျာ၊ စိတ်ချောက်ချားနေယင်လဲ စိပ်ပုတီးလေး ဘာလေးစိပ်ပြီး ပြန်အိပ်လိုက်ပေါ့"

ဦးတင်လတ်က စောင်ခြုံပြီး ခေါင်းအုံးပေါ် ခေါင်းချကာ ငြိမ်သွားသည်။ စည်သူလင်း အိပ်ရာမှထပြီး ရေတစ်ခွက်သောက်သည်။ ရေငတ် ပြေသွားသော်လည်း ရင်ထဲမှာ အေးမသွား။ သူ့ကို တကယ်ပဲ အတိတ် တစ္ဆေခြောက်လှန့်လိုက်၍ မောဟိုက်နေရပါသည်။ လှုပ်ရှားပြေးလွှား နေသောစိတ်ကိုတည်ငြိမ်သွားအောင်ကြိုးစားသော်လည်း မရနိုင်သေး။

ဗီရိုပေါ် သို့လှမ်းကြည့်လိုက်သော် သူ့ဆရာအတွက် ဝယ်ထားသော တံဆိပ်နီဂျော်နီဝါကားဝီစကီပုလင်းကို လက်ရာမပျက်တွေ့ရသေးသည်။

"မင်း တကယ်ပဲ စီးကရက်တွေ၊ အရက်တွေ သောက်နေပြီလား ဟန်နီ။ အသားကပ်နိုင်လွန်ခြေအိတ်ရှည်နဲ့ အတွင်းခံမပါတဲ့အင်္ကျီတွေ၊ စကာဒ်တွေဝတ်နေပြီလား။ စတာလင်ပေါင်တွေ၊ ဒေါ်လာတွေနောက်ကို ခန္ဓာကိုယ် အသွေးအသားတွေရင်းပြီး လိုက်နေရပြီလား ဟန်နီရယ်"

စည်သူလင်းရင်ထဲမှာ အသံတိတ်မေးခွန်းကလေးများ ပဲ့တင်ရိုက်နေ သည်။

"ဟန်နီတစ်ယောက် ဘယ်အခြေဆိုက်ပြီး ဘယ်ဘဝရောက်နေပြီလဲ"

× × × ×

ဟန်နီဆိုသော မိန်းကလေးကို စည်သူလင်းတို့ ဆေးတက္ကသိုလ် (၁) မြောက်ခင်းပြင် ဘွဲ့နှင်းသဘင် ဂုဏ်ပြုညစာစားပွဲတွင် တွေ့ခဲ့ရပါသည်။ သည်တုန်းက စည်သူလင်းသည် အလုပ်သင် ဆရာဝန်။ ညစာစားပွဲ၏



ဧည့်ခံကော်မတီဝင် တစ်ဦး။ ကြွရောက်လာကြသည့် ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဧည့်သည်တော်ကြီးများကို ကြိုဆို နေရာ ချထားပြီး ဧည့်ခံနေရသည်။

ထိုညက ထမင်းစားပွဲတွင် နာမည်ကြီး စတီရီယိုတီးဝိုင်းအဖွဲ့ဖြင့် ဧည့်ခံသည်။ ထိုင်ဖို့ပင် မအားလပ်နိုင်သည့် သူ့အတွက် တီးဝိုင်းကို အာရုံပြုချိန်မရ။ ဘယ်သူတွေ ဘာသီချင်းဆိုနေသလဲ သူမသိ။ ပယင်း ရည်ကြောင့် သွေးပူနေသော ကျောင်းသားကြီးများနှင့် ဆရာဝန် ပေါက်စများရှိရာဝိုင်းမှ တော်တော်နှင့် မပြီးသည့် လက်ခုပ်တီးသံများ ကြားရစဉ် စင်မြင့်ပေါ် သို့ လှမ်းကြည့်မိသည်။

"ဟန်နီ....ဟန်နီ၊ ဆွဲဆို"

"ပျားရည်ချိုချိုလေး ဟန်နီကွ"

ငွေဇာခြည် ပိုးပြက်နေသော အပြာရောင်ဝတ်စုံဖြင့် မြူးကြွလှုပ နေသော အမျိုးသမီးတစ်ဦးကို မိုက်ခွက်ရှေ့တွင်တွေ့ရသည်။ သူမဆိုနေ သည့် သီချင်းသည် မြန်မာသီချင်းပင် ဖြစ်သော်လည်း စာသားနှင့် အဓိပ္ပာယ်ကို စည်သူလင်း နားမလည်။ တေးသွားနဲ့အတူယိမ်းနွဲ့လှုပ်ရှား နေသော ကိုယ်နေဟန်ထားနှင့် အရောင်မျိုးစုံ ယှက်သန်းနေသည့် မျက်နှာ လှလှကလေးကိုသာ စိတ်ဝင်စားမိသည်။ နိုးရာစားပွဲမှ လွတ်နေ သော နေရာတွင် ဝင်ထိုင်ရင်း ငေးမိပြန်သည်။

"ဗမာသီချင်း ဗမာလိုဆိုတာကို ဗမာတွေတောင် နားမလည်ပါ လားကွ"

"အေးကွာ၊ ဝ အအုတို့၊ ဝိုး ဟိုဟိုတို့ ဆိုတာတွေက ဘာတွေလဲ"

"မူရင်း အင်္ဂလိပ်သီချင်းထဲက အူသံတွေလေကွာ။ သူတို့အူသံလို လိုက်အူတာပေါ့"

သူထိုင်မိသောစားပွဲမှ အလုပ်သင် ဆရာဝန်နှစ်ယောက်က အဆို တော်နှင့် သူမ၏သီချင်းကို ဝေဖန်နေကြသည်။ သူတို့ နှစ်ယောက်သည် လည်း စည်သူလင်းနှင့် တစ်တန်းတည်းဆင်း သူငယ်ချင်းတွေပင်ဖြစ်၏။

"ဟေ့....မန်း၊ ခုဆိုနေတဲ့သူက ဘယ်သူလဲကွ"

အနားမှ သူငယ်ချင်း ဒေါက်တာမန်းစိန်လွင်ကို မေးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟန်နီတဲ့ကွ။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် စီးရီးထုတ်နိုင်လို့ အဆိုတော်ဖြစ်နေတာပါ။ သူ့သီချင်းတွေက ကော်ပီသီချင်းတွေ ချည်းပါကွာ။ မစုံပါဘူး။ စီးရီးနှစ်ခွေလောက် ထွက်လာပြီး ပြန်မြုပ်သွားတယ်။ အခုလဲ သူက ဒီဝိုင်းကမဟုတ်ဘူး။မမြင့်ခိုင်တို့နဲ့ ပါလာတဲ့ဧည့်သည် အဆိုတော်ပေါ့"

မန်းစိန်လွင်တို့ဝိုင်းမှ ထောက်ခံပုံမရသော်လည်း ဟန်နီကို သေရည်လွန် တစ်သိုက်ကတော့ အပြည့်အဝ အားပေးနေကြသည်။

"ဝမ်းစမိုး"

"နောက်တစ်ပုဒ် ထပ်ဆိုပါဦး ဟန်နီ"

ပထမ မြန်မာသီချင်းဆိုပြီး ဟန်နီသည် တီးဝိုင်းခေါင်းဆောင်နှင့် ယှဉ်၍ညှိကာ နောက်ထပ်တစ်ပုဒ် ထပ်ဆိုပြန်သည်။ သည်တစ်ခါတော့ အင်္ဂလိပ်သီချင်း တေးစာသားများကသာ မြန်မာမှ အင်္ဂလိပ်ဘာသာသို့ ပြောင်းသွားသော်လည်း တေးသွားသံစဉ်နှင့် ဆိုဟန်ကတော့ ထူးခြားမလာ။စည်သူလင်းက မန်းစိန်လွင်တို့ဝိုင်းမှ ထသွားပြီး မမြင့်ခိုင်တို့ စားပွဲတွင် ဝင်ထိုင်သည်။ ဒေါက်တာ မမြင့်ခိုင်သည်လည်း သူနှင့် တတန်းတည်းတက်လာရမှ အခု အလုပ်သင်ဆရာဝန်အတူတူဖြစ်နေကြသူ၊ ထိုနေ့က ဘွဲ့အတူတူယူခဲ့ကြသူများပင် ဖြစ်၏။

"ဟော့....မခိုင်၊ ဒါ နင့်အပေါင်းအသင်းလား"

"ငါ့ကာဇင်ပါဟယ်။ မနက်တုန်းက သူ့ကားနဲ့ ဘွဲ့နှင်းသဘင်တက်ခဲ့ရတာမို့ အခုထမင်းစားပွဲလဲ သူ့ပါခေါ်လာခဲ့ရတာ။ ဟိုတီးဝိုင်းကလူတွေ ကလဲခေါ်ကြ၊ သူကလဲ ဆိုချင်ချင်နဲ့ တက်ဆိုနေတာဘာတွေဆိုနေမှန်း ငါလဲ မသိပါဘူးဟယ်"

မမြင့်ခိုင်က သူ့ညီမတစ်ဝမ်းကွဲကိုယ်စား ရှက်နေပုံရသည်။

"အမယ် သူများသီချင်းဆိုတာကို ကဲ့ရဲ့နေ။ နင်က သူ့လောက်မှ ဆိုတတ်လို့လား"

"ကြည့်စမ်း၊ နင်က သူ့ကို ဝေဖန်တာ မခံနိုင်ဘူးပေါ့လေ။ ဘာလဲ နင်က ငါ့နဲ့ မတ်တော်မောင် တစ်ဝမ်းကွဲ တော်ချင်နေပြီလား"

"တော်စမ်းပါ မခိုင်ရာ"



"အလိုလေး၊ ကြားကြတယ်နော်။ ကျွန်မနဲ့ ဇွတ်အတင်း ဆွေမျိုးတော်ခိုင်းနေပါတယ်ရှင့်"

"တော်စမ်းပါဆိုတာ ဆက်ပြောမနေနဲ့လို့ ပြောတာပါဟာ"

မမြင့်ခိုင်တို့စားပွဲမှ အမျိုးသမီးတစ်သိုက်က စည်သူလင်းကို ဝိုင်းပြောင်ကြသည်၊ စည်သူလင်း ရှက်ရှက်နှင့် သူတို့စားပွဲမှ ထလိုက်ရ၏။ သည့်နောက်ပိုင်း မမြင့်ခိုင်တို့ဝိုင်းနား မသီရဲတော့သလို ဟန်နီကိုလည်း မကြည့်အားတော့၊ စားသောက်ပြီးနေသော ဆရာကြီးများနှင့် ဧည့်သည်တော်များကို လိုက်လံနှုတ်ဆက် ကျေးဇူးတင်စကားများ ပြောနေရသည်၊ ကားမပါလာသည့် ဧည့်သည်များ အပြန်ကားကြုံစီစဉ်ပေးရသည်။

အားလုံးစားသောက်ပြီး ပွဲသိမ်းတော့မှ မောမောနှင့် ခုံလွတ်တစ်ခုတွင် ဝင်ထိုင်၍ ပေတ်ကလင်တစ်ပုလင်းကို ဖောက်သောက်နေသည်။

"ဟော့...စည်သူလင်း၊ နင်အခု အင်မာကျင်စီမှာ ဂျူတီမဟုတ်လား"

သူ့နောက်မှ မမြင့်ခိုင်ရောက်လာပြီး ကျောကိုပုတ်လိုက်၍ လှည့်ကြည့်သည်။

"အေးလေ၊ ဘာဖြစ်လို့လဲ။ ဒီညထမင်းစားပွဲရှိလို့ ခွင့်ယူထားတယ်၊ ငါ ဂျူတီပြန်မဆင်းတော့ဘူး"

"ခွင့်ယူထားပေမယ့် အခုတော့ လိုက်ပို့ပါဦးဟယ်၊ ဟန်နီလက်ကို ကားတံခါးညပ်သွားလို့"

"နင်လဲ ဆရာဝန်ပဲ။ နင့်ဘာသာနင် လိုက်ပို့ပါလား"

"ငါက အရှေ့ပိုင်းဆေးရုံကဗိုလ်ပေါ့ဟ။ နင်တို့အင်မာကျင်စီက လူတွေနဲ့ မသိလို့ နင့်ကိုခေါ်တာ။ ဘာလဲ လိုက်မပို့ချင်ဘူးလား"

"ပို့ပါ့မယ်လေ၊ နင်လဲ လိုက်ခဲ့ဟာ"

"လိုက်ရမှာပေါ့ဟယ်၊ နင်နဲ့ ဟန်နီ နှစ်ယောက်တည်းတော့ ငါ စိတ်မချပါဘူး"

မမြင့်ခိုင်က မထီတထိ ကလိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

မမြင့်ခိုင်နောက်ကို စည်သူလင်း လိုက်သွားသည်တွင် ပီတောက်ဆောင် တိုယိုတာ ကော်ရိုလာကားကြီး၏အေးတွင် ဟန်နီကို ရပ်လျက်တွေ့ရ၏။ မမြင့်ခိုင်က မိတ်ဆက်ပေးသည်။

"ဟန်နီရေ....ဒါ တို့နဲ့ တစ်တန်းတည်း သူငယ်ချင်း ဖေါက်တာစည်သူလင်းတဲ့။ စည်သူလင်းကတော့ သိပြီးသားနော်။ ငါ့ကာဇင်ဟန်နီလေ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ဝမ်းသာပါတယ်ရှင်။ အား....အ....အ"

စည်သူလင်းက ဟန်နီနှင့် လက်ဆွဲနှုတ်ဆက်စဉ် သူမ၏ လက်ညှိုးမှ လက်ကိုင်ပဝါနှင့် စည်းထားသည့် ဒဏ်ရာကို အမှုမဲ့အမှတ်မဲ့ ဖိမိသည်။

"ဘယ်လိုဆရာဝန်လဲဟ၊ ဆေးထည့်ဖို့ ခေါ်လာတာ ဒဏ်ရာကို လက်နဲ့ ဆွဲဖြစ်တာကိုး၊ နာသွားမှာပေါ့။ ကဲ....အင်မာကျင်စီကို နင်ပဲ မောင်းပို့တော့ဟယ်"

မမြင့်ခိုင်တို့ ညီအစ်မကို ကားပေါ်တင်ပြီး အရေးပေါ် ပြင်ပလူနာဌာနသို့ မောင်းခဲ့သည်။ ဟိုရောက်တော့ သူကိုယ်တိုင် ဟန်နီ၏ဒဏ်ရာကို သန့်စင်ဆေးကြော ဆေးထည့်ပြီး ပလာစတာကပ်ပေးသည်။ ကားတံခါးညပ်ပြီး အသားကြေကာ၊ အရေပြား ပွန်းပဲ့သွားသည်။ ချုပ်စရာမလိုသဖြင့် တော်သေးသည်။

"ဟင် ဆရာ့တိုက်ပုံအင်္ကျီ လက်ဖျားမှာ သွေးတွေပေကုန်ပြီ"

ဟန်နီက အားနာစွာဖြင့် ပြောသည်။

"ကိစ္စမရှိပါဘူး။ အိမ်ကျယင်ချွတ်ပြီး လျှော်လိုက်ပါ့မယ်"

"ဟန်နီ့ရဲ့သွေးတွေ စွန်းရတာပဲ ဆရာရယ်၊ ဟန်နီကို ပေးလိုက်ပါ၊ အိမ်မှာလျှော်ပြီးမှ ပြန်ပေးပါရစေ"

"ဟုတ်သားပဲ စည်သူလင်းရယ်၊ ပေးပေး ကားပေါ် တင်ထားလိုက်မယ်"

စည်သူလင်းက သူတိုက်ပုံအင်္ကျီကို ချွတ်ပြီး မမြင့်ခိုင်ကို ပေးသည့်အခိုက် ဟန်နီကလှမ်းယူပြီး သူမ၏လက်မောင်းထဲတွင် ပွေ့ထားသည်။ ဒဏ်ရာ ဆေးထည့်ခြင်း၊ တိုက်ပုံအင်္ကျီ လျှော်ဖွတ်ခြင်း ပြဿနာများ



ရှင်းသွားပြန်တော့ နောက်ထပ် ပြဿနာတစ်ရပ် ကျန်နေသေးသည်။ ဟန်နီက လက်မှဒဏ်ရာနှင့် ကားမောင်းနိုင်လိမ့်မည် မထင်၊ မမြင့်ခိုင်ကလည်း ကားမမောင်းတတ်။

"ဟန်နီတို့လာတာ ဒရိုင်ဘာ မပါလာဘူးလား"

"အိမ်က ကိုသာထူးကြီး ရွာပြန်သွားကတည်းက ဒက်ဒီနဲ့ဟန်နီတို့ ဘာစ်လှည့်စီ ဒရိုင်ဘာလုပ်နေတာ။ နံနက်တုန်းက မမခိုင် ဘွဲ့ယူတာလဲ ဟန်နီပဲ ကားမောင်း ပို့ခဲ့ရတယ်လေ။ အခုလဲ ဒက်ဒီကို ဖုန်းဆက်ခေါ်ရမလားလို့"

"အို—အန်ကယ်ကို ဒုက္ခမပေးပါနဲ့ ဟန်နီရယ်။ စည်သူလင်း နင်ပဲ မောင်းပို့ပါဟယ်၊ ဟန်နီတို့အိမ်လဲ ရောက်ဖူးတာပေါ့၊ ငါလဲ ဒီည ငါ့မေမေတို့နဲ့အတူ သူတို့အိမ်မှာပဲ အိပ်မှာ၊ မနက်တုန်းက ဘွဲ့ယူဖို့ အိမ်က လိုက်လာတာ ဟန်နီတို့အိမ်မှာပဲတည်းကြတယ်လေ၊ နင်အပြန်ကျတော့ တက္ကစီ ငှားပေးလိုက်ပါ့မယ်ဟယ်"

မမြင့်ခိုင် ကိုယ်တိုင်ကလည်း တောင်းပန် နေသည်။ ငယ်သူငယ်ချင်းလည်းဖြစ်၊ ကူညီသင့်သော မိန်းမသားများ၏ ဒုက္ခမို့ သူမငြင်းသာတော့။

"ကဲ—ကဲ ကားပေါ်တက်ပြီး နောက်ကနေလမ်းညွှန်ကြ၊ ဘယ်ဘက်ကိုမောင်းရမှာလဲ"

"ဝင်ဒါမီယာလမ်းမှာပါ. ဆရာ၊ ဆရာ လိုက်ပို့မယ်ဆိုယင် အားနာစရာကောင်းနေပြီ"

"ဒါပေါ့ကွာ၊ အားနာစရာပေမယ့်၊ ခပ်ကောင်းကောင်းပဲဆိုတာ"

ဟန်နီက မမြင့်ခိုင် လက်မောင်းကို ဆွဲလိမ်သည်ကို စည်သူလင်း မမြင်ဟန် ဆောင်နေရသည်။ မိန်းမသား နှစ်ဦး ကားနောက်ခန်းတွင် နေရာယူပြီးနောက် ကားစက်နှိုး၍ ထွက်ခဲ့သည်။ သူကားမောင်းပုံကို ဟန်နီက နောက်ခန်းမှ ကြည့်ကာ ချီးကျူး၏။

"ဆရာက ကားမောင်းတော်တော်ကျွမ်းတာပဲ၊ ရန်ကုန်မှာ ကားမောင်းတာ တော်တော်ကြာပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်လဲအခုနေတဲ့ အကြီးအိမ်မှာတော့ ဒရိုင်ဘာပဲပေါ့ဗျာ။ အိမ်ကကားက စကိုဒါလေးပါ၊ ကော်ချီလာ ကားကိုတော့ သူငယ်ချင်းတွေကားပဲ မောင်းဖူးတာပါ။ မန္တလေးက မိဘအိမ်မှာတော့ ဌာနဆိုင်ရာကားပဲ ရှိပါတယ်"

"ဆရာက မန္တလေးသားလား"

"အညာသား မိတ္ထီလာသားပါ။ မိဘက အစိုးရဝန်ထမ်း ဆိုတော့ ဇာတိရယ်မရှိပါဘူး။ မွေးတာ တစ်နေရာ၊ ကျောင်းနေတာက တစ်နေရာ၊ မိဘကတစ်နေရာပေါ့၊ ဟန်နီတို့ကတော့ ရန်ကုန်ဇာတိပဲထင်တယ်"

သည်နေရာတွင် မမြင့်ခိုင်က ဝင်နှောက်ပြန်သည်။

"ငါ့သူငယ်ချင်းက ဟန်နီအကြောင်း သိပ်သိချင်နေတာကွ၊ ငါပြောပြမယ်၊ သေချာမှတ်ထား၊ ဟန်နီကရန်ကုန်သူစစ်စစ်၊ မိဘက ဦးသန့်ဇင်-ဒေါ်ချိုနွယ်မြင့်၊ စိန်ရွှေရတနာ ကုန်သည်၊ ဗိုလ်ချုပ် ဈေးထဲမှာ ဆိုင်ရှိတယ်၊ လိပ်စာကတော့ အခု လိုက်ပို့တော့ သိလိမ့်မယ်။ ပညာအရည်အချင်းက အင်္ဂလိပ်စာ အဓိကနဲ့ ဘွဲ့ရပြီးသား၊ အခု နိုင်ငံခြားဘာသာသိပ္ပံမှာ ပြင်သစ်ဘာသာစကား သင်နေတယ်။ အသက်က ၂၃ နှစ်၊ ရည်းစားတစ်ခါမှ မထားရသေးဘူး။ ပြီးတော့"

"ဘယ်သူကရိုက်စစ်နေလို့ ဒါတွေ ရှောက်ပြောနေရတာလဲ မမခိုင်ရယ်"

မမြင့်ခိုင် လက်မောင်းကို ဟန်နီကထုပြီး ရှက်ရမ်း ရမ်းနေသည်ကို နောက်ကြည့်မှန်ထဲမှ လှမ်းမြင်ရသည်။

"ဟန်နီမသိဘူးနော်။ တို့သူငယ်ချင်းက ဒါတွေမေးချင်လို့ ဟန်နီသိချင်းဆိုနေတုန်း လာပြီးချဉ်းကပ်သေးတယ်၊ တို့အဖွဲ့က ဝိုင်းလှောင်လိုက်လို့ သူပြန်သွားတာ၊ ခုမပြောယင်လဲ နောက်တစ်နေ့ ကျတော့ သူလာမေးမှာပဲကွ၊ ကိုယ့်သူငယ်ချင်း အကြောင်းသိတွေမို့ တစ်ခါတည်း ပြောလိုက်ရတာကွ"

ရှက်နေသော ဟန်နီအတွက် စည်သူလင်းက အလိုက်သင့်ဖာထေးပြီး ပြောပေးရသည်။



"ခုတော့ပုံလေးပါ ပေးလိုက်တော့မခိုင်ရေ၊ နင်ပြောတာတွေမှတ်ပြီး မင်္ဂလာဇင်းတိုက် သွားပို့ယင် မင်္ဂလာဇင်းအဖုံးမှာ မျက်နှာဖုံးရှင်ရဲ့အကြောင်းပါ ထည့်လို့ရနေပြီ"

ရယ်ရယ်မောမော ပြောပြောဆိုဆိုနှင့်ပင် ဝင်ဒါမီယာရှိ ဟန်နီတို့အိမ်သို့ ရောက်မှန်းမသိ ရောက်ခဲ့ကြပါသည်။

× × × ×

မမြင့်ခိုင်နှင့် စည်သူလင်းသည် တာဝန်ထမ်းဆောင်ရသည့် ဆေးရုံချင်းမတူ၍ နောက်နေ့များတွင်ပြန်မတွေ့ကြရတော့။ ဟန်နီထံ ပါသွားသည့် သူ၏တိုက်ပုံအင်္ကျီကလေးကို မမြင့်ခိုင်က ယူပေးလိမ့်မည်ဟု သူထင်သည်။ မမြင့်ခိုင် ယူမလာခင် ကိုတင်ပြီး ဟန်နီအိမ်ကို သွားရောက်လည်ပတ်ရန်လည်း ကြံစည်မိသေးသည်။ သို့သော် တိုက်ပုံအင်္ကျီကို လာတောင်းတာဟု အကြောင်းပြရမှာ ခက်နေသည်။ လက်မှတ်ဆာကို သတင်း မေးရအောင်လည်း ကြီးကြီးကျယ်ကျယ် အနာတရမဟုတ်။ မကြာမီ ဟန်နီတို့အိမ်သို့ဝင်ရန် အကြောင်းပြချက်ခိုင်လုံသည့် အခြေအနေတစ်ရပ် ဖန်လာသည်။

အရေးပေါ်ဌာနမှ သူနာပြုဆရာမတစ်ဦးက ဟန်နီ၏ လက်ဒဏ်ရာကို ညှပ်ခဲ့သည့် သွေးစွန်းလက်ကိုင်ပဝါလေးကို သိမ်းထားခဲ့သည်။ ထိုဆရာမက စည်သူလင်းမိတ်ဆွေ၏ လက်ကိုင်ပဝါမှန်းသိ၍ သူ့အားပြန်ပေးသည်။ ဟန်နီ၏လက်ကိုင်ပဝါလေးကို လျှော်ဖွတ် မီးပူတိုက်ပြီး ရေမွှေးပင် ဆွတ်ထားလိုက်သေးသည်။ လက်ကိုင်ပဝါကလေး ပြန်လာပို့တာပါဟုပြောပြီး ဟန်နီတို့အိမ်ကို နောက်တစ်ကျော့ ဝင်ရလျှင် အကြောင်းပြချက် လှပပေလိမ့်မည်။

သူ့ဘကြီး၏ စကိုဒါကားလေးကိုမောင်းပြီး ဟန်နီတို့အိမ်သို့ လာခဲ့သည်။ ဟန်နီတို့အိမ်သည် ဝင်ဒါမီယာလမ်းမကြီးမှတစ်ဆင့် ကိုယ်ပိုင်ကွန်ကရိလမ်းဖြင့် ဆက်သွယ်ထားသော တစ်ထပ်တိုက် ပြာပြာလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်လုံး ဖြစ်သည်။ ညီညာစွာညှိဖြတ်ထားသည့် စိမ်းမြမြခြံစည်းရိုး၊ ခြုံကြက်ရိတ်စက်ဖြင့် တိဖြတ်ထားသည့် မြသားကမ္ဗလာ မြက်ခင်းပြင်၏ အလယ်တွင် လှလှလေး နေရာယူထားသည်။

ခြံတခါးလာဖွင့်ပေးသော အိမ်ဖော်မလေးက သူ့ကိုမှတ်မိ၍ ကြိုဆိုပြီး ဧည့်ခန်းထဲသို့ ဖိတ်ခေါ်သည်။ ဖန်စုပ်စက်ဖြင့် သန့်စင်ထားသည့် ကြက်သွေးရောင် မွေးပွကော်ဇောကို တစ်ခန်းလုံးပြည့် ခင်းထားသည်။ ဧည့်ခန်းနံရံကို နံရံကပ်စက္ကူများ ကပ်ထားခြင်းဖြင့်လည်း ကျက်သရေတင့်စေပြန်၏။ ဖန်သားအုပ်ဆောင်းဖြင့် တွဲလဲချထားသော မီးပွင့်ငယ်လေးများနှင့်လည်း အနောက်တိုင်း အဆင်အပြင်များကို တုပထားသည်။

လခြမ်းပုံ သုံးယောက်ထိုင် ဆိုဖာကြီးများကို ဧည့်ခန်းထဲတွင် ဝိုင်းချထားပြီး အခန်းထောင့် တစ်နေရာရှိ မှန်ဗီရိုထဲတွင် စတီးရိုယို ကက်ဆက်တစ်လုံးနှင့် ကက်ဆက်ခွေများ။ ထို့ပြင် နိုင်ငံခြားဖြစ်အရုပ် လှလှလေးများကလည်း အစီအရီ နေရာယူထားသည်။

"မမလေး၊ ရေချိုးနေလို့ ခဏစောင့်ပါဦးတဲ့ဆရာ" အိမ်ဖော်မလေး၏ လက်ထဲတွင် စတီးလင်ဗန်းတစ်ချပ် ပါလာသည်။ သည်လင်ဗန်းပေါ်တွင် အဖုံးမဖွင့်ရသေးသော ကိုကာကိုလာပုလင်း၊ ဖန်ခွက်တစ်လုံး၊ ဖောက်တံလှလှလေးတစ်ခုနှင့် တစ်ခါသုံး စက္ကူလက်ကိုင်ပဝါလေးတစ်ခုကို ပန်းပွင့်ပုံကလေး ခေါက်လျက်။

"ကုတ် သောက်ရင်း ပျင်းယင် ဓာတ်ပုံတွေ ကြည့်နေပါလား ဆရာ" သူတို့ အိမ်ဖော်မလေးကပင် ကိုကာကိုလာကို "ကုတ်" ဟု ခေါ်နေမှ ဟန်နီတို့မိသားစု မည်မျှ အနောက်တိုင်းဆန်နေသည်ကို ခန့်မှန်းနိုင်ပါသည်။ ကလေးမလေးက ဆက်တီစားပွဲအောက်မှ အယ်လ်ဘန်တစ်ချို့ယူလာပြီး သူ့ရှေ့တွင် ချထားခဲ့သည်။

ပထမ အယ်လ်ဘန်ထဲတွင် ဟန်နီတို့မိသားစု၏ ဓာတ်ပုံများ၊ စင်ကာပူမြို့၏ နောက်ခံရှုခင်းများရှေ့ဝယ် ဟန်နီ့အစ်မကြီးဟု ထင်ရသူ၏ မိသားစုများနှင့်အတူ ဟန်နီ၏မိဘနှစ်ပါးကိုလည်း စင်ကာပူ၊



ဗန်ကောက်၊ အယုဒ္ဓယမြို့နောက်ခံထားပြီး ရိုက်ထားသည့်ပုံများကို ပါ တွေ့ရသည်။

ဒုတိယအယ်လ်ဘန်ထဲတွင် ဟန်နီ၏မောင်ဖြစ်သူ နိုင်ငံခြားသင်္ဘော အင်ဂျင်နီယာ၏ပုံများ၊ သင်္ဘောစက်ခန်း ကုန်းပတ်နှင့် လူနေခန်းတို့တွင် ဝတ်စုံအမျိုးမျိုးနှင့် ရိုက်ထားသည်။ သည့်နောက် နိုင်ငံရပ်ခြား တိုင်းပြည်အသီးသီးဝယ် အမှတ်တရရိုက်ခဲ့သော ဆေးရောင်စုံဓာတ်ပုံများ။

တတိယအယ်လ်ဘန်ထဲတွင်ကား ဟန်နီတစ်ယောက်တည်း၏ရောင်စုံဓာတ်ပုံများသာ။ ခေတ်ရှေ့လွန် ဝတ်စားဆင်ယင်မှု အထွေထွေ အမျိုးမျိုးနှင့် ဆံပင်ပုံစံဆန်းဆန်းများကို အသားပေးပြီး ရိုက်ထားသော ပုံများဖြစ်၏။ ထဘီနှင့်အင်္ကျီသာမက ဘောင်းဘီရှည်၊ ဘောင်းဘီတို၊ ဆာရီ၊ ကီမိုနို တို့လည်း ပါလိုက်သေးသည်။ နောက်ခံရှုခင်းများက ပထမအယ်လ်ဘန်နှစ်အုပ်ထဲကလို နိုင်ငံရပ်ခြား မြင်ကွင်းများမဟုတ်။ ရန်ကုန်မြို့တွင်းနှင့် ဓာတ်ပုံစတူဒီယိုအတွင်း၌သာ ရိုက်ထားခြင်း ဖြစ်သည်။ သို့သော်လည်း စည်သူလင်းက သည်ပုံများကို ယခင်ဓာတ်ပုံများထက် ပို၍စိတ်ဝင်စားစွာ အချိန်ယူ၍ ကြည့်မိသည်။

ရေကူးဝတ်စုံနှင့် ရိုက်ထားသည့် ဟန်နီ့ပုံများသည် ငပလီကမ်းခြေတွင် ရိုက်ထားမှန်းသူသိသည်။ သည်ပုံတွေထဲက ဟန်နီ၏သဘာဝ အလှကို သူပို၍စိတ်ဝင်စားမိသည်အမှန်။ ရေကူးဝတ်စုံနှင့် သဘာဝ အလှဟု ဆိုခြင်းမှာ ယခင်ပုံများတွင် မထင်ပေါ်သည့် အသားဆိုင် ဖြူဖြူဖွေးဖွေးများကို မဆိုလို။ ဆင်ယင်ထုံးဖွဲ့မှုကင်းပြီး ရေစိုနေသည့် ကပိုကယိုဆံပင်၊ ရေစက်ဥကလေးများ ခိုတွဲနေသော ခြယ်သခြင်းကင်းသည့် သဘာဝအလှ မျက်နှာတို့သည် ပကတိ အပြစ်ကင်းရှင်းလှပ ချောမွတ်နေပေ၏။

ဟန်နီသည် အတုအပ အခြယ်အသ မွမ်းမံပြင်ဆင်ခြင်းမပါဘဲလျက် ပင်ကိုယ်အလှရှိသူ။ မြန်မာဆန်ဆန်သာ ဆင်ယင်ထုံးဖွဲ့ပေးလိုက်ရလျှင် ကျက်သရေတင့်တင့် လှပဝင်းထည်မည့်သူ ဖြစ်သည်ဟူသော အတွေး ဖြင့် ပုံဖော်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ပုံကိုများ၊ သဘောကျလို့ ဒီလောက်အကြာကြီး စိုက်ကြည့်နေတာလဲဆရာ"

ဘယ်အချိန်က ရောက်လာမှန်းမသိသော ဟန်နီ၏အသံကို မိမိနောက်ဘက်မှ ကြားလိုက်ရ၍ စည်သူလင်း မလုံမလဲ ဖြစ်သွားသည်။

"မဟုတ်ပါဘူး ပုံ...ဟို ဟန်နီမျက်နှာလေးရဲ့ သဘာဝအလှကို စိတ်ဝင်စားလို့ပါ"

ရေကူးဝတ်စုံနှင့်ပုံကိုကြည့်လျက်သား လူမိသွား၍ ရှက်ရှက်နှင့် ကယောင်ကတမ်း ဖြေရှင်းချက်ထုတ်ရသည်။ တကယ်တော့လည်း သူကအမှန်ကို ပြောပြဖြေရှင်းပြခြင်းပါ။ သို့သော် ရှင်းကာမှ အဓိပ္ပာယ်ပို၍လေးနက်သွားပြီး ဟန်နီ၏မျက်နှာသည် ရှက်သွေးဝင် နီမြန်းသွားသည်။ စည်သူလင်းလည်း နားရွက်များ ပူထူသွားသည်။ ဆက်၍ ရှင်းလေ ပို၍ ရှုပ်လေဖြစ်မည်စိုး၍ အယ်လ်ဘန်ကို ပြန်ပိတ်ပြီး စကားလွှဲပစ်ရသည်။

"လက်ကအနာလေး ဘယ်လိုနေသေးလဲ ဟန်နီ။ သတင်းမေးရင်း ဟိုနေ့ညကကျန်ခဲ့တဲ့ လက်ကိုင်ပဝါလေးကျွန်တော်ကိုယ်တိုင်လျှော်ဖွပ်ပြီး လာပို့တာပါ"

စည်သူလင်းက ပလတ်စတစ်အိတ်ဖြင့် ထုတ်ထားသည့် ဟန်နီ လက်ကိုင်ပဝါလေးကို ထုတ်ပေးသည်။ ဟန်နီက လက်ကိုင်ပဝါကို ယူပြီး အနားကစားပွဲပေါ် တင်ထားလိုက်သည်။

"လက်ကအနာကတော့ သွေးခြည်ဥတာပဲ ကျန်ပါတော့တယ်။ ကောင်းသွားမှာပါဆရာ။ သွေးတွေပေလို့ လွှင့်ပစ်ခဲ့တဲ့လက်ကိုင်ပဝါကို အလိုပြန်ကောက်ပြီး လျှော်ဖွပ် ယူလာရတာလဲဆရာရယ်၊ အားနာစရာ ဒုက္ခရှာလို့"

ဟန်နီက စည်သူလင်းထိုင်သည့် ဆိုဖာပေါ်မှာပင် ဝင်ထိုင်သည်။ လူတစ်ယောက်ထိုင်စရာ နေရာခြားနေသော်လည်း ဟန်နီထံမှ အလှကုန် ပစ္စည်းပေါင်းစုံ၏ရနံ့သည် သူ့နှာခေါင်းတွင်းသို့ စုပြုံတိုးဝင်လာ၏။ ရေချိုးပြီးစ လတ်လတ်ဆတ်ဆတ် အလှပြင်ထားသောဟန်နီသည် လှလည်းလှ၊ မွှေးလည်းမွှေးသော ဖူးပွင့်စပန်းကလေးနှင့် တူနေသည်။



"ကျွန်တော့်ကို ဆရာလို့ခေါ်တာတော့ တစ်မျိုးကြီးပဲဟန်နီရယ်၊ မခိုင်ရဲ့သူငယ်ချင်းမို့ မနိုင်တို့လိုပဲ ရင်းရင်းနှီးနှီး ခေါ်စေချင်ပါတယ်"

"ကိုယ့်ကိုဆေးကုပေးတဲ့ ဆရာဝန်မို့ ဆရာလို့ခေါ်တာပဲ ဆရာရယ် ရှိုင်းရာများကျလို့လားဟင်"

"ရှိုင်းရာကျလို့တော့ မဟုတ်ပါဘူး၊ စိမ်းရာကျနေသလားလို့ပါ"

ဟန်နီက နှုတ်ခမ်းလိုဖွယ်ပြုံးသည်။

"ဒီလိုဆိုယင်လဲ မမခိုင်ခေါ်သလိုတော့ နာမည်အတိုင်း မခေါ်ပါရစေနဲ့ ကိုစည်သူလို့ပဲ ခေါ်မယ်နော်"

"ကောင်းပါတယ် ဟန်နီနာမည်ကအဆော အိမ်နာမည်ပဲလား။ ကျောင်းနာမည် မြန်မာနာမည် မရှိဘူးလားဟင်"

"ဟန်နီတို့ငယ်ငယ်တုန်းက မစ်ရှင်ကျောင်းလ်မှာနေခဲ့ရတော့ အင်္ဂလိပ်နာမည်တွေ ထားခဲ့ရတယ်လေ၊ မမနာမည်က အယ်မလီ၊ နောက် ဟန်နီ၊ မောင်ငလေးက ရော်နီ။ ကျောင်းတွေ ပြည်သူပိုင်သိမ်းတော့လဲ နာမည်မပြောင်းဖြစ်တော့ပဲ ဒီအတိုင်းပဲ မှတ်ပုံတင်ထဲမှာ စာရင်းဝင်သွားပြန်ရော၊ မာမီတို့ဘုန်းကြီးက ဗေဒင်တွက်ပြီး ဟန်နီတို့အတွက် ဇာတာဖွဲ့ပေးတဲ့ မြန်မာနာမည်တွေတော့ရှိပါတယ်။ ဘယ်သူမှ မခေါ်လို့ ဇာတာနဲ့အတူပဲ သိမ်းထားလိုက်ရတယ်"

"ဟုတ်လား။ ဘယ်သူမှမခေါ်တဲ့ ကျွန်တော်ခေါ်ပါမယ်။ မြန်မာနာမည်က ဘာတဲ့လဲ"

"မကောင်းဘူးကိုစည်သူရယ် ဟန်နီပြောရမှာရှက်တယ်"

မြန်မာမလေးက မြန်မာနာမည်ပြောရမှာရှက်သည်ကို စည်သူလင်း အတော်ကလေးဘဝင်မကျဖြစ်မိသည်။ ဟန်နီကတော့ ဒါကိုပဲ ဂုဏ်ယူစရာလို့ ထင်နေပေလိမ့်မည်။

"ကုတ် သောက်ပါဦး ကိုစည်သူ"

ဟန်နီက ကိုကာကိုလာပုလင်းကို ခရောက်တံနှင့် ဖောက်ပေးပြီး ဖန်ခွက်ထဲထည့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"အယ်လ်ဘန်ထဲက ဓာတ်ပုံတွေအတိုင်းဆိုယင် နိုင်ငံခြားကိုမရောက်ဖူးသေးတာ ဟန်နီတစ်ယောက်ပဲ ဒီမိသားစုထဲမှာ ကျန်တော့တာပေါ့နော်"

"ဟုတ်ပါတယ်ကိုစည်သူ။ ရော်နီက ဖူဂျီအာဆန်နီ သဘော်္ဘလိုင်းက အင်ဂျင်နီယာ၊ မမအယ်မလီရဲ့ယောကျ်ား ကိုမောင်မောင်က အရင်က ဘီအေစီပိုင်းလေ့ာလေ။ အခုတော့ စင်ကာပူအဲလိုင်းမှာ အလုပ်ရလို့ အဲဒီမှာပဲ ဖော်ဂုတ်နေလိုက်ကြတယ်။ ဒက်ဒီနဲ့မာမီကို သူတို့စရိတ်ခံပြီး ခေါ်လို့ အလည်သွားကြတာ။ ဟန်နီကိုလည်း ခေါ်နေကြတယ်လေ။ တစ်နေ့နေ့တော့ ရောက်ဖြစ်ပါလိမ့်မယ်။ ကိုစည်သူရော နိုင်ငံခြားသွားဖို့ ရည်မှန်းချက်မထားဘူးလား"

စည်သူလင်းက ကိုကာကိုလာကိုသောက်ရင်း ဟန်နီပြောသော စကားလုံးများထက် ပြောဟန်ဆိုဟန်နှင့် မျက်နှာပေးလေးကို ပို၍ စိတ်ဝင်စားစွာ အာရုံစူးစိုက်နေသည်။

"ကိုယ့်နည်းကိုယ့်ဟန်နဲ့တော့ သွားဖို့ ရည်ရွယ်ချက်လဲမရှိပါဘူး။ သွားဖို့လဲအဆက်အသွယ် မရှိပါဘူး။ နိုင်ငံတော်က လွှတ်ယင်တော့ ရောက်ဖူးမှာပေါ့လေ"

ထို့နောက် ဟန်နီက ဩစတြေးလီးယား၊ စန်ဖရန်စစ္စကို၊ ဟောင်ကောင်တို့တွင်ရောက်နေကြသော သူ့အန်ကယ်၊ အန်တီနှင့် တစ်ဝမ်းကွဲမောင်နှမများအကြောင်းကို ပြောပြသည်။ တစ်ဆက်တည်းပင် ထိုနိုင်ငံများ၏ တိုးတက်သောလူနေမှုစနစ်၊ ဆန်းသစ်သော လူသုံးကုန်ပစ္စည်းများ၊ ပေါများကြွယ်ဝသော ဇိမ်ခံပစ္စည်းများ အကြောင်းကိုပြောသည်။ သူမပြောသည့်ဝါကျတိုင်းတွင် နိုင်ငံခြားကိုအထင်ကြီးပြီး မက်မောတမ်းတခြင်းတို့ဖြင့် တန်ဆာဆင်ထားသည်။ တချို့သောစကားစုတို့တွင် မိမိတိုင်းပြည်အခြေအနေနှင့် နှိုင်းယှဉ်ပြီး သိမ်ငယ်စိတ်ဝင်သည့်လေသံများလည်း ရောထွေးနေလိုက်သေးသည်။

ရင်းရင်းနှီးနှီး မိတ်ဆွေသူငယ်ချင်းများသာဆိုလျှင် စည်သူလင်းက အပြန်အလှန် ဆွေးနွေးချင်သည်။ သူဖတ်ဖူးသော နိုင်ငံတကာရေးရာ သတင်းမဂ္ဂဇင်းထဲမှ ထိုနိုင်ငံတို့၏ နိုင်ငံရေးအရှုပ်



အထွေးများ၊ စီးပွားရေးကပ်ဆိုက်မှုများ၊ ငွေကြေးဖောင်းပွမှုနှင့် အလုပ်လက်မဲ့ပြဿနာများကို ချပြဆွေးနွေးချင်သည်။

သို့သော် ဒီလောက်နက်နက်နဲနဲပြောပြလို့လည်း နားလည်မည် မထင်။ နားလည်သည်အထိ အတိုက်အခံအခြေအတင်ပြောရလောက်အောင်လည်း ရင်းနှီးသူမဟုတ်၍ သူမ ပြောသည်ကိုသာ ငြိမ်ပြီး နားထောင်နေရသည်။

"စကားကောင်းနေလိုက်တာနော် ကိုစည်သူရဲ့အင်္ကျီလေး ပြန်ပေးဖို့ တောင်မေ့နေတယ်။ မီးပူတောင်တိုက်ပြီးရဲ့လားမသိဘူး၊ ခဏလေးနော်"

"ဩော်-ဟန်နီရဲ့လက်ကိုင်ပဝါလေးလဲယူသွားပါဦးလေ"

ဟန်နီက စားပွဲပေါ်ချထားသည့် လက်ကိုင်ပဝါလေးကို ယူပြီး ပလတ်စတစ်အိတ်ထဲမှထုတ်၍ကြည့်သည်။

"သိုင်းခယူ ကိုစည်သူ၊ လှှင့်ပစ်ခဲ့တဲ့ပစ္စည်းပေမယ့် ကိုစည်သူကိုယ်တိုင် လျှော်ဖွပ်ပြီးယူလာတာမို့ ဟန်နီတန်ဖိုးထားပါတယ်။ အံမယ် မဉ္ဇူရေမွှေးနံ့လေးတောင် သင်းလို့ပါလား"

အနံ့ရရုံနှင့် မြန်မာပြည်လုပ် မဉ္ဇူရေမွှေးမှန်း အတပ်သိသော ဟန်နီကို စည်သူလင်းချီးကျူးမိပါ၏။ ဒါလည်း သူ့အရည်အချင်းတစ်မျိုးပင်မဟုတ်ပါလား။

ဟန်နီ အိမ်ခန်းထဲဝင်ပြီးပြန်ထွက်လာသောအခါ ဗန်ကောက်လေဆိပ်၏ အကောက်အခွန်မဲ့ ဆိုင်တံဆိပ်ပါ ပလတ်စတစ်လက်ဆွဲအိတ်တစ်လုံးပါလာသည်။ အိတ်ထဲတွင် သန့်သန့်ပြန့်ပြန့် မီးပူတိုက်ပြီး ခေါက်လျက်သား တိုက်ပုံအင်္ကျီကို ထည့်ထားသည်။ ဟန်နီကိုယ်တိုင် လျှော်ဖွပ် မီးပူတိုက်ထားသည်တော့ မဟုတ်တန်ရာ။ အိမ်ဖော်မလေး၏ လက်ရာပင် ဖြစ်ပေလိမ့်မည်။

ပလတ်စတစ်အိတ်အတွင်းမှ တသင်းသင်းလှိုင့်ပျံ့လာသည့် ရေမွှေးနံ့က အခုချက်ချင်း သူမကိုယ်တိုင် ပက်ဖြန်းခဲ့သည်မှာ သေချာပါသည်။

သို့သော်...

www.burmeseclassic.com

www.burmeseclassic.com

ထိုရေမွှေးသည် မြန်မာပြည်ဖြစ် မဒ္ဒူးရေမွှေးမဟုတ်ဘဲ ကမ္ဘာကျော် ရှနယ်နံပါတ်(၅) ရေမွှေးဖြစ်ကြောင်းကိုတော့ စည်သူလင်း ခွဲခြားမသိနိုင်ပါဘကား။

× × × ×

အလုပ်သင်ဆရာဝန်ဖြစ်သည်အထိ ဆေး ၁၁ အုပ်များ အ ကြား ခေါင်းဝှက်ထားခဲ့ရသော စည်သူလင်း၏နှလုံးသားသည် အိပ်မောကျ ငြိမ်သက်နေခဲ့သည်။ ဟန်နီနှင့် တွေ့ခါမှ နိုးထလာသော သူ့နှလုံးသားသည် ကြိမ်နှုန်းမြန်စွာ တဒိတ်ဒိတ်ခုန်တက်လာလေပြီ။

ယခင်ကဆိုလျှင် ဆေးရုံ၊ စာသင်ခန်းနှင့် စာကြည့် တိုက် တို့ အကြားသာ ကျင်လည်ခဲ့ရသော စည်သူလင်းသည် ယခုဆိုလျှင် သူ၏နေ့စဉ်အချိန်ဇယားတွင် ဟန်နီအတွက်ပါ အချိန်ပေးရေးဆွဲနေရသည်။ ဆေးရုံတွင် အလုပ်ပါးလျှင် ဟန်နီထံ ဖုန်းဆက်သည်။ အားလပ်ချိန်တွင် ဟန်နီတို့အိမ်သို့ လှန်းပျံယှက်၍ကူးသန်းသည်။ ဗိုလ်ချုပ်ဈေးရှိ ဟန်နီတို့ရွှေဆိုင်တွင်ဆုံပြီး မြို့ထဲမှစားသောက်ဆိုင်များသို့လည်း တွက်တတ်လာပြီ။

"အမယ် ဒီနေ့ ကိုစည်သူက ဘောင်းဘီရှည်နဲ့ တကယ်သားနားတာပဲ။ ဒါပေမယ့်ကွာ ပုံကြီးက ရှိုးလွန်းပါတယ်။ ဂျင်းလေးဘာလေး ဝတ်စမ်းပါဦး"

"ဪ—ဟန်နီရယ် ဆရာဝန် ဆိုတော့ လူနာတွေ ကြား မှာ သိက္ခာရှိရှိဝတ်ရသေးတာပေါ့"

"ကဲပါ ဒီနေ့ ဟန်နီဘာထူးခြားနေသလဲ သေသေချာချာကြည့်ပါဦး"

"ကြည့်နေတာပဲ၊ ရောက်ကတည်းက ကြည့်နေတာ ထူး တော့ ထူးခြားတယ်၊ ဘာထူးနေမှန်းမသိဘူး။ လှတာပဲသိတယ်ဟန်နီရယ်"



"ဟင်း....ကွာ၊ ကိုစည်သူကလဲ အော(ဗ)ဆာဗေးရှင်းညံ့လိုက်တာ ဟန်နီဆံပင်ကို သရီးစတက်(ပ) ညှပ်ထားတယ်လေ"

"ဪ—ဟုတ်ပါရဲ့ ဆံပင်တိုသွားတာပဲ သိပါတယ် ဟန်နီရယ်၊ သရီးစတက်(ပ)လား ဘာလား ကိုယ်မသိပါဘူး"

ထိုစဉ်က သရီးစတက်(ပ)ခေါ် ဆံပင်ကို သုံးဆင့်သုံးထစ်ညှပ်သည့် ပုံစံသည် ခေတ်အမီဆုံးပုံစံဖြစ်သည်။ သို့သော် စည်သူလင်းက မိန်းမတို့၏ဆံပင်ပုံစံများကို ရေရေရာရာသိသူမဟုတ်ခဲ့။

"ကိုစည်သူကို သိအောင် ကြွားရုံပဲမဟုတ်ဘူးလေ။ ပြောပါဦး ဒီပုံစံနဲ့ ဟန်နီနဲ့လိုက်ရဲ့လား လှရဲ့လားလို့"

"ကိုယ့်အမြင်နဲ့မှာတော့ ဟန်နီခေါင်းကဆံပင်ကို သရီးစတက်(ပ) ပဲညှပ်ညှပ် ဆယ်ထစ်ပဲညှပ်ညှပ် လှနေတာပဲ တစ်ထစ်မှ မပါဘဲ ခေါင်းတုံးကြီးနဲ့ဆိုလဲ လှနေမှာပဲ"

ဟန်နီက ချစ်စဖွယ်နှုတ်ခမ်းစူသည်။

"ဟင့်အင်း ကိုစည်သူမကောင်းဘူး။ သူလာယင်ပြမယ်ဆိုပြီး ဟန်နီကဖြင့် ပြင်ဆင်ထားလိုက်ရတာ လျှော်ပေးတော့"

ပြောဆို ဆက်ဆံပုံ များသည် မိတ်ဆွေ သူငယ်ချင်း အ ဆင့် ကို ကျော်လွန်ခဲ့ကြပြီ။ သို့သော် ချစ်သူအဖြစ်သို့ ပီပီပြင်ပြင်ရောက်မလာသေး။ ရင်းနှီးမှုလွန်ကဲလာသည်ကတော့ မငြင်းသာပေ။

"ဟလို ဟန်နီလား"

"ရက်(စ)ဒီးယား"

"ရုပ်ရှင်ကြည့်ရအောင်နော်"

"ကြည့်မယ်လေ ဘာကားလဲ"

"ဒါရိုက်တာသုခရဲ့ အကာကအချစ် အနှစ်ကမေတ္တာ သိပ်ကောင်းတာပဲတဲ့"

"ဟင် ဘာမိ(စ်)ပစ်ချာ မကြည့်ချင်ဘူးကွာ"

"ဟန်နီက ဘာကားကြည့်ချင်လို့လဲ"

"ပရဲ့စီးဒင့်က ရိုမီယိုအင်ဂျူးလီယက်"



www.burmeseclassic.com

www.burmeseclassic.com

"အလွမ်းကားကြီးဟန်နီရာ နိမိတ်မကောင်းဘူး။ ချစ်သူနှစ်ယောက်စလုံး မပေါင်းရဘဲ သေတဲ့ဇာတ်လမ်းကြီး"

"အမယ် သူကဗိုလ်နိမိတ်ကောက်ရအောင် ဘယ်ကရည်းစားရှိနေလို့လဲ။ ဒီကားက ရိုက်ပြီးယားရဲ့ပလေးလေ၊ ဟန်နီသင်ယီးယားတန်းကသင်ခဲ့ရတာမို့ စကားလုံးတွေ အကုန်အလွတ်ရထားတယ်။ ဟန်နီက သုံးခါကြည့်ပြီးသား။ ကိုသူနဲ့ကြည့်ချင်လို့ပါကွာ၊ ဘာလဲမကြည့်ချင်ဘူးလား"

"ကြည့်ပါမယ်ဗျာ ဘယ်မှာဆုံကြမလဲ"

"စကော့ဒ်ထဲက ဒက်ဒီဆိုင်မှာ"

"ကောင်းပြီ လက်မှတ်ဝယ်ခဲ့မယ် အိုက်စကရင်ကျွေးရမယ်နော်"

"အိုးခေ"

မှုပ်ရှင်အတူကြည့်သည့် ပွဲများလည်းများလှပြီ။ စားသောက်ဆိုင်များတွင် တစ်လှည့်စီ ကျွေးကြ ရင်းလည်း အစုံရောက်ခဲ့ကြပြီ။ ပတ်ဝန်းကျင်ကလည်း သူတို့နှစ်ယောက်ကို အတွဲဟုသတ်မှတ်နေကြပြီ။

ချစ်သူအဆင့်သို့ တက်လှမ်းနိုင်သည့် အခြေရောက်နေလျက်နှင့် မေရမရာအဆင့်တွင် တန့်နေရသည်မှာ စည်သူလင်း၏ ပျော့ညံ့ချက်တဆိုလျှင် မှားမည်မထင်။ တကယ်တော့လည်း သတ္တိနည်းသူရဲဘောကြောင်ခြင်းထက် အရှည်ကိုတွေးပြီး တွန့်ဆုတ် တွေဝေနေခြင်းသာဖြစ်ပါ၏။

ဟန်နီသည် သူ့အတွက် အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြစ်လာနိုင်ပါမည်လား။ ယခုအချိန်တွင် သူသဘောမကျနိုင်သည့် ဟန်နီ၏ စရိုက်ကလေးများသည် သူ့လက်ထဲရောက်လာသောအခါ ပြုပြင်ပြောင်းလဲ၍ ရနိုင်မည်လား။ သူကိုယ်တိုင်ကရော ဟန်နီတို့မိသားစုအသိုင်းအဝိုင်းထဲတွင် ဝင်ဆံ့နိုင်ပါမည်လား။

ကျုံ့ဝင်မိလေသော သမုဒယန်ံအိုင်တွင်းသို့ ခြေစုံပစ်ဝင်ရန်တွန့်ဆုတ်ခဲ့သော်လည်း ချမိသောခြေတစ်ဘက်ကိုတော့ ပြန်လည် ရုန်းထွက်ရန်ထူမှာအင်အားမရှိပါလေ။ ဟန်နီနှင့်တွေ့တိုင်း ခံစားရသော အချစ်၏သာယာမှုကလေးများကို သူအမြတ်တနိုး ခုံမင် မက်မောသည်။ ပြန်လည် လက်လွှတ်ဆုံးရှုံး ရမည်ကိုလည်း တုန်လှုပ်စွာ စိုးရိမ်မိပြန်၏။

ထိုနေ့က စည်သူလင်း ညနေပိုင်းတာဝန်ကျသည်။ ၅ နာရီ လောက်တွင် ဆေးရုံသို့ ဟန်နီအရေးတကြီး ရောက်လာသည်။ မျက်နှာမသာမယာနှင့် စည်သူလင်းကို လာခေါ်သည်။ သူတို့လူနာဆောင်တွင် လူနာသစ်လက်ခံသည့်နေ့မဟုတ်၍ အလုပ်ပါးနေသည်။ စည်သူလင်းက ဆရာများကို ခွင့်တိုင်ပြီး ဟန်နီနောက်သို့ လိုက်ခဲ့ရသည်။

ဆေးရုံကြီးရှေ့တွင်ရပ်ထားသည့် ဟန်နီ၏ကားရှေ့ခန်းတွင် စည်သူလင်း ဝင်ထိုင်သည်။ ကားတံခါးပြန်မပိတ်ရသေးခင် ဟန်နီက ကားကိုဆောင့်ထွက်၏။

"ဘယ်ကိုသွားမှာလဲ ဟန်နီ"

"ရောက်တော့ သိလိမ့်မယ်"

တိုပြတ်ပြတ်၊ စူအောင့်အောင့် လေသံကြောင့် မကျေနပ်ချက်တစ်ခုခုရှိနေပြီကို စည်သူလင်းနားလည်လိုက်သည်။ သူမကတစ်လမ်းလုံးစကားမပြောဘဲ ကားကိုသာ အမြန်နှုန်းမြှင့်ပြီး မောင်းသည်။ ရှေ့မှကားများကိုလည်း တစ်စင်းပြီးတစ်စင်း ကျော်တက်သည်။

"ဖြည်းဖြည်းမောင်းပါဟန်နီရယ်။ တိုက်ကုန်လိမ့်မယ်"

"နှစ်ယောက်စလုံးသေလဲ အေးတာပဲ"

ပိတောက်ရောင် တိုယိုတာ ကော်ရိုလာကားကြီးသည် အင်းလျားလမ်းအတိုင်းလာရာမှ ဝင်ဒါမီယာ လမ်းထဲသို့ ချိုးမဝင်။ တည့်တည့်ကြီးမောင်းသွားပြီး အင်းလျားကန်စောင်း လူရှင်းသည့်နေရာတွင် ထိုးရပ်သည်။

စည်သူလင်းက မှန်တံခါးကိုမြှင့်ပိတ်လိုက်ပြီး ကားပေါ်မှဆင်းရန်ဟန်ပြင်သော်လည်း ဟန်နီကနေရာမှာပင် ဆက်ထိုင်နေသည်။

"ဘာများအလိုမကျ ဖြစ်နေရတာလဲ ဟန်နီရယ်"

စည်သူလင်းက ကားထဲပြန်ဝင်ထိုင်ပြီး ကားတံခါးကို ပြန်ပိတ်လိုက်ရ ည်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုသူ မနေ့ညနေ ဖိုးသာတီရှိုး ရွှေဆောင်ရုံမှာ မိန်းကလေးတွေနဲ့ ရုပ်ရှင်ကြည့်တယ်မဟုတ်လား။ ဟန်နီအတိအကျသတင်းရပြီးသားနော် ကိုသူ မှန်မှန်ပြော ငြင်းမယ်မကြံနဲ့"

"ဪ.... ဒါလား ဟန်နီရယ် ဘာများလဲလို့ လန့်လိုက်ရတာ ဟုတ်ပါတယ်။ ကိုယ့်သူငယ်ချင်း ကိုစိုးညွန့်တို့စုံတွဲက မေတ္တာလက်မှတ်လေးခေါင်ရလို့ ခေါ်တာနဲ့လိုက်သွားတယ်။ အေးအေးသန့်ကလဲ သူ့သူငယ်ချင်းတစ်ယောက်ကို ခေါ်လာတယ်"

"ဒီလိုဆိုယင် ကိုသူတို့နှစ်စုံတွဲ ရုပ်ရှင်ကြည့်ကြတာပေါ့ ဟုတ်လား"

"ကိုစိုးညွန့်နဲ့ အေးအေးသန့်တို့စုံတွဲက အလယ်ကထိုင်တာပဲ။ ကိုယ်တို့ ယောကျ်ားနှစ်ယောက်က တစ်ဘက်၊ သူတို့မိန်းကလေးနှစ်ယောက်ကတစ်ဘက် ထိုင်တာ ဘာဆိုင်လို့နှစ်စုံတွဲဖြစ်ရမှာလဲ။ သူငယ်ချင်းတွေ ရုပ်ရှင်အတူတူကြည့်ကြတာများ ဆန်းသလားကွာ။ ဟန်နီနဲ့ကိုယ်နဲ့ ကြည့်ကြသလိုပဲပေါ့"

ဟန်နီက ကျေနပ်ပုံ မပေါ်သေး။ မျက်နှာအင်းတင်း နှုတ်ခမ်းစူစူသည် ပျော့ပျောင်းမလာသေးဘဲ လေသံလည်း မာနေဆဲပင်။

"ကိုသူက ဟန်နီနဲ့အတူတူ မကြည့်ဘဲ သူတို့နဲ့ ဘာလို့ လိုက်သွားရတာလဲ"

"ကိုယ်က ဒီကားကြည့်ချင်တာကြာလှပြီ။ ဟန်နီကိုခေါ်သားပဲ၊ ဟန်နီက မြန်မာကားမကြည့်ချင်ဘူးဆို"

"ဒီလိုဆိုယင် နောက်ကို ကိုသူ ကြည့်ချင်တဲ့မြန်မာကားကို ဟန်နီလိုက်ကြည့်မယ်။ ရုပ်ရှင်ကြည့်တိုင်း ဟန်နီနဲ့ပဲကြည့်ရမယ်။ တခြားဘယ်သူနဲ့မှ မကြည့်ရဘူး"

စင်စစ်တွင် ဟန်နီသည် စိတ်ဆိုးစိတ်ကောက်ခြင်းထက် မနာလိုဝန်တို စိတ်နှင့် နှဲဆိုးဆိုး အနိုင်ယူလိုစိတ်များသာ လွန်ကဲနေခြင်းဖြစ်သည်။ ဒါကို စည်သူလင်းက မသိ၍မဟုတ် သိသည်။ သို့သော် အချုပ်အချယ်မခံလိုသော ယောကျ်ားမာနလေးဖြင့် အစွမ်းပြချင်သည်။

"ဒါကတော့ ဟန်နီ ကိုယ့်အပေါ် သက်သက်ဆိုးတာပဲကွာ။



ယောကျ်ားလေးသူငယ်ချင်းနဲ့မှ ရုပ်ရှင် အတူတူမကြည့်ရဘူးဆိုတော့ မလွန်လွန်းဘူးလား"

"ကိုသူ့ယောကျ်ားလေး သူငယ်ချင်းတွေက မိန်းမအပိုတွေခေါ်လာတာကိုး။ ဒီမယ်ကိုသူ၊ ကိုသူ့အတွက် ရုပ်ရှင်ကြည့်တာဟာ ကြည့်ရမယ့်ဇာတ်ကားက အဓိကလား။ အတူတူကြည့်တဲ့အဖော်ကအဓိကလား။ ကိုသူ ကြည့်ချင်တဲ့ရုပ်ရှင်တိုင်း ဟန်နီလိုက်ကြည့်ပါမယ်ဆိုမှ ဘာလိုသေးသလဲ။ တခြားဘာအဓိကတွေ ရှိနေသေးလို့လဲ"

"ဪ....ခက်ပါလား ဟန်နီရယ်"

"ဪ.... ကိုသူက ဒီလိုတောင် ဖြစ်နေပြီလား။ ကိုသူ့မှာ ဟန်နီအပြင် ရုပ်ရှင်အတူတူတွဲကြည့်ရမယ့်သူတွေရှိနေပြီပေါ့နော်။ ဒါကြောင့်မို့ ဟန်နီတစ်ယောက်တည်းနဲ့ပဲ အမြဲအတူတူကြည့်ပါမယ်ဆိုတဲ့ ကတိကို မပေးနိုင်တာပေါ့။ သိပါပြီကိုသူရယ်။ ဟန်နီနားလည်ပါပြီ"

ပြောနေရင်းက ငိုသံပါလာကာ ဟန်နီသည် စတီယာရင်းပေါ်မှာ မှောက်ပြီးငိုချသည်။ မျက်ရည်စက်များ သူမပေါင်ပေါ်သို့ ကျနေသည်ကို မြင်နေရ၍ တကယ်ပင်ငိုနေကြောင်း သိသာပါသည်။

"တိတ်ပါဟန်နီရယ်၊ ဘာလို့ငိုစရာမဟုတ်ငိုနေရတာလဲ။ လူတွေမြင်ယင် ရှက်စရာကြီး"

"ဟန်နီဘာလို့ ငိုနေတယ်ဆိုတာ ကိုသူမသိဘူးဟုတ်လား။ ဘယ်တော့မှလဲသိအောင် မကြိုးစားတော့ပဲ သိလဲ မသိချင်တော့ဘူးလို့ ဆုံးဖြတ်ထားသလား ကိုသူ"

သိမ့်သိမ့်တုန် ငိုရှိုက်နေသော ဟန်နီကိုကြည့်ကာ ရင်ထဲ၌ တင်းကျပ်လာခဲ့ရသည်။ အမျိုးအမည်မသိသော နာကျင်စူးရှမှုတစ်မျိုးကို မခံစားဖူး ခံစားနေရသည်။

"ကိုယ်သိပြီဟန်နီ၊ ကိုယ်သိပြီ။ သိလိုက်ရလို့လဲ ကိုယ်သိပ်ကိုဝမ်းသာပါတယ်။ ဒါကြောင့် ဟန်နီလိုချင်တဲ့ကတိကို ကိုယ်ပေးပါမယ်။ ကိုယ်လေ ဟန်နီနဲ့ပဲ ရုပ်ရှင်အမြဲတမ်းအတူတူကြည့်မယ်၊ အို ရုပ်ရှင်မှ မဟုတ်ပါဘူး ဘယ်တော့မှ ဟန်နီနဲ့မခွဲဘူးသိလား။ ကျေနပ်ပြီမဟုတ်လား အချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

စည်သူလင်းစကားကြောင့် ဟန်နီအငိုရပ်သွားသော်လည်း ခေါင်းကို လက်ကိုင်ခွေပေါ်ဝယ် မှေးထားဆဲ။

"ဟော့...ဟန်နီ ခေါင်းမော့စမ်းပါဦး၊ မငိုနဲ့တော့လေ၊ ဒီဘက်ကို လှည့်စမ်းပါဦး"

စည်သူလင်းက သူမ၏မေးလေးကိုဆွဲထူ၍ မော့ယူသည်။ မျက်ရည်စိုထားသည့် မျက်တောင်များသည် စင်းလျက် မျက်လွှာများချထားသည်။ စည်သူလင်းက သူမ၏ ပခုံးနှစ်ဘက်ကိုကိုင်ပြီး ဆွဲလှည့်လိုက်သောအခါ ပခုံးသာမက ဟန်နီ၏ တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲသို့ အလျောက် ယိုင်လဲကျလာသည်။

ထိုယိုတာ ကော်ရိုလာကားလေး၏ ရွှေခန်းသည် ကျဉ်းလှန်းသည်။ အလုံ ပိတ်ထားသည့် ကားမှန်များကလည်း မီးခိုးညိုရောင် နေကာမှန်များ။ အင်းလျားကန်ဘောင်၏ ညနေ ၆ နာရီကျော် အချိန်ကလည်း မှောင်ပျပျ။ အင်းလျားလမ်းသည်လည်း လူသွားလူလာ ရှင်းနေလေပြီ။

× × × ×

"ကိုကိုသူ့ရဲ့ အမျိုးသမီးက အရမ်းချောတာပဲ။ ကိုကိုသူတို့တော့ ပံကောင်းတာပဲဟော့"

ထိုနေ့က စည်သူလင်း ဆေးရုံမှအပြန် ဟန်နီက ကားနှင့် အိမ်သို့ လိုက်ပို့သည်။ အိမ်ရှေ့မှာပင် စည်သူလင်းက သူ့ညီမတစ်ဝမ်းကွဲ မိစုနှင့် မိတ်ဆက်ပေးသည်။ ဟန်နီ၏ကား ပြန်ထွက်သွားပြီးနောက် မိစုက အထက်ပါအတိုင်း ချီးမွမ်း ထောမနာပြု၏။

ဟန်နီကို မိစုနှင့် မိတ်ဆက်ပေးသည်ဆိုသော်လည်း တကယ်တော့ အိမ်ထဲရှိ သူ့ဘကြီးကို စောင်းပါးရိပ်ခြည် အသိပေးခြင်း ဖြစ်၏။ ညှိခန်းထဲမှ စိပ်ပုတီးစိပ်ရင်း ဟန်နီကို လှမ်းအကဲခတ်နေသည့် သူ့ဘကြီးကိုလည်း သတိထားမိသည်။



"ဖေဖေရေ၊ ခုနလာတာကိုကိုသူ့ရဲ့အမျိုးသမီးတဲ့။ ချောတယ်နော်" အလိုက်ကမ်းဆိုးမသိတတ်သော မိစုက သူ့ဘာသာသူ ချီးကျူးရှို ... ဖခင်ဖြစ်သူ၏ ထောက် ခံ ချက် ကို ပါ လှမ်းတောင်းလိုက်သေးသည်။ စည်သူလင်းက မျက်ရိပ်မျက်ခြည်ပြပြီး တားသော်လည်း မမီတော့ပေ။

"မင်းတို့မျက်စိထဲ ဘယ်လောက်ချောချော ငါ့တို့တော့ ကြည့်လို့ မပေါင်ကွာ။ ဗိုင်းကောင်း ကျောက်ဖိပုံ မပေါ်ပါဘူး"

သူ့ဘကြီး ဦးသန်းလွင်ပြောလိုက်လျှင် အတုံးလိုက် အတစ်လိုက် ... သာလေးနှင့် ဘေးပစ်သလို စည်သူလင်း တကယ်ပဲ အောင့်သွားသည်။ သူ့ဘကြီးကိုတော့ ဘာမျှ ပြန်မပြောရဲဘဲ မိစုကိုသာ မျက်စောင်းထိုးပြီး မဆီမဆိုင် စိတ်တိုမိသည်။

ဘကြီးဦးသန်းလွင်သည် စည်သူလင်း ဆယ်တန်းအောင်၍ ဆေးတက္ကသိုလ်တက်ကတည်းက သူ့အုပ်ထိန်းသူ ဖြစ်ခဲ့သည်။ စည်သူလင်း ... ဆောင်မှာမနေရဘဲ ဘကြီး၏ ကမာရွတ်အိမ်မှ ကျောင်းတက်ခဲ့ရသည်။ ဦးသန်းလွင်သည် စည်သူလင်းကိုသာမက သူ့မိဘများကိုပင် ... ပြောင်းသူ ဖြစ်၏။ တိုင်းရင်းမြန်မာ ဆေးဆရာကြီး ဖြစ်၍ ... မာမှု မြန်မာဟန်ကို လေးစားယုံကြည်သည်။ စည်သူလင်း ဆရာ ... ဖြစ်သည့်တိုင် သူ့ဘကြီး၏အိမ်သား တစ်ယောက်တလေကိုမျှ ဆေး ... ခွင့်မရခဲ့။ ဦးသန်းလွင်သည် တစ်အိမ်လုံးကို သူကပဲ ဦးစီးသည်။ ... ဆန်သော မြန်မာလူရိုးလူဖြောင့်ကြီးဖြစ်၍ အသက် ၄၀ အထိ ... ရှည် သျှောင်ထုံးနှင့် နေခဲ့ကာ ဒုလ္လဘရဟန်းခံပြီး နောက်ပိုင်းမှ ... ခေါင်းတုံးနှင့် နေခဲ့သူဖြစ်သည်။

ဟန်နီကို လျှပ်တစ်ပြက်လေ့လာပြီးနောက် စည်သူလင်းကို ဦးသန်းလွင်က တိုတိုပဲ ပြောသည်။

"မင်းတို့လူငယ်ချင်း ရည်မှန်းထားကြယင်လဲ မင်းမိဘကိုအသိပေး ... သဘောတူမှ ခရီးဆက်ကြ။ တို့က သဘောတူ ခွင့်ပြုထားလို့ ... တာတော့ မဖြစ်စေနဲ့"တဲ့။



www.burmeseclassic.com

www.burmeseclassic.com

နောက် နှစ်ပတ်ခန့် ကြာသောအခါ စည်သူလင်း၏မိခင် ဒေါ်တင်
ဘင် ရောက်လာသည်။ ဦးသန်းလွင် အကြောင်းကြား၍ ရောက်လာ
သည်ဟု ယူဆရသည်။ စည်သူလင်းက သူ့အမေ ရောက်လာတော
ပိုလို့ပင် သဘောကျသွားသည်။ သူ့အမေကိုခွဲပြီး ဟန်နီနှင့် သူ့ကို
ဖြည်းဖြည်း ကပ်နေသည်။ အတော်လေးကျလောက်ပြီဆိုမှ ဟန်နီ
တို့ ဒက်ဒီ၏ ဗိုလ်ချုပ်ဈေးထဲမှ ရွှေဆိုင်သို့ သူ့အမေကို ခေါ်သွား
သည်။ ဒေါ်တင်တင်က ဟန်နီတို့ သားအဖနှင့် ဆိုင်ထဲတွင် အလွ
သလွှာပ စကားပြောသည်ဆိုသော်လည်း ဟန်နီနှင့် သူတို့မိသားစု
အတော်အတန် အကဲခတ်မိသွားသည်။

"မေမေသဘောတစ်ခုတည်းနဲ့ မပြီးသေးဘူး၊ မင်းဖေဖေ့ကို တိုင်
ပင်ရဦးမယ်။ ဒီကြားထဲမှာတော့ ဆင်ဆင်ခြင်ခြင်နေကြကွယ်။ ကာ
သုမိစ္ဆာစာရကံဆိုတာ လင်ရှိမယားနဲ့ ပြစ်မှားတာကိုမှ ခေါ်တာ
မဟုတ်ဘူး။ အုပ်ထိန်းခြင်းမကင်းသူဆိုယင် အကုန်အကြုံးဝင်တာပဲ
ငါ့သား ကံငါးပါး လုံပါစေကွယ်"

ဒေါ်တင်တင်သည် ဘာသာရေး ကိုင်းရှိုင်းသည်ပြီး နှုတ်သိမ်မွေ
သည်။ တစ်ဦးတည်းသောသားမို့လည်း အချစ်ပို၊ အချစ်ပို၍ အလို
လိုက်သည်။ ဘယ်တုန်းကမျှ မပိုက်ဖူးသည့် သားမို့လည်း ယုံကြည်
ချမှု အပြည့်ထားသည်။

ဒေါ်တင်တင်အပြန်တွင် စည်သူလင်းက သူ့ဖခင်ထံသို့ စာတစ်စော
ရေးပေးလိုက်သည်။ အလုပ်သင်ဆရာဝန် လေ့လာရေးတာဝန်ပြီးလျှ
လူကြီးစုံရာနှင့် တောင်းဆိုလက်ထပ်ပေးပါရန်လည်း ပူဆာသည်။

စည်သူလင်း၏ဖခင် ဦးရွှေလင်းသည် ရုံးမှူးတစ်ဦးဖြစ်သည့်အ
လျော်စွာ ခေါင်းအေးအေးထားပြီး စဉ်းစားတတ်သည်။ သား
များကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် ပြဿနာတိုင်းကို စဉ်းစား ဆုံးဖြ
နိုင်ရန် ငယ်စဉ်ကတည်းက သွန်သင်ဆုံးမပေးခဲ့သည်။ စည်သူလင်း
သို့ ဦးရွှေလင်း စာပြန်လာသည်။

"……… ………ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်းလက်ထဲကျမှ ဒီမိန်းကလေး
ဟာ ပြောင်းလဲလာပြီး အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဖြ



လာမယ်လို့ မင်းယုံကြည်ယင် ဖေဖေတို့ မကန့်ကွက်ပါဘူး။ အေး တစ်ခု
တော့ရှိတယ်။ သူ့ဌေးသမီးကိုယူပြီး သူ့သုံးနိုင်လောက်အောင်ရှာရင်း
ငါ့သားကြီး အသပြာဆရာဝန်ဖြစ်သွားမှာကိုတော့ ဖေဖေစိုးရိမ်မိတယ်
ကွာ" ဟူ၍ ပါရှိသည်။

ဦးရွှေလင်းသည် လခစားပီပီ အသုံးအစွဲစည်းစနစ်ကြီးသည်။ သား
သမီးများကို မုန့်ဖိုးပေးရာ၌ပင် တိုင်းဆပြီး ပေးသည်။ သည့်အထဲက
ခြိုးခြံချွေတာပြီး စုဆောင်းတတ်အောင်လည်း လေ့ကျင့် ပျိုးထောင်
ပေးခဲ့သူ ဖြစ်သည်။ တရားဥပဒေဘက်တော်သားတစ်ဦးမို့လည်း သား
ဖြစ်သူကို တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိတတ်အောင်
အမြဲတမ်း သွန်သင်ဆုံးမခဲ့သူ ဖြစ်၏။ ထို့ကြောင့်လည်း သားဖြစ်သူ
သည် ဟန်နီလိုမိန်းကလေးနှင့် ကျွမ်းချစ်နေကြပြီဆိုတော့ သူနည်း
သူ့ဟန်ဖြင့် စိုးရိမ်ခြင်း ဖြစ်ပေမည်။

မည်သို့ပင်ဆိုစေ စည်သူလင်းနှင့် ဟန်နီတို့ အချစ်ခရီးသည် ဆုံး
ခန်းတိုင်အထိ အနှောင့်အယှက် အတားအဆီး မကြုံခဲ့ရ။ စည်သူ
လင်း၏ အလုပ်သင်ဆရာဝန် လက်တွေ့တာဝန် တစ်နှစ်အပြီး လှိုင်မြို့
နယ် သမဝါယမ ဆေးခန်းတွင် အလုပ်ရခဲ့သည်။ သည့်နောက် ဟန်နီ
ပြင်သစ်ဘာသာ ဒီပလိုမာတွဲရပြီးနောက် သူတို့နှစ်ယောက် လက်ထပ်
ကြသည်။

ဒေါက်တာ စည်သူလင်းနှင့် ဟန်နီသန့်စင်တို့၏ မင်္ဂလာ အခမ်း
အနားကို မိန်းကလေးဘက်မှ တာဝန်ယူကာ အင်းလျားကန် ဟော်
တယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါ၏။ သူတို့နှစ်ဦး၏အချစ်
ခရီးသည် အိမ်ထောင်ရေးမုခ်ဦးအထိ ဖြောင့်ဖြူး ချောမွေ့ခဲ့ပါသည်။

တကယ်တော့ သူတို့နှစ်ယောက်၏ အခြေခံဘဝရပ်တည်ချက်ချင်း
သည် အရှေ့နှင့် အနောက်လို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်စွာ ခြားနား
ကြသည်။ ဟန်နီ၏ဒက်ဒီ ဦးသန့်စင်က ဗိုလ်ချုပ်ဈေးထဲတွင် စိန်ရွှေ
ရတနာဆိုင်တစ်ဆိုင်ဖွင့်ထားပြီး ကြည့်မြင်တိုင်ထဲတွင် ပန်းထိမ်ဖိုထောင်
ထား၏။



www.burmeseclassic.com

www.burmeseclassic.com

ဟန်နီ၏မာမီ ဒေါ် ချုံနွယ်မြင့်က စိန်ရွှေကျောက်မျက်ရတနာပွဲစား၊ ရွှေငွေ လက်ဝတ်ရတနာများကို ရောင်းဝယ်ရုံမက အပေါင်လည်းခံသည်။ ငွေတိုးလည်း ချေးသည်။ ခြုံငုံ၍ပြောရလျှင် သူတို့မိသားစုသည် ငွေကို ဖြစ်သည့်နည်းဖြင့် အရင်းအနှီးပြုကာ ရသည့်နည်းဖြင့် အမြတ်ရှာကြသော စီးပွားရေးသမားများသာ ဖြစ်သည်။

လွယ်လွယ်နှင့်ရသော ငွေကိုလည်း ဖောဖောသီသီသုံးကာ ခေတ်မီမီ စည်းစိမ်ရှိရှိ နေကြသော ရေပေါ်ဆီ မလိုင်ခဲလူတန်းစား ဖြစ်သည်။ ထို့ကြောင့်လည်း သမီးနှင့် သမက်ထံမှ စားစရိတ်မယူဘဲ သူတို့အိမ်ပေါ်တွင် လှလှကလေး တင်ကျွေးထားနိုင်ခဲ့သည်။

သည်လိုမိသားစုက မွေးဖွားလာသည့် ဟန်နီသည် ပိုင်းကောင်းကျောက်ဖိဖြစ်၍မလာသည်မှာလည်း သဘာဝကျပါသည်။ သာသနာပြုကျောင်းတွင် လူလားမြောက်ခဲ့ရသော ဟန်နီသည် ဩကာသနှင့် ငါးပါးသီလကို ပိုင်ပိုင်မရသော်လည်း ခရစ်ယာန် မမွှတေးများကိုမူ ဖွာန်ကရိုက်ဖျားကျကျ သီဆိုနိုင်၏။

ဟန်နီသည် ဆန်စျေးဆီစျေး အတက်အကျကို မသိသော်လည်း အလှကုန်ပစ္စည်းအမျိုးမျိုးနှင့် မှောင်ခိုအဝတ်အထည်ဈေးနှုန်းများကို လယ်ပိုင်း ရက်ပိုင်းအတွင်း အတက်အကျကို မလွတ်တမ်း သိသည်။ ကြက်သား၊ ဝက်သား လတ် မလတ်၊ ရေလွတ် မလွတ်ကို ဟန်နီမသိ။ သို့သော် ပါတိတ်အထည်များကို ကိုင်မကြည့်ဘဲနှင့် အင်ဒိုနီးရှားလား၊ မလေးရှားလား ဒက်ခနဲ ခွဲခြားနိုင်ရုံမက တောင်ကြီးဘက်ကလာသည်၊ ကော့သောင်ဘက်ကဝင်သည်၊ မော်လမြိုင်က ရောက်သည်မှအစ ပြောပြနိုင်စွမ်း ရှိပါ၏။

အင်္ဂလိပ်စာ အဓိကဘာသာဖြင့် ဝိဇ္ဇာဘွဲ့ရပြီး ပြင်သစ်ဘာသာဒီပလိုမာအောင်ခဲ့သော ဟန်နီသည် ရှိုက်စပီးယား ပြဇာတ်များနှင့် ဗော်လ်တဲယား၏စာပေများတွင် နှံ့စပ်သည်။ မြန်မာစာပေကို မဂ္ဂဇင်းတွေ့လျှင် ကာတွန်းနှင့် အရုပ်လောက်သာလှန်ကြည့်တတ်ပြီး လုံးချင်းဝတ္ထုတစ်အုပ် ဆုံးအောင်ပင် မျက်စိ အညောင်းခံ ဖတ်တတ်သူမဟုတ်။



မြန်မာ့သမိုင်းတွင် ဆရာစံနှင့် သခင်ဘိုးလှကြီးတို့ကို ဟန်နီသည် နာမည်သာ ကြားဖူးခဲ့သော်လည်း အနောက်တိုင်းသမိုင်းမှ နယ်လ်ဆင်နှင့် နပိုလီယံတို့ကိုမူ မျိုးချစ်သူရဲကောင်းများဟု မှတ်ယူကြည်ညိုခဲ့သူ ဖြစ်သည်။

"ဟန်နီရယ်၊ ယူသင်ထားတဲ့ပညာတွေ နှမြောစရာကြီးကွာ။ နိုင်ငံခြားရေးဝန်ကြီးဌာနတို့၊ ဟိုတယ်နဲ့ ခရီးသွားလာရေးကော်ပိုရေးရှင်းတို့မှာ လုပ်ယင် သိပ်အဖိုးတန်မှာပဲ။ ဟန်နီလုပ်မယ်ဆိုယင် မောင်စုံစမ်းပေးမယ်လေ"

နိုင်ငံခြားဘာသာ နှစ်မျိုးတတ်ထားသူ ဟန်နီသည် သူ့မာမီနှင့်အတူ စိန်ရွှေကျောက်မျက်ရတနာပွဲစားလုပ်နေသည်ကို စည်သူလင်း အားမလိုအားမရ ဖြစ်မိသည်။

"မောင်ကလဲကွာ၊ ဟန်နီမှ အစိုးရအလုပ်ကို မလုပ်ချင်တာ။ ဒါပေမယ့် မောင်ကြည့်နေစမ်းပါ။ တစ်နေ့နေ့ကျယင် မောင်အံ့သြသွားရမယ့် လခကောင်းကောင်းနဲ့ အလုပ်တစ်ခုကို ဟန်နီလုပ်ပြပါ့မယ်"

ဘာပဲဖြစ်ဖြစ် ဟန်နီသည် သူ့နည်းသူ့ဟန်ဖြင့် သူ့အသုံးစရိတ်ကို ရှာနိုင်ခဲ့သည်။ ဟန်နီ လုပ်နေသည့် အလုပ်ကို သူ့ပညာနှင့် ယှဉ်ပြီး စည်သူလင်းက အားမလို အားမရဖြစ်သလို စည်သူလင်းထိုင်နေသည့် သမဝါယမဆေးခန်းမှ ဝင်ငွေကိုလည်း ဟန်နီက မကျေနပ်။

"သမဆေးခန်းက ရတာ မနည်းလွန်းဘူးလား မောင်ရယ်။ အပြင်ဆေးခန်းတွေမှာဆိုယင် လူနာတစ်ယောက်ဆို ဆိုသလောက်ရတာ မောင်ရဲ့။ မောင်လုပ်မယ်ဆိုယင် မာမီ့မိတ်ဆွေ ရွှေဘုံသာလမ်းက ဆေးခန်းပိုင်ရှင်တွေ ရှိတယ်။ မာမီကပြောပေးမယ်တဲ့"

"လူနာတစ်ယောက်ဆီက နင့်ခနဲ ငွေရဖို့ရည်ရွယ်ချက်နဲ့ ဆေးကုရမှာ စိတ်မသန့်ပါဘူးကွာ။ သမဆေးခန်းမှာ လူနာ တစ်ဦးစီဆီက ရတာ နည်းပေမယ့်လဲ လချုပ်ချုပ်လိုက်ယင် အရာရှိ လစာလောက်တော့ ရတာပဲ မဟုတ်လား။ ဒီရတဲ့အထဲက မောင်တို့အိမ်ထောင်အတွက် စုနိုင်ပါတယ် ဟန်နီရယ်"



www.burmeseclassic.com

www.burmeseclassic.com

သည်လိုသဘောထား ကဲ့လဲ့ချက်ကလေးများဖြင့်အပြန်အလှန်လိုက် လျောကာ ကိုယ်ထင်ရာ ကိုယ်လုပ်ရင်း သူတို့လင်မယား ခရီးဆက် ကြသည်။ စည်သူလင်းက သူ့ဇနီးကို လက်လျော့ အလွှတ်ပေးထား သည်တော့ မဟုတ်။ ယောက္ခမအိမ်တွင် နေရသော အချိန်အတွင်း ဟန်နီကို အိမ်ရှင်မ ပီသအောင် သူပုံသွင်းယူ၍ မရနိုင်သေးမှန်း သိသည်။ သူအလုပ်ရပြီးနောက် နယ်သို့ပြောင်းရလျှင် ဟန်နီသည် အိမ်ရှင်မ မဖြစ်ချင်လို့ မရ၊ ဖြစ်ကို ဖြစ်လာရမည်။ သည်အတော အတွင်း ကလေးရလာလျှင် မိခင်စိတ်နှင့် ရင့်ကျက် တည်ငြိမ် လာပြီး အိမ်ထောင်ကိုလည်း ပို၍တွယ်တာလာမည်ဟု အားထား မျှော်လင့် ထားသည်။

စည်သူလင်းအတွက် အိမ်ထောင်သာယာရေး စီမံကိန်းသည် သူ အလုပ်ရပြီး နယ်သို့ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခွင့်ရရေး၊ တစ်အိုး တစ်အိမ်နှင့် နေခွင့်ရပြီး ကိုယ်တိုင်အိမ်ထောင်ဦးစီးဖြစ်ရေး၊ ကလေး အဖေဖြစ်ရေးတို့အပေါ်တွင် လုံးဝမူတည်နေပါ၏။

× × × ×

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့မှ လက်ထောက်အရာဝန်များ အတွက် လျှောက်လွှာခေါ်ယူသောအခါ စည်သူလင်း မေးသာအား တင်လိုက်သည်။ ကျောင်းတုန်းက အတန်းတိုင်း၊ ဘာသာတိုင်းတွင် အမှတ်ကောင်းခဲ့၍ အလုပ်ရရန် မိမိကိုယ်ကို ယုံကြည်ချက်အပြည့်ထား သည်။ ရေးဖြေစာမေးပွဲနှင့် လူတွေ့ နှုတ်ဖြေစစ်ဆေးပွဲတို့နှင့်စပ်လျဉ်း ၍ လေ့လာရန် လိုအပ်သည့်အကြောင်းအရာ အချက်အလက်များကို လည်း ကြိုတင်ပြင်ဆင်ထားသည်။ အထွေထွေ ဗဟုသုတပိုင်းဆိုင်ရာ စာနယ်ဇင်းများကိုလည်း လေ့လာပြင်ဆင်နေသည်။

အဖေဖြစ်ရေးတို့အပေါ်တွင် လုံးဝမူတည်နေပါ၏။

× × × ×

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့မှ လက်ထောက်အရာဝန်များ

...င် ထွက်မလာ၍ ဟန်နီက လာခေါ်သည်။ စည်သူလင်းက ကော်ဖီ သောက်ရင်းပင် စာဆက်ဖတ်နေပြန်သည်။ သောက်ပြီးလျှော်ပြီးချင်း ...စာအုပ်နှင့် မျက်နှာ မခွာဘဲ အိပ်ခန်းထဲ ပြန်ဝင်လာသည်။ ဟန်နီက အိပ်ခန်းထဲ ဝင်လိုက်လာသည်။

"မောင်ရယ်၊ လခစားဆရာဝန်အလုပ်ကိုရဖို့ ဒီလောက်တောင်ပဲ ကြိုးစားနေရသလား။ မနက် ကော်ဖီသောက်တုန်း မိန်းမနဲ့တောင် စကားပြောချိန် မပေးနိုင်တော့ဘူးလား ဟင်"

စည်သူလင်းက ဖတ်လက်စ "ပြည်မြန်မာ" စာအုပ်ကို စာမျက်နှာ ...ပြီး ပိတ်လိုက်သည်။

"ဆောရီးပဲ ဟန်နီ။ မောင်စာထဲမှာ စိတ်ဝင်စားနေလို့ စကား ပြောဖြစ်တာပါ။ စာကြိုးစားနေတာ မဟုတ်ပါဘူး။ ဟန်နီပြောစရာ ...ယင် ပြောလေ။ မောင်နားထောင်ဖို့ ဆွေးနွေးဖို့အချိန် ပေးနိုင် ...တယ်"

ဟန်နီက စာကြည့်စားပွဲနားတွင် လာရပ်ကာ စားပွဲပေါ်မှစာအုပ် ...ကို မနှစ်လိုသော အကြည့်ဖြင့် ကြည့်နေသည်။

"မောင်က ဒီလခစားဆရာဝန်အလုပ်ကို လျှောက်လွှာတင်ပြီး မရ ...ကကို ဖြေယူတော့မှာပေါ့နော်"

"နိုင်ငံ့ဝန်ထမ်း ဆရာဝန်လို့ ခေါ်ပါလား ဟန်နီရယ်။ ဟုတ်တယ် ...လေ၊ မောင်တို့ ဒီအလုပ်ကိုလုပ်ဖို့ ဒီပညာတွေသင်ခဲ့တာပဲ မဟုတ်လား။ ...ဒါ ဘာဖြစ်သလဲ"

"လာပါဦး ဒါလင်ရယ်၊ ဟန်နီနဲ့ အေးအေးဆေးဆေး ပြောပါ ...ဦး။ ဒီစာကြည့်စားပွဲက ထစမ်းပါဦး"

ဟန်နီက သူ့လက်မောင်းကို ဆွဲထူပြီး စာကြည့်စားပွဲမှ ဆွဲထုတ် သည်။ ထို့နောက် ခုတင်ပေါ်တွင် ထိုင်ခိုင်းရာမှ အိပ်ရာပေါ်သို့ တွန်း ...လိုက်ပြီး သူမကိုယ်တိုင်က ခုတင်စောင်းတွင် တင်ပါးလွှဲ ထိုင်သည်။

"ဒါလင်က အလုပ်ခန့်စာရလို့ နယ်ကို ပြောင်းရမယ်ဆို ဘယ်လိုလုပ်

...ကို မနှစ်လိုသော အကြည့်ဖြင့် ကြည့်နေသည်။

"မောင်က ဒီလခစားဆရာဝန်အလုပ်ကို လျှောက်လွှာတင်ပြီး မရ ...ကကို ဖြေယူတော့မှာပေါ့နော်"

"နိုင်ငံ့ဝန်ထမ်း ဆရာဝန်လို့ ခေါ်ပါလား ဟန်နီရယ်။ ဟုတ်တယ် ...လေ၊ မောင်တို့ ဒီအလုပ်ကိုလုပ်ဖို့ ဒီပညာတွေသင်ခဲ့တာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

ဟန်နီက စည်သူလင်း၏ နဖူးဆံစများကို သပ်ပေးရင်း မျက်နှာ နွမ်းနွမ်းကလေးနှင့် အဲ့ပြိုသည်။

"ဟန်နီကလဲကွာ၊ အလုပ်ရတော့ ဖြစ်လာတဲ့အခြေအနေအရ ကိုယ့် မိသားစုအဆင်ပြေအောင်တော့ စီစဉ်ရမှာပေါ့။ ဒါကိုတွေးကြောက်ပြီး မောင်ဒီအလုပ်မလျှောက်ဘဲ နေရတော့မှာလား"

"ဒီအလုပ်ထက် ပိုပြီးအရေးကြီးတာ မောင့်ကို ပြောပြချင်တယ် ကွယ်။ မောင်ဒီအလုပ်ကို မလျှောက်ဘဲနဲ့ ဟန်နီနဲ့အတူတူ ယောရိန်းကို သွားပြီး အလုပ်လုပ်ကြရအောင်နော်။ ဟန်နီတို့ အမျိုးတွေ ဟိုမှာ အများကြီးရှိတယ်။ အလုပ်ရှာပေးပြီး လေယာဉ်လက်မှတ် ပို့ပေးနိုင် တယ်။ ရောက်ခါစ တစ်လ နှစ်လလောက် နေစရာပေးထားနိုင်တဲ့သူ တွေချည်းပဲ။ စင်ကာပူ၊ ဟောင်ကောင်၊ ဩစတြေးလီးယား၊ အမေရိ ကား မောင်ကြိုက်တဲ့နိုင်ငံကို ဦးစားပေးပြီး ဟန်နီ လိုက်နေပါ့မယ် ကွယ်"

စည်သူလင်းက မရယ်မိရုံလေး ပြုံးသည်။ သူ့မိန်းမ၏ လက်ဖဝါး လေးကို ဆုပ်နယ်ရင်း တီးတိုးညင်သာစွာ ပြန်ပြောသည်။

"နိုင်ငံခြားမှာသွားပြီး အလုပ်လုပ်တာကို မောင်အဆိုးမမြင်ပါ ဘူး။ ရော်နီတို့လို ကိုယ့်တိုင်းပြည်အတွက် နိုင်ငံခြားငွေ ရှာပေးနေ တဲ့ သူတွေကို လေးစားပါတယ်ဟန်နီ။ နောက်ပြီး တိုင်းပြည်ရဲ့ သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းတွေ ချောမွေ့ အဆင်ပြေအောင် ချွေးနဲ့စာနဲ့ ကားတွေဝယ်သွင်းကြတာကိုလဲ ကျေးဇူးတင်ပါတယ်။ မောင်တို့ အိမ် ထောင်မှာတော့ ဒီလိုလုပ်ဖို့ မလိုဘူး။ကိုယ့်တိုင်းပြည်ထဲမှာပဲ မိသားစု စည်းစည်းလုံးလုံး နေလို့ရနေသေးတာပဲကွယ်။ နိုင်ငံခြားမှာ သွားပြီး အလုပ်လုပ်ရတယ်ဆိုတာ စိတ်ဆော လူပါ သိပ်ကို ဆင်းရဲရတယ်။ ရော်နီလာတုန်းက ပြောပြတယ် မဟုတ်လား"

"အို....မောင်ကလဲ ရော်နီပြောတာကိုများ အဟုတ်မှတ်မနေပါနဲ့။ အခု ဟန်နီပြောတာက သူတို့လို သင်္ဘောပေါ် တက်မှာမှ မဟုတ်ဘဲ။ လင်မယား နှစ်ယောက်စလုံး အတူတူသွားကြမှာ။ ဟိုမှာ တစ်အိုး တစ်အိမ်ထူထောင်ပြီး နေကြဖို့ ပြောနေတာ"



"မောင့်အနေနဲ့ကတော့ မြန်မာပြည်က လွဲယင် ဘယ်နိုင်ငံကိုမှ မသွားချင်ဘူး ဟန်နီရယ်။ ကိုယ့်တိုင်းပြည်က သင်ပေးတဲ့ ပညာနဲ့ သူများတိုင်းပြည်မှာ အလုပ်အကျွေးပြုဖို့ဆိုတာ သစ္စာမဲ့ရာ မကျလွန်း ဘူးလား"

ဟန်နီက မပြုံးနိုင် မရယ်နိုင်။ နှုတ်ခမ်းကလေးပင် စူမဲ့မဲ့ ဖြစ်သွား သေးသည်။

"အို....မောင်ကလဲ ကိုယ့်ကျောင်းလခ ကိုယ်ပေးပြီး ကိုယ့်ဘာသာ ကြိုးစားပြီး သင်ထားတဲ့ပညာနဲ့ ကိုယ်လုပ်ချင်တဲ့နေရာမှာ သွားလုပ် တာ တရားတဲ့အလုပ်မို့ အစိုးရကလဲ ခွင့်ပြုထားတာပေါ့။ ဒါဟာ နိုင်ငံ တော် သစ္စာဖောက်မှုလား"

စည်သူလင်းက ဟန်နီ၏ ကျောပြင်လေးကို ကြင်နာစွာ ပွတ်သပ် ပေးရင်း စိတ်ရှည်ရှည် ထပ်မံ ရှင်းပြသည်။

"မြန်မာပြည် ဆေးတက္ကသိုလ်ရဲ့ ကျောင်းလခသုံးဆယ်ကို ပြော တာလား ဟန်နီ။ ဒီကျပ်သုံးဆယ်ဆိုတာ စတာလင်ပေါင်နဲ့ဆို နှစ် ပေါင်သာသာပဲ ရှိပါတယ်။ ဒီလိုကျောင်းလခ တစ်လ နှစ်ပေါင်ပေးပြီး ကျောင်းတက်လို့ရတဲ့ ဆေးတက္ကသိုလ် ကမ္ဘာပေါ်မှာ ဘယ်တိုင်းပြည် မှာ ရှိတယ်လို့ ကြားဖူးသလဲဟင်။ ဆေးကျောင်းသား တစ်ယောက် အတွက် တစ်လကို ငွေသုံးဆယ်ထက်မကတဲ့ ကုန်ကျငွေတွေကို နိုင်ငံ တော်က စိုက်ထုတ်ထားရတယ် ဟန်နီရဲ့"

"အင်းလေ.... ဒီအတွက် လျော်ကြေး သုံးသောင်းခွဲ ပေးပြီးမှ ပတ်စ(ပို့)ရမယ်ဆိုတာ ဟန်နီသိပါတယ် မောင်ရယ်။ ဒက်ဒီဆီမှာ ဟန်နီ အရင်းထည့်ထားတဲ့ ငွေတွေထုတ်ယူပြီး မောင့်ကို ရွေးယူပြီး ခေါ်သွားပါ့မယ် သိလား"

ဟန်နီက မဲ့ပြုံးကလေးပြုံးကာ စည်သူလင်း၏ ရင်ဘတ်ကို မနာ မကျင်လေး ထုသည်။

"ငွေအရေအတွက်အားဖြင့် သုံးသောင်းခွဲသတ်မှတ်ထားတာတော့ မှန်ပါတယ် ဟန်နီ။ ဒါပေမယ့် ဟန်နီစဉ်းစားကြည့်စမ်း။ ဒီလိုဆရာ ဝန်တစ်ယောက်ဖြစ်လာဖို့ ပညာရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဌာနအတွက် ဘယ်က ငွေတွေရသလဲ။ လယ်ယာနဲ့ သစ်တောဝန်ကြီးဌာနတို့၊ သတ္တုတွင်း ဝန်ကြီးဌာနတို့၊ စက်မှုဝန်ကြီးဌာနတို့ကရတဲ့ ငွေတွေနဲ့ ပံ့ပိုးရတယ် မဟုတ်လား။ ဒီငွေတွေကို ဘယ်သူတွေက ရှာပေးသလဲ။ တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေက ရှာပေးရတယ် ဟန်နီ။ သူတို့ကျေးဇူးကြောင့် ဆရာဝန်ဖြစ်လာရတဲ့ မောင်တို့ဟာ သူတို့ရဲ့ ကျန်းမာရေးကို ပြန်ပြီး စောင့်ရှောက်ပေးမှ တာဝန်ကျေတော့မပေါ့။ ငွေသုံးသောင်းခွဲ ဖေးနိုင်ငံခြား ငွေဟာ မကျေနိုင်ပါဘူးကွယ်"

ဟန်နီက စည်သူလင်းဘက်ကို မျက်နှာမူထားရာမှ ဆဘ်ခနဲ ဘစ်ဘက်သို့ လှည့်သွားသည်။

"မောင်ဟာလေ အခုတလော နိုင်ငံရေးစာအုပ်တွေဖတ်ပြီး စကားလုံး ကြီးကြီးကျယ်ကျယ်ကြီးတွေ ပြောပြီး ဟန်နီကို သိပ်အနိုင်ယူတာပဲ"

စည်သူလင်းက လဲလျောင်းနေရာမှ အိပ်ရာပေါ်တွင် ထထိုင်သည်၊ ဟန်နီနှင့် ပခုံးချင်း ယှဉ်ထိုင်လိုက်ပြီး ခပ်ရွှင်ရွှင်လေသံဖြင့်....

"အို...ဟိုဟို။ ဒါ စာအုပ်ထဲက စကားလုံးတွေ မဟုတ်ပါဘူး၊ မောင်တို့ဖေဖေ ငယ်ငယ်ကတည်းက ဆုံးမသွန်သင်ခဲ့လို့ နားရည်ဝနေတဲ့ ခံယူချက်တွေပါ။ မောင့်မိန်းမရဲ့ ခံယူချက်ကိုတော့ သိတာ ကြာလှပါပြီ။ ဒီဘက်ကို လှည့်စမ်းပါဦး၊ ဒီမှာ"

စည်သူလင်းက ဟန်နီ၏မေးစေ့လေးကို သူ့ဘက်သို့ ဆွဲလှည့်ယူပြီးမှ စကားဆက်သည်။

"ဟန်နီတို့က နိုင်ငံခြားရောက်ဖူးမှ လူဖြစ်ရကျိုးနပ်တယ်လို့ ခံယူထားတာ မဟုတ်လား။ မောင်သိပါတယ်ကွာ။ ဟန်နီ သွားချင်တယ်ဆိုယင် အန်တီတို့ အန်ကယ်တို့ စင်ကာပူသွားသလို သုံးလေးလ သွားနေပါ။ ကိုယ်ခွင့်ပြုပါမယ်။ ဟိုမှာ ကျေနပ်အားရအောင် လည်ပတ်ပြီးမှ ပြန်လာခဲ့။ အိမ်မှာ ဟန်နီကိုယ်စား အန်တီနဲ့ အန်ကယ်ကို မောင်ပြုစုစောင့်ရှောက်ထားပါမယ်"



"မောင်ပြောသလို သူများက ဇရိတ်ခံခေါ်တာကို ရောက်ဖူးပြီး သွားပြီး သူတို့ဆီက မုန့်ဖိုးတောင်းသုံးရတာမျိုးနဲ့ သွားချင်ယင် မောင်နဲ့ မတွေ့ခင်ကတည်းက ဟန်နီ ရောက်နှင့်နေပြီ။ ဟန်နီရည်ရွယ်ချက်က ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်ငွေနဲ့ ကိုယ့်ဘာသာကိုယ် ရပ်တည်ပြီး နေချင်တာ၊ နောက်ပြီး ဒါလင်နဲ့ပဲ အတူတူ သွားနေချင်တယ်ကွယ်။ ဒီလိုပြောလို့ မောင့်ကို ဟိုခေါ်ပြီး ခိုင်းစားမယ်လို့ မထင်နဲ့နော်။ ဟိုရောက်ယင် ဟန်နီလဲ ကိုယ့်ပညာနဲ့ကိုယ် တစ်ဘက်တစ်လမ်းခင်ငွေရှာမှာပဲ"

ဟန်နီက တစ်ဘက်လှည့်ပြီး ပြောနေရာမှ ခေတ္တရပ်ပြီး သူ့ဒါလင်ကို လှည့်ကြည့်သည်။ စည်သူလင်းက ပြုံးစိစိလုပ်မနေတော့ဘဲ လေးလေးနက်နက် နားထောင်နေသည်ကိုတွေ့မှ စကားဆက်၏။

"စဉ်းစားကြည့်ပါ ဒါလင်ရယ်။ ယောရိန်းမှာ ငါးနှစ်လောက် ဝပ်ပါမစ်နဲ့ အလုပ်သွားလုပ်လိုက်ယင် မြန်မာပြည်မှာ တစ်သက်စာ ဖူလုံသွားမယ်။ ဟိုမှာလဲ စည်းစိမ်ချမ်းသာနဲ့ နေရဦးမယ်နော်။ ဒီငါးနှစ်အတွင်းမှာ မောင်ကပညာရှာချင်လို့ အက်(ဖ)အာ စီအက်(စ်) တက်ချင် တက်လိုက်ဦး။ နောက်ထပ် ဘွဲ့ရပြီး ဟိုမှာ နေရာကောင်းရလို့ မပြန်ချင်ဘူးဆိုယင်လဲ ဟိုမှာပဲ ဖော်ဂွတ်နေလိုက်ကြရုံပေါ့။ မြန်မာပြည်မှာ ဆရာဝန်လုပ်နေလို့ ဘာဖြစ်မှာလဲ မောင်ရယ်"

စည်သူလင်းက သူ့ဒန်းကို ကျောဘက်မှနေ၍ ပွေ့ဖက်ထားပြီး ဘည်ကပ်ပေါ်တွင် သူ့မေးစေ့ဖြင့် ထောက်ထားသည်။

"မြန်မာပြည်မှာ ဆရာဝန်လုပ်တော့ မြန်မာတွေ ကျန်းမာတာပေါ့ကွာ၊ သူများတိုင်းပြည်မှာသွားပြီး အလုပ်လုပ်တော့ သူများခိုင်းတာ ခံရမှာပေါ့၊ ဘာတစ်ခုရဲ့ ပြည့်စုံချမ်းသာခြင်းဆိုတာ ရုပ်ဝတ္ထုပစ္စည်းအဆောင်အယောင်တွေ တိုးတက်များပြား လာတာကို ခေါ်တာမဟုတ်ဘူး မိန်းမရဲ့"

"တော်ပြီမောင်။ စကားတတ်တိုင်း ဟန်နီနဲ့ ဆန်ကျင်တဲ့စကားတွေကို အမျိုးမျိုး လှည့်သုံးပြီး အနိုင်ယူနေတာ မဟုတ်လား။မောင်ဟာ ဟန်နီကို မချစ်ပါဘူး။ မချစ်လို့သာ ဟန်နီရည်မှန်းချက်တွေကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုပြီး တစ်ခု ကလန်လဆန် လုပ်နေတာပေါ့။ မချစ်လို့ ဟန်နီ လက်တွဲခေါ်ရာကို မလိုက်ဘဲ ကပ်ဖဲ့ဖဲ့ လုပ်နေတာပေါ့”

ဟန်နီက စည်သူလင်း ရင်ခွင်ထဲမှ ရုန်းထွက်သွားရုံမက အခန်းထဲကပါ ထွက်သွားသည်။ သူ တကယ်ပဲ စိတ်ထိခိုက်သွားပုံရသည်။ ထိုညက စည်သူလင်းနှင့် လာမအိပ်ဘဲ သူ့မာမီနှင့် သွားအိပ်သည်။ သား အမိနှစ်ယောက် သူ့အကြောင်း မကျေနပ်ချက်များ ပြောလျှင်လည်း ပြောကြမည်ပေါ့။ နောက်တစ်နေ့မှာ စည်သူလင်းက ချော့သော်လည်း ဟန်နီက မပျော့။ လေးငါးရက်လောက် စိတ်ကောက်ပြီး စစ်အေး တိုက်ပွဲလေး ဖြစ်လိုက်သေးသည်။

သို့နှင့် အမြင်ချင်းမတူသော်လည်း ငြိမ်းချမ်းစွာ အတူတကွ ပူးတွဲနေထိုင်ရေးလုပ်လိုက်၊ စစ်အေးတိုက်ပွဲလေးများ ဖြစ်လိုက်နှင့် သူတို့ အိမ်ထောင်သက် သုံးနှစ်ပြည့်ခဲ့ရသည်။

သည်သုံးနှစ်အတွင်း စည်သူလင်း ရည်မှန်းကြိုးစားခဲ့သည့် နိုင်ငံ ဝန်ထမ်း ဆရာဝန်အလုပ်ကို ရခဲ့သော်လည်း ဟန်နီစိုးရိမ်သလို (ဝါ) စည်သူလင်း ဖြစ်ချင်သလို နယ်သို့ပြောင်းရွှေ့ တာဝန်မထမ်းဆောင်ခဲ့ရ။ ရန်ကုန်မှာပင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆေးရုံကြီးတွင် တာဝန်ကျခဲ့သည်။ သည့်အပြင် စည်သူလင်း မျှော်လင့် အားထားခဲ့သည့် သားသမီး ရတနာများလည်း တစ်ယောက် တလေမျှ ထွန်းကားမလာ။ ဟန်နီလည်း အိမ်ရှင်မတစ်ယောက်အဖြစ် ပီပီပြင်ပြင် ပြောင်းလဲ တိုးတက်မလာသလို စည်သူလင်းလည်း အိမ်ထောင်ဦးစီးနေရာ ရမလာခဲ့။

သူတို့အိမ်ထောင်တွင် သုံးနှစ်အတွင်း သိသာထူးခြားမှု ဖြစ်လာသည်မှာ စည်သူလင်းသည် ပြည်တွင်းမှာပင် မျက်စိရောဂါဆိုင်ရာ ဆေးပညာ မဟာသိပ္ပံ ဘွဲ့လွန်သင်တန်းကို တက်ခွင့်ရခြင်း ဖြစ်သည်။ ဟန်နီသည်လည်း သူမ ကြုံးဝါးခဲ့သလို လခကောင်းကောင်းနှင့် အလုပ် တစ်နေရာကို သူ့အစွမ်းအစနှင့်ပင် ရှာနိုင်ခဲ့ပါ၏။



သို့သော် ဟန်နီလုပ်သည့် အလုပ်ဌာနသည် စည်သူလင်းတို့လို နိုင်ငံတော်အစိုးရ၏ ဝန်ကြီးဌာန လက်အောက်မှ ရုံးများမှာကား မဟုတ်။ ရန်ကုန်မြို့ရှိ သံရုံးတစ်ရုံးတွင် ဖြစ်ပါသည်။

× × × ×

မှတ်မှတ်ရရပြောရလျှင် ထိုနေ့သည် ဟန်နီ၏ အသက် ၂၇ နှစ်မြောက် မွေးနေ့။ စည်သူလင်းက ဟန်နီအတွက် အရှက်ဆွမ်းကပ်၊ ကုသိုလ်ကောင်းမှုလုပ်ပြီး ညွှေ့သည်များကိုမုန့်ဟင်းခါး၊အုန်းနို့ခေါက်ဆွဲ ကျွေးချင်သည်။ ဟန်နီက သဘောမတူ။ ကိုယ့်မွေးနေ့ ကိုယ်ကြိုက်တာ လုပ်ကြေးဟုဆို၍ မကန့်ကွက်သာခဲ့။

ဟန်နီ့အလိုကျ မွေးနေ့ညစာခံပွဲကို ဝင်ဒါမီယာခြံထဲမှာပင် ကျင်းပပေးရသည်။ သစ်ပင်များတွင် လှပသော ရောင်စုံမီးလုံးများ ချိတ်ဆွဲထား၏။ နာမည်ကြီး တရုတ်ဟော်တယ်မှ စားပွဲဆယ်ပွဲစာ တရုတ်အစားအစာများမှာ၍ သူစားပွဲထိုးနှင့်သူ လာကျွေးစေသည်။ ဟန်နီ၏ ရင်းနှီးသော မိတ်ဆွေများကိုသာ ရွေး၍ ဖိတ်သည်။ စည်သူလင်း မိတ်ဆွေဆို၍ ဟန်နီ၏ အစ်မတစ်ဝမ်းကွဲ ဒေါက်တာ မှမြင့်ခိုင် တစ်ယောက်သာ ပါ၏။စည်သူလင်းက ဟန်နီဟူသော အင်္ဂလိပ်စာတမ်းပါ လည်ကပ် ရွှေဆွဲကြိုးကလေးတစ်ကုံး မွေးနေ့လက်ဆောင် ပေးသည်။

ညနေ မှောင်စပျိုးချိန်ကတည်းက နောက်ဆုံးပေါ် ဆလွန်းကားလှလှလေးများ ခြံထဲသို့ တစ်စင်းပြီး တစ်စင်း ဝင်ရောက်လာသည်။ နံပါတ်ပြားအဖြူရောင်နှင့် သံရုံးကားများလည်း ပါသည်။ နိုင်ငံခြားသားများ၊ မျက်နှာဖြူ၊ မျက်နှာညို၊ မျက်နှာဝါများသာမက ရန်ကုန်သားများကလည်း အနောက်တိုင်းဝတ်စုံပြည့်နှင့် ဟန်နီအပါအဝင် ရန်ကုန်သူ မြန်မာအမျိုးသမီးများကလည်း မြန်မာဝတ်စုံစစ်စစ်ပါဟု ကျိန်တွယ်ပြောယူရလောက်သော ထဘီနှင့် အင်္ကျီ ပုံစံအသစ် အဆန်းများကို အပြိုင်အဆိုင် ဝတ်ထားကြသည်။ စည်သူလင်းကိုယ်တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com

သည်အသိုင်းအဝိုင်းကို မလွန်ဆန်သာ၍ အနောက်တိုင်း ဝတ်စုံနှင့် လည်စည်းကို စည်းထားရသည်။

ထမင်းစားပွဲတွင် ဟန်နီမိတ်ဆွေတစ်သိုက်၏ ဂစ်တာဝိုင်းတစ်ဝိုင်းက လာ၍ကူသည်။ စားကြ သောက်ကြ ဆိုတီးကြသည့်အပြင် အချို့သည်း ကကြသေးသည်။ ဟန်နီကိုယ်တိုင်ကလည်း မြန်မာ စတီရီယို သီချင်းတစ်ပုဒ်အပြင်အင်္ဂလိပ်သီချင်းနှင့် ပြင်သစ်သီချင်းများကို ကိုယ်တိုင် ဂစ်တာတီးပြီး ဆိုသည်။ ညသန်းခေါင်ကျော်မှ ပွဲသိမ်းကြသည်။

စည်သူလင်းသည် မြန်မာ့ယဉ်ကျေးမှုနှင့် လုံးဝ အထာမကျသော မွေးနေ့ညစာခံပွဲကို ကိုယ်တိုင် အနောက်တိုင်းဝတ်စုံ ဝတ်လျက် ဇနီးသည် ဆန္ဒအရ ပွဲသိမ်းသည်အထိ အားပေးခဲ့ပါ၏။ လာရောက်ချီးမြှင့်ကြသော ဧည့်သည်များကိုလည်း ဧည့်ခံပြီး အပြန်တွင်လည်း ကျေးဇူးတင်စကားပြောကာ တစ်ယောက်ချင်း နှုတ်ဆက်လိုက်သေးသည်။ သို့သော် သန်းခေါင်ကျော် တစ်နာရီထိုးသည်အထိ မပြန်နိုင်သေးသည့် ဧည့်သည်အမျိုးသားတစ်ယောက်ကိုတော့ မျက်စိ စပါးမွေးစူးလာသည်။ အနောက်တိုင်းသား ဧည့်သည်သည် ဧည့်ခန်းထဲတွင် ဟန်နီနှင့် စကားလက်ဆုံကျနေစဉ် ဟန်နီ၏ မျက်နှာမှာလည်း ထူးထူးခြားခြားမှုံးကြွရွှင်လန်းနေသည်ကိုလည်း သတိထားမိသည်။

လင်ယောကျ်ားရှေ့ ဧည့်ခန်းထဲတွင် သန်းခေါင်ကျော်အထိ အခြားယောကျ်ားတစ်ယောက်နှင့် ထိုင်ပြီး စကားပြောနေသည်ကို စည်သူလင်း ခွင့်လွှတ်နိုင်ပါသည်။ သို့သော် သူတို့နှစ်ယောက်သည် သူနားမလည်သော ပြင်သစ်ဘာသာစကားဖြင့် အပြန်အလှန် ရေပက်မဝင် ပြောနေသည်ကိုတော့ လုံးဝဘဝင်မကျနိုင်။ နာရီဝက်ခန့် ကြာသည်အထိ စကားအမျှင်မပြတ်နိုင်ကြသောအခါ သူ၏သည်းခံနိုင်မှုအတိုင်းအတာ ကုန်ဆုံးသွားပြီ။

"ဒီမယ် ဟန်နီ၊ ယူတို့နှစ်ယောက်က မောင်နားမလည်တဲ့ ပြင်သစ်စကားနဲ့ ပြောနေရလောက်အောင် ယူနဲ့ သူကြားမှာ မောင်မသိစေချင်တဲ့ လျှို့ဝှက်ချက် ဘာများရှိနေလို့လဲ။ ဒီငနဲက အင်္ဂလိပ်လို တတ်ရက်နဲ့ တမင်သက်သက် ပြင်သစ်လို ပြောနေကြတာ ဘာသဘောလဲ"



စည်သူလင်းက ဧည့်သည်ကို သက်ညှာဒယာအားဖြင့် မြန်မာလိုပင် သူ့ဇနီးကို ဘုတောလိုက်၏။ ဟန်နီက ရွှင်ပျပျမျက်နှာကို အရှိန်သတ်နိုင်သေးတဲ့ မြူးတူးတူးလေသံဖြင့်…

"အို ဒါလည်း၊ စီးကရက်၊ တော့(ပ) စီးကရက်"

"ဘာကွ၊ ဒီးကရက်မကလို့ ဆေးပြင်းလိပ်ပဲ ဖြစ်နေနေ လင်ယောကျ်ားမသိစေချင်လောက်အောင် လျှို့ဝှက်ထားရမှာ ဘာကိစ္စမို့လဲ"

စည်သူလင်းသည် မျက်နှာထားတင်းပြီး အသံမာလာသည်။ တစ်ဆက်တည်းပင် ဒိုနည့်သည်ဘက်သို့ လှည့်ပြီး အင်္ဂလိပ်ဘာသာဖြင့် ပြောသည်။

"နှုတ်ပ်ပါ ခင်ဗျား၊ ဧည့်ခံပွဲ ပြီးဆုံးသွားပါပြီ။ ကျွန်တော်တို့နှစ်ယောက် အရေးကြီးကိစ္စ ဆွေးနွေးစရာ ရှိနေလို့ပါ"

အခြေအနေကို ဧည့်သည်ကလည်း နားလည်ပါသည်။

"အို… ဝမ်းနည်းပါတယ်၊ ဂွတ်နိုက်၊ နောက်မှ တွေ့ကြမယ်နော်။ ဘိုင့် ဘိုင်"

စည်သူလင်းက ပုံးဖြစ်အောင် ပြုံးပြီး ဘိုင့်ဘိုင် လုပ်လိုက်ပါသေးသည်။ ဧည့်သည်က တစ်ခုံတစ်ခုကို ပြင်သစ်ဘာသာဖြင့် ဟန်နီအား လှမ်းပြောသည်။ ဟန်နီက စည်သူလင်းကို မျက်စောင်း တစ်ချက်ထိုးပြီး ဧည့်သည်ကားတံခါးပိတ်သည်အထိ ပြင်သစ်လိုလိုက်ပြောနေသည်။ စည်သူလင်းသည် ဧည့်သည်ထားခဲ့သည့် ဖန်ခွက်ကိုပေါက်ခွဲခြင်းဖြင့် စော်ကြောညာလိုက်သည်။

"ဒါလည် ယုံသိပ်ရိုင်းတာပဲ၊ ပြောစရာရှိယင် ဧည့်သည်ပြန်တဲ့အထိ စောင့်ပြီးမှ ပြောပါလား၊ အခုတော့ ဟန်နီ မျက်နှာပျက်ရပြီ"

"အေး…ဟုတ်တယ်၊ ပြန်မှ ပြောမလို့ပဲ၊ မပြန်နိုင်လို့ ပြန်အောင် လုပ်ပြီးမှ ပြောရတာ။ မောင်ကရိုင်းလို့ ဟန်နီမျက်နှာပျက်ရတယ်ဆိုတာကို။ ဟန်နီရိုင်းလို့ မောင်တို့လင်မယားချင်း မျက်နှာပျက်ရတာတော့ မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုပြောတယ်၊ ဟန်နီက ဘယ်လိုရှိုင်းစိုင်းတဲ့ အလုပ်တွေ လုပ်နေလို့လဲ။ ဒါဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေရဲ့ ယဉ်ကျေး သိမ်မွေ့တဲ့ မွေးနေ့ ညစာခံပွဲရှင့်"

"ဟုတ်ကဲ့ ယဉ်ကျေးကြပါတယ်။ ညစာခံပွဲ တစ်ခုလုံးကို မဝေဖန် လိုပါဘူး။ ဒါပေမယ့် လူတစ်ယောက် နားမလည်တဲ့ စကားနဲ့ အဲဒီ လူ့ရှေ့မှာ တမင်သက်သက် ပြောဆိုရယ်မောနေကြတာဟာ ရိုင်းတဲ့ အပြုအမူဆိုတာ ယူမသိဘူးလား။ ပိုဆိုးတာက ဒီစကားကို နားမလည် တဲ့ သူဟာ ယူ့ရဲ့ လင်ယောကျ်ားဆိုတော့ စော်ကားရာ၊ ဖော်ကျဲပြန်ရာ ကျနေပြီဆိုတာရော ယူသတိမထားမိဘူးလား"

စည်သူလင်း၏ အသံရော အမူအရာပါ ခက်ထန်လာသည်။ သည် တော့မှ ဟန်နီ၏မျက်နှာထား ချက်ချင်း ပြောင်းသွားပြီး သူ့လက် မောင်းကို အသာအယာလာဆွဲသည်။

"ဒါလင်ကလဲကွယ်၊ ဒေါသချည်းပဲ။ ထိုင်စမ်းပါဦး၊၊ ဟန်နီ အေး အေးဆေးဆေး ပြောပါရစေဦး"

သူမဆွဲခေါ်ရာ ညစာခန်းထဲသို့ လိုက်ပါလာရသော်လည်း စည်သူ လင်း မကျေချမ်းနိုင်။ ဟန်နီက သူ့ပခုံးပေါ် မေးတင်လျက် ယှဉ်တွဲ ခိုမှီ၍ ထိုင်သည်။

"ဆောရီး ချစ်ရယ်။ ဒါလင် ဘယ်လို ဖီးလ်ဖြစ်မယ်ဆိုတာ အခုမှ ဟန်နီ သဘောပေါက်မိတယ်။ ဒီအတွက် ဒါလင်ကိုရှင်းပြရင်း ဟန်နီ ပြောပြမယ်နော်။ နောက်လဲ ပြောရမယ့်အတူတူ မထူးတော့ပါဘူး။ အို.... မျက်နှာကြီးကလဲကွာ တင်းထားလိုက်တာ တကတဲ ဟန်နီ ကြောက်တောင်လာပြီ"

ဟန်နီ သည်လောက် ချွဲနေမှတော့ တစ်ခုခု တောင်းဆို ဆန္ဒပြု တော့မည်ကို ရိပ်မိပါပြီ။

"ဒါလင်ရယ်၊ဟိုးငယ်ငယ်လေးကတည်းက ဖောရိန်းကိုကိုယ့်အစွမ်း အစနဲ့ ဟန်နီသွားဖို့ ရည်မှန်းခဲ့တာ သိပါတယ်နော်။ ဒီရည်မှန်းချက် ကြောင့်ပဲ ဟန်နီ အီးမေးလ်ယူပြီး ဖရန်(ချ်)တက်ခဲ့တာပေါ့။ ဒါလင်နဲ့ တွေ့ပြီး ချစ်ခဲ့ကြတော့လဲ ဒါလင်က ဆရာဝန်ဆိုတော့ ဟန်နီရဲ့ ရည်



မှန်းချက်မှာ လက်တွဲ အကောင်အထည်ဖော်လို့ ရမယ်လို့ ထင်ခဲ့တယ် လေ"

ဟန်နီက စည်သူလင်း၏ပခုံးကို သူမ၏ပါးနှင့်ပွတ်ရင်း ခပ်နွဲ့နွဲ့လေး ချွဲနေပြန်သည်။

"ဒါကြောင့်မို့ ဒါလင့်ကိုလဲ ဖောရိန်းသွားဖို့ ခဏခဏ ခေါ်တာ။ ဒါလင်က ဘယ်လိုမှ ခေါ်လို့မရဘူး။ ဒါကြောင့် အခု ဟန်နီ တစ် ယောက်တည်းသွားဖို့ ကြိုးစားနေတာ။ အခု အကောင်အထည် ပေါ် ခါနီးနေပြီမောင်ရဲ့ သိလား"

"ဘာ၊ ယူတစ်ယောက်တည်း နိုင်ငံခြားကို သွားတော့မယ် ဟုတ်လား"

စည်သူလင်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသော်လည်း ဟန်နီက အပြုံးမပျက် ဝင်းလက်လက် မျက်နှာလေးဖြင့်....

"အေးလေကွယ်၊ ဒါလင်နဲ့ ဟန်နီတို့ရဲ့ အိမ်ထောင်စီးပွားရေး အတွက်လဲ ပါပါတယ်။ ဝပ်ပါမစ် သုံးနှစ်တည်းပါကွယ်၊၊ ဒီသုံးနှစ်က ပြန်လာယင် ခုလို ဒက်ဒီတို့နဲ့ အတူတူ မနေတော့ဘူး။ ကိုယ်ပိုင်အိမ် ဝယ်မယ်၊ ကားလဲ ပါခဲ့မယ်ပေါ့"

"နေစမ်းပါဦး၊ ယူပြောနေတာတွေနဲ့ ဒီညပြဿနာနဲ့ ဘာဆိုင် လို့လဲ ခုထွက်သွားတဲ့ မျက်နှာဖြူကောင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

စည်သူလင်းက ဟန်နီ၏ နိုင်ငံခြားတရားကို နားထောင်ရန်ပင် စိတ်မရှည်နိုင်။

"အဲဒီညသည်က မစ္စတာ ဖီးလစ်ရေမီလေ။ စင်ကာပူမှာရှိတဲ့ ပြင် သစ်ပိုင် ရှားမိုးကုမ္ပဏီက မန်နေဂျာပေါ့။ သူက အခုလုပ်နေတဲ့ အင်း ဘူးလိတ်က ရတနာပြပွဲမှာ သူ့ကုမ္ပဏီအတွက် လေလံ လာဆွဲတာ ပေါ့။ သူအရင်တစ်ခေါက်လာတုန်းကတည်းက ဟန်နီနဲ့ သံရုံးမှာ သိခဲ့ ကြတာ။ ဟန်နီက မာမီတို့နဲ့ အတူတူတွဲလုပ်နေတော့ ပုလဲ၊ ကျောက် မျက်၊ နီလာတို့အကြောင်းလဲနားလည်တယ်။ အင်္ဂလိ(ရှ်)နဲ့ ဖရန့်(ချ်) သိပ် ကျွမ်းတယ်ဆိုတာ သိလို့ သူ့တို့ကုမ္ပဏီမှာ အလုပ်လုပ်ဖို့ ကမ်း လှမ်းတယ်။ အဲဒါ ပြီးပြီးသေချာအောင် စင်ကာပူက မမအယ်လစ်တို့



www.burmeseclassic.com

www.burmeseclassic.com

ဆို လှမ်းပြီး စာနဲ့စုံစမ်းကြည့်တော့ ဟုတ်တယ်။ ဟန်နီ့ လုပ်မယ်ဆိုယင် ခန့်စာနဲ့ လေယာဉ်လက်မှတ် ပို့ပေးမယ်တဲ့။ အခု မစ္စတာရေမိန်နဲ့ ပြန်တွေ့တော့ ဟန်နီလုပ်ရမယ့်အလုပ်အကြောင်း ဆွေးနွေး မေးမြန်းနေတာပါကွယ်။ မောင့်ကို အသိမပေးရသေးလို့ ဖရန့်(ချ)နဲ့ပြောနေရတာပါ။ ကဲ...အခုအသိပေးပြီး တစ်ခါတည်း ခွင့်တောင်းလိုက်ပြီနော် မောင်။ မောင်က ခွင့်ပြုမယ်ဆိုယင် ပတ်(စ)ပို့ လျှောက်ရုံပဲ ကျန်တော့တယ်”

“မြန်မာပြည်တွင်းမှာဆိုယင် ဘယ်လောက်ဝေးတဲ့ ပြည်နယ်အစွန်အဖျားကိုပဲ သွားသွား မောင်ခွင့်ပြုနိုင်ပါတယ် ဟန်နီ။ သုံးနှစ်မကလို့ ငါးနှစ်ပဲကြာကြာ။ ကိုယ်ကလာလိုက်၊ ယူကလာလိုက်နဲ့ မကြာမကြာ တွေ့ရနိုင်တယ်မဟုတ်လား။ နိုင်ငံရပ်ခြားမှာသုံးနှစ်ကြီးတောင်ဆိုတော့ စိတ်လဲမချနိုင်ဘူး။ သဘောလဲ မတူနိုင်ဘူးကွာ”

စည်သူလင်း၏လေသံ၌ အင်အားမရှိ၊ ရင်ထဲမှာလည်း မောဟိုက်နွမ်းလျနေသည်။ ဟန်နီကတော့ မလျှော့သေး။ သူနှင့် ပါးချင်းကပ်ထားလိုက်ပြီး ခပ်လွှင်လွှင်လေး ရယ်သည်။

“သုံးနှစ်တည်းများကွာ ဒါလင်ကလဲ ခွဲမနေနိုင်ဘူးလား။ ဟန်နီက စင်ကာပူမှာ တစ်ယောက်တည်းနေမှာမှ မဟုတ်တာဘဲ။ မမအယ်မလီတို့နဲ့ နေမှာပဲဥစ္စာ။ ဒါလင်က ဘာများစိတ်မချစရာရှိသလဲ။ ဟိုကနေပြီး ဒါလင်လိုချင်တဲ့ နောက်ဆုံးထုတ် ဆေးစာအုပ်တို့၊ ဆေးပစ္စည်းနဲ့ ခွဲစိတ်ကိရိယာတွေ ဝယ်ပို့ပေးမယ်။ နောက်ဆိုယင် မြန်မာပြည်မှာ တီဗွီလွှင့်တော့မှာဆိုတော့ ဟန်နီက ကြိုပြီးပို့ထားလိုက်မယ်။ မြန်မာပြည်မှာ တီဗွီလွှင့်တဲ့ နေ့ကတည်းက မောင်ကြည့်နိုင်ပေတော့”

စည်သူလင်းက ခေါင်းကို လေးလေးနှဲ့နှဲ့ ယမ်းသည်။

“ဟန်နီ့စေတနာကို မောင် လေးစားပါတယ်။ ဒါပေမယ့် မောင် ဒါတွေကို မမက်ပါဘူး။ မောင့်အိမ်ထောင်ရေး စီမံကိန်းထဲမှာ တီဗွီတို့ ဗွီဒီယိုတို့ မပါဘူး”

“အို...ဟန်နီသိပါတယ်။ မောင့်စီမံကိန်းထဲက သားတွေသမီးတွေလဲ ဟန်နီပြန်လာတော့ မွေးပေးမှာပေါ့။ အဲဒီကျတော့မှ ကိုယ်ပိုင်



အိမ်၊ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်သားသမီးတွေနဲ့ပိုပြီးပျော်စရာမကောင်းဘူးလား မောင်ရယ်”

“မဖြစ်နိုင်ပါဘူးဟန်နီရယ်။ စိတ်ကူးယဉ်မနေစမ်းပါနဲ့။ အခုမောင်တို့ အိမ်ထောင်သက် သုံးနှစ်အတွင်းမှာတောင် သားသမီးမရသေးတာ နောက်ထပ် သုံးနှစ်ကျော်မှ ပြန်ပေါင်းလို့ ရပါဦးမလား။ ရယင်တောင်မှ မောင်တို့အသက်တွေ သုံးဆယ်ကျော်ကုန်ကြပြီ။ မိဘနဲ့ သားသမီး အရွယ်ချင်း သိပ်ကွာဟယင် မကောင်းတော့ဘူး”

ဟန်နီက စည်သူလင်းနှင့် ကိုယ်ချင်းခွာလိုက်ပြီး သူမကိုယ်လုံးလေး သိမ့်သိမ့်ခါသွားသည်အထိ ရယ်ပြန်သည်။

“မောင်က မသိသေးဘဲကိုး။ အခု သုံးနှစ်အတွင်းမှာ ကလေးမရတာက ဟန်နီရည်မှန်းချက်မှာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကွန်ထရာဆက်ပတစ်တွေ စားပြီးထားလို့ပါကွယ်။ မောင့်ကို အခုမှပဲ အသိပေးရတော့တယ်။ ဟိုက ပြန်လာတော့မှ.......”

ဟန်နီ၏ စကားမဆုံးမီပင် စည်သူလင်း၏ ဒေါသသည် အဆုံးစွန်သို့ ရောက်ကာ ပေါက်ကွဲသွား၏။

“ဘာကွ၊ ဘာပြောတယ်”

သူတစ်ကိုယ်လုံးလည်း ဒေါသဖြင့် တဆတ်ဆတ်တုန်နေပြီး မျက်နှာသည်လည်း သွေးဆူ နီမြန်းလာသည်။ ဟန်နီ၏ ပခုံးနှစ်ဘက်ကိုလည်း သွက်သွက်ခါအောင် ဆုပ်ကိုင်လှုပ်ယမ်းမိ၏။

“မင်းက ငါ့ကို အသိမပေးဘဲ ငါ့သဘောတူညီချက်မယူဘဲနဲ့ ငါနဲ့ရမယ့် ကလေးကို တားထားရအောင် ငါက မင်းရဲ့ လင်ငယ်မို့လား။ ကောင်းကြရောကွာ၊ သိပ်ကောင်းတဲ့ မိန်းမ။ နိုင်ငံခြားသွားဖို့ဆိုယင် ယောကျ်ားကိုလဲ ခွဲနိုင်တယ်၊ သားသမီးကိုလဲ စွန့်နိုင်တယ်၊ မင်းဘယ်လိုမိန်းမစားလဲ ဟန်နီ။ မင်းမှာ တိုင်းပြည်ချစ်တဲ့စိတ် ခေါင်းပါးရုံတင် မကသေးဘူး။ အိမ်ထောင်အပေါ်မှာလဲ စိတ်မဝင်စားပါဘူး။ မိခင်စိတ် ကင်းမဲ့တဲ့ မိန်းမ၊ ကိုယ့်ကိုယ်ကို အမြုံဖြစ်အောင် လုပ်တဲ့မိန်းမ၊ သွား သွား မင်းသွားချင်တဲ့ နိုင်ငံခြားကို ငါနဲ့ကွာရှင်းပြီးမှ သွား။ ဘယ်တော့မှလဲ ပြန်မလာနဲ့”



www.burmeseclassic.com

www.burmeseclassic.com

ဆူဆူညံညံအသံများကြောင့် ဟန်နီ၏မိဘများ ညည်းခန်းထဲရောက်လာသည်။ ဦးသန့်စင်က သမီးဖြစ်သူကို ဆွဲသည်။

"သမီးရယ်၊ ဆူဆူညံညံ လုပ်မနေနဲ့တော့၊ လာလာ ဒက်ဒီတို့နဲ့ လာအိပ်လှည့်။ မိုးလင်းတော့မှ အေးအေးဆေးဆေး ဆက်ဆွေးနွေးကြတာပေါ့၊ မငိုနဲ့နော်"

ဟန်နီက ရှိုက်ကြီးတငင် ငိုကြွေးသည်။ ဒေါ်ချိုနွယ်မြင့်က သမီးဖြစ်သူကို မချော့။ သားမက်ဘက်သို့ လှည့်ကာ မျက်စောင်းထိုး၍ ခါးထောက်သည်။

"ဒီမယ် မောင်စည်သူလင်း၊ မင်းကများ ကြီးကြီးကျယ်ကျယ် ငါ့သမီးကို နှင်ထုတ်ရတယ်လို့၊ မင်းလိုအရာဝန်တွေ နိုင်ငံခြားသွားချင်လွန်းလို့ နှံ့နှံ့တက်နေတာ။ သွားချင်တိုင်း သွားလို့ ရတယ် မှတ်နေသလား။ ဒီပြင်ယောကျ်ားသာဆိုယင် ငါ့သမီးလိုထက်မြက်တဲ့မိန်းမရှိ ထဘီနား ခိုလိုက်သွားရှုပဲ။ မင်းလိုလူမျိုးကများ ငါ့သမီးကို ယူရတာ နာတယ်ထင်ယင် ကွာလိုက်ပါ။ ငါ့အိမ်ပေါ်ကလဲ ခုဆင်းသွားပါ"

"မဆင်းမှာ မပူပါနဲ့ အန်တီ။ အန်တီလိုချင်တဲ့ သားမက်မျိုးလဲ ထဘီခိုင်ခိုင်ဝတ်ပြီး ရှာပေးလိုက်ပါ"

စည်သူလင်းက ညတွင်းချင်းပင် သူတို့အိမ်မှ ဆင်းခဲ့ပြီး သူ့ဘကြီးအိမ် ပြန်တက်သွားသည်။ ဦးသန်းလွင်တို့ တစ်အိမ်သားလုံးက စိတ်မကောင်းကြ။ ဒေါက်တာ မမြင့်ခိုင်က ကြားဝင်၍ ဖေ့စပ်ပေးသေးသည်။ ဟန်နီကလည်း သူတို့အိမ် ပြန်လိုက်ခဲ့ပါရန် ငိုရှိုခေါ်သည်။

သို့သော် အစိကကျသော ဟန်နီ စင်ကာပူသွားရေး မသွားရေးကိစ္စတွင် ဘယ်ဘက်ကမျှအလျှော့မပေးချင်ကြ။ ဟန်နီဘက်မှ ဒေါ်ချိုနွယ်မြင့် အခိုင်အမာရပ်တည် အားပေးနေသည်။

ဒေါ်တင်တင်ကိုယ်တိုင် ရန်ကုန်ဆင်းလာပြီး သားနှင့် ချွေးမကြားတွင် ကြားဝင် ဖြေရှင်းသေးသည်။ စည်သူလင်းဘက်မှ ဟန်နီကို သုံးနှစ်အစား တစ်နှစ်အထိ လျှော့ပေါ့စွာ နိုင်ငံခြားသွားခွင့် ပြုမည်ဆိုသည့်တိုင် ဟန်နီတို့ဘက်မှ မလိုက်လျောချင်ကြဘဲ တင်းနေသည်။



သည်လိုနှင့် သူတို့လင်မယား တကယ်ပင် ကွာရှင်းပြီး ဟန်နီ တစ်ယောက် စင်ကာပူနိုင်ငံသို့ မကြာမီ ထွက်သွားပါတော့သည်။

× × × ×

လောင်ကျွမ်းဆွေးမြည့်ခဲ့ရသော နှလုံးသားတစ်နေရာတွင် အတိတ်၏ သောကများကို မြှုပ်နှံခဲ့ရသည်။ သည်ဝေဒနာများသည် စည်သူလင်း၏အသိစိတ်ကို အချိန်ပြည့် မစိုးမိုးနိုင်ခဲ့သော်လည်း ယခုလို အိပ်မက်ထဲတွင် အရိပ်ထင် ခြောက်လှန့်လာသောအခါ တုန်လှုပ်ခြင်း ကြီးစွာဖြင့် အသစ်တစ်ဖန် ခံစားရပြန်၏။

"ဟဲလို၊ ဒေါက်တာစည်သူလင်း ဝံသာနု မျိုးချစ်ပုဂ္ဂိုလ်ကြီးရဲ့ ဟန်နီနဲ့ စင်ကာပူလိုက်ခဲ့ပါလို့ ဆိုတုန်းကတော့ ခါးခါးသီးသီး ငြင်းလိုက်တာ။ ဟား....ဟား....ဟား။ အခုတော့ ယူက အင်္ဂလန်က မျက်နှာဖြူမလေးနဲ့ အနမ်းမိုးတွေ ရွာနေတယ်ပေါ့လေ"

မေးခနဲ အိပ်ပျော်သွားပြီးမှ ဟန်နီ၏ တစ်ကျော့ပြန် အိပ်မက်ကြောင့် လန့်နိုးရပြန်သည်။ ချောက်ချားနေသောစိတ်တို့ကို ငြိမ်သက်စေရန် ခေါင်းရင်းမှ စိပ်ပုတီးကိုယူလိုက်သည်။ ဂုဏ်တော် ကိုးပါးကို အပြန်ပြန် အလှန်လှန်စိပ်ရင်း စိတ်ကိုထိန်းသည်။ စိတ်တည်ငြိမ်မှုရသာပြီး မကြာမီ မေးခနဲ တစ်ရေးအိပ်ပျော်သွားပြန်၏။

"လင်းရယ်။ မြန်မာဆန်ဆန် တစ်လင်တစ်မယားစနစ်ကိုပဲ ကြိုက်ပါတယ်ဆို၊ အခုတော့ လင်းလဲ ဒီကယောကျ်ားတွေနဲ့ အတူတူပါပဲ သား။ မိန်းမတစ်ယောက်ကို ကြိုက်ယင်ယူလိုက်၊ မကြိုက်ယင်ပစ်လိုက်နဲ့ ဘယ်မှာ သေတစ်ပန်သက်တစ်ဆုံး ပေါင်းလို့လဲ၊ ဒါ ရိုးမြေကျ ပေါင်းဘာလား လင်းရယ်။ လင်းကိုလဲ ကျွန်မ အထင်မကြီးရဲတော့ပါဘူးရှင်"

ဝိုးတဝါးအိပ်မက်တွင် ဒိုရာ၏ မျက်နှာနွမ်းနွမ်းနှင့် အသံတိမ်တိမ်လေး ပေါ်လာပြန်သည်။ သူအိပ်၍မရတော့။ ဟန်နီ၏ သရော်သံ၊



www.burmeseclassic.com

www.burmeseclassic.com

လှောင်သံ၊ ဟေ့ဝေါ့သံများကိုလည်း နောက်ထပ် ရင်မဆိုင်ရဲ။ ဒိုရာ၏ ပြစ်တင်ရှုတ်ချသံများကိုလည်း ထပ်၍ကြားရမှာ ကြောက်မိသည်။

အိပ်ရာမှထပြီး စားပွဲတင်နာရီကို လှမ်းကြည့်လိုက်သည်။ ၄ နာရီ ခွဲနေပြီ။ ပြတင်းပေါက်ဆီသို့ သွားပြီး ခန်းဆီးကို လှပ်လိုက်သည်။ အပြင်မှာ မိုးစင်စင်လင်းနေပြီ။ အိပ်ရာမှထ၊ အိမ်သာသွား၊ မျက်နှာ သစ်အပြီး ဗိုက်ကဆာလာသည်။ ဗီရိုကိုဖွင့်ကြည့်သော် မနေ့ကဝယ် ထားသည့် အာလူးကြော် အချောင်းလေးများက ပျော့ခွေနေပြီ။ အာလူးကြော်ပျော့ပျော့ကို ရေနှင့် မျောချလိုက်ရသည်။ အကျီးမဲ့ ထိုင်ပြီး အချိန်ဖြုန်းမည့်အစား လူကိုအလုပ်ပေးထားမှ တော်ကာကျ မည်။ ရေချိုးတွင် ရေဖြည့်ကာ လျှပ်စစ်မီးဖိုပေါ်သို့ တင်သည်။ နံနက်စာကော်ဖီနှင့် ပေါင်မုန့်မီးကင်များ ပြင်ရတော့မည်။

ဦးတင်လတ်မှာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေဆဲ။ သူလည်း ရန်ကုန်က သူ့ဇနီးနှင့်သားသမီးများထံ အိပ်မက်ဖြင့် အလည်အပတ် ရောက်ချင်ရောက်နေပေလိမ့်မည်။

ဦးတင်လတ်နှင့် စည်သူလင်းတို့သည် ရန်ကုန်ကတည်းက ခင်မင် ရင်းနှီးသူများဖြစ်သည်။ စည်သူလင်း လန်ဒန်ရောက်ပြီး ငါးလလောက် ကြာသောအခါ ဦးတင်လတ်လာမည်ဟု အကြောင်းကြားစာ ရသည်။ မြန် ဟီသရိုးလေဆိပ်သို့ ကိုယ်တိုင်ဆင်းပြီး ဦးတင်လတ်ကိုကြိုသည်။ မြန် မာသံရုံးကို လိုက်သတင်းပို့ပေးပြီး ယာခုနေသည့်အိမ်သို့ တစ်ပါတည်း ခေါ်ခဲ့သည်။ အိမ်ရှင် အဘွားကြီးအားလည်း ကြိုတင်၍ ခွင့်တောင်း ထားသည်။ အဘွားကြီး မစ္စစ်စမစ်က အခန်းတစ်ခန်းနှင့်နှစ်ယောက် တာလခရ၍ ကျေနပ်နေသည်။ သူတို့နှစ်ယောက်ကလည်း ကျဉ်းကျပ် သော်လည်း အပြန်အလှန်အဖော်ရ၍ ပျော်ကြသည်။ သည်အိပ်ခန်း လေးတွင် ညဦးပိုင်း စကားပြောကြ၊ ညအတူတူအိပ်ကြ၊ နံနက်စာကို ဦးသည့်သူက ဖြစ်သလိုစီစဉ်ကြသည်။

သည်လို မြန်မာနှစ်ဦး အတူတူနေပြီး အပြန်အလှန် အဖက်လုပ် စကားပြောစရာရှိသည်ကိုက အခွင့်အရေးကြီးတစ်ရပ် ဖြစ်နေသည်။ ဦးတင်လတ်မလာမီကဆိုလျှင် စည်သူလင်း ယောင်ချာချာဖြင့် တယ်လီ



ဗီးရှင်းထဲက တစ်ဖက်သက် စကားပြောနေသူများကိုသာ အဖော်ပြုခဲ့ ရသည်။

မျက်နှာသစ်ပြီး လှုပ်လှုပ်ရှားရှား နေလိုက်တော့ အိပ်ချင်စိတ် များ လွင့်ပြယ်သွားသော်လည်း စိတ်ကတော့ မလန်းဆန်း မကြည် လင်သေး။ အိပ်ရေးမဝခြင်းထက် စိတ်၏ လုံထိုင်းမှုန်မှိုင်းခြင်းများက ပို၍ဖိစီးနေသည်။ ဟန်နီနှင့် ဒိုရာတို့သည် သူ့စိတ်အစဉ်ကို အလု အယက်အားပြိုင်၍ စိုးမိုးချုယ်လှယ်နေကြသည်။

ဟန်နီသည် စည်သူလင်းကို နှစ်နှစ်ကာကာ ချစ်ခဲ့ပါသည်။ ချစ် သူဘဝမရောက်မီကတည်းက သူ့အပေါ် တိမ်းညွတ်လက်ကမ်းခဲ့ပုံများ၊ ချစ်သူဘဝ အိမ်ထောင်ရှင်ဘဝများကို စည်သူလင်း ပြန်လည်မှတ်မိ သည်။ ဟန်နီတို့အိမ်မှ သူဆင်းလာသည့် နောက်ပိုင်း ပြန်တွေ့တော့ လည်း သူတို့အိမ်သို့ ပြန်လာပါရန် ငိုယို၍ တောင်းပန်သည်ကိုလည်း ဆွေးဆွေးသာသာ သတိရမိပါသည်။

ညက ဟန်နီနှင့် အိပ်မက်ထဲမှာ တွေ့ဆုံလိုက်ရသည်တွင် စိတ်သောက အလွမ်း အဆွေးများ ဆူဝေလာပြန်သည်။ သည့်အပြင် ဟန်နီတစ် ယောက် စင်ကာပူမှာ အသိန်းအကုပ်မရှိ ရုပ်ဝတ္ထုအဆောင်အယောင် များနောက်ကိုလိုက်ရင်း ဘဝပျက်ရှာပြီလား။

ဟန်နီဘဝ သည်လို ပျက်စီးဆုံးရှုံးရလျှင် သူ့တာဝန်ရော ကင်းပါ မည်လား၊ တွယ်တာခဲ့ရသော ချစ်သူဟောင်းနှင့် ခွဲခွာခဲ့ရသောခင်ပွန်း သည်မို့ လျစ်လျူရှု မထားရက်နိုင်။ အနည်းဆုံး မြန်မာအမျိုးသမီး တစ်ဦးအနေနှင့် နှမချင်းစာနာပြီး ဥပေက္ခာမပြုရက်သည်မှာ သဘာဝ ကျပါ၏။

အခု လန်ဒန်မြို့တွင် ဒိုရာကို မတော်တဆ ခလုတ်တိုက်မိပြန်သည်။ မြန်မာစကားပြောပြီး မြန်မာကိုလေးစားသော မြန်မာကပြားမလေး အဖြစ် စိတ်ဝင်စားခြင်းမှ အစပြုခဲ့သည်။ သူမ၏ ဆွဲဆောင်မှုပါသော အလှအပများကြောင့် ယစ်မူး ယိမ်းယိုင်ခဲ့မိသည်ကိုတော့ ဝန်မခံ၍ မဖြစ်။ ဒုတိယ အကြိမ် ဒိုရာနှင့်တွေ့ပြီး ရင်းနှီး လာပြန်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com

ရင်ခုန်သာယာမိရာက တွယ်တာစိတ်ကလေးများ တစ်ရစ်စီ ချည်နှောင်မိခဲ့သည်။

ဟန်နီကြောင့် ပူလောင်ခဲ့ရသောသူ့ဘဝကို ဒိုရာ၏ရင်ခွင်တွင် မြှုပ်နှံပြီး အအေးခံလိုက်ရမလား၊ ဒိုရာ၏ မေတ္တာဆေးမြီးတိုဖြင့် တစ်စစီ ကွဲအက်ခဲ့ရသော သူ့နှလုံးသားကို ကုစားလိုက်ရမလား။ ရောဂါနှင့် ဆေးတည့်လျှင် တော်ပါရဲ့၊ ဆေးအတွက်လေးပြီး ဝေဒနာသစ်မွေးယူသလိုဖြစ်မှာကိုတော့ သူကြောက်မိပြန်သည်။

"ရှိုး..........."

ရေနွေးအိုးနှုတ်သီးမှ လေချွန်သံကြောင့် ဝိုင်းကြီးပတ်ပတ်လည်နေသော သူ့အတွေးမျှင်များသည် တစ်စစီ ပြတ်ထွက်ကုန်သည်။

"အစောကြီး ထပြီး ဘာတွေ လုပ်နေတာလဲဗျ၊ ညတုန်းကလဲ ကောင်းကောင်းမအိပ်ဘူး"

ရေနွေးအိုးဆူသံကြောင့် နိုးလာသော ဦးတင်လတ်က အိပ်ရာထဲမှ လှမ်းပြောသည်။

"ကျွန်တော် အိပ်လို့မရတဲ့အတူတူ နံနက်စာပြင်နေတာ ကိုလတ်။ ကော်ဖီဖျော်ပြီး ပေါင်မုန့် မီးကင်ကို ထောပတ်သုတ်လိုက်မယ်လေ"

"ဘာလို့ အိပ်မရဖြစ်နေတာလဲ၊ ညတုန်းကအိပ်မက်ကြောင့်လား"

"ဟုတ်ပါတယ်။ အဲဒါနဲ့တစ်ဆက်တည်းပေါ့ဗျာ"

"ဒီလိုဆိုယင် အချစ်ဟောင်းအတွက် ဆွေးပြီး အိပ်မပျော်တာဖြစ်နိုင်သလို အချစ်သစ်အတွက်တွေးပြီး အိပ်မရတာလဲ ဖြစ်နိုင်တယ်။ ဘာကြောင့်လဲဆိုတာ မှန်မှန်ပြော"

ဦးတင်လတ်က အိပ်ရာမှထလာပြီး စစ်ဆေးနေပြန်ပါ၏။ စည်သူလင်း အမှန်အတိုင်း ဖြောင့်ချက်ပေးရမည့်သူမို့ မရှက်နိုင်။

"အဆွေးရော အတွေးရော နှစ်မျိုးစလုံး ကြောင့်ပါပဲ ကိုလတ်ရယ်"

"အတိတ်ကအချစ်ဟောင်းအတွက်ကြောင့် ဖြစ်ရတဲ့အလွမ်းအာဆွေးကိုတော့ မဝေဖန် လိုပါဘူးဗျာ၊ ဖြစ်ခဲ့ ပြီးပြီကိုး။ ဘယ်တတ်နိုင်



ပါ့မလဲ။ အချစ်သစ် အတွက်တော့ ဒီလောက် အိပ်ရေး ပျက်ခံပြီး တွေးမနေနဲ့ဗျာ။ ရှောင်နိုင်ယင်အကောင်းဆုံးပဲ"

ဦးတင်လတ်နှင့် စကားပြောလိုက်ရမှ သူ့စိတ်တွေ လန်းဆန်းလာသည်။ မျက်နှာလည်း ရွှင်ရွှင်ကြည်ကြည်ဖြစ်လာပြီး....

"ဟဲ...ဟဲ...ဟဲ။ ကိုလတ် တစ်ခါကပြောဖူးတဲ့ မိန်းမကြည့်ရှောင် ဆိုတာမျိုးလား"

"ဟား....ဟား....ဟား....။ ဟုတ်တယ်ဗျို့၊ မိန်းမဆိုတာမကြည့်ခင်က ရှောင်မှတယ်။ ကြည့်ပြီးမှ ရှောင်ဖို့မလွယ်ဘူးတဲ့၊ အခု ခင်ဗျားက ကြည့်ရှုသာမက ထိခဲ့ပြီဖြစ်နေပြီကိုး။ မလွယ်ဘူးဗျို့။ ဟား...ဟား...ဟား"

× × × ×

ဟိုက်ပတ် ပန်းခြံကြီး၏ ပန်းချီကားချပ်သည် မြသားရောင် အေးသား စုတ်ချက်များဖြင့် တောက်ပနေသည်။ ဆာပင်တိုင်း ရေကန်၏ စိမ်းပြာပြာရေသားမျက်နှာပြင်နှင့် မြက်ခင်းစိမ်းစိမ်းကြားထဲမှ ရောင်စုံ ပန်းကလေးများသည် ဟိုတစ်ချို့၊ သည်တစ်ချို့ ကွက်တိကွက်ကျား ကြွ တက်နေ၏။

မေပယ်လ်ပင်ကြီးတစ်ပင်၏ ခြေရင်းမှ ဆေးစိမ်း သုတ်ထားသည့် သစ်သားခုံရှည်ကြီးပေါ်တွင် ဒိုရာထိုင်နေသည်။ သူမ၏ ဖက်ဖူးရောင် ဂါဝန်ရှည်ကြီးသည် မြသားဖန့်ဖန့် ပန်းချီကား၏အလှကို ပိုမို ပြည့်စုံ အောင် ဖြည့်စွက်နေ၏။

စည်သူလင်းက ဘောင်းဘီအရှည် အညိုရောင် စပို့ရှပ်အဝါကို ဝတ် လျက် ဒိုရာ၏နောက်တွင် ရပ်လျက် ခုံရှည် ကျောမှီပေါ်တွင် လက် ထောက်ထားသည်။ သူ့မျက်စိအစုံသည် ကန်ရေပြင်ပေါ်သို့ ငေးမိုင် ထားသော်လည်း ကန်ရေပြင်၏ အလှအပကို ယစ်မူးနေခြင်း မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ပါ။ သူ့နှုတ်မှ တသီတတန်းကြီး ပြောနေသည့် စကားနောက်တွင်သာ စိတ်အစဉ်တို့သည် တစိုက်မတ်မတ် လိုက်ပါလျှက်ရှိသည်။

"…. …. …. ဒါတွေကို ပြောပြနေတာဟာ ဒိုရာကို အရင်းနှီးဆုံးနဲ့ အပွင့်လင်းဆုံးမိတ်ဆွေအနေနဲ့ ပြောပြနေတာပါ။ ကိုယ်ဟာ အိမ်ထောင်မရှိသူ၊ လွတ်လပ်သူပါလို့ ပြောရုံနဲ့ လုံလောက်ပေမယ့် ဒိုရာ့ကို မထိန်ချန်ချင်ဘူး။ ခုပြောပြတာတွေကို သိရလို့ ကိုယ်ဟာ လူပျို မဟုတ်ဘူး။ တစ်လင် တစ်မယားစနစ်ကို ဖောက်ဖျက်ခဲ့တဲ့ တစ်ခုလပ်၊ အိမ်ထောင်ပျက်ဆိုပြီး အထင်သေးချင်လဲ သေးသွားမှာပေါ့လေ"

"အထင်မသေးပါဘူး လင်းရယ်။ ကျွန်မ လင်းကိုရော ဟန်နီကိုပါ သနားမိပါတယ်။ အခု သူ စင်္ကာပူမှာပဲလားဟင်။ ဟိုမှာ သူစိတ်ညစ် မနေဘူးလား"

စည်သူလင်းက ချက်ချင်းမဖြေ။ ခုံတန်းရှည်ကို ဝိုက်ပတ် လာပြီး ဒိုရာ၏နံဘေးတွင် လေးလေးတွဲတွဲ ထိုင်သည်။

"ကိုယ်နဲ့ သူနဲ့ အဆက်အသွယ်မရှိလို့ မသိခဲ့ရပါဘူး။ ကိုယ့်အထင်ကတော့ သူရည်မှန်းခဲ့တဲ့ဘဝကို အကောင်အထည်ဖော်ပြီး သူ့အထင်ကြီးနေတဲ့ လူနေမှုစနစ်ထဲမှာ ပျော်နေမှာပေါ့။ ကိုယ့်ကိုရော ဒိုရာက ဘာဖြစ်လို့ သနားတာလဲ။ ကိုယ်လဲပဲ စိတ်ညစ်နေတဲ့ပုံ ပေါ်နေလို့လားဟင်"

ဒိုရာက စည်သူလင်း၏ မျက်နှာကို စူးစိုက်ကြည့်သည်။ သည် အကြည့်တွင် မေတ္တာနှင့် ကရုဏာများ ရောထွေးနေသည်။

"လင်းရဲ့အဖြစ်က ဖေဖေရဲ့ အဖြစ်နဲ့ တူလွန်းလို့ပါ။ ဖေဖေကလဲ မာမီကို ချစ်တာတစ်ခုတည်းကြည့်ပြီး မဖြစ်နိုင်တဲ့….အို….ဘယ်လိုပြောရမလဲ။ စိတ်ချင်းမတူတဲ့ လင်မယားဘဝ"

"အသင့်မတူတဲ့ အိမ်ထောင်ရေးကို ဖန်တီးခဲ့တယ်ဆိုပါတော့"

"ဟုတ်တယ် လင်း။ ဖေဖေဟာ အဲဒီလို အသင့်မတူတဲ့အိမ်ထောင်ရေးကို ဖန်တီးခဲ့လို့ သေတဲ့အထိ ဒုက္ခရောက်ခဲ့ရတယ်။ ဒီဒုက္ခတွေ



ဟာ မကုန်သေးဘူး လင်းရယ်။ သူသေပြီးတဲ့နောက် ကျွန်မကိုပါ အမွေပေးထားခဲ့တယ်လေ"

"ဖုံးကွယ်စရာ မလိုဘူးဆိုယင် အစကစပြီး ပြောပြပါလား ဒိုရာ"

သည်တစ်ခါ နောက်ကြောင်းပြန်ပြောဖို့ အလှည့်ကျသူက ဒိုရာ။ စည်သူလင်းက ဒိုရာပြောမည့် စကားသံများကို အာရုံစူးစိုက်ရုံမက သူမ၏ မျက်ဝန်း ရီဝေဝေလေးကိုပါ မမှိတ်မသုန် စိုက်ကြည့်နေသည်။

"ဖုံးကွယ်စရာ မလိုပါဘူး လင်းရယ်။ ကျွန်မ လင်းကို ပွင့်ပွင့်လင်းလင်း ပြောပြမှာပါ။ ဖေဖေနံမည်က ဦးကျော်မြင့်တဲ့။ ရန်ကုန် ယူနီဗာစီတီက ဆရာပေါ့။ ၁၉၅၃ ခုနှစ်လောက်က ဘော်တနီ (ရုက္ခဗေဒ) ဘာသာမှာ ပီအိပ်ချ်ဒီ ဘွဲ့ယူဖို့ မြန်မာအစိုးရစရိတ်နဲ့ လာခဲ့တာတဲ့။ ဆောက်သမ်တမ် ယူနီဗာစီတီမှာ သုံးနှစ်နေခဲ့တာ။ ဖေဖေဟာ အမ်အက်စ်စီဘွဲ့တောင် မရခဲ့ဘူး။ စာမေးပွဲတွေ ခဏခဏကျနေတာကလဲ မာမီနဲ့ တွေ့ပြီး ချစ်နေကြလို့၊ စာမကျက်နိုင်လို့ ကျရတာလို့ ပြောတယ်။ ဒါကြောင့် သုံးနှစ်ပြည့်တော့ မြန်မာပြည်ပြန်တော့ပဲ ဒီက နိုင်ငံသားအဖြစ် ခံယူလိုက်ပြီး မာမီနဲ့ လက်ထပ်လိုက်တယ်"

"အဲဒီတုန်းက ပြန်မလာရင် လျော်ရတာတို့၊ မသွားခင်ကတည်းက အာမခံရတာတို့ မရှိသေးဘူးထင်တယ်"

"ကျွန်မ မသိပါဘူး။ ဒီဥပဒေတွေ ရှိလာတာလဲ ဖေဖေတို့လို လူမျိုးတွေကြောင့် ဖြစ်လာတာနေမှာပေါ့။ ဖေဖေဟာ စာရင်းထဲမှာတော့ အင်္ဂလန်နိုင်ငံသား ဖြစ်သွားပေမယ့် သွေးသားနဲ့ အသားအရေကြောင့် အင်္ဂလိပ်လူမျိုး ဘယ်လိုမှ မဖြစ်လာနိုင်ဘူး။ စက္ကင်းစစ်ဇင်းပဲ ဖြစ်ရတယ်ဆိုတာ နောက်မှ သိလာရတယ်တဲ့။ စက္ကင်းစစ်ဇင်းဆိုတာ လင်းသိပါတယ် နော်"

"သိပါတယ်။ ဒုတိယတန်းစား နိုင်ငံသားဆိုတာ အင်္ဂလိပ်တွေနဲ့ ဘန်းတူ အခွင့်အရေးမရတဲ့ အဆင့်အတန်းမဟုတ်လား"

"ဟုတ်ပါတယ်။ ဖေဖေဟာ မာမီနဲ့ လက်ထပ်ပြီး သူပီအိပ်ချ်ဒီ တက်ခဲ့တဲ့ ဌာနမှာ အလုပ်လျှောက်တာတောင် စာကြည့်တိုက်မှူး၊ ပြတိုက်မှူး အဆင့်လောက်တောင် အလုပ်မပေးချင်ကြဘူး။ ရန်ကုန်က



www.burmeseclassic.com

www.burmeseclassic.com

ရတဲ့ ဘီအက်စီဘွဲ့ကို အသိအမှတ်မပြုဘူးတဲ့။ ဒါကြောင့် ရရာအလုပ် ဝင်လုပ်မယ်ဆိုပြီး ခေတ်ခွဲခန်းအကူ ဝင်လုပ်ရတယ်။ ဒီအလုပ်ကိုတောင် အမြဲတမ်းခန့်စာမရဘဲ တစ်နှစ်တစ်ခါပြန်ပြီးလျှောက်ရတယ်။ သူနဲ့အတူ တူ သုပ်တဲ့ အင်္ဂလိပ် စစ်စစ်တွေကတော့ အမြဲတမ်းခန့်စာရပြီး ရာထူး တက်ကုန်ကြတာပေါ့ လင်းရယ်”

ဒိုရာ၏ လေသံလေးမှာ တိုးလာပြီး မျက်နှာလေး မသိမသာ ညှိုးငယ်လာသည်။

“ဖေဖေဟာ အလုပ်လုပ်တဲ့နေရာမှာသာ အနိုင်ခံရတာ မဟုတ်ပါဘူး၊ အိမ်မှာလဲ မာမီနိုင်တာ ခံခဲ့ရတာပါပဲ။ ကျွန်မကို မေလထဲမှာ မွေးတယ်။ နောက်မှ ဖေဖေပြောပြလို့ သိရတာနော်။ အဲဒီလိုအချိန် မှာဆို ဖေဖေတို့နေခဲ့တဲ့ အင်းစိန် အိမ်ရှေ့ခြံထဲမှာ ငုဝါပန်းတွေ တစ် ပင်လုံး ဝါနေအောင် ပွင့်နေမှာပဲတဲ့။ အဲဒီ ငုဝါပန်းတွေကို သတိရပြီး ကျွန်မဟာလဲ အင်္ဂါသမီးမို့ ဖေဖေဟာ ကျွန်မနာမည်ကို “ငုဝါမြင့်” လို့ မှည့်ပေးခဲ့တယ်။ မာမီက သဘောမတူဘူး။ အင်္ဂလိပ်နာမည် ဒိုရာနဲ့ သူတို့မိသားစုနာမည် ဝိုက်(ဇ)တွဲပြီး ကျွန်မ ဒီနာမည်ရခဲ့တာပါ”

စကားပြောရင်း ငုဝါ၏မျက်ဝန်းအစုံသည် အတိတ်၏ အရိပ်များ ဖြင့် မှုန်မှိုင်း ရီဝေနေသည်။

“စဉ်းစားကြည့်ပါ လင်းရယ်။ သားသမီးဆိုတာ အမေ့ဘက်က နာမည်ကို ယူရတာ ထုံးစံမဟုတ်လား။ ဖေဖေဟာ မာမီကို မလွန်ဆန် နိုင်တော့ မာမီပေးတဲ့ နာမည်ပဲ ကျွန်မကို ခေါ်ခဲ့တယ်လေ။ ဖေဖေ့ ကိုသဲ အဲဒီတုန်းကတော့ ဒက်ဒီလို့ ခေါ်ခဲ့ရတာပေါ့။ ဖေဖေဟာ မာမီ ကို ချစ်တော့ အားလုံး အလျှော့ပေးခဲ့ပါတယ်။ နောက် သုံးနှစ် ကြာတော့ မောင်လေးတစ်ယောက် ထပ်မွေးတယ်။ ဒီဘင်ခါတော့ ဖေဖေဟာ ခေါင်းရှုပ်ခံပြီး နာမည်စဉ်းစားမနေတော့ဘူး။ မာမီခေါ်တဲ့ ‘ပက်ဒ်ပို’ လို့ ခေါ်လိုက်တော့တယ်”

ဒိုရာက လက်ကိုင်အိတ်ကိုဖွင့်ပြီး ဓာတ်ပုံတစ်ပုံကို ထုတ်ပြသည်။ ထူးမယ်စဉ်က မိသားစု ရိုက်ထားသည့် ဓာတ်ပုံ။ ဒိုရာက လေးနှစ် သမီးခန့်၊ သူမောင်လေးက ရင်ခွင်ပိုက်အရွယ် မိဘများနှင့်အတူ



ဟိုက်ပတ် ပန်းခြံထဲမှာပင် ရိုက်ထားသည့်ပုံ ဖြစ်သည်။ ဦးကျော်မြင့် သည် မြန်မာဆန်ဆန် ခန့်ညားသည်။ ဒိုရာသည် ဦးကျော်မြင့်ထံမှ နှဖူး၊ မေးရိုးနှင့် နှုတ်ခမ်းများကို ရရှိပြီး မျက်လုံးနှင့် နှာတန် မိခင် ထံမှ ရသည်ကို ဓာတ်ပုံအရ သိသာနေသည်။

“ကျွန်မ ခြောက်နှစ်သမီးလောက်မှာ ဖေဖေနဲ့ မာမီနဲ့ ရန်ဖြစ်ကြ တာ ကျွန်မ ကောင်းကောင်းမှတ်မိတယ်။ မာမီက ဖေဖေ့ကို သူတို့ ဘာသာထဲပြောင်းပြီး အင်္ဂလိပ်နာမည် ပီတာဝိုက်(ဇ)လို့ပြောင်းခိုင်း တယ်။ ဖေဖေက စာရင်းထဲမှာ သူကိုးကွယ်တဲ့ ဘာသာကို ပြောင်း ချင်ရာပြောင်း သူစိတ်ထဲမှာတော့ သူယုံကြည်ရာ ဘုရားကိုပဲ ရှိခိုး မယ်။ သူ့အမေပေးတဲ့ မြန်မာနာမည်ကိုတော့ တစ်သက်လုံးမပြောင်း ဘူးလို့ ပြောတယ်”

စာနာစိတ်အပြည့်နှင့် နားထောင်နေသော စည်သူလင်းက၊ သူ မမြင်ဖူးသော ဦးကျော်မြင့်ကို လေးစားစွာဖြင့် ထောက်ခံသည်။ သူအား အချစ်အတွက် မြန်မာပြည်ကို စွန့်လွှတ်ခဲ့သည့် အပိုင်းအား တစ်ကြားသပ်သပ်ခြားရှုရှုတ်ချရပါမည်။ သို့သော်လည်း မြန်မာနာမည် လေး တစ်လုံးကိုပင် မြတ်နိုးစွာ ဖက်တွယ်ဆုပ်ကိုင်နေသည့် အတွက် တော့ လိုက်လိုက်လှဲလှဲ ချီးကျူးမိပါ၏။

“ဒီကိစ္စကြောင့် ဖေဖေနဲ့ မာမီ ရန်ဖြစ်ကြတယ်။ မာမီက ပြော တယ်။ နင့်ကျွန်နာမည်ကို မပြောင်းယင် ဒီတိုင်းပြည်မှာ အလုပ် ကောင်းကောင်းရမှာ မဟုတ်ဘူးတဲ့။ အဲဒီအခါမှာ ဖေဖေက မာမီပါး ကို တအားလွှဲရိုက်ချလိုက်တာ မာမီလဲကျသွားတယ်။ ဒီနောက် မာမီ က ဖေဖေနဲ့ ပေါင်းရတာ သူ့ဘဝပါ နစ်နာတယ်ဆိုပြီး ပက်ဒ်ပိုကို ခေါ် ပြီး အိမ်ပေါ်က ဆင်းသွားတယ်။ အဲဒီတုန်းကတော့ ကျွန်မက ငယ် သေးတော့ ဖေဖေက မာမီကို ပါးရိုက်လို့ ကွဲကြတာလို့ပဲ၊ နားလည်ပြီး ဖေဖေကို စိတ်ဆိုးခဲ့မိပါတယ်”

ဆွေးဆွေးနင့်နင့် ပြောပြရင်း ဒိုရာ၏မျက်လုံးတွင် မျက်ရည်များ ဝိုင်းသိုင်းဝေ့ဝေ့ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီအကြောင်းတွေကို လင်းကို ပြောပြမှသာ နားလည်မှာပါ။ ဒီကလူတွေကို ပြောပြလို့ ဒီလိုအဖြစ်မျိုးကို ဆန်းတယ်လို့ ဘယ်သူမှ ထင်မှာမဟုတ်ပါဘူး။ ကျွန်မ ငယ်ငယ်တုန်းက တွေးသလို ဖေဖေ့ရဲ့ အဖြစ်ကြောင့် လင်မယားကွဲတယ်လို့ပဲ ဝေဖန်ကြမှာပဲပေါ့"

"ကိုယ်နားလည်ပါတယ်။ ဒိုရာရဲ့ဖေဖေကို ကိုယ်နားလည်ရုံမက ချီးကျူးပြီး လေးစားမိပါတယ်"

ထိန်းနေရင်းမှာပင် မျက်ဝန်းအစုံမှ မျက်ရည် စက်ကလေးများ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။ စည်သူလင်းက သူ့လက်ကိုင်ပဝါဖြင့် တို့ပြီး သုတ်ပေးသည်။

"ဖေဖေနဲ့ ကျွန်မဟာ ဆောက်သမ်တမ်ကနေ လန်ဒန်ကိုပြောင်းခဲ့ကြတယ်။ အဲဒီတုန်းက ဖေဖေဟာ အလုပ်လက်မဲ့ ယောက်ပံ့ကြေးနဲ့ ကျွန်မတို့ ဆင်းဆင်းရဲရဲနေခဲ့ကြရတယ်။ ဒီယောက်ပံ့ကြေးနဲ့မလောက်လို့ အချိန်ပိုင်း အလုပ်လေးတွေ ဝင်လုပ်ပြန်တော့ အလုပ်ရှိရက်နဲ့ အစိုးရယောက်ပံ့ကြေး ညာယူတယ်ဆိုပြီး ဖေဖေ အဖမ်းခံခဲ့ရတယ်။ ကျွန်မကို စာသင်ပေးတဲ့ ဆရာမနဲ့ သုံးလလောက် သွားနေခဲ့ရသေးတယ် လင်းရယ်။ နောက် ဖေဖေလွတ်လာပြီး ကျွန်မ ကိုးနှစ်သမီး အရွယ်ကျမှ ဒီပန်းခြံမှာ ဥယျာဉ်မှူးအလုပ်ကို အချိန်ပြည့် အမြဲတမ်း လုပ်ခွင့်ရတော့တယ်"

"ဒီဟိုက်ပတ်ပန်းခြံရဲ့ ဥယျာဉ်မှူး ဟုတ်လား"

"ဟုတ်ပါတယ်။ အခု လင်းနဲ့ ကျွန်မ ထိုင်နေတဲ့ခုံဟာ ဖေဖေနဲ့ ကျွန်မတို့ ထိုင်နေကျနေရာလေးပါ။ ဒါကြောင့်မို့ လင်းကို ဒီပန်းခြံထဲ ရောက်တော့ ဒီခုံကို ခေါ်လာခဲ့တာပေါ့။ ဖေဖေနဲ့ ကျွန်မ ဒီခုံမှာပဲ အမြဲထိုင်ပြီး စကားတွေ ပြောခဲ့ကြပါတယ်။ ဖေဖေက ဒီမှာ သူစိုက်ထားတဲ့ ပန်းပင်တွေအကြောင်း ပြောပြတတ်သလို မြန်မာပြည်က ငုဝါပန်းတို့၊ ပိတောက်ပန်းတို့၊ သဇင်ပန်းတို့အကြောင်းတွေလဲ ပြောပြတယ်။ ငုဝါဆိုတာ ကျွန်မရဲ့ နာမည်ဆိုပေမယ့် ကျွန်မ ငုဝါပင်၊ ငုဝါပန်းကို တစ်ခါမှ မမြင်ဘူးသေးပါဖူး။ ဖေဖေပြောပြတော့ ငုဝါပန်းဆိုတာ လက်ဘာနမ်ဆိုတဲ့ ပန်းဝါဝါလေးတွေ။ သစ်ကိုင်းပေါ်



ကနေ တွဲလောင်း အခိုင်လိုက်ကျနေတယ်လို့ ပြောတယ်။ ကျွန်မ သိပ်မြင်ဖူးချင်တာပဲ လင်းရယ်။ ငုဝါပန်းနဲ့ ပိတောက်ပန်း ဘယ်ပန်းက ပိုလှသလဲဟင်"

သူမအကြောင်းပြောရင်းနှင့် မြန်မာ့ပန်းများအကြောင်း ရောက်လာ၍ စည်သူလင်းပြောရမည့်အလှည့် ရောက်လာပြန်၏။

"ငုဝါနဲ့ ပိတောက်ကို ဓာတ်ပုံရိုက်ပြီး တစ်ခါမှ မမြင်ဖူးတဲ့သူ တစ်ယောက်ကို မေးယင် ငုဝါက ပိုပြီးလှတယ်လို့ ပြောကြမှာပဲ။ ငုဝါက ပိတောက်ထက် အပွင့်ကြီးတယ်၊ ပိတောက်လို ဝါရင့်ရင့် မဟုတ်ဘူး။ ဝါဖျော့ဖျော့လေး။ ဒါပေမယ့် ပိတောက်ပန်းက ပိုပြီးမွှေးတော့ ပိတောက်ပန်းကို လူတွေက ပိုပြီးကြိုက်ကြတယ်။ ပိတောက်ပန်းကိုပဲ ပန်ကြ၊ ဘုရားတင်ကြတယ်။ ငုဝါကိုတော့ ပန်တဲ့သူ ဘုရားတင်တဲ့သူက ရှားတယ် ဒိုရာ"

"ဟင်.... ငုဝါက ပိုပြီးလှရက်သားနဲ့ လူတွေက မကြိုက်ကြဘူး ဟုတ်လား။ ဘာဖြစ်လို့လဲ လင်းရယ်"

ပိတောက်နှင့် ငုဝါ အလှပြိုင်ပွဲတွင် ဒိုရာက သူမအမည် အတွက်စွဲနှင့် ငုဝါဘက်မှ မခံမရပ်နိုင် ဖြစ်နေသည်။

"ရှားပါးတဲ့ ပစ္စည်းကို တန်ဖိုးထား မြတ်နိုးကြတာ ဖြစ်မှာပေါ့ ဒိုရာရယ်။ ပိတောက်က တစ်နှစ်လုံးမှာ သင်္ကြန်တွင်း သုံးရက်လောက်ပဲ ပွင့်တာမဟုတ်လား။ ဒီတော့ သင်္ကြန်နဲ့ ပိတောက်၊ ပိတောက်နဲ့ သင်္ကြန်ဆိုပြီး လူတွေက အမှန်အမြတ် ထားကြတာ ဖြစ်မှာပေါ့"

"လင်းကရော။ ပိတောက်နဲ့ ငုဝါပန်းဆို ဘယ်ပန်းကို ပိုပြီးကြိုက်သလဲ ဟင်"

"ပိတောက်ပန်းဟာ ပွင့်တဲ့ရက်က နည်းတယ်။ ပွင့်ပြန်ယင်လဲ ရွက်စိမ်းတွေကြားမှာ အခိုင်ဝါလေးတွေပြောက်တိပြောက်ကျားမြင်ရရုံပဲ။ အချိန်အခါအရလဲ ဟိတ်ကြီးဟန်ကြီး ပွင့်သလို၊ ပွင့်ပြန်ယင်လဲ တွန့်တွန့်တိုတိုပဲ ပွင့်တယ်လို့ ဆိုရမှာပေါ့ ဒိုရာ။ ငုဝါပန်းကတော့ ဒီလို မဟုတ်ဘူး။ နွေလရာသီဖြစ်တဲ့ မတ်ချ၊ အေပရယ်၊ မေနဲ့ ဂျွန်လထဲအထိ ဆက်တိုက်ပွင့်တာ။ ပွင့်ပြန်ယင်လဲ ရွက်စိမ်းတောင် မချန်ဘဲ တစ်ပင်



www.burmeseclassic.com

www.burmeseclassic.com

လုံး ဝါထိန်နေအောင် ပွင့်တယ်။ လောကကို အလှဆင်တဲ့ နေရာမှာ ငုဝါပန်းက ဟိတ်ဟန်မကြီးဘူး၊ မတွန့်မတို မချွင်းမချန် စေတနာ အပြည့်နဲ့ ပင်လုံးကျွတ် အလှဆင်တယ်။ ဒါကြောင့်မို့ ကိုယ်ကတော့ မိတောက်ထက် ငုဝါကို ပိုပြီးချစ်ပါတယ်"

"ဪ... လင်းပြောတာသိပ်မှန်တာပဲနော်။ သူများကြိုက်လို့ ခေါင်းမှာ ပန်ခွင့်ရတာထက် လောကကို လှအောင် ဘယ်လို— အဲ။ အလှဆင်နိုင်တာက ပိုပြီးကောင်းတာပေါ့နော်။ လင်းပြောပြလို့ ကျွန်မ ငုပန်းကို မမြင်ဖူးပေမယ့် ချစ်သွားပြီ လင်းရယ်"

ဒီရာက ပြောလက်စစကားကို ခေတ္တရပ်ထားစဉ် စည်သူလင်းက "ခဏလေးနော်" ဟု ဆိုကာ ပန်းခြံတွင်းရှိ လက်တွန်းလှည်းဆိုင်လေး ထံသို့ ပြေးသွားသည်။ မကြာမီ ပက်(ပ်)စီကိုလာ သံဗူး နှစ်ဗူးနှင့် ဟမ်ဘာဂါမုန့်နှစ်ခုဝယ်၍ ပြန်လာသည်။

"ကျေးဇူးပဲ လင်းရယ်။ ကျွန်မ ပါးစပ်ခြောက်ပြီး ရေဆာနေတာ လင်းသိတယ်နော်"

စည်သူလင်းက ပြုံး၍ ခေါင်းညိတ်ပြသည်။

"ငုဝါဆိုတဲ့နာမည်ကို ဖေဖေလဲ သိပ်ကြိုက်ပါတယ်။ ဖေဖေက မာမီနဲ့ ကွာပြီးကတည်းက ကျွန်မကို အိမ်မှာ ငုဝါလို့ပဲ ခေါ်တော့တယ်။ သူ့ကို ပဲ ဒက်ဒီလို့ မခေါ်ရဘူး၊ ဖေဖေလို့ ခေါ်ရမယ်တဲ့။ ကျွန်မနဲ့လဲ အမြဲတမ်း မြန်မာစကားပဲ ပြောတော့တယ်။ မြန်မာစာလဲ သင်ပေးတယ်။ မြန်မာ့ရာဇဝင် သမိုင်းနဲ့ မြန်မာ့ယဉ်ကျေးမှု ထုံးစံတွေ၊ ဗုဒ္ဓဘာသာ ကိုယ်ကျင့်တရားနဲ့ ဗုဒ္ဓဂေါတမရဲ့ အကြောင်းတွေလဲ ပြောပြတယ်။ ဒါကြောင့်မို့ အခု ကျွန်မ ဗုဒ္ဓဘာသာကို ယုံယုံကြည်ကြည် ကိုးကွယ်နေတာပေါ့။ ဖေဖေက သူ့ဆီမှာရှိတဲ့ ဘုရားရှိခိုးစာအုပ်ထဲက စာတွေကို နှုတ်တိုက် ချပေးတယ်။ နောက်ပြီး ကျက်ခိုင်းတယ်။ တစ်ပုဒ်အသစ်ရတိုင်း ဆုချတယ်။ အိမ်မှာလဲ ဗုဒ္ဓဘာသာ မြန်မာထုံးစံနဲ့ ယဉ်ကျေးမှုအတိုင်း သွန်သင်ဆုံးမခဲ့လို့ ကျွန်မက မြန်မာဆန်ဆန် ကြီးပြင်းခဲ့ရတာပါ လင်းရယ်"



"ဒီရာ့ရဲ့ မာမီနဲ့ မောင်လေးကရော အခု ဆောက်သမ်တမ်မှာပဲ လား"

"မာမီက နောက်ယောကျ်ားယူပြီး ကနေဒါကို ပြောင်းသွားကြ တယ်။ ဆောက်သမ်တမ်မှာ ကျန်ခဲ့တဲ့ မာမီ့ယောကျ်ားရဲ့ အရင်မိန်းမ နဲ့ ရတဲ့ သားသမီးတွေဆီက လိပ်စာရလို့ ကျွန်မ စာရေးလိုက်ပါတယ်။ သူတို့ တိုရန်တိုမြို့မှာ အခြေချပြီး နေကြပြီ။ လာလည်ပါဦးလို့ ခေါ် ပါတယ်။ ဟိုကိုသွားဖို့ ခရီးစရိတ်ကလဲ နည်းတာမှမဟုတ်တာ။ အလည် သက်သက်သွားဖို့ ကျွန်မ မတတ်နိုင်ပါဘူး။ ကျွန်မတို့ရတဲ့လခရဲ့ သုံးပုံ ပုံ တစ်ပုံလောက်က အခွန်တော်ကြေး ဖြတ်ခံနေရတော့ ဘယ်စုနိုင် ပါ့မလဲ။ နောက်ပြီး ဟိုရောက်ယင် သူတို့အိမ်မှာ တည်းခိုပြီး အတူတူ စားလို့ရမှာမှ မဟုတ်တာ။ ဟိုတယ်မှာတည်းပြီး ဧည့်သည်လို သွားတွေ့ ရမှာဆိုတော့ ဒီစရိတ်တွေ မတတ်နိုင်လို့ ကျွန်မ မသွားဖြစ်သေးတာ ပါ။ ကျွန်မက မာမီထက် ပက်ပိုကို ပိုပြီးလွမ်းမိတယ် လင်းရယ်၊ အခုဆို သူလဲ လူပျိုဖြစ်နေပြီပေါ့။ ကျွန်မကတော့ ဖေဖေအုပ်ထိန်း တာ ကောင်းလို့ အလုပ်ရခဲ့သေးတယ်။ ပက်ပိုကတော့ မာမီနဲ့ သူ့ ယောကျ်ားလက်ထဲမှာ ဘာဖြစ်နေသလဲ မသိဘူး။ မာမီစာထဲမှာလဲ ပက်ပိုအကြောင်း ဘာမှ မပါဘူး။ နောက်ထပ် စာရေးပြီး မေးကြည့် တော့လဲ စာမပြန်ကြဘူး လင်းရယ်"

ဒီရာ စိတ်ပူမည်ဆိုလည်း ပူလောက်စရာ။ သူ့တို့နိုင်ငံက ဆိုးသွမ်း လူငယ်များသည် သည်လိုအိမ်ထောင်ပျက်မိဘများက မွေးဖွားလာပြီး မိဘမေတ္တာချို့တဲ့ရာမှ စိတ်လေလွင့် ပျက်စီးရသွားသူများသာ ဖြစ်ကြ တတ်ပါ၏။

"ဒီနိုင်ငံက အသက် ၁၈ နှစ်အထိ အခမဲ့ ပညာသင်ပေးတဲ့ဥပဒေ ကိုတော့ ကျွန်မ ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လဲ ကျွန်မ ဒီလောက် ပညာတတ်ပြီး ဒီအလုပ်ရခဲ့တာပေါ့။ ကျွန်မ အိုလယ်ဗယ် (ဆယ်တန်း အဆင့်ခန့်) အောင်တော့ သူနာပြုသင်တန်းတက်ခဲ့တယ်။ ဒီသင်တန်း တက်လို့ ပြီးခါနီးမှာပဲ ဖေဖေဟာ သွေးတိုးနဲ့ နှလုံးရောဂါကြောင့် အလုပ်က အနားယူခဲ့ရတယ်။ ကျွန်မက သူနာပြုဖြစ်လို့ တော်သေး



www.burmeseclassic.com

www.burmeseclassic.com

တာပေါ့။ ကျွန်မတို့ဆေးရုံကြီးမှာ ဖေဖေ့ကိုတင်ပြီးကုသပေးနိုင်ခဲ့တယ်။ ရှိုးရိုးလူတစ်ယောက်သာဆိုယင် ဆေးကုတဲ့ စရိတ်တောင်မှ ကျွန်မတို့ တတ်နိုင်ကြမှာ မဟုတ်ဘူး"

ဒိုရာက သူမလက်ထဲမှ မုန့်လက်ကျန်ကို ဝါးစားပြီး ပက်(ပ)စီကို လာ သံဗူးကိုဖောက်၍ မျှော့ချသည်။ စည်သူလင်းက ခုံတန်းနောက်မှီပေါ်တွင် လက်တင်ထားရာမှ သူမပခုံးကို ဖွဖွလေး ဆုပ်ကိုင်ထား သည်။

"ဖေဖေဟာ စိတ်ညစ်နေတော့ ဘယ်လိုပဲ ဆေးကုပေးပေမယ့် ရောဂါမသက်သာဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကပဲ ဆေးရုံပေါ်မှာ ဆုံးသွားတယ်။ သူမသေခင် ပြောသွားတာက သမီးရယ်....တဲ့။ ဖေဖေ ဟာ ကိုယ့်တိုင်းပြည်ကစရိတ်နဲ့ ပညာသင်ဖို့ တာဝန်ပေးလိုက်တာကို တာဝန်မကျေတဲ့အပြင် မိန်းမယူပြီး ကိုယ့်တိုင်းပြည်ကို သစ္စာဖောက် ခဲ့တယ်။ ဒီပြစ်ဒဏ်ကို ဖေဖေသေတဲ့အထိ စိတ်ဆင်းရဲပြီး ခံခဲ့ပါမယ်။ အပြစ်ရှိတဲ့ ဖေဖေခံရတာဟာ တရားပါတယ်။ ဒါပေမယ့် ဒီအပြစ်ဒဏ် ကို အပြစ်မရှိတဲ့ သမီးလေးတော့ ဆက်ပြီး မခံစေချင်ဘူး။ သူကိုယ် တိုင် မြန်မာပြည်ကိုပြန်ဖို့ အမျိုးမျိုးကြိုးစားခဲ့တာ မရခဲ့ဘူး။ မြန်မာ ပြည်က အပြီးအပိုင် စွန့်လွှတ်ခဲ့သူ တစ်ယောက်ဟာ ဘယ်လိုနည်းနဲ့မှ ပြန်လာခွင့်မရှိဘူးဆိုတာ သိရပြီးတဲ့နောက် ဖေဖေ့ရောဂါဟာ ပိုဆိုး လာခဲ့တယ်လို့ ပြောပြပါတယ်"

ပြောနေစဉ်မှာပင် ဒိုရာက ငိုသံပါလာ၍ ခေတ္တနားနေရင်း စိတ်ကို ထိန်းသည်။ မျက်စိကို မှေး၍ စည်သူလင်း၏ လက်မောင်းကို မှီထား ကာ အသံမှန်ရလာမှ ဆက်၍ပြောသည်။

"မြန်မာပြည်ကို ဖေဖေပြန်လို့မရပေမယ့် ဆွေမရှိ မျိုးမရှိ ကျွန်မ တစ်ယောက်တည်း မထားခဲ့ချင်ဘူး။ ဒီကလူတွေနဲ့လဲ လက်မထပ်ရဘူး ဖြစ်တဲ့နည်းနဲ့ ရန်ကုန်ပြန်ပါ။ သူ့အသက်အာမခံငွေ ပေါင်တစ်ထောင် ထားခဲ့တယ်။ သူသေယင် အဲဒီငွေကိုထုတ် ခရီးစရိတ်လုပ်ပြီး မြန်မာ ပြည် ပြန်ပါလို့ မှာသွားပါတယ်"



ထိန်းထားသည့်ကြားမှပင် သူမ၏ပါးပြင်သည် မျက်ရည်စက်များ ဖြင့် စိုစွတ်သွားပြန်၏။

"မြန်မာပြည်က ဒိုရာရဲ့ အမျိုးတွေရော ဘယ်မှာ ရှိတယ်ဆိုတာ မသိရဘူးလား။ စာရေးဆက်သွယ်ပြီး အကူအညီ တောင်းမကြည့်ဘူး လား"

"အင်းစိန်မှာ ဘွားဘွားနဲ့ ဦးလေးတွေရှိတယ်။ ဖေဖေ လိပ်စာ ပေးလို့ ကျွန်မ စာရေးပါတယ်။ သူတို့ကလဲ ဝမ်းသာအားရ စာပြန် ပြီး ဓာတ်ပုံတွေပါ ပေးလိုက်တယ်။ ဘွားဘွားပုံက သိပ်ချောတာပဲ။ ကျွန်မက ဘွားဘွားနဲ့ တူတာ။ ဓာတ်ပုံထဲမှာ သိသာတယ်"

"ဒိုရာ မြန်မာပြည်ပြန်ဖို့ကိစ္စကိုရော သူတို့ဆီက အကူအညီ မရဘူး လား"

"သူတို့ ကူညီစုံစမ်းပေးကြတယ်။ ကျွန်မကိုယ်တိုင်လဲ ဒီက မြန်မာ သံရုံးမှာ စုံစမ်းကြည့်တယ်။ နှစ်ဘက်စလုံးက အဖြေအတူတူပဲ ထွက် လာတာက ကျွန်မနာမည် ဒိုရာဝိုက်(ဇ) ဆောက်သမ်ဘမ်မှာ မွေး တယ်။ အင်္ဂလိပ်လူမျိုးဆိုပေမယ့် အဖေနာမည်က ဦးကျော်မြင့်ဆို တော့ မြန်မာပြည်က အပြီးအပိုင်ထွက်ခွာခဲ့သူ တစ်ယောက်ရဲ့သမီးဆို တာ ထင်ရှားနေတယ်။ ဒီတော့ ကျွန်မကို တိုးရစ်အနေနဲ့တောင်မှ ရန်ကုန်ကိုသွားဖို့ ဗီဇာထုတ်ပေးနိုင်မှာ မဟုတ်ဘူးတဲ့"

"ဟင်....တကယ်လား။ ဒီဥပဒေကို ကိုယ်တောင်မသိသေးဘူး။ ဒီလို ဆိုရင် ဒိုရာ မြန်မာပြည်ကို ပြန်ဖို့နည်းလမ်း လုံးဝမရှိတော့ဘူးပေါ့"

"ဟုတ်ပါတယ်လင်း။ ကျွန်မတစ်ယောက်တည်း ပြန်ဖို့နည်းလမ်း တော့ လုံးဝမရှိတော့ပါဘူး။ ဒါပေမယ့် မြန်မာပြည်ကို ကျွန်မ တရား ဝင် ပြန်ဖို့ရာ နည်းတစ်နည်းပဲ ရှိတယ်။ အဲဒီနည်းကတော့ မြန်မာ ပြည်သားတစ်ယောက်က လက်ထပ်တဲ့ နိုင်ငံခြားသူတစ်ယောက်အဖြစ် ခေါ်သွားမှပဲ လိုက်လို့ရနိုင်သတဲ့ လင်းရယ်"

× × × ×



www.burmeseclassic.com

www.burmeseclassic.com

"ပြဲဟွမ်စိုရ်ဂေဟာ"

သည်လိုဆိုင်းဘုတ်ရေးချိတ်ထားသည့် အိမ်ဘော့မဟုတ်ပါ။ လန်ဒန်မြို့ ဝင်ဘယ်လ်ဒန်မြို့နယ်တွင်ရှိ မြန်မာ့သံရုံးမှ သံမှူးကြီးဦးအောင်ကြည်၏နေအိမ်ကို စည်သူလင်းက ဝိသေသပြုထားသည့် အမည်ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ လန်ဒန်မြို့တွင် ပြဲဟွမ်စိုရ်တစားကိုရှာလျှင် သည်အိမ်မှာသာ အပြည့်အဝတွေ့နိုင်သောဟူ၏။

ပြောမည်ဆိုလည်း ပြောလောက်စရာ။ ဦးအောင်ကြည်သည် သဘောဖြူဖော်ရွေပြီး ကူညီတတ်သည့်နေရာတွင် ဇနီးဖြစ်သူဒေါ်မြမြနှင့် လိုက်ဖက်ညီအောင်ပင် စေတနာကောင်းလွန်းလှသည်။ မေတ္တာစေတနာပြည့်လွန်းလှ၍ သူတို့နေအိမ်၌ နေ့ခင်းဘက် ဝင်ထွက်စားသောက်ကြသူများသာမက ညအိပ်ညဉ့်နေ တည်းခိုသူများပင် ပြတ်သည်ဟုမရှိ။ ရန်ကုန်မှလန်ဒန်သို့ရောက်ခါစ ခိုကိုးရာမဲ့နေသူများသည် သံရုံးတွင် သတင်းပို့ရာမှ သူ့အိမ်သို့ပင် ပါသွားတတ်ကြသည်၊ သူတို့အိမ်တွင် အခမဲ့နေထိုင်စားသောက်၍ ညှော်သည်ကသာ အား နာပြီးဆင်းပြေးရမည်။ သူတို့လင်မယားကတော့ နေရာကုသိုရှာ ပေးလိမ့်မည်မဟုတ်ပေ။

ဒုက္ခရောက်သူကို ကရုဏာအပြည့်ဖြင့် ကူညီ၍ တစ်ဘက်သား စိတ်ချမ်းသာမှုရ၍ သူတို့လင်မယားက မုဒိတာပွားတတ်သူများ ဖြစ်ကြပါ၏။ ဦးတင်လတ်ကလည်း "ဒီလိုမိသားစုမျိုး မြန်မာပြည်မှာတောင် ရှားပါတယ်ဗျာ"ဟု ချီးကျူးပါသည်

စည်သူလင်းသည် ဦးအောင်ကြည်ကို မြန်မာပြည်တုန်းက မြင်ပင်မမြင်ဖူးခဲ့။ လန်ဒန်ရောက်ခါစ အကြောင်ကြောင်နှင့် ဦးအောင်ကြည် အိမ်တွင် နှစ်ပတ်ခန့်သောင်တင်ခဲ့ပြီးမှ ယခုအိမ်ခန်းသို့ ပြောင်းခဲ့ရသူ ဖြစ်သည်။ ယခုလည်း သူနှင့်ဦးတင်လတ်တို့၏ စားအိမ်သောက်အိမ် စနေ၊ တနင်္ဂနွေ နေ့တိုင်းလိုလို မြန်မာ ထမင်းဟင်းကို အလွမ်းပြေ အလွမ်းပြေဟုပြောပြီး ဗိုက်တင်းအောင်သာစားနေကြသူများ ဖြစ်ကြပါ၏။



သည်တနင်္ဂနွေ မုန့်ဟင်းခါးချက်မည်ဟုကြိုပြောထား၍ ဦးတင်လတ်က နံနက်စောစောကတည်းက သွားနှင့်သည်။ စည်သူလင်းက ဒိုရာကို ဝင်ခေါ်နေရ၍ အတူမလိုက်နိုင်။ သူနှင့်ဒိုရာတို့ မြေအောက်မီးရထားစီးလာကြပြီး ၁၀ နာရီကျော်မှ ဆောက် (သ) ဖီးလ်ဘူတာသို့ရောက်သည်။ ဆောက် (သ) ဖီးလ်ဘူတာမှ ပြဲဟွမ်စိုရ်ဂေဟာသို့ ၁၅ မိနစ်ကျော်ကျော် လမ်းလျှောက်ရသေးသည်။

"ဟိုရောက်လို့မိတ်ဆက်ပေးယင် ကိုယ်ခေါ်သလို ဦးအောင်ကြည်ကို ကိုကြီးအောင်၊ ဒေါ်မြမြကို မမြလို့ခေါ်နော်။ မြန်မာ အချင်းချင်း နာမည်ခေါ်ပြီး စကားပြောတာ ထုံးစံမရှိဘူး"

"ဟင်.... ဆွေမျိုးလဲမတော်ဘဲနဲ့ အစ်ကိုတို့၊ မမတို့ ခေါ်လို့ ကောင်းပါ့မလား"

"ဒါဟာ မြန်မာ့ယဉ်ကျေးမှုထုံးစံပါ ဒိုရာ။ နာမည်မသိသေးတဲ့ ခမ္မတွေ့ကြတဲ့သူတွေတောင်မှ ဒီလိုခေါ်ကြပါတယ်။ ဥပမာ ဟတ်(စ်) ကားပေါ်မှာ လက်မှတ်ရောင်းတဲ့သူက ဦးလေးလက်မှတ်ယူပြီးပြီ လား။ ဒေါ်ဒေါ် ဘယ်မှာဆင်းမှာလဲ စသည်ဖြင့်ပေါ့လေ။ နာမည်သိပြီး ရင်းနှီးသူတွေဆိုယင် ဦးဦးစည်သူ၊ ဒေါ်ဒေါ်ငွေဝါပေါ့။ ကလေးတွေ ဆိုယင်လဲ သားသား သမီးလို့ ချစ်စနိုးခေါ်ကြတယ်။ ဒီမှာလိုတော့ မဟုတ်ဘူးပေါ့။ သုံးနှစ်သားလေး ကလဲ သူနဲ့ သိပ်ရင်းနှီး နေတဲ့ လူကြီးဘဲ့ယောက်ကို မစ္စတာဝိုက် (ဇ)၊ မစ္စစ်ဝိုက်(ဇ) လို့ နာမည် ခေါ်ကြတာပဲမဟုတ်လား။ သူ့ဦးလေးနဲ့ အဒေါ်တွေကိုသာ အန်ကယ်လ်ဝိုက် (ဇ)၊ အန်တီဝိုက် (ဇ) လို့ ခေါ်မှာပေါ့"

"ဒီလိုခေါ်တဲ့ မြန်မာထုံးစံဟာ သိပ်ချစ်စရာကောင်းတာပဲနော်၊ လူတွေအားလုံးဟာ ဆွေမျိုးတွေချည်းပဲ။ ကိုယ့်သားစုလိုပဲ ဆက် ဆံကြတယ်ဆိုတဲ့သဘောပေါ့နော်"

သူတို့နှစ်ဦး ကမ္ဘာကျော် ဝင်ဘဲလ်ဒန် တင်းနစ်ဒွားကစားကွင်း ကြီးအနားမှ ဖြတ်လျှောက်ခဲ့ကြသည်။ စည်သူလင်းက "ရှင်" "ရှင့်" "ခင်ဗျ" "ခင်ဗျား" "ဟုတ်ကဲ့ပါ" "ကန်တော့ပါရဲ့" စသော မြန်မာ့ယဉ်ကျေးမှု စကား အသုံး အနှုန်း များကို ပြောပြသည်၊



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ပုဆစ်တုပ်ထိုင်ခြင်း၊ လက်နှစ်ဘက်ဖြင့်ကမ်းခြင်း၊ လူကြီးများရှေ့ ဖြတ်လျှောက်သည့်အခါ ခါးညွတ်၍လျှောက်ခြင်း စသည်တို့ကို သင်ပေးသည်။

"ဒါတွေကို ပေဖေသင်ပေးခဲ့လို့ ကျွန်မသိခဲ့ပြီးပါပြီ လင်းရယ်။ အလေ့အကျင့်မရှိလို့ ဒနေတာပါ။ မြန်မာတွေကြားထဲရောက်ယင်တော့ သတိထားပြီး မြန်မာဆန်ဆန်ပြောပါ့မယ်၊ နေပါ့မယ်"

"ဒီရာမေ့မယ်ဆိုယင်လဲ မေ့ချင်ရောပဲ၊ ကိုယ်တို့မြန်မာယဉ်ကျေးမှုနဲ့ အနောက်တိုင်းယဉ်ကျေးမှုက ဆန့်ကျင်ဘက်လိုဖြစ်နေတာ။ ဥပမာ မြန်မာက လူကြီးရှေ့မှာ ကျုံ့ကျုံ့ယုံ့ယုံ့လေးနေရတယ်။ အင်္ဂလိပ်ကတော့ မတ်မတ်စန့်စန့် ရပ်ရတယ်မဟုတ်လား။ မြန်မာက ဖိနပ်ချွတ်ပြီး လေးစားမှုပြုတဲ့နေရာမှာ အင်္ဂလိပ်က ဦးထုပ်ချွတ်ကြရတယ်နော်။ လူကြီးရှေ့မှာ ကိုယ်တို့မြန်မာတွေက လက်ပိုက်ပြီးနာခံကြရတယ်။ ဒီမှာတော့ လူကြီးပြောနေတာကို လက်ပိုက်ပြီးနားထောင်ယင် အင်မတန်ရိုင်းတယ်ဆိုပဲ။ နောက်ထပ်ဆန့်ကျင်ဘက်တွေအများကြီးပဲကွာ။ ပြောရယင်ကုန်မှာမဟုတ်ဘူး...."

"အင်းလေ—ဒီလောက်ဆန့်ကျင်နေတဲ့ အနောက်တိုင်းယဉ်ကျေးမှုကိုမှ အထင်ကြီးပြီး လိုက်လုပ်နေတဲ့ မြန်မာပြည်ကလူတွေကို ကျွန်မတော့ဖြင့် အံ့သြမိပါတယ်လင်းရယ်...."

စကားတပြောပြောနှင့် ဖြူဟမ္ဗိုရ်ဂေဟာသို့ ရောက်ခဲ့ကြပြီ။ ဦးအောင်ကြည်၏အိမ်မှာ ကားလမ်းဘေးတွင် ခြံနှင့်ဝင်းနှင့် ကားဂိုထောင်ပါ နှစ်ထပ်တိုက်ကလေးဖြစ်၏။ မြန်မာအစိုးရပိုင် တိုက်ခန်းဖြစ်၍သာ ယခုလိုသားသားနားနားနေခွင့်ရပြီးကိုယ့်ဘာသာကိုယ်သာ ငှားနေရလျှင် သည်လိုအိမ်မျိုး အိမ်လခပေးနိုင်ရန်မလွယ်။

"လာကြဗျို့။ ကိုတင်လတ်ပြောထားလို့ မျှော်နေကြတာ။ ဖိနပ်မချွတ်နဲ့ရတယ်။ မြန်မာအိမ်ဆိုပေမယ့် အောက်ထပ်မှာတော့ ဖိနပ်စီးကြပါတယ်"

ဒီရာက အိမ်ထဲဝင်ဝင်ချင်း ဖိနပ်ချွတ်မည်ပြု၍ ဦးအောင်ကြည်က တားသည်။



"သိပြီးသား ဆိုပေမယ့် မိတ်ဆက် ပေးပါရစေ ကိုကြီးအောင်။ သူက ဒီရာဗိုက်(ဇ)၊ စိန်သောမတ်(စ)ဆေးရုံကသူနာပြု။ ဒီရာ ဒါ ကိုယ်တို့ပြောပြောနေတဲ့ ဦးအောင်ကြည်လေ"

"တွေ့ရတာ ဝမ်းသာပါတယ် အစ်ကိုကြီး"

ဒီရာက ခါးကိုညွတ်၍ အရိုအသေပြုနှုတ်ဆက်သည်။ ဦးအောင်ကြည်က ပြုံး၍ခေါင်းညိတ်ပြသည်။ ဦးအောင်ကြည်သည် ရှပ်အင်္ကျီလက်တိုနှင့် ပုဆိုးအကွက်ကြီးကြီးကိုဝတ်ထားရာ ဒီရာအတွက် အထူးအဆန်းဖြစ်နေ၏။ သူတို့အသံကြား၍ ဒေါ်မြမြလည်း အိမ်ရှေ့သို့ ထွက်လာသည်။

"ဟော—ဒါကတော့ ကိုကြီးအောင်ရဲ့ဇနီး ဒေါ်မြမြတဲ့။ ကိုကြီးအောင်နဲ့ မမမြကတော့ လန်ဒန်မှာ ကိုယ်တို့ရဲ့အုပ်ထိန်းသူ အစ်ကို၊ အစ်မတွေပေါ့ဒီရာ။ တို့မမမြကတော့ မြင်တဲ့အတိုင်း ရုပ်ချောသဘောကောင်းသလောက် ဟင်းချက်လက်ရာလဲ သိပ်ကောင်းတာ ဒီရာရဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်မမ"

"စားကောင်းသောက်ကောင်းအောင် မြှောက်မနေပါနဲ့ ကိုစည်သူရယ်။ ကဲ....စားရင်း သောက်ရင်းပဲ စကား ပြောကြ ရအောင် ထမင်းစားခန်းထဲသာ ဝင်ကြပေတော့။ ဧည့်သည်လို ဧည့်ခန်းထဲမှာ ဧည့်ခံမနေတော့ဘူးနော်"

"သိပ်ကောင်းတဲ့အစီအစဉ်ပဲ မမမြရေ။ ကျွန်တော်ကသဲ ထမင်းစားခန်းထဲ တန်းပြီးဝင်မှဝင်ရပါ့မလားလို့ တွေးပူနေတာ"

ရယ်ကာမောကာဖြင့် ထမင်းစားခန်းထဲသို့ ဝင်သွားကြသည်။ စားပွဲတွင် ဦးတင်လတ်နှင့်အတူ မြန်မာသံရုံးမှ ဦးသက်တင်နှင့် ကိုမြဝင်းတို့ကို တွေ့ကြရသည်။ သူတို့အဖွဲ့က မုန့်ဟင်းခါးစားပြီးနေနှင့်ပြီ။ လက်ဖက်သုပ်ကို ရေနွေးကြမ်းနှင့်မြည်းနေကြ၏။ ဦးတင်လတ်က ဒီရာနှင့်သိပြီးဖြစ်၍ ဦးသက်တင်နှင့် ကိုမြဝင်းတို့အား မိတ်ဆက်ပေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com

ဒိုရာသည် လမ်းတစ်လျှောက်လုံး စည်သူလင်း ပုံစံသွင်းလာသည့်အတိုင်း ကူကယ်ဝင်နေသည်။ ဦးသက်တင်နှင့် ကိုမြင့်တို့က မြန်မာစကားကို ကျွမ်း သွက်သွက်လက်လက် ပြောနိုင်သည့်အတွက် ဒိုရာအား ချီးကျူးကြသည်။ ထိုစဉ်မှာ ဦးအောင်ကြည်၏သား မောင်ဝင်းနောင်က စွပ်ကျယ်အင်္ကျီနှင့် ပုဆိုးလေးဝတ်လျက် ထမင်းစားခန်းထဲ ဝင်လာသည်။

"ဦးဦးစည်သူ ခါတိုင်းလို ပုဆိုးနဲ့ ညှပ်ဖိနပ် ယူဦးမှာလား"

"ယူမှာပေါ့ကွ၊ မြန်မာအိမ်မှာ မြန်မာအစားအစာကို မြန်မာလို ဝတ်ပြီးစားချမှ ပိုပြီးအရသာရှိတာ"

စည်သူလင်းက မောင်ဝင်းနောင်၏အခန်းထဲ လိုက်သွားပြီး ဘောင်းဘီချွတ် ပုဆိုးဝတ်၍ ခြေညှပ်ဖိနပ်စီးကာ ပြန်ထွက်လာသည်။

"ဟယ်—လင်းက မြန်မာလိုဝတ်လိုက်တော့ သိပ်ကြည့်လို့ကောင်းတာပဲ။ ဒီမှာ မြန်မာအမျိုးသမီးတွေ ထဘီဝတ်တာ ခဏခဏတွေ့ဖူးတယ်။ မြန်မာအမျိုးသားတွေပုဆိုးဝတ်တာတော့ ကျွန်မ ဒီနေ့မှ တွေ့ဖူးတာ။ မြန်မာပြည်မှာ ယောကျ်ားတွေ ဒီလိုပုဆိုးပဲ ဝတ်ကြသလားဟင်"

စည်သူလင်းက ဒိုရာအနီးမှ ကုလားထိုင်တွင်ဝင်ထိုင်လိုက်သည်။

"အိမ်နေရင်းတော့ ယောကျ်ားရော၊ မိန်းမရော ပုဆိုးနဲ့ ထဘီပဲ ဝတ်ကြတာပဲဒိုရာ။ အပြင်မှာတော့ တချို့ယောကျ်ားတွေ ဘောင်းဘီဝတ်ကြတယ်။ အလုပ်ရုံဌာနဆိုင်ရာ ယူနီဖောင်းတွေကလဲ ဘောင်းဘီနဲ့သတ်မှတ်ထားကြတာကိုး။ မိန်းကလေးတွေကတော့ ကလေးတွေနဲ့ ဆယ်ကျော်သက်တွေလောက်ပဲ စကတ်နဲ့ဘောင်းဘီရှည် ဝတ်တတ်ပါတယ်။ ဌာနဆိုင်ရာယူနီဖောင်းတွေကလဲ အမျိုးသမီးတွေအတွက် ထဘီနဲ့ယူနီဖောင်းပဲ သတ်မှတ်ထားပါတယ်"

ဦးတင်လတ်က ရင်းနှီးသူပီပီ ဝင်၍ဆွေးနွေးသည်။

"အဲဒါအတွက် ကျွန်တော်တို့မြန်မာအမျိုးသမီးတွေကို ချီးကျူးရမယ်ဗျ။ အခုဆိုယင် အရှေ့တောင်အာရှမှာ အမျိုးသမီးတွေအားလုံး



စကတ်နဲ့ဘောင်းဘီနဲ့ဖြစ်ကုန်ကြပြီ။ ရိုးရာဝတ်စုံဝတ်တဲ့ လူမျိုးဆိုလို့ ကျွန်တော်တို့မြန်မာအမျိုးသမီးတွေပဲရှိတော့တယ်။ အမျိုးသားတွေ ဘောင်းဘီဝတ်ကြတယ်ဆိုပေမယ့် ပုဆိုးဝတ်တဲ့လူဦးရေကို မကျော်သေးပါဘူး"

"ဟုတ်တယ်နော်ကိုလတ်၊ လန်ဒန်မှာလဲ လူမျိုးပေါင်းစုံရှိတယ် ဆိုပေမယ့် မိန်းမဟူသရွေ့ အားလုံးစကတ်နဲ့ဘောင်းဘီဝတ်တွေချည်းပဲ။ ရိုးရာဝတ်စုံဆိုလို့ ကျွန်တော်တို့ မြန်မာထဘီနဲ့ ဆာရီဝတ်တာချို့ပဲ တွေ့ကြရတော့တယ်"

စကားဝိုင်းသည် ပို၍စိုပြည်လာသည်။ ဦးသက်တင်က ပါဝင်ဆွေးနွေးသည်။

"ပြည်သူလူထုသာမဟုတ်ဘူးဗျ။ အစိုးရအဖွဲ့ကိုလဲ ကြည့်ကြဦး၊ ကမ္ဘာ့ပေါ်မှာ ရိုးရာဝတ်စုံနဲ့ လွှတ်တော်တက်တဲ့ အစိုးရအဖွဲ့အစည်းကို လက်ချိုးရေတွက်ယင် လက်ဆယ်ချောင်းတောင် ပြည့်မယ်မထင်ဘူး။ ဒီအထဲမှာ မြန်မာပါတယ်နော်။ အစိုးရအဖွဲ့ဝင်တွေကိုယ်တိုင်က ကိုယ့်ရိုးရာဝတ်စုံကိုစွန့်လွှတ်ကြယင် ပြည်သူတွေကလဲ စကတ်တွေ၊ ဘောင်းဘီတွေ ဝတ်ကြတာမဆန်းပါဘူး"

"ဦးသက်တင်ပြောတာမှန်တယ်ဗျ။ ပုဆိုး၊ တိုက်ပုံ ခေါင်းပေါင်းနဲ့ ပြည်သူ့လွှတ်တော်တက်နေတဲ့ ကိုယ်စားလှယ်ကြီးတွေရဲ့ ပုံကို သတင်းစာထဲမှာမြင်ရတော့ ကျက်သရေရှိလိုက်တာဗျာ....။ တကယ်တော့ ပုဆိုးတို့၊ထဘီတို့ဆိုတာ ဝတ်ရတာသက်သာချောင်ချိရုံမကဘူး။ ပိတ်ဖိုးရော ချုပ်ခပါသိပ်သက်သာတာဗျ။ ဒီမှာလဲ မတတ်သာလို့သာ ဘောင်းဘီဝတ်နေရတာ ကိုယ့်အခန်းကိုယ်ပြန်ရောက်ယင် ပုဆိုးကောက်လဲရတာပဲ"

"ထဘီနဲ့ ပုဆိုးကို စွဲစွဲမြဲမြဲဝတ်နေကြတာဟာလဲ မြန်မာတွေရဲ့ ကမ္ဘာ့ပေါ်မှာ ဂုဏ်ယူစရာအချက်တစ်ချက်ပဲပေါ့နော်"

သူများပြောသမျှ နားထောင်နေသည့်ဒိုရာက ဝင်၍မှတ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ—ဦးဦးစည်သူ ထမင်းလွတ်သာစားပေတော့၊ နံနက်စာထမင်း မချက်ဘူးဗျ"

မောင်ဝင်းအောင်က မုန့်ဟင်းခါးဖတ်များယူလာ၍ စားပွဲပေါ်သို့ ချလိုက်ပြီး....

ကိုမြဝင်း ယူလာသည့် မုန့်ဟင်းခါး ဟင်းရည် ပန်းကန်ကိုကြည့်ပြီး စည်သူလင်းအံ့အားသင့်သွားသည်။

"အား—ငှက်ပျောအူဖတ်နဲ့ ငါးဖယ် ဆုပ်တွေ ပါလား။ ဒါတွေ ဘယ်ကရတာလဲမမမြ"

မမမြက အကြော်နှင့်ကြက်ဥပြုတ်ပန်းကန်များကို စားပွဲပေါ် ချလိုက်ပြီး....

"ရန်ကုန်က လူကြုံနဲ့ပို့လိုက်တာလေ၊ ဒါတင်ဘယ်ကမလဲ။ ဒီမှာ ရှားတဲ့ ပုစွန်တုပ်၊ ပုန်းရည်ကြီး၊ ချဉ်ပေါင်ရွက်၊ ဒညင်းသီး၊ တမာ ချဉ်၊ ငါး ငါးပိတွေတောင်မှ ပလတ်စတစ်နဲ့လုံအောင်ထုပ်ပြီး ယူလာ သေးတယ်။ ညစာစားပြီးမှပြန်ကြပါလား။ ပုစွန်တုပ်ဆီပြန်၊ ငါးခေါင်း ချဉ်ရေ၊ ငါးပိရည်၊ ဒညင်းသီး၊ တမာချဉ်အတို့နဲ့ ပဲကြီးနှပ်ဆီပြန်"

"ဒီနေ့ကတော့ မြန်မာပြည်ကို တိုက်ရိုက်ကြီး ပြန်ရောက်တာပဲ မမမြရယ်"

စည်သူလင်းက မမမြနှင့် စကားဖောင်ဖွဲ့နေသည်။ ဦးတင်လတ်နှင့် ဦးသက်တင်တို့က စကားမပြောသေးဘဲ ရိုးရာဝတ်စုံ၊ ဆာရီ၊ ကီမိုနို တို့ကို ဆက်ဆွေးနွေးနေကြသည်။ ဒိုရာက မုန့်ပန်းကန်များကိုကြည့် ပြီး ဘယ်လိုစားရမည်ကို လေ့လာနေသည်။ မမမြက ဒိုရာ၏အခက် အခဲကို သဘောပေါက်သွား၏။

"ညီမလေးစားလေ။ အင်္ဂလိပ်လိုဇွန်းသောက်ပြီးမှ မုန့်ဖတ်ကို စားရတာမဟုတ်ဘူး။ မုန့်ဖတ်ထဲမှာ ဟင်းရည်ရောထည့်ပြီး မွှေစား ရတယ်။ မမလုပ်ပေးမယ်နော်"

"နေပါစေမမမြ ကျွန်တော်ပြင်ပေးလိုက်ပါမယ်"

စည်သူလင်းက ဒိုရာ၏မုန့်ဖတ်ပန်းကန်ထဲသို့ ဟင်းရည်ထည့်ပြီး မွှေပေးသည်။ ပြီးမှ ပဲကပ်ကြော်ကိုချေ၊ ကြက်ဥပြုတ်စိတ်ကလေး များ ထည့်ပေးသည်။



"ကိုယ်တို့လို နံနံပင်တို့၊ ရှောက်သီးမှုန့်တို့မထည့်တော့ဘူး။ ဒိုရာ မကြိုက်ယင် ဒီငှက်ပျောအူဖတ်တွေကိုပါ ဖယ်ပစ်လိုက်နော်"

"မဖယ်ပါဘူးလင်းရယ်။ ကျွန်မကြိုက်မှာပါ။ ကျွန်မ မြန်မာ အစားအစာကို မြန်မာကြိုက်တဲ့အတိုင်း စားတတ်အောင်စားပါ့မယ်"

ဒိုရာက စည်သူလင်းကို နံနံပင်နှင့်ရှောက်သီးမှုန့်ပါထည့်ပြီး စား ကြည့်သည်။ ပြီးမှ စပ်၍မျက်ရည်များကျလာသည်။ စည်သူလင်း က ဟင်းရည်နှင့်မုန့်ဖတ်ကိုထပ်ထည့်ကာ မွှေပေးပြီးမှ စားနိုင်သည်။

"စားနော်ဦးဦးစည်သူ။ မမမြလက်ရာဆိုပေမယ့် ကျွန်တော့် လုပ်အားလဲပါတယ်ဗျ။ မကုန်ယင် ပြန်လျော်ပေးရမှာ"

မောင်ဝင်းအောင်သည် တစ်ဦးတည်းသောသား လူပျိုပေါက်လေး ဖြစ်သော်လည်း သိမ်မွေ့ယဉ်ကျေးသည်။ ကျောင်းအားချိန်တွင် ပုဆိုးတိုတိုဝတ်ပြီး မီးဖိုထဲဝင်ကာ အမေ့ကိုကူညီတတ်သူဖြစ်သည်။ မောင်ဝင်းအောင်ကိုပြုပြီး မြန်မာပြည်မှ လမ်းသူရဲဗိုလ်ရှူးလေးများကို ဆိုးမသင့်သည်ဟု စည်သူလင်းစိတ်ကူးမိခဲ့ဖူးသည်။

"စားပါတယ်ကွ။ နောက်ထပ်တစ်လလောက် မြန်မာမုန့်ဟင်းခါး ကို မလွမ်းရအောင်စားပစ်လိုက်မယ်"

"ဟုတ်တယ်မမမြ၊ ဒီလက်ရာမျိုး ရန်ကုန်မှာတောင်ရှားပါတယ်။ ဘကယ်ပါ။ ဒိုရာရောကြိုက်ရဲ့လား"

ဦးတင်လတ်ကပါ မမမြလက်ရာကိုချီးကျူးပြီး ဒိုရာ၏ထင်မြင်ချက် ကိုတောင်းသည်။

"ကျွန်မသိပ်ကြိုက်ပါတယ်။ ကျွန်မကိုယ်တိုင်လဲ ဒီလိုချက်တတ် အောင် မမမြဆီမှာသင်သွားချင်ပါတယ်"

"လန်ဒန်မုန့်ဟင်းခါးကတော့ ချက်ရတာလွယ်ပါတယ်။ အစီ အစဉ်နဲ့ အစပ်အဟပ်တော့ တည့်ဖို့လိုတယ်ညီမရဲ့။ စားပြီးတော့ မမပြောပြပါမယ်"

သည်နေ့စားသောက်ပွဲတွင် စည်သူလင်းက သုံးပန်းကန်၊ ဒိုရာက နှစ်ပန်းကန်စားနိုင်ကြသည်။ ဒိုရာက မုန့်ဟင်းခါးချက်နည်းသင်တန်း တက်ရာတွင် မမမြပြောသမျှကို နားထောင်ရုံသာမက စာဖြင့်ရေးသည်း



www.burmeseclassic.com

www.burmeseclassic.com

ခရေးမှတ်နေသည်။ သည့်အပြင် မြန်မာမီးဖိုချောင်ထဲမှာ လက်ကွေ့ လေ့လာပါရစေဟုလည်းတောင်းဆို၍ မမြကာ မီးဖိုထဲခေါ်သွားရ၏။

"အခု ဒီရာကိုခေါ်လာတာ မုန့်ဟင်းခါးလေ့လာရေး အစီအစဉ် အတွက်သာမဟုတ်ဘူး ကိုကြီးအောင်၊ သူ့အတွက် မေးမြန်းစုံစမ်းစရာ လေးတွေရယ်၊ လိုအပ်တဲ့အကူအညီ တောင်းချင်တာလေးတွေရှိလို့ ခေါ်လာတာပါ"

"လာလေ ညနေခင်းထဲသွားကြရအောင်"

"ကဲ ကိုလက်လဲလိုက်ခဲ့ဗျာ"

သူတို့သုံးဦး ညနေခင်းထဲဝင်သွားကြသည်။ ဦးသက်တင်နှင့် ကိုမြ င်းတို့လည်း ကိစ္စသားများကိုနုတ်ဆက်ပြီး ပြန်သွားကြ၏။

× × × ×

"... ...ဖြစ်နိုင်ယင်တော့၊ သူနည်းသူဟန်နဲ့ မြန်မာပြည်ကို ပြန်လို့ရ အောင် ကူညီချင်ပါတယ်ဗျာ။ ဟိုရောက်ယင် သူ့အဘွားအိမ်ပို့လိုက် ပြီး သူလဲ မြန်မာပြည်မှာနေသွားကျ၊ ကျွန်တော်တို့အချင်းချင်းလဲ နားလည်မှုရတော့ နှစ်ဘက်လူကြီးတွေရဲ့ သဘောတူညီချက်ယူပြီးမှ လက်ထပ်ချင်ပါတယ်။ ဒီတော့ ကိုကြီးအောင်အနေနဲ့ ဒိုရာမြန်မာပြည် ကို ဝင်လို့ရအောင် ဘယ်လိုများ ကူညီနိုင်မလဲလို့ပါ"

ညနေခင်းထဲရှိ နှစ်ယောက်ထိုင်ကုလားထိုင်ပေါ်တွင်ဦးအောင်ကြည် နှင့် ဦးတင်လတ်တို့ ထိုင်နေကြသည်။ စည်သူလင်းက သူတို့ရှေ့မှာ ခပ်ယို့ယို့ကလေးထိုင်လျက် နူတ်ခြေသာမေးပွဲ ဖြေနေသည့် ကျောင်း သားလေးတစ်ယောက်ပမာနှယ်။

"ခင်ဗျားမလာခင်ကတည်းက ကိုတင်လတ်ပြောပြလို့ သိပြီးပါပြီ။ ဒီမိန်းကလေးကတော့ သူပြောသလိုပဲ သူနည်းသူဟန်နဲ့ မြန်မာပြည်ဝင် လို့ မရနိုင်တော့ပါဘူး။ ကျွန်တော်လဲ ဘယ်လိုမှ ကူညီနိုင်မှာ မဟုတ်



ဘူး ကိုစည်သူ၊ ခင်ဗျား ဒီအစီအစဉ်ကိုတော့ လက်လျှော့လိုက်ပေ တော့"

ရှေ့ဘိုသား လူရိုးလူဖြောင့် ဦးအောင်ကြည်သည် စကားပြောလျှင် ပွင့်လင်းသလောက် တိကျပြတ်သားသည်။

"ဒီလိုဆို ကျွန်တော်က လက်ထပ်ပြီးခေါ်သွားယင် ရတယ်ဆိုတာ ရော ဗျာ"

"နိုင်ငံခြားသူကိုလက်ထပ်ပြီး မြန်မာပြည်ကို ခေါ်ကြတဲ့သူတွေ အများကြီး ရှိပါတယ်။ ခင်ဗျားလဲခေါ်ချင်ယင်ရပါတယ်။ ဒါက အလုပ်သဘောပြောတာနော်။ ညီလိုအစ်ကိုလိုပြောရယင်တော့၊ ခင် ဗျားက သူ့ကိုတကယ်ပဲ လက်ထပ်ဖို့ဆုံးဖြတ်ပြီးပြီလားဆိုတာ အလျင် မေးပါရစေ"

စည်သူလင်းက ချက်ချင်းမဖြေသေးဘဲ တွေဝေ စဉ်းစားနေပြီးမှ သက်ပြင်းချ၏။

"ဟင်း.... ခိုင် ခိုင် မာ မာ တော့ ဆုံးဖြတ်ချက်မချရသေးပါဘူး ကိုကြီးအောင်ရယ်။ သူ့ကိုခေါ်သွားဖို့နည်းက ဒီတစ်နည်းသာရှိတော့ တယ်ဆိုယင်လဲ ဒီနည်းကိုပဲ ကျင့်သုံးရတော့မလို ဖြစ်နေပြီဗျာ"

သည့်တွင်မှ တစ်ချိန်လုံးငြိမ်သက်နေသော ဦးတင်လတ်က ခေါင်း ထောင်လာသည်။

"ကျွန်တော်တစ်ခုမေးမယ် ကိုစည်သူ။ ခင်ဗျားသူ့ကိုလက်ထပ်ပြီး ခေါ်သွားမယ်ဆိုတာ မြန်မာပြည်ထဲ ဝင်ချင်တဲ့သူတစ်ယောက်ကို ကူ ညီတဲ့အနေနဲ့ လက်ထပ်ပြီး ခေါ်မှာလား။ ဒါမှမဟုတ် နိုင်ငံခြားသူ တစ်ယောက်ကို ချစ်မိသွားက မခွဲနိုင်မခွာရက်လို့ လက်ထပ်ပြီးခေါ်သွား မှာလား။ ဒီမေးခွန်းနှစ်ခုဟာ အဓိပ္ပာယ် မတူဘူးနော်။ သေချာ စဉ်းစားပြီးမှဖြေပါ"

စည်သူလင်းလည်း ခေါင်းမော့လိုက်ပါ၏။

"သိပ်ကောင်းတဲ့မေးခွန်းပါပဲ ကိုလတ်။ ဒီမေးခွန်းကို ကျွန်တော် ကိုယ်တိုင်လဲ မေးပြီးခဲ့ပြီးပါပြီ။ ကျွန်တော်လေးလေးစားစား ဖြေပါ့ မယ်။ ဒိုရာကို ကိုလတ်နဲ့အတူတူ မတော်တဆ တွေ့ခဲ့ကြတာနော်။



www.burmeseclassic.com

www.burmeseclassic.com

ဒီနောက်ပိုင်း ကျွန်တော်နဲ့ပိုပြီး ရင်းနှီးသွားတော့ သူ့ကို ကျွန်တော် အထင်ကြီးလာတယ်။ ဒီထက်ပိုပြီးကျွန်တော့်အားနည်းချက်ကို ကိုင်လှုပ်နိုင်တာက ကျွန်တော့်အရင်မိန်းမမှာမရှိတဲ့၊ မြန်မာဆန်တဲ့ စရိုက်လက္ခဏာလေးတွေ၊ မြန်မာကိုချစ်တဲ့ စိတ်ကလေးတွေ သူ့မှာရှိနေတယ်။ သူ့ရဲ့ဘဝကိုသိရပြန်တော့လဲ ကရုဏာသက်ပြီး သံယောဇဉ်ဖြစ်မိတယ်ပေါ့ဗျာ....''

စကားကောင်းနေစဉ် ဧည့်ခန်းထဲသို့ မောင်ဝင်းအောင် ဝင်လာသည်။ သူ့လက်ထဲတွင် ရေနွေးကြမ်းပန်းကန်ကရားနှင့် လက်ဖက်သုပ်ပန်းကန်ပါသော လင်ဗန်းတစ်ချပ် ယူလာ၏။ စားပွဲပေါ်တွင် လင်ဗန်းကို ချပြီး လူကြီးများ၏ မျက်နှာရိပ်မျက်နှာကဲကိုကြည့်ကာ အလိုက်သိသွဲ့ဖြင့် ပြန်ထွက်သွား၏။

“ကျွန်တော်ဟာ ဒိုရာနဲ့တွေ့ပြီး ရသေ့စိတ်ဖြေ မိန်းမပေ့နေတာ မဟုတ်ဘူးကိုလတ်။ ဒီလိုပြောလို့ သူ့ကိုစွဲစွဲလန်းလန်းချစ်မိလို့ ကိုယ့်တိုင်းပြည်ထဲ မဖြစ်ဖြစ်တဲ့နည်းနဲ့ ခေါ်ယူလာတာလို့လဲ မထင်စေချင်ပါဘူး။ ကျွန်တော်ဟာ မိန်းမတစ်ယောက်အတွက် ကိုယ့်တိုင်းပြည်ကို စွန့်လွှတ်နိုင်တဲ့စိတ်မျိုး မရှိသလို၊ ကိုယ်ချစ်မိတဲ့ နိုင်ငံခြားသူတစ်ယောက်ကို လွယ်လွယ်နဲ့ ခေါ်သွင်းချင်တဲ့စိတ်မျိုးလဲ မရှိပါဘူး။ ကိုယ့်တိုင်းပြည်အပေါ်မှာ ဒီနည်းနဲ့သစ္စာရှိပါတယ်ဆိုတာတော့ ကိုလတ်ရော ကိုကြီးအောင်ရော ယုံကြည်စေချင်ပါတယ်''

လက်ဖက်သုပ်ပန်းကန် ရှေ့ရောက်လာကတည်းက ဦးတင်လတ်က ဟန်မဆောင်နိုင်တော့ဘဲ ပထမဦးဆုံး တစ်ဇွန်းစားသည်။ စည်သူလင်းက ရေနွေးကြမ်းပန်းကန်လုံးများထဲသို့ ရေနွေးကြမ်းများ ဖြည့်ပေးသည်။

“ကျွန်တော်နဲ့ဒိုရာ ခုချိန်အထိ သမီးရည်းစားဘဝကို မည်မည်ရရ မရောက်ကြသေးပါဘူး။ လက်ထပ်ပြီး ခေါ်သွားမယ်လို့လဲ သူ့ကို ကတိမပေးရသေးပါဘူး။ နှစ်နှစ်ကာကာချစ်ပြီး ဘဝတစ်လျှောက်လုံး လက်တွဲလို့ရမယ့် အိမ်ရှင်မတစ်ယောက်ဖြစ်လာမယ်လို့ ယုံကြည်မှလက်ထပ်မှာပါ။ တစ်ခါသေဖူးလို့ ပျဉ်ဖိုးနားလည်ခဲ့ပါပြီ ကိုလတ်ရယ်။ တကယ်



မချစ်နိုင်မပေါင်းနိုင်ဘဲနဲ့တော့ လက်ထပ်ပြီး မကူညီနိုင်ပါဘူးဗျာ။ လက်ထပ်စာချုပ်ပြုပြီး မိန်းမတစ်ယောက်ကို မောင်ခိုသွင်းသလိုဖြစ်မှာပေါ့။ ကျွန်တော်ဟာ အိမ်ထောင်တစ်ခုကို ဘယ်လောက် ရည်မှန်းချက်ကြီးကြီး ထားတတ်တယ်ဆိုတာ ကိုလတ်လဲ သိသင့်သလောက်သိပါတယ်နော်....''

စည်သူလင်း ရေနွေးကြမ်းပန်းကန်ကို ကောက်ယူ၍ သောက်နေစဉ် ဦးတင်လတ်ကောက ကြားဝင်ဖြတ်လာသည်။

“ဒါကြောင့်မို့ ကျွန်တော်ကပြောတာပေါ့ဗျ။ မြန်မာပြည်မှာတောင် မြန်မာမနဲ့ ခင်ဗျားလိုချင်တဲ့ အိမ်ထောင်ပုံစံမရနိုင်ယင် လန်ဒန်သူကပြားမကိုယူတော့ကော ခင်ဗျားလိုချင်တဲ့ ပုံစံရနိုင်ပါ့မလား။ ခေါ်သွားပြီးဟိုရောက်မှ အဆင်မပြေလို့ကွဲကြရယင် ခင်ဗျားလဲ အိမ်ထောင်နှစ်ဆက်ပျက်ပြီး မကောင်းတော့ဘူး။ သူ့လဲဘဝပျက်ရပြီ၊ တိုင်းပြည်လဲနစ်နာတယ်ဗျာ၊ ကျွန်တော်ကစေတနာနဲ့ ပြောတာနော်''

“ကိုလတ်ရဲ့စေတနာကို ကျွန်တော်နားလည်ပါတယ်ဗျာ။ အသွင်သဏ္ဌာန်အရပြောရယင် ကိုလတ်ပြောတာမှန်ပါတယ်။ ဟန်နီကမြန်မာ စစ်စစ်ဖြစ်ပေမယ့် အနောက်တိုင်းစာပေနဲ့ အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီးလေးစားတဲ့သူ၊ မြန်မာပြည်မှာလူဖြစ်ရတာကို လူဖြစ်ရှုံးတယ်လို့ ခံယူထားတဲ့သူ။ နိုင်ငံခြားသွားဖို့ဆိုတာ သူ့ဘဝရဲ့ တစ်ခုတည်းသော ရည်မှန်းချက်။ ဒိုရာကတော့ လန်ဒန်သူကပြားမဆိုတာ မှန်ပါတယ်။ ဒါပေမယ့် သူ့အဖေရဲ့ မြန်မာဆန်ဆန် ဗုဒ္ဓဘာသာနည်းလမ်းအတိုင်း ဆိုဆုံးမမှုအောက်မှာ ကြီးပြင်းခဲ့ရတဲ့သူ။ ဒီတိုင်းပြည်မှာ လူဖြစ်ရတာဟာ သူ့ဘဝရဲ့ ဝဋ်ကြွေး ပြစ်ဒဏ်ခံနေရတာ။ မြန်မာပြည်ဝင်ခွင့်ရခြင်းဟာ ဘဝရဲ့ဆုလာဘ်တစ်ပါးလို့ ခံယူထားတဲ့သူ။ ဘဝပေးအခြေအနေနဲ့ ခံယူချက်ချင်း ပြောင့်ဖြောင့်ကြီး ဆန့်ကျင်ခြားနားပါတယ် ကိုလတ်ရယ်''

“ဒိုရာက မြန်မာပြည်ကို အထင်ကြီးနေမှာပေါ့။ သူ့အဖေနဲ့ခင်ဗျားက အထင်ကြီးစရာတွေချည်း ပြောထားတာကိုး။ ဘယ်အရာမဆို အဆိုးနဲ့ အကောင်းဟာ ဒွန်တွဲနေတာချည်းပဲဗျ။ အကောင်းဘက်ကချည်း



www.burmeseclassic.com

www.burmeseclassic.com

သိမြင်ခဲ့ရလို့ အထင်တကြီးလိုက်လာခဲ့ပြီး မမျှော်လင့် မထင်မှတ်ခဲ့ရတဲ့ အဆင်မပြေမှုတွေ ကြုံတွေ့ရတော့ အဆိုးမြင်ယင် ခင်ဗျားကိုရှေ တိုင်းပြည်ကိုပါ ရေရေလည်လည် အပြစ်တင်လိမ့်မယ်နော်"

စည်သူလင်းက ဦးတင်လတ်ပြောနေစဉ်အတွင်း လက်ဖက်သုပ် နှစ်ဇွန်းစားထားနှင့်သည်။

"ဒါတွေကို ကျွန်တော်တွေးမိလို့လဲ ဟိုက်ပတ်ပန်းခြံမှာတွေ့တဲ့ ညနေတုန်းက ပြောခဲ့ပါတယ်။ ရန်ကုန်ကို ကျွန်တော်နဲ့လိုက်မယ်ဆိုယင် စိတ်ကူးယဉ်ဆန်ဆန် ဆုံးဖြတ်လို့မရဘူး။ ကမ္ဘာလှည့်ခရီးသည် တစ်ယောက်လို လေ့လာရေးခရီးထွက်တာမဟုတ်ဘဲ ဘဝတစ်ခုလုံးကိုအရင်းပြုပြီး တစ်သက်စာအတွက် ဆုံးဖြတ်ရမှာဆိုတာ သတိပေးခဲ့ပါတယ်"

"ဒီလောက်နဲ့တင် ဘယ်ပြီးမလဲ၊ ကျွန်တော်တို့နိုင်ငံဟာ ဒီနိုင်ငံလောက် မဖွံ့ဖြိုးသေးတာ။ လူနေမှုအဆင့်အတန်း နိမ့်ကျတာတွေပါ ခင်ဗျားပြောထားသင့်တာပေါ့"

"ပြောပါတယ်ကိုလတ်ရယ်။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံမို့ လူနေမှုစနစ်နိမ့်ကျတာတွေ၊ ကိုလိုနီစနစ်အောက်မှာ နှစ်ပေါင်းတစ်ရာကျော်နေခဲ့ရလို့ အသိပညာရော လူမှုရေးဖွံ့ဖြိုးမှုမှာ ခေတ်နောက်ကျရတာတွေ၊ ဒုတိယကမ္ဘာစစ်နဲ့ ပြည်တွင်းစစ်ဒဏ် ခံခဲ့ရတာတွေအပြင် အခု ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးဦးတည်ချက်တွေ၊ နှစ်တို နှစ်ရှည်စီမံကိန်းတွေ။ ဒီစီမံကိန်းတွေ တည်ဆောက်ဆဲကာလမှာ ကြုံးခြုံခွေ့တာ၊ ရှားပါးရတာတွေပါ ပြောပြလိုက်ပါတယ်ဗျာ"

"အမယ်၊ ခင်ဗျားက နိုင်ငံရေးတရားတွေ ဟောလိုက်သေးတယ်ပေါ့လေ...."

ရင်းနှီးသူပီပီ ဦးတင်လတ်က အရွှမ်းဖောက်၍ သရော်တော်တော်ပြောသည်။

"ကိုလတ်က ကျွန်တော့်ကို ဆရာဝန်ဆိုပြီး ဝိဇ္ဇာပညာရပ်မှာ အထင်မသေးပါနဲ့ဗျ။ အခုပြောခဲ့တာတွေအားလုံးကျွန်တော် ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားပြီးသားတွေချည်းပဲ"



"ထားပါလေ၊ ခင်ဗျားက ဒီလိုစည်းရုံးလိုက်တော့ သူက ချက်ချင်းခေါင်းညိတ်တာပဲလား"

"မဟုတ်သေးဘူးကိုလတ်၊ ကျွန်တော်စည်းရုံးတာ မဟုတ်ဘူး။ အကောင်းနဲ့အဆိုး ယှဉ်တွဲပြီး မြင်တတ်အောင် ပြောပြတာပါ။ ကျွန်တော်ဘယ်အသိပြောသလဲဆိုယင် ကျွန်တော်တို့ဆီက အမိုက်ပုံတွေ၊ မြောင်းပုပ်တွေ၊ ကြွက်တို့၊ ခြင်တို့၊ ယင်တို့တောင် မချန်ဘူး။ ဒါ့အပြင် ကျွန်တော်မြန်မာပြည်ရောက်ယင် ရန်ကုန်မှာ နေရမှာမဟုတ်ဘူး။ ပြည်နယ်ဆေးရုံကို ပြောင်းရမှာ။ အဲဒီရောက်ယင် လျှပ်စစ်မီး အချိန်ပြည့်မရတာတို့၊ ရေလောင်းအိမ်သာမရှိတာတို့ ကြုံချင်ကြုံရမယ်လို့တောင် ပြောသေးတယ်။ ဒီတော့ သူက ဘာပြန်ပြောတယ် မှတ်သလဲ"

စည်သူလင်းက သူတို့နှစ်ယောက်မျက်နှာကိုလှမ်းကြည့်လိုက်သည်။ စိတ်ဝင်စားခြင်းဖြင့် ငြိမ်သက်စွာ နားစွင့်နေသည်ကိုမြင်မှ စကားဆက်၏။

"ကိုယ့်မိဘက ဆင်းရဲလို့၊ ကိုယ့်အိမ်ကမသန့်ရှင်းလို့၊ သူများအိမ်မှာပဲ နေရမယ်ဆိုယင် ဘယ်မှန်ပါ့မလဲတဲ့။ ကိုယ့်မိသားစု ချမ်းသာအောင် ကိုယ့်အိမ်သန့်ရှင်းအောင် ကိုယ်ကိုယ်တိုင်အိမ်ပြန်ပြီး ကူညီလုပ်ကိုင်ပေးမှ ဖြစ်မှာပေါ့တဲ့။ သူတို့က အရင်းရှင်စနစ်ရဲ့ လက်အောက်မှာ ကြီးပြင်းခဲ့ရသူတွေဆိုတော့ ကျွန်တော်ပြောတာတွေကို ကျွန်တော်တို့ဆီက လူတွေထက်တောင် သဘောပေါက်လွယ်သေးတယ်"

"ထားပါတော့လေ၊ ခင်ဗျားသူ့ကိုယူပြီး ရန်ကုန်ခေါ်သွားယင်တော့ ရန်ကုန်ကလူတွေ ဝိုင်းပြီးနှာခေါင်းရှုံ့ ကြလိမ့်မယ်။ ကိုယ့်မိန်းမနဲ့နိုင်ငံခြားသွားဖို့ပြောတုန်းကတော့ ခါးခါးသီးသီးငြင်းဆန်လို့ ကဲ့ကြရပြီး အခုတော့ နိုင်ငံခြားသွားပြီး အင်္ဂလိပ်မယူပြီး ပြန်လာတယ်လို့"

"ပြောကြပါစေဗျာ။ ကဲ့ရဲ့ခုနစ်ရက်၊ ချီးမွမ်းခုနစ်ရက်ပေါ့။ နိုင်ငံခြားသွားတဲ့ ပိုင်ချင်းမတူပါဘူး။ ကျွန်တော့်အတွက်တော့ ဒါပြဿနာမဟုတ်ဘူးလို့ ယူဆတယ်ခလ"



www.burmeseclassic.com

www.burmeseclassic.com

ဦးတင်လတ်နှင့် စည်သူလင်းတို့၏ အခြေအတင် စကားများကို ဦးအောင်ကြည်က ငြိမ်းငွေ့လာဟန်တူသည်။

"အေးလေ။ ကိုစည်သူဘက်က အလေးအနက်စဉ်းစားပြီး လက်ထပ်ဖို့ဆုံးဖြတ်ပြီးယင် ကျွန်တော့်ကို အမြန်ဆုံး အသိပေးပေါ့။ ကလေးတွေမှ မဟုတ်တော့ဘဲ။ ဒီလောက် ပြောနေစရာမလိုတော့ပါဘူး။ ဒိုရာအတွက် မြန်မာပြည် ဝင်ခွင့်ဗီဇာရအောင် ကျွန်တော် ကူညီပါမယ်။ ခင်ဗျားပြန်ဖို့ ဘယ်လောက်ကျန်သေးလဲ"

စည်သူလင်းက လေ့လာရေးကာလ တစ်နှစ်ရသည်။ ယခုလန်ဒန်တွင် ရှစ်လနေခဲ့ပြီးပြီဆိုတော့ စိတ်တွက်နှင့်တွက်ပြီး ဖြေသည်။

"နောက်ထပ်လေးလလောက် ကျန်ပါသေးတယ်"

"ဒီလိုဆိုယင် အချိန်ရပါသေးတယ်။ လန်ဒန်ကကိစ္စတွေ အမြန်ဆုံးပြီးစီးအောင် ကျွန်တော် ကူညီပေးသလို ရန်ကုန်ကကိစ္စတွေ အမြန်ဆုံးပြန်ကျလာအောင် လိုက်လုပ်ပေးမယ့်သူတစ်ယောက်လဲ လိုလိမ့်မယ်။ ဒါမှ ခင်ဗျားမပြန်ခင် ဗီဇာရပြီး ခင်ဗျားနဲ့အတူတူ လိုက်သွားနိုင်မှာ"

"ကျန်းမာရေးဦးစီးဌာနမှာ ကျွန်တော့် သူငယ်ချင်း ဒေါက်တာစိုးညွန့်ဆိုတာရှိတယ်။ သူကဝန်ကြီးဌာနတွေနဲ့ အဆက်အသွယ်ရှိပြီး အပေါင်းအသင်းလဲဆန့်ပါတယ်။ ဒီကိစ္စအတွက် ရန်ကုန်ကနေပြီး သူကူညီနိုင်ပါလိမ့်မယ်။ ကျွန်တော်တို့ဆွေးနွေးလို့လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီးချင်း ကိုကြီးအောင်ကို အသိပေးပါမယ်။ ကိုကြီးအောင် စီစဉ်ညွှန်ကြားသလို နာခံပါမယ်။ ခုလို ကျွန်တော့်အပေါ်မှာ စေတနာအပြည့်နဲ့ သွန်သင်လမ်းပြတာတွေ၊ ဆုံးမသတိပေးတာတွေကို အများကြီး ကျေးဇူးတင်ပါတယ်ဗျာ"

"ဩော်....ဒီမှာလဲ တစ်ဝိုင်းပါလား။ ကျွန်မတို့လဲ မီးဖိုထဲမှာ အပြန်အလှန် လေ့လာရေးလုပ်နေကြတာပဲ ကိုစည်သူရေ။ ရှာလဲရှာတတ်တယ်ရှင်။ ဒီလို မိန်းကလေးမျိုး မြန်မာပြည်မှာတောင် ရှားမှာပါ"



ဒေါ်မြမြက ဧည့်ခန်းထဲဝင်လာပြီး အဆက်အစပ်မရှိသော စကားကိုဆို၏။

"ဘယ်လို အပြန်အလှန်လေ့လာရေးလဲ မမြရဲ့"

"ဒိုရာက မြန်မာမိသားစု မီးဖိုချောင်ကို လေ့လာတာတဲ့၊ မီးဖိုထဲမှာလဲ မေးလိုက်မြန်းလိုက်တာ စုံလို့ပဲ။ ကျွန်မလဲ သူ့ကိုပြန်ပြီးလေ့လာအကဲခတ်ရတာပေါ့။ ကျွန်မ ငရုတ်သီးထောင်းနေတာကို ကိုယ်တိုင်ထောင်းကြည့်ချင်တယ်ဆိုလို့ တစ်ဆုံပေးထောင်းကြည့်တာ တကယ့်ကိုအစေ့ပါ ညက်နေတာပဲ။ ရွေးလူကြီးတွေ ချွေးမလောင်း ရွေးသလို ငရုတ်တစ်ဆုံထောင်းခိုင်းပြီးသာရွေးရယင် ဒီကလေးမ စာမေးပွဲအောင်ပြီပေါ့ရှင်"

စည်သူလင်းက ကျေနပ်ဂုဏ်ယူသော မျက်နှာ ရွှင်ပျပျဖြင့် ဒေါ်မြမြကို ပြန်ပြောသည်။

"ဒီလိုဆိုယင် မမြကလဲ ယောက်မလောင်း စာမေးပွဲ စစ်ပြီး အအောင်ပေးလိုက်ပြီပေါ့လေ၊ ဟုတ်လား"

"မောင်ရင့်ဘာသာမောင်ရင်ပဲ ဆုံးဖြတ်ပါဗျာ၊ ကိုယ်တို့လင်မယားကို တရားခံမရှာပါနဲ့"

ဦးအောင်ကြည်က ဝင်ပြောလိုက်သောအခါ အားလုံး ရယ်မောလိုက်ကြသည်။

"အခု ဒိုရာမီးဖိုထဲမှာပဲလား"

"မဟုတ်ဘူး။ အပေါ်ထပ်မှာ ဘုရားစင်လိုက်ပြပါဆိုလို့ ပို့ခဲ့တာ ဘုရားရှိခိုးပြီးကျန်ခဲ့တယ်"

ပြောတုန်းဆိုတုန်းမှာပင် ဒိုရာ အပေါ်ထပ်မှဆင်းလာပြီး ဧည့်ခန်းထဲဝင်လာ၏။

"ကျွန်တော်နဲ့ကိုတင်လတ် သီအမတ်ကြီးအိမ် သွားလိုက်ဦးမယ်။ ကိုစည်သူတို့ပဲ ဧည့်သည်လို လုပ်မနေကြနဲ့။ ခင်ဗျားတို့ကို ဧည့်ခံမနေအားဘူး၊ အေးအေး ဆေးဆေးနေပြီး ညနေစာ စားပြီးမှ ပြန်ကြဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ညှော်ခန်းထဲတွင် လူစုခွဲလိုက်ကြသည်။ ဦးအောင်ကြည်ကားနှင့် ဦးတင်လတ်ပါသွားသည်။ ဒေါ်မြမြက မီးပူတိုက်စရာရှိသည်ဟုဆိုကာ အပေါ်ထပ်သို့ တက်သွားသည်။ မောင်ဝင်းအောင်က သူ့အခန်းထဲမှာ ဘာကျက်နေ၏။ ညှော်ခန်းထဲမှာ စည်သူလင်းနှင့် ဒိုရာနှစ်ယောက်တည်းသာ။

ဒိုရာက လက်ဖက်သုပ်ကို မှော်သီးစိမ်းဖယ်ပြီး စားနေသည်။ စည်သူလင်းက ကက်ဆက်တင်ထားသည့် မှန်ဘီရိုငယ်နားသို့ သွား၍ ဖွင့်လက်စတိတ်ခွေကို မထုတ်ဘဲ ခလုတ်ကိုနှိပ်လိုက်သည်။ မြူးကြွကြွ သံစဉ်ဖြင့် စတီရီယို မြန်မာတေးတစ်ပုဒ် ခုန်ပေါက်ထွက်လာ၏။

"လင်းရေ။ ဒါမြန်မာသီချင်းပဲလား။ ဒီမှာ ကြားနေရတဲ့ ဒစ္စကိုသီချင်းကို မြန်မာစကားလုံးတွေ ပြောင်းထားတာပဲနော်"

"ဒိုရာ မကြိုက်ဘူးလား"

"အင်း....တစ်မျိုးကြီးပဲ၊ ကျွန်မ မပြောတတ်ဘူး။ ဘယ်လိုပြောရမလဲ။ ဟို....ဟို မုန့်ဟင်းခါးဖတ်ပေါ်ကို ချစ်ကင်းဘာရေ့ဂွ်သံထည့်ပြီး ရောမွှေစားရသလို နေမှာပေါ့နော်"

မပြောတတ် ပြောတတ် ပြောလိုက်သော ဒိုရာ၏ ဥပမာသည် ထိမိလှန်းလှသည်။

"သိပ်ကောင်းတဲ့ ဥပမာပဲကွာ။ ဒီဥပမာမျိုး ကိုယ်တို့တောင် မစဉ်းစားမိဘူး။ ဟုတ်ပါတယ်ဒိုရာ။ မုန့်ဟင်းခါးဖတ်ပေါ်မှာ မုန့်ဟင်းခါးဟင်းရည်ပဲ ဆမ်းစားသင့်တာပေါ့။ ချစ်ကင်းဘာရေ့ဂွ်သံ ကောင်းတာက ကောင်းတာတခြားပဲ။ မုန့်ဟင်းခါးဖတ်နဲ့ စားလို့မကောင်းနိုင်ဘူး။ ဒီလိုပဲနော် ဆင်းဒဝစ်တို့၊ ဘီစကစ်တို့အပေါ်မှာ မုန့်ဟင်းခါးဟင်းရည် လောင်းစားယင်လဲ ဘယ်လိုနည်းနဲ့မှ မကောင်းနိုင်ဘူးပေါ့"

"ဟုတ်ပါတယ်လင်းရယ်။ မုန့်ဟင်းခါးကောင်းတစ်အိုးရဖို့ရာ မြန်မာပြည်က ငါးတို့၊ ငံပြာရည်တို့၊ ငှက်ပျောအူတို့ ရှိဖို့လိုတယ်။ မုန့်ဟင်းခါးကောင်းစေချင်လို့ လန်ဒန်မှာရှိတဲ့ ချိုး(စ)တို့၊ ဘေကင်တို့ ထည့်ချက်လို့ မုန့်ဟင်းခါးကောင်းတစ်အိုး ဖြစ်လာမှာမဟုတ်ဘူးဆိုတာ ကျွန်မတွေး လိုက်မိတယ်"



စည်သူလင်းက ကက်ဆက်ကိုပိတ်လိုက်သည်။ ဒိုရာလိုမိန်းကလေး တစ်ဦးက ဤသို့ ဝေဖန်သည့်အတွက် မြန်မာတွေ ကိုယ်စားလည်း ရှက်မိသည်။

"ဒိုရာ ပြောမယ် ဆိုယင်လဲ ပြောစရာပေါ့ကွာ၊ ကိုယ်တို့မြန်မာ စတီရီယိုတေးသီချင်းတွေကလဲ ချစ်ကင်းဘာရေ့ဂွ်သံမုန့်ဟင်းခါးတို့၊ ဒိန်ခဲငါးပိချက်တို့၊ ပန်းသီးလက်ဖက်သုပ်တို့ ဖြစ်နေပါပြီလေ"

"အဲဒီ ကက်ဆက်ခွေတွေထဲမှာ မြန်မာသီချင်းစစ်စစ် မရှိတော့ဘူးလား။ ကျွန်မ နားထောင်ကြည့်ချင်တယ်လင်းရယ်"

စည်သူလင်းက ကက်ဆက်စင်ပေါ်မှ ကက်ဆက်ခွေများကို တစ်ခုချင်း ရွေးကြည့်သည်။ မြန်မာသီချင်းစစ်စစ် စတီရီယိုတိတ်ခွေကလည်း ခပ်ရှားရှား။

"ကလပ်စီကယ်လ် မြန်မာသီချင်းကြီးတွေကို မြန်မာဆိုင်းဝိုင်းနဲ့ တီးထားတဲ့သီချင်းမျိုး ဒီထဲမှာမတွေ့ဘူးဒိုရာ။ ဒီသီချင်းတွေကို နားထောင်ကြည့်ပါဦး။ တူရိယာပစ္စည်းတွေက မြန်မာ့ဂီတမဟုတ်ပေမယ့် သံစဉ်နဲ့ တေးသွားကတော့ မြန်မာဆန်ပါတယ်"

စည်သူလင်း ဖွင့်ပြသည့် အခွေမှာ တစ်ခေတ်ဆန်း နှောင်းခေတ် တေးမှန်များ မြို့မငြိမ်း၏လက်ရာတေးများဖြစ်သော "စိမ်းရဲ့ကန်သာ" "ပြုံးဘုံမေ" "မန်းတောင်ရိပ်ခို" တို့ကို စတီရီယိုတေးသံရှင် လူငယ်များက ပြန်ဆိုထားခြင်းဖြစ်၏။

"ဒီသီချင်းလေးတွေက စိတ်ရဲ့ ငြိမ်းချမ်းမှုကို ပေးနိုင်တယ်နော်။ စိတ်ချမ်းသာပြီး ကြည်လင်သွားတာပဲ။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဒီသီချင်းမျိုးတွေ ရေးနိုင်ဆိုနိုင်လျက်နဲ့ ဘာလို့ သူများသီချင်းထဲမှာ ကိုယ့်စာသားထည့်ပြီး ကိုယ့်ယဉ်ကျေးမှုကို ဖျက်ဆီးကြတာလဲဟင်"

"သူများဥာဏ်နဲ့ သူများရှာထားတဲ့ သံစဉ်ထဲမှာ စာသားထည့်ရတာ လွယ်လို့လဲ ဖြစ်မှာပေါ့။ နောက်ပြီးတော့ အောင်မြင်ကျော်ကြားပြီးသား သီချင်းတွေကို ခိုးစီးပြီး ချောင်ချောင်လွယ်လွယ်နဲ့ ကျော်ကြားမှုကို ယူချင်လို့လဲ ဖြစ်မှာပေါ့ဒိုရာရယ်။ ရေးတဲ့သူတွေက ရေး၊ ဆိုတဲ့သူတွေကဆိုသလို၊ အနောက်တိုင်းယဉ်ကျေးမှုကို အဆင်



www.burmeseclassic.com

www.burmeseclassic.com

ကြီးတဲ့သူတွေကလည်း လက်ခံကြတော့ အဲလိုသီချင်းတွေလဲ ရောင်းကောင်းနေတာပဲပေါ့ကွာ”

ဒိုရာက မျက်မှောင်လေးကြုတ်လျက် မကျေနပ်နိုင်သောအမူအရာဖြင့် ပြောသည်။

“မြန်မာတွေဟာ ဟို ....ရှေးနှစ်ပေါင်း များစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့တဲ့လူမျိုးတွေ မဟုတ်လား။ ဒီယဉ်ကျေးမှု အမွေအနှစ်တွေ ရခဲ့ရက်သားနဲ့ ဘာဖြစ်လို့ သူများယဉ်ကျေးမှုနဲ့ ရောပစ်ချင်ရတာလဲကွယ်။ ကြာတော့ ကိုယ်ပိုင်အမွေတွေ ပျောက်ကွယ်သွားမယ်နဲ့မြော့စရာကြီးလင်းရယ်”

ဒိုရာတင်ပြသော ဒဿနကို စည်သူလင်းက လေးလေးစားစား ခံယူကာ အထင်ကြီးမိသည်။ တစ်ခဏမှာပင် ဟန်နီနှင့်ယှဉ်ပြီး တွေးမိရင်း တွေတွေဝေဝေ ဖြစ်သွားရပြန်သည်။ နောက်ကျိလေးလံသွားသော စိတ်ထွေထွေကို ကြည်လင်ပေါ့ပါးစေရန် အမြန် စကားလွှဲပစ်ရသည်။

“ခုနတုန်းက မီးဖိုထဲမှာ မမမြနဲ့ ဘာတွေပြောနေကြတာလဲဒိုရာ”

“ကျွန်မက ဒီအိမ်ကို မြန်မာအိမ်ထောင်စုရဲ့ နမူနာအဖြစ် လေ့လာတာပါ။ လင်းကော ကိုကြီးအောင်ကို ကျွန်မ မြန်မာပြည်လိုက်ဖို့ကိစ္စ မေးကြည့်ပြီးပြီလား”

“မေးကြည့်ပြီးပါပြီ။ ဒိုရာသိပြီးတဲ့အတိုင်းပါပဲ မထူးပါဘူး။ မမမြကိုကော ဒိုရာမေးမကြည့်ဘူးလား”

“မေးကြည့်ပါတယ်၊ ဒီအတိုင်းပါပဲ။ လင်းကလက်ထပ်ပြီးခေါ်သွားမှသာ လိုက်လို့ရမှာပါ။ မမမြကမေးတယ်လေ။ လင်းကိုချစ်လို့ မြန်မာပြည်ကိုလိုက်တာလား။ မြန်မာပြည်ကိုချစ်လို့လင်းနဲ့လိုက်တာလားတဲ့”

“ဒီတော့ ဒိုရာက ဘယ်လိုဖြေလိုက်သလဲ”

“ကျွန်မ သေသေချာချာစဉ်းစားပြီးမှ ပြေပါတယ်။ လင်းကိုချစ်လို့မြန်မာပြည်ကိုလိုက်တာဆိုယင်ချစ်တာတစ်ခုတည်းပဲသိပြီး၊ကိုယ်လိုက်နေရမယ့်နေရာနဲ့ တွေ့ရ ပေါင်းရမယ့်လူတွေအကြောင်း မစဉ်းစားတတ်တဲ့ အသိဉာဏ်နည်းတဲ့သူ ဖြစ်သွားမှာပေါ့နော်”



ဒိုရာဆိုလိုသည်ကို စည်သူလင်းနားလည်ပါသည်။ အချစ်ကိုဦးစားပေးပြီး ဘဝရှေ့ရေးနှင့်ပတ်ဝန်းကျင်ကို မတွေးတောမဆင်ခြင်ဘဲ လင့်ဘစ်မျက်နှာ တစ်ရှာထင်ပြီးလိုက်လျှင် မိုက်ရာကျမည်ဟု ပြောလိုခြင်းဖြစ်ပါသည်။

“ဒီလိုမဟုတ်ဘဲ မြန်မာပြည်ကိုချစ်လို့ လင်းနဲ့လိုက်တာဆိုယင်လဲ ကျွန်မ ဘယ်ကောင်းပါတော့မလဲ။လင်းကိုမချစ်ဘဲနဲ့ လိမ်ညာလက်ထပ်ပြီး မြန်မာပြည်ထဲကို ခိုးဝင်သလိုဖြစ်မှာပေါ့ကွယ်။ ကျွန်မ ဒီလိုမိန်းမမျိုးလဲ မဟုတ်ပါဘူး”

“ဒီတော့ ဒိုရာက မမမြကို ဘယ်လို အဖြေပေးလိုက်သလဲ”

“လင်းကိုရော မြန်မာပြည်ကိုပါ သိပ်ချစ်လို့ လင်းနဲ့အတူ မြန်မာပြည်ကို လိုက်သွားချင်တာပါလို့ ဖြေလိုက်တာပေါ့”

စည်သူလင်း၏ ရင်တွင်းတစ်နေရာသို့ စူးစူးရှရှ နစ်ဝင်သွားအောင် ခိုတ်ထိခိုက်သွားသည်။ ဒိုရာထိုင်နေသည့် နှစ်ယောက်ထိုင်ကုလားထိုင်ပေါ်တွင် ဝင်ထိုင်ကာ သူမ၏မျက်နှာလေးကို စူးစိုက်ကြည့်နေသည်။

“တကယ်ပဲချစ်ပြီး တစ်သက်လုံး မြန်မာပြည်မှာ အတူလိုက်နေနိုင်မှာလား ဒိုရာရယ်”

“မမမြကလဲ ကျွန်မကို စဉ်းစဉ်းစားစား ဆုံးဖြတ်ဖို့ သတိပေးပါသေးတယ်။ ကျွန်မ မြန်မာပြည်မှာ နေခွင့်ရပေမယ့် မြန်မာနိုင်ငံသားဖြစ်လာမှာမဟုတ်ဘူးတဲ့။ နိုင်ငံခြားမှတ်ပုံတင်ပဲ ကိုင်ထားရပြီး မြန်မာတွေနဲ့အတူတူ အခွင့်အရေးရမှာ မဟုတ်ဘူးလို့ ပြောတယ်။ အဲဒီနိုင်ငံသားဥပဒေ အကြောင်းတွေလည်း ပြောပြပါသေးတယ်”

“အဲဒါတွေသိရတော့ ဒိုရာ စိတ်ဓာတ်ကျမသွားဘူးလား”

“စိတ်ဓာတ်မကျပါဘူးလင်းရယ်။ ဒီမှာလဲ စိတ်ချမ်းသာနေရတာမှမဟုတ်ဘဲ။ ဆွေမျိုးမရှိ စက္ကူစစ်ဒင်းအဖြစ်နဲ့ မာနကြီးတဲ့သူတွေကြားထဲမှာ နေရတာထက်စာယင် ကိုယ့်ဆွေမျိုးတွေနဲ့ သဘောကောင်းတဲ့မြန်မာတွေကြားထဲမှာ နိုင်ငံခြားသားအဖြစ်နဲ့ နေရတာကမှ ပျော်စရာကောင်းပါလိမ့်ဦးမယ်။ ဒါပေမယ့် တစ်ခုတော့လိုပါသေးတယ်။ ဆွေမျိုးတွေနဲ့ သဘောကောင်းတဲ့လူတွေထက် လင်းက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မအတွက် ပိုပြီးအရေးကြီးပါတယ်။ လင်းက ကျွန်မကိုချစ်နေမှ ပျော်မှာပါ။ တကယ်လို့သာ လင်းက ကျွန်မကို ခေါ်တော့သွားမယ်၊ လက်တော့မထပ်နိုင်ဘူးဆိုယင် ကျွန်မ မြန်မာပြည်ကို မလိုက်တော့ပါဘူး"

"ဪ.... ဒိုရာ .... ဒိုရာ"

စည်သူလစ်နေရင်ဝယ် ကရုဏာသွိုင်းကလေးများ တသိမ့်သိမ့် ရိုက်ခတ်သွားသည်။ မေတ္တာဒီရေများလည်း တငြိမ့်ငြိမ့် တက်လာခဲ့ရပါပြီ။ ဥကြွင်နာမိုးသည်လည်း တခြိမ်ခြိမ့် စွေသွန်းရွာပြီးလာလေပြီ။

"ဒါကြောင့်ပဲ လင်းကိုလက်ထပ်ပါ၊ ကျွန်မကို ခေါ်သွားပါလို့ ကျွန်မမတောင်းပန်တာပေါ့။ ကျွန်မကတောင်းပန်လို့သာ သနားပြီး ခေါ်သွားရယင် မကောင်းပါဘူးလင်းရယ်။ ကျွန်မဟာ ဒီမှာသာ သနားစရာကောင်းနေပေမယ့် ဟိုရောက်ယင် သနားစရာမဟုတ်တော့ဘူး ပေါ့။ မချစ်ဘဲ သနားလို့ခေါ်သွားပြီးမှ ဟိုရောက်တော့ မုန်းကြရယင် လင်းရော ကျွန်မပါ စိတ်ဆင်းရဲကြရလိမ့်မယ်၊ ဒါကြောင့်မို့ လင်းကို တောင်းပန်မယ့်အစား ဘုရားမှာသာ ဆုတောင်းတယ်။ ခုနတုန်းကလဲ အပေါ်ထပ်က ဘုရားခန်းမှာ ရှိခိုးရင်း ဆုတောင်းလိုက်သေးတယ်"

"ဘယ်လိုများ ဆုတောင်းခဲ့သလဲ ဟင်"

"ကျွန်မကို လင်းကချစ်ပြီးတော့ လက်ထပ်ပါစေ၊ မြန်မာပြည်ကိုလဲ ခေါ်လို့ရပါစေ၊ လင်းနဲ့အတူတူ ရွှေတိဂုံဘုရားကြီးကို ဖူးခွင့်ရပါစေလို့ပေါ့"

စည်သူလင်း ဘာမျှပြန်မပြောနိုင်တော့ပါ။ ဒိုရာကို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ပြီး နဖူးဆံစလေးများကို ညင်သာစွာ ပွတ်သပ်ပေးနေမိသည်။ ထပ်တိုးတင်း၍ ချည်နှောင်လိုက်သည့် သမုဒယကြိုးမျှင်တို့ကြောင့်လည်း မွန်းမွန်းကြပ်ကြပ် ခံစားရသည်။

"ကိုယ်ချစ်ပါတယ် ဒိုရာ၊ သိပ်ကိုချစ်ပါတယ် ကလေးရယ်။ လွယ်လွယ်နဲ့ မဆုံးဖြတ်ချင်လို့ ချစ်တဲ့စကားကို ပြောမထွက်ခဲ့တာပါ။ အခုတော့ ခိုင်ခိုင်မာမာဆုံးဖြတ်ပြီး ပြောတော့မယ်ဒိုရာ။ ကိုယ်မင်းကို



သိပ်ချစ်ပါတယ်။ ကိုယ်တို့အမြန်ဆုံးလက်ထပ်ပြီး မြန်မာပြည်ကိုခေါ်သွားပါမယ်အချစ်ရယ် လိုက်ခဲ့တော့နော် ...."

"ဟင် အဟုတ်လားလင်းရယ်။ တကယ်ပြောတာနော်။ တကယ်ခေါ်တာဟုတ်လား ...."

"ကိုယ်ညာချင်ယင် စောစောကတည်းက ညာခဲ့မှာပေါ့။ မင်းကိုကိုယ်မညာရက်ဘူး၊ မခွဲရက်ဘူး၊ မထားခဲ့ရက်နိုင်ဘူးသိလား"

သူမကလည်း စည်သူလင်း၏ကျောပြင်ကို တင်းကျပ်စွာပြန်၍ ဖက်လာသည်။ တုန်တုန်ရီရီဖြစ်နေသော နှုတ်ခမ်းလေးများကိုယိုင်းရင်း ထစ်ထစ်ငေါ့ငေါ့ ပြောရှာသည်။ စကားများမှာ ....

"အို .... လင်းရယ်၊ ဒီလိုဆိုယင် ဒီလိုဆိုယင် ကျွန်မလေ.... လင်းနဲ့ခွဲပြီး ဒီမှာ မနေရစ်ခဲ့ရတော့ဘူးပေါ့နော်။ မြန်မာပြည်ကိုလဲ ရောက်ရတော့မယ်ဟုတ်လား။ ရွှေတိဂုံဘုရားကြီးကိုလဲ ဖူးရတော့မှာပေါ့။ ဘွားဘွားတို့၊ ဦးလေးတို့နဲ့လဲ တွေ့ရတော့မယ်နော်။ အို .... လင်းရယ် ကျွန်မငုဝါပန်းတွေကိုလဲ မြင်ဖူးရတော့မှာပါလားနော်"

အို.... သူကလေးငိုနေပါလား။ ငိုပါစေလေ ဝမ်းသာပျော်မြူးခြင်းကြောင့် ကျကြွေဆင်းသက်လာသောမျက်ရည်တွေပဲ။ ငိုပါစေလေ အားရအောင်ငိုပါစေတော့။

အပယ်ခံငုဝါပန်းကို ခူးယူပန်ဆင်မည့်သူ ရှိနေပါပြီကော....။

× × × ×

လန်ဒန်၏ချစ်စဖွယ်နွေရာသီသည် မသိမသာ ကုန်ဆုံးခဲ့ပါပြီ။ လှပသောနွေရက်များအတွင်းသို့ ဝသန်ကာလသည် ငွေမြားတံမိုးရေစက်ကလေးများဖြင့် မဝံ့မရဲ ကျူးကျော်ကြည့်သည်။ သည်မှတစ်ဆင့် မိုးလုံးမည်းတို့သည် သည်းသည်းထန်ထန် အလုံးအရင်းဖြင့် ဝင်ရောက်သိမ်းပိုက်လိုက်ကြလေ၏။ ပတ်ဝန်းကျင်သည် နွေးနွေးနေခြည်မျှင်များ ရှားပါးလာသည်နှင့်အမျှ ကြည်လင်တောက်ပမှုသည်လည်း ခေါ်သည်း



www.burmeseclassic.com

www.burmeseclassic.com

လာကာ မှုန်မှိုင်းရီဝေခဲ့လေပြီ။ စွတ်စိုထိုင်းမှိုင်းခြင်းနှင့်အတူ ချမ်းစိမ့်စိမ့် အအေးဓာတ်သည်လည်း မင်းမူလာ၏။

ကုန်ဆုံးခဲ့သောအချိန်များနှင့်အတူ စည်သူလင်းအတွက် လန်ဒန်၏ နောက်ဆုံးရက်တို့သည်လည်း မသိမသာချဉ်းကပ်လာပြီဖြစ်သည်။ သူ့အတွက် ပြန်ရက်နီးလေလေ ခေါင်းမဖော်သာအောင် ဆေးရုံအလုပ်များသည် ဝန်ပိလေလေဖြစ်လာသည်။

မိုးဖီးဆေးရုံတွင် သူလေ့လာခဲ့သော ခွဲစိတ်ကုသမှုများကို အဆင့်ဆင့်ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်ရသည်။ ခေတ်မီစက်ကိရိယာများကို ကိုင်တွယ်အသုံးပြုပုံ၊ ပြင်ဆင်ထိန်းသိမ်းပုံတို့ကို အသေးစိတ် ပုံဆွဲရေးမှတ်ယူထားသည်။ ကုသခဲ့ရသော လူနာများ၏ ရောဂါဖြစ်စဉ်၊ ကုသမှု တိုးတက်မှုအခြေအနေ မှတ်တမ်းများကိုလည်း မိတ္တူကူး၍ ဖိုင်တွဲထားသည်။ စာကြည့်တိုက်ရှိ ရှားပါးစာအုပ်များမှ ထသရ အသုံးဝင်မည့် စာမျက်နှာများကိုလည်း ဓာတ်ပုံမိတ္တူကူးယူရသည်။ ပညာဆိုသည်မှာ ယူတတ်လျှင်ယူနိုင်သလောက် ကိုယ့်အတွက်ပါနိုင်သည်မဟုတ်ပါလား။

ထည်နေ့လယ် နေ့လယ်စာစားချိန်မှာပင် အနားမယူဘဲ စာကြည့်တိုက်တွင် ဆေးပညာဂျာနယ်များကို ဖတ်နေရသည်။ ဂျာနယ်တစ်ခုမှ သူစိတ်ဝင်စားသည့် ဆောင်းပါးတစ်ပုဒ်ကို လက်ရေး ဖြင့် ကူး ယူနေသည်။

"ကိုးစားလှချည့်လား ဆရာကြီးရဲ့"

"အို....ငုဝါ"

စည်သူလင်းအနားမှ အကျွမ်းဝင်ပြီးအသံနှင့် မြန်မာစကားကြောင့် ခေါင်းမဖော်ဘဲနှင့်ပင် အသံရှင်၏နာမည်ကို ဖော်လျက်သားဖြစ်နေသည်။ ယခုဆိုလျှင် စည်သူလင်းက သူမကို ငုဝါဟုပင် ခေါ်နေပြီ။ သူမကိုယ်တိုင်ကလည်း ကျွန်မဟူသောနာမ်စားနေရာတွင် ငုဝါဟူ၍ သုံးတတ်လာသည်။ မြန်မာစကားကိုလည်း ယခင်ကထက် ချောမောပြေပြစ်သော ဝါကျများဖြင့် သုံးနှုန်းနေပါပြီ၊ စည်သူလင်းကိုလည်း ကိုကို .... တဲ့။



"ငုဝါရောက်နေတာ ကြာပြီကိုကို။ စောစောတုန်းက စာကြည့်တိုက်ထဲ ဝင်သွားယင် တော်တော်နဲ့ ပြန်ထွက်လာမှာမဟုတ်ဘူးဆိုလို့ လိုက်လာခဲ့တာ။ အနှောင့်အယှက်များ ဖြစ်သွားလား ဟင်"

"မဖြစ်ပါဘူးငုဝါ။ အားလပ်ချိန်မို့ စာလာကူးနေတာပါ။ အတော်ပဲ ကိုဖိုးလည်း နေ့လယ်စာမစားရသေးဘူး။ ကန်တင်းမှာ သွားစားကြရအောင်"

"ငုဝါစားခဲ့ပြီးပါပြီ ကိုကို။ မတွေ့ကြရတာ နှစ်ပတ်တောင်ကြာနေပြီနော်။ ဒီနေ့ငုဝါရက်အားရတယ်လေ။ ကိုကိုကိုသတိရလို့ လိုက်ခဲ့တာပါ"

"ကဲလာ အောက်ထပ်ဆင်းကြရအောင်"

ဓာတ်လှေကားထဲသို့ဝင်ရာ မျက်စိလူနာ အဘွားကြီးတစ်ယောက်နှင့်ကြုံ၍ ပေးကူတွဲခေါ်လာကြရသည်။ အဘွားကြီးက ဗယ်ဘက်မျက်စိကို ဂွမ်းစဖြင့်အုပ်ထားသော်လည်း ညာဘက်မျက်စိက မြင်ဟန်တူသည်။ မိုးဖီးဆေးရုံကြီးသည် မျက်စိအထူးကုဆေးရုံကြီး ဖြစ်သည့်အားလျော်စွာ မျက်မမြင်များအတွက် အထူးဓာတ်လှေကား ပြုလုပ်ထားသည်။ ဓာတ်လှေကားတိုင်းသည် ရောက်ရာအထပ်ကို အသံထွက်၍ အသိပေးသည်။

"ပထမအထပ်၊ ပထမအထပ်"

"မြေညီထပ်၊ မြေညီထပ်"

မြေညီထပ်တွင် သုံးယောက်စလုံး ဓာတ်လှေကားမှ ထွက်ကြသည်။ မျက်စိလူနာအဘွားကြီးကို ကူညီလမ်းပြပြီးနောက် သူတို့နှစ်ယောက်က ဆေးရုံ၏ သက်သာချောင်ချိရေးစားသောက်ဆိုင်သို့ သွားကြသည်။ ဆိုင်နာမည်က "မိုးဖီး၏မိတ်ဆွေများ" တဲ့။

စည်သူလင်းက သူ့အတွက် အာလူးကြော်၊ ကြက်သားကြော်နှင့် ကော်ဖီတစ်ခွက်၊ ငုဝါအတွက် သူမအကြိုက်ပန်းသီးမုန့်တစ်ခုနှင့် ကော်ဖီတစ်ခွက်ယူသည်။ တိုင်ကီထဲတွင်အသင့်ဖျော်ထားသည်ကို ဘုံဘိုင်အောက်တွင်ခွက်ခံ၍ ထည့်ပေးသောကော်ဖီဖြစ်သဖြင့် မြန်မာပြည်သက်သာဆိုင်များမှ ကော်ဖီများလောက်ပင်မကောင်းပေ။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို ရန်ကုန်ပြန်ဖို့ ရက်နီးနေပြီနော်၊ ငုဝါ တကယ်ပဲလိုက်ရမှာလားကွယ်၊ ကိုကိုနဲ့မတွေ့ရတာလဲ နှစ်ပတ်ကျော်နေပြီ၊ ဘာမှလဲ သတင်းမထူးတော့ ငုဝါ အမြဲစိတ်ပူနေမိတယ်ကိုကိုရယ်"

"ကိုကို ဒီရက်ပိုင်းအတွင်းမှာ လုံးဝကိုမအားလို့ လာမတွေ့နိုင်တာပါငုဝါရယ်။ ပြီးခဲ့တဲ့စနေ၊ တနင်္ဂနွေတုန်းကလဲ တိတ်ခွေထဲက လက်ချာတွေကူးနေရတယ်။ ဓာတ်ပုံမိတ္တူကူးတာတို့၊ ဆလိုက်ဓာတ်ပုံ လုပ်တာတို့သဲ သွားအပ်ရသေးတယ်။ ငုဝါရဲ့ကိစ္စက လန်ဒန်က အကုန်လုံးပြီးလို့ ရန်ကုန်ပို့လိုက်ပြီး ဒေါက်တာစိုးညွန့်ကိုလဲ ပြောလိုက်လို့ သူဆက်လုပ်နေတယ်။ မနေ့ညကတောင် သူဆီက တယ်လီဖုန်းလာသေးတယ်"

စည်သူလင်းက အာလူးကြော်စားနေရင်း စကားကိုခေတ္တဖြတ်ထားသည်။

"ဒီအပတ် လူကြီးတွေ အစည်းအဝေးထိုင်ပြီးယင် ခွင့်ပြုချက် လက်မှတ်ထိုးပေးလိမ့်မယ်တဲ့။ အဲဒီစာကိုမိတ္တူကူးပြီး နောက်အပတ်ထဲ လန်ဒန်လာမယ့်လူကြုံနဲ့ ဒီကသံရုံးကို ပို့ပေးမယ်တဲ့"

"ဒီလိုသတင်းကောင်းများ ဘာလို့ငုဝါဆီဖုန်းဆက်ပြီး ချက်ချင်း မပြောတာလဲကိုကို။ ငုဝါဖြင့် စိတ်ပူလိုက်ရတာ"

ငုဝါက မျက်စောင်းလှလှလေးထိုးလျက် အပြစ်တင်သည်။

"နက်ဖန်ကျမှ ကိုယ်တိုင်လာပြောပြီး ဝမ်းသာသွားတဲ့ ကိုယ့်မိန်းမရဲ့ မျက်နှာကို ကြည့်ချင်လို့ပေါ့ဗျ"

"တော်စမ်းပါ။ တကယ်လဲမပေါင်းရသေးဘဲနဲ့ မိန်းမလို့ မခေါ်ပါနဲ့ ရှက်ပါတယ်"

ခုမှပင် ငုဝါပြုံးနိုင်ရှာသည်။ တကယ်တော့ သူတို့နှစ်ဦး ဝက်(စ)မင်စတာမြို့နယ် ကောင်စီရုံးတွင် တရားဝင်လက်ထပ်ပြီးဖြစ်၏။ မြန်မာသံရုံးမှ အတွင်းဝန် ဦးသက်တင်၏ရှေ့တွင်လည်း အကြောင်လင်မယားဖြစ်ပါကြောင်း ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြသည်။ သည်စာရွက်စာတမ်းအထောက်အထားဖြင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာနက



လည်း ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနသို့ အမိန့်တောင်းခံဆဲကာလဖြစ်သည်။

စင်စစ်တွင်ကား ဒေါက်တာစည်သူလင်းနှင့် မစ္စဒိုရာလင်းတို့သည် ပတ်စပို့ (နိုင်ငံကူး) လက်မှတ်ပေါ်တွင် အကြောင်လင်မယား ဖြစ်နေကြသော်လည်း အမှန်တကယ်မပေါင်းရသေး။ မြန်မာပြည်သို့ရောက်ကြပြီး လူကြီးမိဘများနှင့် ပြောဆိုသဘောတူညီချက်ယူပြီးခါမှ လက်ထပ်ကြရန် စီစဉ်ထားဆဲ။

"ရွှေအပတ်ထဲမှာ တကယ်ပဲ ဗီဇာရမယ်လို့ ကိုကိုက ထင်သလားဟင်"

"ရမယ်လို့ ကိုးဆယ်ရာခိုင်နှုန်း ယုံကြည်တယ်ငုဝါ။ ယုံတယ်ဆိုတာက ဒီက ကိုကြီးအောင်ရဲ့စေတနာနဲ့ ရန်ကုန်က ကိုစိုးညွန့်ရဲ့ အရည်အချင်းကြောင့် ယုံတာ။ ကိုကြီးအောင်ရဲ့စေတနာကိုတော့ ငုဝါအသိပဲ။ ကိုစိုးညွန့်လုပ်ပေးတာတွေရော သိရဲ့လား။ သူကိုယ်တိုင်စာတွေကို လက်ကမ်းယူပြေးလွှားပေး မိတ္တူတွေကူးပြီး လူကြုံနဲ့ပို့ ဖုန်းဆက်ပြီး ပြောနဲ့"

"ငုဝါတော့လေ ကိုကြီးအောင်ကိုရော၊ မတွေ့ဖူးသေးတဲ့ ဒေါက်တာစိုးညွန့်ကိုရော သိပ်ကျေးဇူးတင်တာပဲကိုကိုရယ်"

"သူတို့ နှစ်ယောက်ကိုပဲလား ကိုကို့ရော။ ကျေးဇူးမတင်တော့ဘူးလား"

"ကိုကို့ ကျေးဇူးကိုတော့ တစ်သက်လုံးဆပ်ဖို့ ဆုံးဖြတ်ထားပါတယ် ကိုကို"

"ဟုတ်လား ဘယ်လိုနည်းနဲ့ဆပ်မှာလဲ ပြောစမ်းပါဦး"

"ကိုကို့ သဘောကျအိမ်ရှင်မဖြစ်အောင်ကြိုးစားပြီး ကိုကို့ကိုပြုစုမှာပေါ့။ အခုလေ ကိုကိုမလာပေမယ့်လဲ မမမြဆီကိုအပတ်တိုင်း ငုဝါသွားပြီး အချက်အပြုတ်သင်နေတာ မြန်မာထမင်းဟင်းတွေ တော်တော်ချက်တတ်နေပြီသိလား။ ကိုကိုကြိုက်တဲ့ ချဉ်ရည်ဟင်းတို့၊ ဝက်သားဟင်းလေးချက်တို့၊ ငါးပိချက်၊ ဆလတ်ရွက်သုပ်၊ ငါးသေတ္တာသုပ် လုပ်တတ်တယ်။ နောက်ပြီး ငုဝါလဲအစပ်စားနိုင်လာပြီသိလား။ ဒါလို့



www.burmeseclassic.com

www.burmeseclassic.com

ချက်ပြုတ်ကျွေးမွေးရုံမကဘူး။ ကိုကိုလိုချင်တဲ့ သားသမီးလေးတွေလဲ မွေးပေးမှာပေါ့”

“ကောင်းဗျာ၊ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ”

ဟာသမပါသော်လည်း နှစ်ဦးသားပြုံးတူရယ်လိုက်ကြသည်။

“ဒါဖြင့် ကိုခေါ်သွားပြီးမှ ကိုကိုမိဘတွေက သဘောမတူဘူးဆိုယင် ဘယ်လိုလုပ်မလဲ။ သူတို့ဆီရော စာရေးပြီးပြီလား”

“စာထည့်ပြီးပြီလေ။ သားရန်ကုန်ရောက်ပြီး မကြာခင် လက်ထပ်တော့မယ်ဆိုတာ ကြိုတင် အသိပေးပါတယ်လို့ပဲ ရေးလိုက်တယ်။ ဒီတစ်ခါယူမယ့်သူကတော့ မေမေတို့ဖေဖေတို့ သဘောကျ အိမ်ရှင်မကောင်းပီသပြီး မြန်မာဆန်ဆန်၊ ဘာသာရေးကိုင်းရှိုင်းသူတစ်ယောက်ဖြစ်ပါတယ်လို့ပဲ ရေးထားတယ်။ ငုဝါကိုသူတို့တွေ့သွားယင် သဘောတူမယ်ဆိုတာ အပြည့်အဝယုံကြည်ထားတယ်။ ဟိုရောက်တော့မှ သဘောမတူဘူးဆိုယင်လဲ မတူလို့မဖြစ်ဘူးဗျာ ကျွန်တော်လက်ထပ်ပြီး ခေါ်လာတာလို့ ပြောရတော့မှာပဲ။ ငုဝါရော ဘွားဘွားဆီ စာရေးပြီးပြီလား”

“ရေးပြီးပြီလေ၊ ငုဝါလဲ ကိုကိုလိုပဲ မသေမချာဘဲ ရေးထားတယ်။ ဒီက မြန်မာသံရုံးက ကူညီလို့ မြန်မာပြည်ကို လာခွင့်ရခါနီးနေပြီ။ ဒီက ရက်သေချာတော့ အကြောင်းကြားမယ်လို့ ရေးထားတယ်။ ဒီက ခေါ်လာမယ့်လူကြုံက ဘွားဘွားတို့အိမ်အထိ ပို့ပေးမှာပါလို့။ ကိုကိုနဲ့ လက်ထပ်တာကို အသိမပေးရဲတာက လိုက်လို့ရမှာမသေချာသေးဘဲနဲ့ မပြောချင်ဘူးကွယ်။ ငုဝါကမိန်းမသားမဟုတ်လား။ ငုဝါတို့ဆေးရုံမှာလဲ ဘယ်သူ့ကိုမှ မပြောရသေးဘူး။ မလိုက်ရဘဲ ကျန်နေခဲ့ယင် နာမည်ပျက်ပြီး ကျန်နေခဲ့မှာ ကိုကိုရဲ့”

ငုဝါက ကြက်ကြော်ကို ဓားဖြင့်လှီးပြီး တစ်စစီဖဲ့ပေးနေသည်။ စည်သူလင်းက ကြက်ကြော်ကို ခက်ရင်းဖြင့် ကောက်ယူငါးသည်။

“ကို့ကိုကို မယုံတဲ့သဘောလားငုဝါရယ်”

“ကို့ကိုကိုတော့ယုံပါတယ်။ ငုဝါမယုံတာက ကံတရားကိုပါ။ ငုဝါတို့ သားအဖရဲ့ ရေးဘဝက ကုသိုလ်ကံက ဘယ်လောက်ဆိုးခဲ့တယ်ဆိုတာမှ မသိရတာ။ အခု ဖေဖေကတော့ ဝဋ်ကျွတ်သွားပြီပေါ့၊ ငုဝါမှာ ဝဋ်ကြွေးတွေ ဘယ်လောက်ကျန်သေးတယ်ဆိုတာကို ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲကိုကိုရယ်”

စည်သူလင်း စိတ်မကောင်းဖြစ်သွားသည်။ စားလက်စ ကြက်သားကြော်ကိုကိုင်ထားပြီး သူမမျက်နှာလေးကို ကြင်နာမှု အပြည့်ဖြင့် ကြည့်နေသည်။

“ဝမ်းနည်းစရာတွေ မတွေးပါနဲ့ငုဝါ။ ကိုးဆယ်ရာနှုန်း သေချာတဲ့ ဝမ်းသာစရာဘက်က တွေးကြည့်စမ်းပါ။ ခုကိစ္စကြိုးစားနေတာ ဥပဒေလမ်းကြောင်းအတိုင်း လုပ်နေတာ။ ဒီတော့ ရွှေအပတ်ထဲမှာ ဗီဇာရ၊ ကိုကိုနဲ့ငုဝါ လေယာဉ်ပျံကြီးစီးပြီး ရန်ကုန်ပြန်။ လေဆိပ်ကနေငုဝါကို အင်းစိန်က ဘွားဘွားအိမ်ကိုလိုက်ပို့မယ်။ နောက်တစ်နေ့နံနက်ကျတော့ ကိုကိုလာခေါ်ပြီး ရွှေတိဂုံဘုရားကို အလျှင် သွားကြမယ်။ ရန်ကုန်မြို့ထဲအနှံ့လျှောက်လယ်ကြပြီး ငုဝါစားချင်တဲ့ အကောင်းဆုံး မုန့်ဟင်းခါးဆိုင်မှာ အဝစားကြမယ်။ တစ်ခုတော့ရှိတယ် ငုဝါမြင်ဖူးချင်တဲ့ ငုဝါပန်းတွေက ဒီအချိန်မှာမပွင့်သေးဘူး။ နွေရာသီရောက်မှ ငုဝါပန်းတွေကပွင့်ကြမှာ”

“ကဲ....ဒါက ကောင်းတဲ့ဘက်က ပြောနေတာနော်၊ ဒီလိုမဖြစ်ဘဲ မကောင်းတဲ့ဆယ်ရာခိုင်နှုန်းဖြစ်ပြီး ငုဝါကျန်ခဲ့ယင်ကော ကိုကိုရယ်”

“ဆယ်ရာခိုင်နှုန်းက ဗီဇာအချိန်မီမရလို့ ကိုယ်နဲ့အတူတူမလိုက်နိုင်တာပဲ အလွန်ဆုံးဖြစ်နိုင်တယ်။ ဒီလိုဆိုယင်လဲ ကိုကိုက ဟိုကနေ စောင့်ကြိုနေမှာပေါ့။ ငုဝါဗီဇာရတော့ ကိုကြီးအောင်နဲ့ ဦးတင်လတ်က စီစဉ်ပြီး လေယာဉ်ပေါ်အထိ တင်ပေးမှာပေါ့။ ဘာမှစိုးရိမ်စရာမရှိဘူး ငုဝါ”

“ကိုကိုက သိပ်အပြောကောင်းတာပဲနော်။ ကိုကိုနဲ့တွေ့မှပဲ ငုဝါ စိတ်ချမ်းသာရတော့တယ်ကွယ်။ ဟိုရောက်ယင် ကိုကိုနဲ့လက်ထပ်ဖို့ ဘယ်လောက်ကြာကြာကြီး စောင့်ရမှာလဲဟင်။ ဘွားဘွားတို့အိမ်မှာ နေရတာဆိုပေမယ့် ကိုကိုနဲ့အတူတူ မနေရမချင်း အားငယ်နေရမှာ ကိုကိုရဲ့”





www.burmeseclassic.com

www.burmeseclassic.com

ငုဝါ သည်လို ဝါကျ လုလုလေးများ ပြောတတ်လာသည်မှာ စည်သူလင်းနှင့် တွေ့ရသည့် လေးလအတွင်း ပြောကျင့်ရနေ၍ချည်း မဟုတ်။ ဝနေ၊ တနင်္ဂနွေနေ့တိုင်း မမမြနှင့်တွေ့ဆုံကာ မမမြ၏ သွန်သင်ညွှန်ပြမှုကြောင့်လည်းပါသည်။ မမမြဆီမှ မြန်မာဝတ္ထု မဂ္ဂဇင်းများကို ဖတ်ခွင့်ရသည့် အကြောင်းများကြောင့်ဟုလည်း ဆိုနိုင်ပါသည်။

"ကိုကို့ရဲ့ ပြောင်းရွှေ့ခွင့်အမိန့်က ချက်ချင်းမထွက်သေးဘူးဆိုယင်တော့ တစ်လအတွင်း လက်ထပ်ဖြစ်မှာပါကွာ။ အမိန့်ထွက်လာယင်တော့ ဟိုသွားပြီး တာဝန်လွှဲပြောင်းယူ နေစရာစီစဉ်ပြီးမှ ခွင့်နဲ့ပြန်လာရမှာပေါ့။ ဟိုရောက်တော့မှ စိတ်ညစ်မနေနဲ့နော်"

"ကိုကိုကလဲကွာ။ ငုဝါက စိတ်မညစ်တဲ့အပြင် ငုဝါ တတ်ထားတဲ့ သူနာပြုပညာနဲ့ ကိုကိုဆေးရုံမှာကူပြီး လုပ်အားပေးပါဦးမယ်"

"တီ....တီ....တီ"

စကားကောင်းနေဆဲ စည်သူလင်း၏ အိပ်ဆောင် ရေဒီယိုလိုင်းဆက်သွယ်ရေးကိရိယာမှ အချက်ပေးသံထွက်လာသည်။ ခွဲစိတ်ခန်းမှ သူခတ်ပုံရိုက်လိုသည့် လူနာကို ခွဲစိတ်ရန်ခေါ်လျှင် သည်စက်ဖြင့် အကြောင်းကြားရန် မှာထားခဲ့သည်။

ဆေးရုံဝန်ထမ်းများသည် ယခုလို အိပ်ဆောင်အချက်ပြဆက်သွယ်ရေး ကိရိယာလေးများကိုဆောင်၍ ဆေးရုံတွင်း ရှောက်သွားနေနိုင်သည်။ သက်ဆိုင်ရာဌာနက အကြောင်းကြားခေါ်ယူလိုသျှင် ရေဒီယိုလှိုင်းဖြင့် အချက်ပေးခေါ်ယူကြသည်။ စည်သူလင်းက သူ့ဆက်သွယ်ရေးစက်၏ခလုတ်ကို ပိတ်လိုက်သည်။

"ကိုကိုကိုခေါ်နေပြီ ငုဝါ။ ခွဲစိတ်ခန်းထဲဝင်ပြီး ဓာတ်ပုံရိုက်စရာရှိသေးတယ်။ နက်ဖြန်ကျမှ ဝင်ဘယ်လ်ဒန်သွားဖို့ ကိုယ်လာခေါ်မယ်နော်"

"နက်ဖြန်ကျယင် ဝင်ဘယ်လ်ဒန်က မမမြတို့အိမ်မသွားခင် ထိုင်းဘုန်းကြီးကျောင်းကို အလျင်ဝင်ရအောင်နော်။ ငုဝါကောင်းမှုပြုချင်လို့ပါ"



"ဟုတ်တယ်။ ကိုယ်လဲရောက်ဖူးချင်တာကြာလှပြီ၊ လိုက်ပို့မယ့်သူမရှိလို့။ ငုဝါသွားတတ်တယ်နော်"

"သွားတတ်တာပေါ့။ ကိုကိုနဲ့တစ်ခါက မိတ်ဆက်ပေးတဲ့ ငုဝါတို့ဆေးရုံက မျက်စိဌာနကထိုင်းဆရာမလေး "စင်း" နဲ့ ခဏခဏရောက်ဖူးခဲ့တာပေါ့"

သူတို့နှစ်ယောက် စားပွဲမှထကြသည်။

"ကိုကိုလဲ လှူဖွယ်ပစ္စည်းတွေ ယူခဲ့မယ်နော်၊ ငုဝါလှူချင်တာလဲယူခဲ့ပေါ့။ ကဲ ကိုကိုကို အပေါ်ထပ် လိုက်ပို့ပါဦးကွာ"

သည်တစ်ခါဓာတ်လှေကားထဲ ဝင်ကြသည်တွင် သူတို့နှစ်ဦးအပြင် အခြားသူမရှိ။ စည်သူလင်းက တဒင်္ဂဆိတ်ကွယ်ရာ အခြေအနေကို လက်လွှတ်မခံ သူ့ရင်ခွင်ထဲသို့ ငုဝါကိုဆွဲသွင်းလိုက်၏။

"ပထမအထပ်၊ ပထမအထပ်"

"ဒုတိယအထပ်၊ ဒုတိယအထပ်"

ဓာတ်လှေကား၏ အသံထွက် အချက်ပြသံများက ဘာစ်ထပ်ပြီး ဘယ်ထပ် အသိပေးနေသည်။

"တတိယအထပ်၊ တတိယအထပ်"

"စတုတ္ထအထပ်၊ စတုတ္ထအထပ်"

"တော်ပြီကွယ် ထွက်တော့၊ ရောက်နေပြီ"

ဓာတ်လှေကားသည်ရပ်လျက် တံခါးဖွင့်ပေးနေပြီ။

"ကိုကိုကတစ်လှည့် အောက်ထပ်အထိ ပြန်လိုက်ပို့ဦးမယ်နော်"

"မကဲနဲ့။ သူသိပ်ဥာဏ်များတယ် သွားတော့"

ငုဝါက စည်သူလင်းကို ဓာတ်လှေကားထဲမှ တွန်းထုတ်လိုက်၏။

× × × ×

စနေမိုးသည် လန်ဒန်မှာလည်း ရွာဖြိုးစွေပါ၏။ မိုးကာကိုယ်စီဝတ်လျက် ထီးတစ်ချောင်း နှစ်ယောက်ပူး၍ ဆောင်းလာကြသော



www.burmeseclassic.com

www.burmeseclassic.com

စည်သူလင်းနှင့်ငုဝါတို့အတွက် သည့်မိုးကိုအနှောင့်အယှက်ဟုမဆင်။ ပျော်လို့ပင်နေကြသေးသည်။

ဆောက်(သ) ဖီးလ်ဘူတာမှ ဆင်း၍ လမ်းလျှောက်ခဲ့ရာ ကိုလုံးလမ်းထဲသို့ ဝင်လာကြပြီ။ သူတို့လက်ထဲမှာလည်း ပလတ်စတစ်အိတ်တစ်လုံးစီ ကိုင်ထားကြသည်။ စည်သူလင်းကိုင်ထားသည့် အိတ်ထဲတွင် ဆန်ငါးပေါင်ထုပ် တစ်ထုပ်နှင့် ဆီ တစ်လီတာပုလင်း တစ်ပုလင်း၊ ငုဝါ၏ အိတ်ထဲတွင်ကား ဖယောင်းတိုင်ထုပ်၊ ပန်းသီးနှင့် ငါးသေတ္တာဘူးများ၊ ထိုင်းဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းအတွက် လှူဖွယ်ဝတ္ထုများ ဖြစ်သည်။

လန်ဒန်မြို့တွင် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း နှစ်ကျောင်းရှိသည်။ ချီး(စ)ဝစ်ရပ်ကွက်တွင်သီရိလင်္ကာဘုန်းကြီးကျောင်းတစ်ကျောင်းရှိပြီး ဝင်ဘယ်လ်ဒန်တွင် ထိုင်းဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း တစ်ကျောင်းရှိသည်။ ယခု မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း တစ်ကျောင်းဆောက်နိုင်ရန် ဘီ၊ဘီ၊စီ၊ ဦးနေဝင်းက ကမကထပြု၍အလှူခံနေသည်။

အင်္ဂလန်ရှိ မြန်မာဗုဒ္ဓဘာသာဝင်များ အားတက်သရော လှူဒါန်းကြသည်။ စည်သူလင်းလည်း တစ်လချင် ၁၀ ပေါင် ထည့်ဝင်လှူဒါန်းနေသည်။ ငုဝါကလည်း သူမ၏ ဘဏ် စာရင်းရှင်းပြီးလျှင်အလှူငွေထည့်ဝင်ခဲ့ဦးမည်ဟုဆို၏။

မရောက်ဖူးသူများအတွက် အပြင်မှကြည့်လျှင် ထိုင်းဗုဒ္ဓဘာသာဘုန်းကြီးကျောင်းသည် အင်္ဂလိပ် လူနေအိမ်ကြီးတစ်အိမ်ဟုသာ ထင်နေပါလိမ့်မည်။ ငုဝါကရောက်ဖူးပြီးသူမို့ တန်းတန်းမတ်မတ် ဝင်သွားသည်။

"ဖိနပ်ချွတ်စရာ မလိုဘူးကိုကို။ ကျောင်းဝင်းထဲမှာရော၊ ကျောင်းဆောင်ထဲမှာရော စီးနင်းပုံထားတယ်။ သိမ်ထဲဝင်မှ ချွတ်ရတယ်"

ဘုန်းကြီးကျောင်းဆိုလျှင် ဖိနပ်ချွတ်ရန် အကျင့်ပါနေသော စည်သူလင်းကို ငုဝါကတားသည်။ ထီးနှင့်မိုးကာကိုသာချွတ်ပြီး ကျောင်းဆောင်ထဲဝင်ခဲ့ကြသည်။ အခန်းလွတ်တစ်ခန်းကို ကျော်ဖြတ်ခဲ့ကြပြီးသောအခါ ဆရာတော်ဘုရား၏ စံခန်းကိုရောက်သည်။

"ဝဲလ်ကမ်း။ ဒကာကြီးကလဲ ထိုင်းလူမျိုးပဲလား..."



ဆရာတော်က အင်္ဂလိပ်လို ဆီးကြိုနှုတ်ဆက်သည်။

ဆရာတော်သည် သင်္ကန်းကိုရုံလျက် ကုလားထိုင်ပေါ်တွင် စံပယ်နေသည်။ ဆရာတော်၏ရှေ့မှ စားပွဲတွင် ဝိုင်းဖွဲ့လျက် အခြား ဒကာ၊ ဒကာမများလည်း ကုလားထိုင်နှင့် ထိုင်လျက်သား တွေ့ကြရသည်။ စည်သူလင်းတို့နှစ်ယောက် ဖိနပ်ချွတ်ပြီး ကန်တော့ကြသည်။

"တပည့်တော်တို့က မြန်မာတွေပါဘုရား၊ အရှင်ဘုရားတို့နဲ့ အိမ်နီးနားချင်းတွေပါ"

"အေး....ကောင်းတယ်၊ ကောင်းတယ်။ ဖိနပ်ပြန်စီးပြီး ကုလားထိုင်ပေါ် ပြန်ထိုင်ကြပါ"

ဘုန်းတော်ကြီးနှင့် စားပွဲတစ်ဝိုင်းတည်း ထိုင်ရမည်ကို စည်သူလင်းခပ်ရှုံ့ရှုံ့ဖြစ်နေသည်။ အခြားဒကာ၊ ဒကာမများလည်း ဤသို့ပင်ဝိုင်းဖွဲ့၍ ထိုင်နေသည်ဖြစ်၍ ကုလားထိုင်ကိုဆွဲကာ မရွံ့မရဲထိုင်ကြသည်။

ဘုန်းတော်ကြီးနှင့် အတူရှိနှင့်နေသောသူများတွင် (ထိုင်းလူမျိုးဟုထင်ရသော) အရှေ့တိုင်းသားငါးဦး၊ အနောက်တိုင်းသား မျက်နှာဖြူ သုံးဦးနှင့် အိန္ဒိယနွယ်ဝင် လေးဦးတို့ဖြစ်ကြသည်။ သူတို့အားလုံးက မြန်မာဟုဆိုသော စည်သူလင်းဆက် စကာဒ်အညိုရောင်ဝတ်ထားသည့် ငုဝါကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။

"တို့ကျောင်းမှာ တကာကြီးတို့မြန်မာပြည်က မဟာစည်ဆရာတော်ဘုရားကြီး ကြွလာပြီး သီတင်းသုံးသွားသေးတယ်ကွ။ အခု သူပျံလွန်တော်မူသွားပြီဆို"

"မှန်ပါ့ဘုရား၊ ပျံလွန်တော်မူသွားပါပြီ"

ထို့နောက်ဆရာတော်က သူတို့ကျောင်းတွင် မဟာစည်ဆရာတော်ဘုရားကြီး ကြွရောက်စဉ်က တရားဟောခဲ့ပုံ၊ ဗုဒ္ဓဘာသာဝင်ကလေးများကို သာမဏေပြုပေးခဲ့ပုံများကို မြွက်ကြားသည်။ ဒကာ၊ ဒကာမများထဲမှလည်း ဆရာတော်ကြီးကို ဖူးလိုက်ရသည့်သူများက သူတို့ အတွေ့အကြုံများကို ဝင်ပြောကြသည်။ သည့်နောက် ဗုဒ္ဓဘာသာ တရားတော်အကြောင်းကို ဝိုင်းဖွဲ့ဆွေးနွေးကြသည်။

အသက် ၅၀ ကျော် အင်္ဂလိပ်အမျိုးသားကြီး တစ်ယောက်က သူ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို ပြောပြသည်။ သူငယ်စဉ်အခါက အင်္ဂလန်နိုင်ငံတွင် စီးပွားရေး အဆင်မပြေ၍ အနောက်ဂျာမနီ နိုင်ငံတွင် သွားရောက်အလုပ်လုပ်ခဲ့ရာ စီးပွားရေးအဆင်ပြေပြီး အိမ်ထောင်ကျခဲ့ကြောင်း၊ သို့သော်လည်း အိမ်ထောင်ရေးအဆင်မပြေရာမှ ကွဲခဲ့ရ၍ စိတ်ဆင်းရဲခဲ့ရကြောင်း၊ ပထမအိမ်ထောင်နှင့်ကွဲပြီး အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့ကာ ဒုတိယအိမ်ထောင်ကို ထူထောင်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံတွင် စီးပွားရေးရော အိမ်ထောင်ရေးပါ အဆင်ပြေသော်လည်း ကျန်းမာရေးမကောင်း၍ စိတ်မကြည်မလင်ဖြစ်ခဲ့ရကြောင်းများကို ပြောပြသည်။

ထိုပုဂ္ဂိုလ်ကြီးသည် ဗုဒ္ဓဘာသာတရားတော်ကို ဓမ္မပဒဖတ်ပြီးခါမှ စိတ်ဝင်စားလာရာ မဟာစည်ဆရာတော်ဘုရားကြီး အမေရိကန်ပြည်ထောင်စုသို့ ကြွချီစဉ်က တရားနာခဲ့ရသည်။ သည့်နောက်ပိုင်း ဗုဒ္ဓဘာသာတရားတော်ကို သက်ဝင်ယုံကြည်ခဲ့ပြီး ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းရှုမှတ်ခဲ့သည်။ ယခုအချိန်တွင် သူသည် မိခင်တိုင်းပြည် အင်္ဂလန်မှာပင် အခြေချပြီး ဘာမင်ဟန်ရှိ မဟာစည်ကျောင်းခွဲမှ ဆရာတော်ဦးရေဝတထံတွင် ယောဂီဝတ်ဖြင့် တရားမှတ်နေကြောင်း သိရသည်။ မြန်မာပြည်သို့ တိုးရစ်ဗီဇာဖြင့်ဘုရားဖူးလည်ပတ်ပြီး မဟာစည်ရိပ်သာတွင် ယောဂီဝတ်ရန်ရည်ရွယ်ထားကြောင်းကိုလည်း ပြောပြသေးသည်။

"တကယ်တော့ လူ့ဘဝဆိုတာ ဒုက္ခဘုံကြီးပါဘုရား။ ကိုယ့်တိုင်းပြည်မှာ ဒုက္ခများတယ်။ သူများတိုင်းပြည်မှာမှ ချမ်းသာသုခကိုရှာလို့ရလိမ့်မယ်လို့ ထင်ခဲ့တာ တပည့်တော်ရဲ့အမှားပါပဲ။ ဗုဒ္ဓတရားတော်က သွန်သင်ဆုံးမတော့မှပဲ ဒီတရားသဘောကို နားလည်ရပါတော့တယ်။ အခုဒီတရားတော်ကို ကျင့်ကြံအားထုတ်ခွင့်ရလို့ ကိုယ့်နိုင်ငံတွင်းမှာပဲ စိတ်လဲချမ်းသာ၊ လူလဲကျန်းမာသွားပါပြီဘုရား"

ဘာမင်ဟန်မှ မဟာစည်ယောဂီကြီးက သူ့ဘဝ ဒုက္ခသံသရာနှင့် သုခတရားတော်ကို ဤသို့နိဂုံးချုပ်ပြောကြားပါ၏။

"ဟုတ်ပေတယ်တကာကြီး။ လူ့ဘဝဆိုတာ အနန္တတန်ခိုးတော်ရှင်တစ်ဦးရဲ့ ဆုတော် လာဘ်တော်မဟုတ်ပေဘူး။ သံသရာ ဝဋ်ဆင်းရဲ



အတွင်းက ဒုက္ခဘုံတစ်ခုပေပဲဆိုတာ ငါတို့ဘုရားရှင်ကပဲ ဟောကြားခဲ့တယ်။ ဒီဒုက္ခဘုံထဲက လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကိုလဲ ငါတို့ဘုရားရှင်ကပဲ ဟောကြားတော်မူခဲ့တယ်ကွယ့်"

ယောဂီကြီး၏စကားကို ဆရာတော်က ဖြည့်စွက်၍ မိန့်ကြားတော်မူသည်။

"မှန်ပါတယ်ဘုရား။ ဒါကိုနားမလည်တဲ့သူတွေဟာ တကယ်ချမ်းသာခြင်းအစစ်ကို မရှာကြဘဲ ပစ္စည်းဥစ္စာ ချမ်းသာခြင်းနဲ့ ကာမဂုဏ်အာရုံသာယာမှုတွေကို ကမ္ဘာနဲ့အနှံ့ လိုက်ရှာနေကြတော့ ဒုက္ခတွေတစ်မျိုးပြီးတစ်မျိုး တွေ့နေကြပါတယ်ဘုရား"

မထင်မှတ်ဘဲနှင့် ငုဝါဆီမှ အဆင့်အတန်းမြင့်လှသော တရားနှင့်ပေ်လျဉ်းသည့် အတွေးအခေါ် မျိုးကြားလိုက်ရ၍ စည်သူလင်း အံ့သြရပြန်သည်။

"အေးပေါ့ကွယ်။ ဒါကြောင့်လဲ မီလျံနာတွေထဲမှာ ကိုယ့်ကိုယ်ကိုသတ်သေတဲ့လူတွေ၊ အိပ်ဆေးတွေ စိတ်ငြိမ်ဆေးတွေ စွဲနေတဲ့သူတွေ၊ စိတ္တဇဝေဒနာသည်တွေ၊ မူးယစ်ဆေးစွဲသူတွေ ရှိနေတာပေါ့။ ငွေရှိဘိုင်းသာ ချမ်းသာသုခကို ဝယ်ယူနိုင်ကြမယ်ဆိုယင် ဟားဝဒ်ဟျူးချတို့၊ အဲလ်ဗစ် (စ) ပရက်စလေတို့၊ မာရီလင်မွန်ရိုးတို့ အခုလို ဘဝကို နိဂုံးချုပ်ကြရမှာ မဟုတ်ဘူးပေါ့"

ဤတွင် စည်သူလင်းကိုယ်တိုင်ပင် သဒ္ဒါကြည်လင် စိတ်ပါဝင်စားစွာဖြင့် ထောက်ခံသည်။

"မှန်ပါတယ်ဘုရား။ ရုပ်ဝတ္ထုအဆောင်အယောင်နဲ့ ဇိမ်ခံပစ္စည်းတွေ၊ ကာမဂုဏ်အာရုံရဲ့ သာယာမှုတွေဟာ ပြည့်စုံတယ်မရှိဘဲ သောက်လေသောက်လေ ငတ်မပြေတဲ့ ဆားငန်ရေပါဘုရား။ လောဘ၊ ဒေါသ၊ မောဟတို့ရဲ့ ချုပ်ငြိမ်းရာနဲ့ ချုပ်ငြိမ်းရန် ကျင့်ကြံဆောက်တည်ခြင်းသာလျှင် ချမ်းသာခြင်းအစစ်ဖြစ်တယ်ဆိုတာ တပည့်တော်တို့ အလေးအနက် ယုံကြည်မိပါတယ်ဘုရား"

တရားစကားဝိုင်း ခေတ္တပြတ်သွားစဉ် စည်သူလင်းတို့ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

က လှူဖွယ်ဝတ္ထုများကိုထုတ်၍ စားပွဲပေါ်တင်ကာ ဆရာတော်အား ကပ်လှူရန်ပြင်ဆင်ကြသည်။

"ငါ့ကို မကပ်နဲ့ကွ။ ဘုရားမှာသာ သွားလှူလိုက်ကြ။ သိမ်ထဲ သွားပြီးလှူလိုက်ကြပါလား။ အဲဒီမှာ တကာကြီးတို့ရဲ့ မြန်မာစကား ပြောတတ်တဲ့ ဦးပဥ္ဇင်း တစ်ပါးလဲရှိတယ်"

ပစ္စည်းများကိုပြန်သိမ်းပြီး နေရာမှထလိုက်ကြသည်။ ဆရာတော်နှင့်အတူ မမ္မမိတ်ဆွေ ယောဂီကြီးကို မတ်တတ်ရပ် လက်အုပ်ချီ နှုတ်ဆက်ကြသည်။ ကျောင်းဆောင်မှထွက်၍ မိုးတဖွဲဖွဲတွင်ထီးဆောင်းကာ သိမ်တော်ဆီသို့ အပြေးအလွှားသွားကြရသည်။

ကျောင်းဝင်းထဲရှိ ဆင်ခြေလျှောတောင်ကုန်းလေးဆီသို့ အုတ်လှေကားလေးများစီလျက် သိမ်တော်ဆီသို့ လမ်းဖောက်ထားသည်။ စုလစ်မွမ်းချွန်များဖြင့် ရွှေပိန်းချ ထိုင်းရိုးရာ အနုပညာ တန်ဆာဆင်ထားသော သိမ်တော်သည် အရှေ့တိုင်း ဗိသုကာ၏ အလှအပ ပုံစံမျိုးဖြစ်၏။

သိမ်ထဲတွင် ဦးပဥ္ဇင်းတစ်ပါး စိပ်ပုတီးစိပ်လျက် ကြိုလျှောက်နေသည်ကိုတွေ့ရ၏။ ဆရာတော်ဘုရား မိန့်ကြားခြင်းမပြုမီကတည်းကသည်ကျောင်းတွင် မြန်မာစကား တတ်သည့် ကိုယ်တော်တစ်ပါး ရှိကြောင်း မြန်မာအချင်းချင်းပြော၍ စည်သူလင်း သိထားနှင့်ပြီးဖြစ်သည်။ ထိုဦးပဥ္ဇင်းသည် မြန်မာပြည်တွင် ယခင်တစ်ချိန်တုန်းက ဗုဒ္ဓကျမ်းစာများ လေ့လာခဲ့ဖူးသူဖြစ်၍ မြန်မာစကား တတ်ခဲ့ကြောင်း သိရသည်။

"နေကောင်းပါရဲ့လား ဘုရား"

စည်သူလင်းက ဦးပဥ္ဇင်းကို ဝတ်ပြုရင်း မြန်မာလို ပဋိသန္ဓာရစကားဆိုသည်။

"အေး.... အေး။ မြန်မာပြည်က လာကြတယ်လား"

မြန်မာစကားမပီတပီဖြင့် ဦးပဥ္ဇင်းက စကားပြန်သည်။ စည်သူလင်းက ဦးပဥ္ဇင်းနှင့် မြန်မာလို အားရပါးရ တရားဓမ္မများ ဆွေးနွေးလိုက်ချင်သည်။ ခက်သည်က ဦးပဥ္ဇင်းသည် မြန်မာစကားကို သွက်



သွက်လက်လက် မပြောနိုင်ရှိမကာ တရားရှင်ပီပီ အေးဆေး နှုတ်နည်းသွန်းလှသည်။ မေးတစ်ခွန်း ဖြေတစ်ခွန်းသာ မြွက်ကြားပြီး စိပ်ပုတီးသာစိပ်နေ၍ အနှောင့်အယှက်ပေးရာ ကျမည်လည်း စိုးရပြန်သည်။

"အေး.... အေး၊ ဘုရားရှိခိုးပြီး လှူစရာတွေ လှူလိုက်ကြဦး"

ဦးပဥ္ဇင်းက နှုတ်ဆက်ပြီး သိမ်ပေါ်မှဆင်းသွားသည်။

သိမ်ထဲတွင် ဗုဒ္ဓရုပ်ပွားတော်ကြီး တစ်ဆူသည် ပလ္လင်ထက်ဝယ် သပ္ပာယ်ဥဒစ်ပယ်တော်မူသည်ကို ကြည်နူးစွာဖူးတွေ့ရသည်။ ဆင်းတုတော်ကြီးရှေ့တွင် လျှပ်စစ်မီးများသာမက ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် ပန်းများ ပူဇော်ထားကြသည်။ သူတို့ထက်အလျှင် ရောက်နှင့်နေသော တကာ၊ တကာမများ၏ လှူဖွယ်ဝတ္ထုအစုစုတို့ ဆက်ကပ်ထားသည်ကိုလည်း ကြည်ညိုသဒ္ဓါပွားကြရသည်။

မွေးပကော်ဇောနီကြီးပေါ်တွင် စည်သူလင်းနှင့် ငုဝါတို့ ဒူးတုပ်ထိုင်လိုက်ကြသည်။ ငုဝါပါလာသည့် ဖယောင်းတိုင်ထုပ်ကို ဖောက်ကာ မီးပူဇော်ကြသည်။ ဆန်၊ ဆီ၊ ငါးသေတ္တာနှင့် ပန်းသီးဆွမ်းတို့ကိုလည်း ဆင်းတုတော် ရှေ့တွင် ကပ်လှူပြီး ကန်တော့ကြသည်။ စည်သူလင်းက ငါးပါးသီလခံပြီးနောက် ရတနာသုံးပါးဂုဏ်တော်ကို ရွတ်ဆိုပြီး အနန္တော အနန္တငါးပါးကို ကန်တော့ကာ အမျှပေးဝေသည်။ မြန်မာပြည်အပြန်ခရီးတွင် ငုဝါပါလိုက်ပါနိုင်ပြီး ချောချောမောမော ရန်ကုန်သို့ ပြန်ရောက်ရပါလို၏ဟု မမေ့မလျော့ ဆုတောင်းလိုက်ပါ၏။

စည်သူလင်းနေရာမှထပြီးနောက် အတော်ကြာကြာ ငုဝါကို စောင့်နေရသည်။ ကျုံ့ကျုံ့လေး ပုဆစ်တုပ် ထိုင်ကာ လက်အုပ်ချီလျက် ဘုရားရှင်ထံ မျက်လွှာချ အာရုံပြုနေသည့် ငုဝါ၏ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေမိသည်။ နှုတ်ခမ်းလေးမသိမသာလှုပ်ရှုံလေးရွတ်ဖတ်သရဇ္ဈာယ်နေသည်။ နောက်ထပ် ၁၅ မိနစ်ခန့်ကြာမှ ငုဝါ သုံးကြိမ်ဝတ်ချ၍ ထလာသည်။

"ဘာတွေများ အရှည်ကြီးဆုတောင်းနေရလို့ ဒီလောက်ကြာနေရတာလဲငုဝါ"



www.burmeseclassic.com

www.burmeseclassic.com

"ငုဝါဆုတောင်းဘာကတော့ တစ်ခုတည်းပါ။ ငုဝါရဲ့ ရှေးဘဝ ဝဋ်ကြွေးတွေ၊ အကုသိုလ်တွေ ဒီဘဝဒီမျှနဲ့ပဲကုန်ဆုံးပြီး ကိုကိုနဲ့အတူတူ မြန်မာပြည်ပြန်လိုက်ပါရစေ........လို့"

"ဒါနဲ့မျှားကွာ ကြားလိုက်တာ ဘာမှားနှုတ်ဖတ်နေလို့လဲ"

"ငုဝါ ၂၄ ပစ္စည်းကို ငါးကြိမ်နှုတ်နေရလို့ပါကိုကိုရဲ့"

စည်သူလင်းထပ်မံ၍ အံ့သြရပြန်ပြီ။

"ဟင်.... ငုဝါက ဒါကိုရတယ်။ ကိုကိုတောင် မရဘူးကွာ။ တကယ်ပဲ ငုဝါကို ကိုကိုမချီးကျူးဘဲ မနေနိုင်တော့ဘူး"

"ရတာပေါ့ ကိုကိုရယ်။ ငုဝါ ၁၂ နှစ်သမီး ကတည်းက ဖေဖေက ဒါတွေကို နှုတ်တိုက်ချပြီး ကျက်ခိုင်းခဲ့တာ။ ဤတိပိသော ရတနာ်းဘေ ဦးထုပ်လှလှလေးတစ်လုံး ရခဲ့တာရယ်၊ သံဗုဒ္ဓေရတနာ်းက ဂါဝန်လှလှ လေးတစ်ထည် ချုပ်ပေးတာရယ်။ ၂၄ ပစ္စည်းရတော့လဲ အနွေးထည် လေးတစ်ထည် ရခဲ့တာ ငုဝါကောင်းကောင်းမှတ်မိခဲ့တယ်လေ။ ဒီဘုရား စာတွေကို ညဘုရားရှိခိုးတိုင်း ဆိုရတယ်။ ဖေဖေ မရှိတော့လဲ ငုဝါ စိတ်ညစ်တိုင်း ဒါတွေပဲ ဆိုနေတော့ မမေ့ဘူးပေါ့ကိုကိုရယ်"

"သြော်.... ငုဝါရယ် မင်းကိုတော့လေ ယောက္ခမလောင်းကြီးဘေ သေချာပေါက်ကို သဘောတူ သွားမှာပဲ။ မြန်မာပြည်မှာတောင် မင်းလိုမိန်းကလေးမျိုး ရှားတယ်လို့ မမမြကာ ဒါ့ကြောင့်မို့ ပြောတာ သိလား...."

× × × ×

မနေ့က ငုဝါအတွက် ဗီဇာခွင့်ပြုချက်အမိန့်ကျလာသည်။ သီရိုးမှ သတင်းရလျှင်ရချင်း စည်သူလင်းက ဝမ်းသာအားရ ငုဝါထံဖုန်းဆက်၍ ပြောပြသည်။ နှစ်ဦးသား အတိုင်းအဆမရှိ ဝမ်းသာမြူးတူးကြရသည်။ သူမအတွက် နှစ်ရှည်လများစိတ်ကူးယဉ်ခဲ့ရသော အိပ်မက်ထဲမှ မြန်မာ ပြည်။ အခုတော့ တကယ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရတော့ မည်။ ရောက်ရမှာလည်း တစ်ယောက်တည်း မဟုတ်သေး။ အချစ်ဆုံးသူ



လက်မောင်းကိုခိုတွဲပြီး ထာဝရ မခွဲအတူနေရန် ရောက်ရမည့်မြန်မာပြည် ပါလား။

စည်သူလင်း အတွက်လည်း လနှင့်ချီပြီး တည်ဆောက်ခဲ့ရသော အိမ်ထောင်ရေး စီမံကိန်းသည် အချိန်မီ အခါကောင်း လေးတွင် အကောင်အထည် ပေါ်လာခဲ့ပြီ။ အချိန်မီဆို တကယ်ကိုမီရုံကလေးပါ။ သူ့ရန်ကုန်ပြန်ရန် တစ်ပတ်အလိုတွင် ငုဝါအတွက် ပြည်ဝင်ခွင့် အမိန့် ကျလာခြင်းဖြစ်ပါ၏။

အခုဆိုလျှင် စည်သူလင်းတစ်ယောက် မိုးဖီးဆေးရုံတွင် အလုပ် ဆင်းရန်ပင်မလိုတော့။ နှုတ်ဆက်ပွဲပင် လုပ်ပြီးနေပြီ။ ကျန်တစ်ပတ် အတွင်း အပြန်ခရီးအတွက် စီစဉ်နိုင်ရန် အနားပေးထားသည်။

နက်ဖန်ဆိုလျှင် ငုဝါကိုခေါ်ပြီး မြန်မာသံရုံးသို့ သွားကြရမည်။ သည်နေ့ မိုးရွာလေးများကျနေ၍ စည်သူလင်း အခန်းအောင်းနေသည်။ နေ့လယ်စာစားပြီး ဗီရိုထဲမှပစ္စည်းများထုတ်၍ရှင်းသည်။ တစ်ပါတည်း ယူသွားမည့်ပစ္စည်းများကသပ်သပ်၊ လေယာဉ်တန်ဆာလုပ်ရမည့်ပစ္စည်း များကသပ်သပ် ခွဲထားရသည်။

ဗီရိုရှင်းပြီးသောအခါ နေ့လယ် ၂ နာရီထိုးနေပြီ။ စိတ်အေးချမ်းသာ အနားယူရန် ရုပ်မြင်သံကြားမှ ဆည်းနေသော ကြော်ငြာ အစီအစဉ် များကို ပိတ်လိုက်၏။ ထို့နောက်ကက်ဆက်ထဲသို့ ဖြူသီ၏သီချင်းတိတ် ခွေထည့်လိုက်သည်။ "ရွှေကျေးဘမှာ" သီချင်းသည် အေးအေးငြိမ့်ငြိမ့် လေး အခန်းထဲဝယ် ပျံ့လွင့်လာသည်။ သောတအာရုံ၏ ငြိမ့်ညောင်း ချမ်းအေးမှုကို ခံစားရင်း အိပ်ရာပေါ်သို့လှဲကာ ကျောဆန့်နေသည်။

"ကလင်.. ကလင်....ကလင်"

တံခါးဝမှ လူခေါ် ခေါင်းလောင်းသံ ကြားရသည်။ စည်သူလင်း တံခါးကိုချက်ချင်း မဖွင့်သေးဘဲ စောင့်နေသည်။ ကက်ဆက်သံကြားမှ အိမ်ထဲမှာ လူရှိမှန်း သိကာ အလှူခံ တစ်ယောက်က ခေါ်ခြင်းဖြစ် နိုင်သည်။

သည်ကက်ပိုဆိုးသည်မှာ သူတို့နေသော ဟက်ကနီမြို့နယ်တွင် နိုဂရိုး လူဦးရေ ပို၍များသည်။ အာဘုပ်လက်မဲ့များလည်းပေါသည်။ လူငယ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဘွင် တစ်ဦးသည် အလုပ်လက်မဲ့ ဖြစ်နေသည်ဟု ကြေငြာချက်တွင် တွေ့ရသည်။ အလုပ်လက်မဲ့ နီဂရိုးဆိုးသွမ်းလူငယ်များသည် အကြောင်းမဲ့သက်သက် ရမ်းကားတတ်သည်။ အထူးသဖြင့် အရှေ့တိုင်းသားပညာတတ်များ လာရောက် အလုပ်လုပ်နေကြသောကြောင့် သူတို့ အလုပ်လက်မဲ့ဖြစ်ရသည်ဟုခံယူထားကြသည်။ ဤဝန်တိုစိတ်ဖြင့် နီဂရိုးလူငယ်များသည် အရှေ့တိုင်းသားများနှင့် အိန္ဒိယနွယ်ဝင်များ၏ နေအိမ်သို့ဝင်၍ ရိုက်နှက်ဖျက်ဆီးတတ်ကြောင်း သတင်းစာထဲတွင် မကြာခဏဖတ်နေရသည်။ သူတို့ကိုတော့ သတိထားပြီး ရှောင်ကြရသည်။

"ကလင်... ကလင်....ကလင်"

နောက်ဆပ်ခေါင်းလောင်းသံကြားမှ တံခါးဝဆီသို့သွား၍ ချောင်းကြည့်ပေါက်မှနေ၍ အပြင်သို့ကြည့်လိုက်ရာ မြန်မာအမျိုးသမီးတစ်ဦးကိုတွေ့ရသည်။ သူမသည် မနောတိုင်ပါရမ်းရောင် ကချင်ထဘီနှင့်မရမ်းနုရောင် နိုင်လွန်အသွယ်တာကို ဝတ်ထားပြီး ခရီးဆောင် လက်ဆွဲအိတ်တစ်လုံးကို လွယ်ထား၏။ ထီးကိုဆောင်းလျက် စည်သူလင်း၏ တိုက်မြိတ်အောက်တွင် ရပ်နေသည်။ မြန်မာပြည်အပြန် လူကြုံလက်ဆောင်ပစ္စည်းပေးမည့်သူ ဖြစ်နိုင်သည်။ အန္တရာယ်ပေးနိုင်သည့်သူ မဟုတ်၍ တံခါးဖွင့်ပေးလိုက်သည်။

"ဘာကိစ္စရှိပါသလဲခင်ဗျာ၊ ဘယ်သူနဲ့တွေ့ချင်ပါသလဲ"

ဦးတင်လတ်မိတ်ဆွေလည်း ဖြစ်နိုင်သည်ဟု မြန်မာလိုပင်မေးသည်။

"မောင်ရယ် ဟန်နီကိုတောင် မမှတ်မိတော့ဘူးလား"

"ဟင်....ဟန်....ဟန်....ဟန်....ဟန်နီ"

ဟန်နီဆိုမှ သူမမျက်နှာကို စေ့စေ့ကြည့်မိသည်။ သုံးနှစ်ကျော် ကာလအတွင်း မွဲမွဲလျော့လျော့ရှိခဲ့၍ မမှတ်မိသည်တော့ မဟုတ်ပါ။ အသက်အရွယ်ထက်မကသော ရင့်ကျက်တည်ငြိမ်မှုနှင့် ပြောင်းလဲမှုများစွာဖြင့် ဟန်နီကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ကြည့်ပါဦးလေ....

တစ်ခါမှ ခါးပေါ်မှာ မတင်ဖူးခဲ့သည့် ပြည်တွင်းဖြစ် ချည်ထည် မာဆရိုက် ကချင်ထဘီကိုဝတ်လို့။ အတွန့်အလိမ် အကောက်အကွေး



ကင်းသော ဆံပင်ကို မိုးရှိုးလေးဖြီး၍ နောက်တွင် ခပ်ဖွဖွလေး သိမ်းထားသည်။ မျက်နှာမှာလည်း ယခင်ကလို ဆေးရောင်စုံချယ်သထားသော အတုအရောင်များကိုမတွေ့ရ။ မှုန်မှုန်လေး တို့ထားသည့် ကရင်ပတ်(ဖ)ကိုသာ ဂရုစိုက်ကြည့်ပါမှ မြင်သာပေလိမ့်မည်။

တစ်ခါမျှ မတွေ့ခဲ့ဖူးသည့် ဆင်ယင်ထုံးဖွဲ့မှုမျိုးဖြင့် မမျှော်လင့်သူကို မထင်မှတ်သောနေရာတွင် ရုတ်တရက်ပြန့်တွေ့ရသောအခါ စည်သူလင်း အံ့ဩခြင်းမက အံ့ဩစွာဖြင့် တွေဝေငိုင်နေမိသည်။

"မောင်ရယ် ဟန်နီကို အိမ်ထဲဝင်ခွင့် မပြုတော့ဘူးလား....ဟင်"

ရုပ်သွင်ဟန်ပန် ပြင်ဆင်မှုက ပြောင်းလဲခဲ့သော်လည်း ဟန်နီ၏ အသံနှင့် စကားပြောဟန်ကတော့ ယခင်အတိုင်းပင် မပြောင်းလဲသေးပါလား။

"ဪ....လာပါ ဝင်ပါ။ တွေ့ရလိမ့်မယ်လို့ လုံးဝမမျှော်လင့်ဘဲ တွေ့လိုက်ရတော့ အံ့အားသင့်သွားတာပေါ့"

စည်သူလင်းက တံခါးဖွင့်ဖယ်၍ ဝင်ခွင့်ပေးလိုက်သည်။ ဟန်နီကို ဘယ်လိုဆက်ဆံရမည်၊ ဘယ်လို ပြောရမည်ကိုပင် သူနားမလည်နိုင်လောက်အောင် ဖြစ်နေသည်။ ဤသို့ထိတ်ထိတ်လန့်လန့်ဖြစ်နေရသည်မှာ ယခင်တစ်ခါက ပြက်ပြက်ထင်ထင် မြင်မက်ခဲ့ရသော အိပ်မက်ကြောင့်လည်းပါသည်။ အကယ်၍သာ ဟန်နီကို အိပ်မက်ထဲကလို ဆင်ယင်ထုံးဖွဲ့မှုမျိုးနှင့်သာဆိုလျှင် သူ့အိပ်ခန်းထဲသို့လုံးဝ ဝင်ခွင့်ပြုရဲလိမ့်မည်မဟုတ်ပေ။

ရင်ခုန်သံနှင့်အတူ လျင်မြန်စွာလှုပ်ရှားနေသည့် စိတ်ကို တတ်နိုင်သမျှ ထိန်းချုပ်ရင်း အခန်းထဲသို့ဝင်ခဲ့ကြသည်။

"ထိုင်ပါဦးဟန်နီ၊ ဘယ်တုန်းက လန်ဒန်ကိုရောက်နေတာလဲ"

ဟန်နီက သူ့မေးခွန်းကိုချက်ချင်းမဖြေ အခန်းထဲသို့ လျှပ်တစ်ပြက်မျက်စိကစားကာ ကပျာကယာလေ့လာလိုက်သည်။ တစ်ယောက်အိပ်ခုတင်နှစ်လုံးနှင့် နှစ်ယောက်ခန်းဖြစ်နေသည်ကိုတွေ့ရ၍ အထိတ်တလန့် ဖြစ်သွားသည်။ ဦးရွှေလင်းနှင့် ဒေါ်တင်တင်တို့၏ ဓာတ်ပုံ ခေါင်းရင်းတွင် ချိတ်ထားသည့် ခုတင်သည် စည်သူလင်းခုတင်ဖြစ်ရမည်။ ဤသို့



www.burmeseclassic.com

www.burmeseclassic.com

ဆိုလျှင် ကျန်ခုတင်က ဘယ်သူ့ခုတင်လဲ။ ခုတင်ခြေရင်းတွင် ပုဆိုးနှင့် ဘောင်းဘီများကို မြင်ရခါမှ သက်ပြင်း ချနိုင်ရှာသည်။ ဟန်နီက ကုလားထိုင်တစ်လုံးပေါ်တွင် လေးနွဲ့နွဲ့ထိုင်သည်။

"အခုပဲ ပါရီကရောက်လာတယ်မောင်။ လေဆိပ်ကနေ တက္ကစီငှားပြီး ဒီကိုတိုက်ရိုက်လာခဲ့တာပဲ"

စည်သူလင်း ကြက်သီးမွေးညင်းများပင် ထသွားသည်။

"ဘယ်လိုကိစ္စများ အကြောင်းထူးရှိလို့လဲဟန်နီ။ ယူဘယ်မှာတည်းမယ် စိတ်ကူးထားလဲ။ ဘာအကူအညီပေးရမလဲ"

ဟန်နီက မဲ့ပြုံးလေးတစ်ချက် မသိမသာ ပြုံး၏။

"ဪ....မောင်လဲပဲ ဒီရောက်တော့ ဒီလူတွေရဲ့ အကျင့်ရပြီး ညှိုနိုင်လာယင် ဟိုတယ်အခန်းစီစဉ်ပေးဖို့ပဲ တွေးတော့တာပဲနော်။ နေပါစေ မောင်ရယ်။ တည်းဖို့ခိုဖို့ နေရာက ဟန်နီအတွက် အကြောင်းမဟုတ်ပါဘူး။ လန်ဒန်မှာ ဟိုတယ်မရှိလဲ ဟန်နီ့ရဲ့သူငယ်ချင်း မြန်မာမတွေရှိပါတယ်"

စည်သူလင်း ထိုင်ရမလို ထရမလို ဆောက်တည်ရာမရဖြစ်နေသည်။ သူထိုင်လျှင် သူနေရာတွင် ဟန်နီကပါလာထိုင်မည်ကို စိုးရိမ်စိတ်ဝင်နေခြင်းလည်းပါ၏။

"ဪ....ခုမှသတိရတယ်။ ဟန်နီကိုကျွေးစရာရှိပါတယ်။ ခဏနော်"

စည်သူလင်းက ဗီရိုကိုဖွင့်၍ လိမ္မော်ရည် ပုလင်းကြီးတစ်ပုလင်းနှင့် ပန်းသီးအထုပ်တစ်ထုပ်ယူလိုက်သည်။ ဖန်ခွက်နှစ်လုံးထဲတွင် လိမ္မော်ရည်ကို အညီအမျှ ထည့်ကာ တစ်ခွက်ကို ဟန်နီရှေ့တွင်ချပေးသည်။ ပန်းသီးလေးလုံးကိုထုပ်ထားသည့် လချေးစက္ကူကိုခွာပြီး ဟန်နီအားတစ်လုံးလှမ်းပေးသည်။ ဟန်နီက ပန်းသီးကိုယူထားပြီး မစားသေးဘဲ ကိုင်ထား၏။

"ညှိုခံနေဖို့မလိုပါဘူး မောင်ရယ်၊ မောင်နဲ့တွေ့ချင်လို့ ပါရီကို အကြောင်းရှာပြီး လာခဲ့ရတာပါ။ လန်ဒန်ကမောင့်လိပ်စာကိုလဲ မမခိုင်ဆီက တောင်းခဲ့ရပါတယ်"

လွန်ခဲ့သော ဆောင်းတွင်းတုန်းက စည်သူလင်းပျင်းပျင်းနှင့် မမြင့်ခိုင်ထံ ပို့စကတ်ကလေးတစ်ခု ပို့ဖူးသည်။ မမြင့်ခိုင်ထံမှ ဘာမျှပြန်မလာ။ အခုပို့မည့်ပို့တော့လည်း ဒေါက်တာဒေါ်မြင့်ခိုင်က သူ့ညီမဝမ်းကွဲဟန်နီကို လိပ်စာပေး၍ သူ့ဆီဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပို့လိုက်သည်ကော။

"ဟန်နီ အခု အရင်ကုမ္ပဏီမှာပဲ လုပ်တုန်းပဲလား၊ ပါရီကိုတော့ အလုပ်ကိစ္စနဲ့ပဲပေါ့နော်"

"ဟုတ်ပါတယ်။ ရှာမိုးကုမ္ပဏီမှာပါပဲ။ မောင့်ဆီလာချင်လို့ ကုမ္ပဏီရဲ့အလုပ်တာဝန်ကိုယူပြီး ပါရီရုံးချုပ်ကို လာခဲ့ရတာပါ။ ဒီအလုပ်ကိစ္စ ထောက်ခံချက်နဲ့ ရန်ကုန်က ခွင့်ပြုချက်ကိုလဲ တောင်းခဲ့ရသေးတယ်လေ။ ပါရီအထိတော့ ကုမ္ပဏီကစရိတ်ခံပါတယ်။ ပါရီကနေ လန်ဒန်ကိုတော့ ကိုယ့်စရိတ်နဲ့ကိုယ် လာခဲ့ရပါတယ်မောင်ရယ်"

ဟန်နီအလုပ်လုပ်သည့် ရှာမိုးကုမ္ပဏီသည် ပြင်သစ်ပိုင် ရတနာကုမ္ပဏီဖြစ်ပြီး ပဲရစ်တွင် ပင်ရင်းဆိုင်နှင့် ရုံးချုပ်ရှိသည်။ အရှေ့ဘက်တွင် တိုကျို၊ ဟောင်ကောင်နှင့် စင်ကာပူတို့တွင် ဆိုင်ခွဲများရှိ၏။ လန်ဒန်မြို့ နယူးဘွန်းလမ်းထဲမှာပင် ရှာမိုးဆိုင်ခွဲတစ်ဆိုင်ကို စည်သူလင်း တွေ့ဖူးသည်။ ပဲရစ်ရှိ ပင်ရင်းဆိုင်ကြီးတွင်ကား စိန်၊ ရွှေ၊ ပုလဲနှင့် လက်ဝတ်ရတနာများသာမက ရေမွှေးနှင့် အလှကုန်များပါ ရောင်းသည်။ ရှာမိုးရေမွှေးသည် နာမည်ကျော်သည်။

"ကိစ္စအကြောင်းထူးရှိလို့လား ဟန်နီ"

"ကိစ္စကတော့ ဟန်နီစင်ကာပူမှာ အလုပ်လုပ်နေတာ သုံးနှစ်ပြည့်ခါနီးနေပြီမောင်။ အဲဒါ မြန်မာပြည်ကိုအပြီးပြန်လာရမလား။ မပြန်တော့ဘဲ ဟိုမှာပဲ အပြီးနေလိုက်ရတော့မလား ဆုံးဖြတ်ဖို့ မောင်နဲ့ဆွေးနွေးချင်လို့ပါကွယ်"

စည်သူလင်းက ပြုံးချင်သော်လည်း သရော်ရာကျမည်စိုး၍ မပြုံးမိအောင် သတိနှင့်ထိန်းထားရသည်။

"ယူမိဘတွေနဲ့ရော မတိုင်ပင်ဘူးလား။ သူတို့ဆန္ဒနဲ့ သဘောထားဟာ ပိုပြီး အရေးကြီးပါတယ်။ သူတို့နဲ့ တိုင်ပင်မှ ပိုပြီး သဘာဝကျတော့မပေါ့"




www.burmeseclassic.com

www.burmeseclassic.com

သူ၏စကားသည် ချိုချိုလေးနှင့် ထိမိလှသည်။ ဟန်နီ မျက်နှာ မသိမသာပျက်သွားသည်။

"ဒက်ဒီကတော့ ပြန်လာစေချင်တာပေါ့။ မာမီ ဆုံးခဲ့တာတော့ ခြောက်လကျော်ခဲ့ပါပြီမောင်ရယ်"

"ဩော်....ဘာရောဂါနဲ့ ဘယ်လိုဖြစ်သွားရတာလဲ"

သူ့အား အိမ်ပေါ်မှ နှင်ချခဲ့သော ယောက္ခမ ဟောင်းကြီး ဆုံးကြောင်းသိရ၍ စည်သူလင်း စိတ်မကောင်းဖြစ်မိပါသည်။

"နှလုံးရောဂါနဲ့ပါပဲမောင်။ ဆေးရုံပေါ်မှာ တစ်လလောက်တက်ခဲ့ရသေးတယ်။ မာမီ အသည်းအသန် ဖြစ်နေတုန်းမှာ သားသမီးသုံးယောက်စလုံးက နိုင်ငံခြားမှာရောက်နေကြတယ်။ ဘယ်သူမှ မာမီကို ပြုစုမယ့်သူမရှိလို့ မမခိုင်ပဲ ဒိုင်ခံပြီးပြုစုခဲ့ပါတယ်။ မာမီက သူ့သားသမီးတွေ နိုင်ငံခြား လွှတ်မိတာ မှားတယ်လို့ နောင်တရရှာတယ်။ မောင်ဘယ်မှာရှိနေသလဲလို့လဲ မမခိုင်ကိုမေးသတဲ့။ အခု ဒက်ဒီမှာလဲ ပန်းနာရင်ကျပ်နဲ့ ပြုစုမယ့်သူမရှိရှာဘူးမောင်။ မမအယ်မလီကလဲ ပြန်လို့မရ၊ ရော်နီကလဲယောကျ်ားလေးမို့ အားကိုးလို့မရနဲ့ ဟန်နီသာပြန်လာဖို့ပဲ ဒက်ဒီကမျှော်လင့်နေတယ်"

"ယူတို့မိသားစုအခြေအနေအရ ဒီလို တောင်းဆိုနေယင်လဲ ယူပြန်သင့်တာပေါ့"

စည်သူလင်းက မတုန်မလှုပ် အေးဆက်စက်လုပ်နေသည်။

"ဟုတ်ပါတယ်မောင်ရယ်၊ မောင်ဒီလိုပဲပြောလိမ့်မယ်ဆိုတာ ဟန်နီ ကြိုတင်တွေးမိပြီးသားပါ။ ဟန်နီမှာ အရင်ကလိုစိတ်မျိုး မရှိတော့ဘူးဆိုတာတော့ မောင့်ကိုကြိုတင်ပြီး ပြောထားပါရစေ။ ဒါကြောင့်မို့လဲ မောင့်ဆီကို တကူးတက လိုက်လာခဲ့တာပေါ့"

"အသွင်အပြင်အရ ယူ့ပြောင်းလဲနေတာကို သတိထားမိပါတယ်။ ကဲလေ ဆိုစမ်းပါဦး ဒီပြင် ဘာတွေများ ပြောင်းလဲ လာသေးသလဲ ဆိုတာ"

ဟန်နီက လိမ္မော်ရည်ခွက်ကိုယူပြီး တစ်ကျိုက် သောက်သည်။

"ဟန်နီအရင်တုန်းကလို နိုင်ငံခြားကို အထင်ကြီးပြီး ကိုယ့်တိုင်း



ပြည်ကိုအထင်သေးတဲ့စိတ်တွေ မရှိတော့ပါဘူးမောင်ရယ်။ အရင်တုန်းက မောင်ပြောခဲ့တဲ့စကားတွေ မှန်မှန်းလဲ သိခဲ့ရပါပြီ။ သူများ တိုင်းပြည်သွားပြီးအလုပ်လုပ်ယင် သူများတပည့်ခံရမှာပေါ့ဆိုတာ ဟိုရောက်ပြီး မကြာခင်မှာပဲ လက်တွေ့နားလည်ခဲ့ရပါတယ်။ မစ္စတာဖီးလစ်ရေမီကလဲ မြန်မာပြည်တုန်းကသာ သဘောကောင်းသလိုလိုနဲ့ ဟိုမှာတော့ ဗျူရိုကရက်ဆန်တာပါပဲမောင်ရယ်"

ဟန်နီက လိမ္မော်ရည်ကို ဖန်ခွက် တစ်ဝက်ကျအောင် သောက်သည်။

"အခက်အခဲဆိုတာ နေရာတကာမှာ ရှိတတ်တယ်ဆိုတာ သိလို့ ဟန်နီလုပ်ခဲ့တဲ့အလုပ်ကို မညည်းညူပဲ သည်းခံလုပ်ခဲ့ပါတယ်။ ဒါကြောင့်မို့ စီးပွားရေးအရ အောင်မြင်ပြီး စနိုင်ဆောင်းနိုင်လဲ ရှိခဲ့ပါတယ်။ မောင်ပြောတဲ့ လူဘဝရဲ့ ချမ်းသာခြင်းဆိုတာ ငွေကြေးဥစ္စာ ပစ္စည်းတွေများပြားလာတာကို ခေါ်တာမဟုတ်ဘူး၊ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံကြွယ်ဝခြင်းကိုခေါ်တာဆိုတဲ့စကားကိုလဲ ဟန်နီနားလည်ခဲ့ရပြီမောင်"

သူပြောခဲ့သည့်စကားများကို ပြန်လည်ကိုးကားသက်သေပြနေခြင်းကြောင့် စည်သူလင်းကျေနပ်မိသည်။ သို့သော် ဘာမျှဝင်မပြောသေးဘဲ ဇီရှိကိုကျောမှီ၍ လက်ပိုက်လျက်နားထောင်နေသည်။

"ဒီစကားတွေမှန်တယ်ဆိုတာ နားလည်လာပြန်တော့ မောင့်ကို ပိုပြီးလေးစားလာပါတယ်။ ကိုယ့်တိုင်းပြည်ရဲ့ အရိပ်အာဝါသနဲ့ မောင့်မေတ္တာကိုလဲ ပိုပြီးတန်ဖိုးထားလွမ်းဆွတ်မိတယ်မောင်။ ကိုယ့်အိမ်ထဲမှာတော့ မိသားစုချင်းရန်ဖြစ်ကြ၊ မကောင်းပြောကြသလိုပေါ့မောင်ရယ်။ အိမ်နဲ့ဝေးကြရတော့မှ မိဘမောင်နှမတွေကို လွမ်းဆွတ်တမ်းတကြပြီး သူများက ကိုယ့်မိသားစုအကြောင်း မကောင်းပြောယင်တောင် မခံနိုင်ကြပါဘူး။ ဒီစကားတွေက ဟန်နီတစ်ဦးတည်း ပြောတဲ့စကားတွေ မဟုတ်ပါဘူး။ ဟိုမှာရှိတဲ့ မြန်မာတွေအားလုံး ပြောနေကြတဲ့စကားတွေပါ။ တချို့ပြည်ထောင်စုစိတ်မရှိလို့ ထွက်လာခဲ့ကြတဲ့ တိုင်းရင်းသားတွေတောင် ဟိုရောက်တော့ မြန်မာအချင်းချင်းဆိုပြီး စည်းရုံးကြတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုလူမျိုးတွေ လန်ဒန်မှာလဲ တွေ့နေရပါတယ်။ တချို့စီးပွားရေးလုပ်ငန်း အဆင်ပြေနေကြတဲ့သူတွေလဲ သူတို့ဘဝနဲ့သူတို့ ပျော်နေကြပြီး ကိုယ့်တိုင်းပြည် ကိုယ်မေ့နေကြမှာပေါ့။ အယ်မလီတို့ မိသားစုမျိုးလေ။ ပြန်ဖို့သတိတောင်မရကြတော့ဘူးမဟုတ်လား"

"ဟင့်အင်း၊ မမအယ်မလီလဲ အရင်လိုမဟုတ်တော့ဘူး။ မြန်မာပြည်ကိုပြန်ချင်လိုက်တာမှ တစ်ပိုင်းကိုသေလို့။ အခု သူတို့လင်မယားနှစ်ယောက်စလုံး ဘုရားနဲ့တရားနဲ့ဖြစ်နေကြတယ်။ မြန်မာပြည်ကို ပြန်ခွင့်သာရယင် တစ်မိသားစုလုံး ပြန်ကြမှာပါမောင်။ တချို့တလေက ရတဲ့ငွေနဲ့ အပျော်အပါးလိုက်စားပြီး စည်းစိမ်ယစ်မူးနေလို့ ကိုယ့်တိုင်းပြည်ကို မေ့နေတဲ့သူတွေလဲ ရှိမှာပေါ့လေ။ ဒါပေမယ့် သူတို့ကျန်းမာဖြစ်တဲ့အခါရယ်၊ အသက်အရွယ်ကြီးပြင်းလာလို့ မလုပ်နိုင် မရှာနိုင်တဲ့အခါကျတော့ နောင်တရကြမှာပဲ။ ဟန်နီလဲ မြန်မာပြည်ပြန်ချင်တယ်ဆိုတာ ဒက်ဒီအတွက်ကြောင့်ချည်းမဟုတ်ဘဲ ဟန်နီကိုယ်တိုင်က ပြုပြင်ပြောင်းလဲလာတဲ့စိတ်ဓာတ်ကြောင့်မို့ပါမောင်"

စည်သူလင်း သည်တစ်ခါတော့ မပြုံးဖြစ်အောင် မထိန်းနိုင်တော့ပါ။ မချယ်ရိုတမည်လေးတော့ ပြုံးမိပါသည်။

"ဟိုမှာမပျော်လို့ ရန်ကုန်ကိုပြန်ချင်ယင် ယူပြန်လို့ရသားပဲ။ ယူကပေပါမင်းနဲ့ သွားတာမဟုတ်လား။ အယ်မလီတို့လို ဖော်ဂျတ်နေတာမှမဟုတ်ဘဲ။ နေပါဦး ဟန်နီရယ် တို့နားမလည်လို့ မေးစမ်းပါရစေ။ ယူရန်ကုန်ကထွက်သွားတုန်းက တို့နဲ့ဆွေးနွေးအကြံပေးတာတွေတောင်သက်မခံဘဲ ရန်ဖြစ် ကွာရှင်းထွက်သွားပြီးမှ အခု ယူဆန္ဒအရ ပြန်လာချင်တော့ ဒီကိုခက်ခက်ခဲခဲလိုက်လာပြီး ဆွေးနွေးအကြံတောင်းနေတာကို တို့ဘယ်လိုနားလည်ရမလဲ"

စည်သူလင်းက အားမနာတမ်း မေးသောအခါ ဟန်နီ၏မျက်နှာနှမ်းနှမ်းမှ မျက်လုံးအစုံသည် မျက်ရည်များဖြင့် ပြည့်သျှံလာသည်။

"ပြောပါမောင်ရယ်၊ ပြောပါ။ စည်းကမ်း ဥပဒေနဲ့ လူမှုရေးအရမောင်နဲ့ဟန်နီတို့ဟာ ဘယ်လိုမှ ပတ်သက်လို့မရပေမယ့် နှလုံးသားနဲ့သံယောဇဉ်နယ်ပယ်ထဲမှာတော့ မောင်ဟာဟန်နီအတွက် အဓိကအကျ



ဆုံးလူမို့ ဒီလောက်ဝေးတဲ့အရပ်ကို ခက်ခက်ခဲခဲစွန့်စားပြီး လာခဲ့ရတာပါ။ မောင့်ကို ဟန်နီဘယ်လောက်ချစ်တယ်ဆိုတာ မောင်သိအောင်ပြောပြပါရစေနော်"

ပြောရင်းမှာပင် သူမ၏အသံသည် ရှိုက်သံထဲတွင် တိုးရှိုက်ဝင်သွားသည်။ မျက်ခမ်းတွင် တွဲခိုနေသည့် မျက်ရည်စက်လေးများသည် ပါးပြင်ပေါ်သို့လိမ့်ဆင်းလာ၏။ မျက်ရည်အကြိမ်ကြိမ်သုတ်၍ ပြောရှာသော ဟန်နီ၏ စင်ကာပူဖြစ်ရပ်များကို စည်သူလင်းသည် စိတ်မပါလှသော်လည်း အားနာပါးနာ နားထောင်နေရပါသည်။

× × × ×

ည ၁၀ နာရီကျော်နေသော်လည်း စင်ကာပူမြို့သည် နေ့ခင်းပမာထိန်ထိန်လင်းလျက်ပင် ရှိသေးသည်။ မာကျူရီမီးရောင်တို့၏ ပြာလဲ့လဲ့အလင်းတွင် နီယွန်မီးရောင်စုံတို့သည် ရောစွက်ပြိုးပြက်နေသည်။ ယူဘုံဆင် လမ်းမကြီးသည်လည်း ယာဉ်နှင့် လူသွားလူလာများ စည်ကားလျက် လှုပ်ရှားဆူညံမှုအရှိန်များ မလျော့သေး။

သည်လမ်းမကြီးဘေး ၁၄ ထပ် တိုက်ကြီးတစ်လုံး၏ အဋ္ဌမထပ်ပြတင်းပေါက် ဇာစ်ခုတွင် ဟန်နီသည် ရပ်လျက် လမ်းမကြီးဘက်သို့ ငေးနေသည်. အိပ်ခန်းထဲတွင်ကား အယ်မလီတစ်ယောက် ဘုရားရှိခိုးနေသည်။ သူ့ကလေးနှစ်ယောက်သည် အိပ်မောကျနေပြီ၊ သည်နေ့ကိုမောင်မောင်ကသည်း ပြည်ပလေယာဉ်ခရီးစဉ်နှင့် လိုက်သွား၍ အိမ်မှာမရှိ။

အခုတလော သူတို့ မာမီဆုံးပြီးခါမှ အယ်မလီတစ်ယောက် ဘုရားရှိခိုးလျှင် တော်တော်ကြာတတ်သည်။ အခုလည်း နာရီဝက်ကျော်ကျော်ကြာမှ ဘုရားစင်ရှေ့မှထလာသည်။

"ဟန်နီ ညီမလေး မအိပ်သေးဘူးလားကွယ်"

အသံနှင့်အတူ ပခုံးကိုလာထိသော အယ်မလီ၏လက်ကြောင့် ဟန်နီသည်း သတိဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့မမ၊ ဒီည မမနဲ့ အေးအေးဆေးဆေး စကားပြောစရာရှိလို့ စောင့်နေတာပါ မမ"

"ဘာများလဲ ညီမရယ်၊ ကဲ… ထိုင်စမ်းပါဦး"

ညီအစ်မနှစ်ယောက် ဧည့်ခန်းထဲရှိ နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ထိုင်လိုက်ကြ၏။

"အရင်တစ်ခါ ဆွေးနွေးကြတဲ့ ဒက်ဒီကို ပြုစုစောင့်ရှောက်ဖို့ကိစ္စပေါ့ မမရယ်။ ဒက်ဒီကို ဒီမှာ ခေါ်ထားကြမှာလား။ ကိုမောင်မောင်နဲ့ မမတို့ ဘယ်လိုဆုံးဖြတ်ကြသလဲ"

"ဒီကိစ္စမှာ ဟန်နီဆုံးဖြတ်ချက်က ပိုပြီးအရေးကြီးတယ်လေ။ ဟန်နီက ရန်ကုန်မပြန်တော့ဘူးလို့ ဆုံးဖြတ်မှသာ ဒက်ဒီကို ခေါ်ကြရမှာ။ ဒက်ဒီကလဲ လာချင်တာမဟုတ်ဘူး။ ဟန်နီက မပြန်ချင်ဘဲနဲ့တော့ မမတို့က ဇွတ်ပြန်ခိုင်းလို့ ဘယ်တရားပါ့မလဲကွယ်။ ဒီတော့ ဟန်နီ ဒီမှာ ပျော်ရဲ့လား။ ဆက်နေဖို့ ဆုံးဖြတ်ထားသလားဆိုတာကို မမတို့ပြန်ပြီး ဆွေးနွေးရလိမ့်မယ်"

ဟန်နီသည် ရွှေတည့်တည့်မှ ပြူတင်းနံ့ကိုသာ အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေရင်း စိတ်မပါ့ဘာပါဖြင့် ဖြေ၏။

"ဒါကိုမဖြေခင် ခုနတုန်းက ဟန်နီစဉ်းစားမိတာလေးတစ်ခု ပြောပါရစေဦး မမရယ်။ အိမ်ကဒရိုင်ဘာ ကိုသာထူးကြီးကို သွားသတိရလို့ပါ။ ကိုသာထူးကြီး အိမ်မှာ ကားမောင်းနေတာ ငါးနှစ်ကျော်ခါမှ ရွာပြန်တော့မယ်ဆိုတော့ ဒက်ဒီက မေးတယ်လေ။ မောင်သာထူး တို့ဆီမှာ နေရတာ မပျော်လို့လားတဲ့။ ကိုသာထူးက ပြန်ပြောတယ် မမ။ ရန်ကုန်မှာ ကောင်းကောင်းနေ၊ ကောင်းကောင်းစားပြီး ကားစီး ရတယ်၊ ရုပ်ရှင်ကြည့်ရတယ်။ တောမှာ နေရတာထက်စာယင် အများ ကြီး ဇိမ်ကျတာ မှန်ပါတယ်။ ဒါပေမယ့် ရန်ကုန်မှာ လူရာမဝင်လို့ မပျော်ဘူး ဆရာရယ် တဲ့။ တောမှာ ငါးပိရည်နဲ့ စားပြီး ပင်ပင်ပန်း ပန်း အလုပ်လုပ်ရပေမယ့် လူရာဝင်တယ်။ သာထူးဆိုယင် တစ်ရွာလုံး သိတယ်။ မြို့ပေါ်မှာ ဇိမ်နဲ့ နေရတာထက်စာယင် တောမှာ လူရာဝင် လူလေးစားတာက ပိုပြီးပျော်စရာ ကောင်းပါတယ်ဆရာလို့ ပြောပြီး



ရွာပြန်သွားတယ် မမ။ အခု ဟန်နီတို့တတွေလဲ ကိုသာထူးပြောသလို ဖြစ်နေပြီနော်။ ဒီမှာ လူနေမှုအဆင့်အတန်းတော့ မြင့်ပါတယ်။ ဒါပေ မယ့် လူမှုရေးအဆင့်အတန်းကျတော့ နိမ့်ကျလှပါတယ် မမရယ်"

အယ်မလီက ဟန်နီ၏ မေးစေ့လေးကိုကိုင်၍ သူမဘက်သို့ လှည့် ယူသည်။

"မမတို့ကလဲ ဟန်နီကို ရန်ကုန်ပြန်ဖို့ တိုက်တွန်းမလို့ပါပဲ။ ဟန်နီ ပြန်မယ်ဆိုယင်တော့ ဒက်ဒီအတွက် စိတ်ချရတာပေါ့။ မိဘကို ပြုစု ခွင့်ရတာ မင်္ဂလာတရားတော်နဲ့အညီ အခွင့်အရေးတစ်ရပ်ပဲ။ ညီမလေး သိပ်ကံကောင်းတာပဲ။ မမတို့က ဒီအခွင့်အရေးကို ယူချင်ပေမယ့် ဒီ တစ်သက် ဒီဘဝမှာ ရနိုင်တော့မှာ မဟုတ်တော့ပါဘူးကွယ်"

ဟန်နီက အယ်မလီမျက်နှာကို ရီဝေဝေ ကြည့်လျက် မပွင့်တပွင့် လေး ပြောသည်။

"ဟန်နီလဲ ရန်ကုန်ပြန်ချင်တာပါပဲ။ ဒါပေမယ့် ဟန်နီလေ ရန်ကုန် အသိုင်းအဝိုင်းမှာ တစ်ခုလပ်၊ တစ်လင်ကွာ အဖြစ်နဲ့ မနေချင်ဘူး မမ ရယ်။ နောက်ထပ် အိမ်ထောင်ပြုဖို့လဲ စိတ်ကုန်နေပါပြီ။ ဖြစ်နိုင်ယင် တော့ ကိုစည်သူနဲ့ ပြန်ပေါင်းချင်ပါတယ်။ ဒီကိုရောက်မှ ဟန်နီ သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သိလာရတယ်။ သူ့အတွေးအခေါ် အယူ အဆတွေ မှန်မှန်းသိလို့လဲ ပိုပြီးလေးစားအားကိုးချင်စိတ်တွေ ဝင်ခဲ့မိပါ တယ်။ မမတို့ စိတ်မကောင်းဖြစ်မှာစိုးလို့ ထုတ်မပြောခဲ့တာပါ။ အခု တလော သူ့ကို နေ့တိုင်းသတိရပြီး မျက်ရည်ကျခဲ့ရပါတယ် မမရယ်"

ပြောရင်းနှင့်ပင် ဟန်နီ မျက်ရည်ဝဲလာပြန်သည်။

"သူ့သတင်းရော ဘာကြားသေးသလဲ။ သူနောက်ထပ်အိမ်ထောင် မပြုသေးဘူးလား"

"ဟန်နီ သူ့ဆီ စာနှစ်စောင်ရေးပေးခဲ့ပါတယ်။ ပြန်စာမလာဘူး။ ဒါနဲ့ မခိုင်ဆီ ရေးတဲ့စာထဲမှာ သူ့အကြောင်းမေးကြည့်တော့ သူ ရန်ကုန်မှာ မရှိဘူး။ ယူကေကိုစတယ်ဒီတိုး သွားနေတယ်တဲ့။ ခုထက်ထိ နောက်အိမ်ထောင် မပြုသေးဘူးလို့ သိရတယ်။ ယူကေက သူ့လိပ်စာ ကိုလဲ ပေးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟန်နီ၏ ပါးပြင်ပေါ်တွင် လိမ့်ဆင်းလာသည့် မျက်ရည်စက်လေးများကို အယ်မလီက လက်ချောင်းလေးများဖြင့် သိမ်းယူပေးသည်။

"အဲဒီလိပ်စာနဲ့ဆို ညီမလေးက စာရေးကြည့်သေးလား"

"ဟင့်အင်း။ စာနဲ့ရေးပြီး ပြောနေယင် သူနားလည်မှာမဟုတ်ဘူး မမ။ ဒါကြောင့် ဟန်နီကိုယ်တိုင် လန်ဒန်ကိုသွားပြီး သူနားလည်အောင် ရှင်းပြချင်တယ်။ သူကျေနပ်တဲ့အထိလဲ တောင်းပန်ချင်ပါတယ် မမရယ်။ သူလဲ ဟန်နီကို သိပ်ချစ်ခဲ့ပါတယ်။ သူနဲ့ ဟန်နီ မုန်းကြလို့ ကွဲကြရတာမှ မဟုတ်ဘဲ။ သူမကြိုက်တာက ဟန်နီရဲ့ အိမ်ရှင်မမပီသတဲ့ စရိုက်၊ တိုင်းပြည်ချစ်တဲ့စိတ်ခေါင်းပါးတဲ့ အယူအဆတွေကြောင့်ပါ။အခုတော့ဟန်နီအရင်လိုမှမဟုတ်တော့ဘဲ။ ကိုယ့်တိုင်းပြည်ကိုယ်ချစ်တတ်လာပြီ။ သူလိုချင်တဲ့ အိမ်ရှင်မကောင်း တစ်ယောက်ရဲ့ အရည်အချင်းတွေလဲ ရှိနေပြီဆိုတာ စာနဲ့ရေးပြောရုံနဲ့ သူလက်ခံမှာ မဟုတ်ဘူး။ လူချင်းတွေ့ပြီး ရေရေလည်လည် ပြောပြမှနားလည်မှာပါ မမရယ်"

အယ်မလီက သူ့ညီမကို အထူးအဆန်းအဖြစ် ကြည့်ကာ အားမလို အားမရနှင့်....

"သူနဲ့တွေ့ဖို့ လန်ဒန်ကို လိုက်မယ်ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘဲ။ မြန်မာပြည်က ခွင့်ပြုချက်မရဘဲ ကိုယ့်သဘောနဲ့ကိုယ် ဒီပြင်နိုင်ငံတွေ လျှောက်သွားနေယင် မြန်မာပတ်စပို့ကို စွန့်လွှတ်ရမှာပေါ့။ ဒီလိုဆိုယင် ဟန်နီ မြန်မာပြည်ကို ပြန်လို့မရဘဲ နေလိမ့်မယ်နော်။ နောက်ပြီး လန်ဒန်အထိ ခရီးစရိတ်ကလဲ နည်းနည်းနောနောမဟုတ်ဘူး။ စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ ညီမလေးရယ်"

"စိတ်ကူးယဉ်နေတာ မဟုတ်ဘူး မမ။ ဟန်နီ တစ်ပတ်လောက် လေ့လာစဉ်းစားပြီး ဖြစ်နိုင်တာတွေ ပြောပြနေတာ။ ဟန်နီတို့ ရှာမိုး ကုမ္ပဏီဟာ လန်ဒန်မှာလဲ ရှိပါတယ်။ ပါရီက ရုံးချုပ်နဲ့လဲ အမြဲတမ်း အဆက်အသွယ်လုပ်နေရပါတယ်။ ကုမ္ပဏီရဲ့တာဝန်တစ်ခုခုကို ယူသွားမယ်ဆိုယင် ကုန်ကျစရိတ်ကို ကုမ္ပဏီက ပေးမှာပါ။ ဒီအလုပ်ကိစ္စ



ထောက်ခံချက်နဲ့ ရန်ကုန်က နိုင်ငံခြားရေး ရုံးမှာ နိုင်ငံကူးခွင့် ထပ်တောင်းယင် ရပါတယ်မမ"

"စဉ်းစဉ်းစားစားလုပ်နော်ဟန်နီ။ မြန်မာမိန်းကလေးတစ်ယောက် အနေနဲ့ အနောက်နိုင်ငံတွေမှာ စမ်းတဝါးဝါး လျှောက်သွားရမှာ အန္တရာယ်မကင်းဘူး။ ရောက်လေရာအရပ်မှာဟိုတယ်တည်း၊ လိပ်စာကိုကိုင်ပြီး လူတစ်ယောက်လိုက်ရှာရမှာများ လွယ်မယ် မှတ်နေသလား"

"ပါရီက ရုံးချုပ်မှာ ဒီဆိုင်က ပြောင်းသွားတဲ့ ဟန်နီမိတ်ဆွေတွေ ရှိပါတယ်။ လန်ဒန်မှာလဲ ဟန်နီရဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေ ရှိတယ်လေ။ နောက်ပြီး ဟန်နီက မြန်မာနိုင်ငံရဲ့ ပတ်စပို့ကိုကိုင်ပြီး သွားမှာဆိုတော့ ပါရီနဲ့ လန်ဒန်မှာရှိတဲ့ မြန်မာသံရုံးတွေမှာ လိုတဲ့ အကူအညီတွေ တောင်းနိုင်ပါတယ်။ ဟန်နီ အခုပြောတဲ့အစီအစဉ်တွေဟာ စိတ်ကူးယဉ်တွေ မဟုတ်ပါဘူး မမရယ်။ စဉ်းစားချင့်ချိန်ပြီး ဖြစ်နိုင်တာတွေကို စီစဉ်ပြနေတာပါ။ ဒီလိုမှ ကိုစည်သူလင်းနဲ့ ဆွေးနွေးခွင့်မရယင် ဟန်နီ ရန်ကုန်ကို မပြန်ချင်တော့ဘူး မမရယ်"

"ကဲ....လန်ဒန်ကို တကူးတကသွားပြီး သူနဲ့တွေ့ပါပြီတဲ့။ ညီမလေးက ဆွေးနွေးညှိနှိုင်းတာကို သူက လက်မခံဘဲ အဆင်မပြေ ဖြစ်ခဲ့ယင် ကောကွယ်"

"ဒီလိုဆိုယင် ဟန်နီ ရန်ကုန် မပြန်တော့ပါဘူး။ စင်ကာပူမှာပဲ ဖေဘ်ကွတ်နေလိုက်တော့မယ်။ ဒက်ဒီကိုသာ ခေါ်ဖို့ စီစဉ်ကြရတော့မှာပေါ့"

"ဟယ်....မိုက်လုံးကြီးလှချည်လား ဟန်နီ"

သည်တစ်ခါတော့ အယ်မလီ၏လေသံသည် ကရုဏာထက် ဒေါသသံပို၍စွက်နေ၏။

"သဘာဝကျပါတယ် မမရယ်။ မြန်မာပြည်မှာ ကိုယ်ချစ်တဲ့သူနဲ့ ဝမ်းစိမ်းကြီးနေရမှာထက် ရေခြား မြေခြား ဘဝခြားနေတာကမှ ပိုပြီး စိတ်သက်သာရာရမယ်ဆိုတာ မမစာနာတတ်ယင် နားလည်မှာပါ"

အယ်မလီက ဟန်နီနှင့်အတူ ထိုင်နေရာမှ ရုတ်တရက် ဒေါသဖြင့် ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါကိုတော့ ငါဘယ်နည်းနဲ့မှ လက်သင့်မခံနိုင်ဘူး ဟန်နီ။ ကိုယ့်တိုင်းပြည်ကို ချစ်တယ်၊ ပြန်လဲ ပြန်ချင်တယ်၊ ပြန်နိုင်ခွင့်လဲ ရှိတယ်၊ မိသားစုအခြေအနေအရ ပြန်ဖို့လဲ လိုအပ်နေတဲ့ အချိန်မှာ ကွဲကွာပြီး သား ယောကျ်ားကိုပြန်ပြီးပေါင်းခွင့်မရတာနဲ့ အခြေအနေအရပ်ရပ်ကို ဖျက်ဆီးတော့မှာလား၊ ငါလုံးဝသဘောမတူဘူးဟန်နီ။ ဒါကို မစာနာတတ်လို့တော့ မပြောနဲ့။ ငါနဲ့ ကလေးနှစ်ယောက်ကိုသာ မြန်မာပြည်က ပြန်လာခွင့်ပြုယင် ဒီယောကျ်ားနဲ့ ဒီကပဒ္ဒည်းတွေ အကုန်ထားခဲ့နိုင်တယ်။ ငါနဲ့ ကလေးနှစ်ယောက် အဝတ်တထည် ကိုယ်တစ်ခုစီနဲ့ လက်တွဲပြီး တို့သုံးယောက် ပျော်ပျော်ကြီး ပြန်သွားမယ် သိလား"

အယ်မလီက ကရုဏာဒေါသောဖြင့် နှင်တစ်လုံး ငါတစ်လုံး ကြိမ်းမောင်းဆူပူသည့်စကားများ ပြောလာသည်။ ဟန်နီလည်း ကလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုရှိုက်နေသည်။

"ပြောပါမမရယ် ပြောပါ။ မမဘဝမှာ ကိုယ်ချစ်တဲ့သူနဲ့ပေါင်းပြီး စိတ်တိုင်းကျ အိမ်ထောင်တစ်ခုကို တူထောင်ခဲ့ရပြီးပြီကိုး။ မြန်မာပြည်ရောက်ယင် တစ်ခုလပ် ဖြစ်ပေမယ့်လဲ ချစ်ဆော အားကိုးစရာ သားနဲ့ သမီးတွေ ရနေပြီ။ မမဘဝက ပြည့်စုံနေပြီ။ အဖော်လေးတွေ ရှိနေပြီဆိုတော့ ပြောအားရှိတော့တာပေါ့။ ဟန်နီက ရန်ကုန်ပြန်ပြီး ဒက်ဒီကို ဘယ်လောက်ကြာကြာ အားကိုးနေနိုင်မှာလဲ။ ဒက်ဒီ ဆုံးသွားလို့ ဟန်နီတစ်ယောက်တည်း ကျန်ခဲ့တော့သဲ မမတို့က ယောကျ်ားယူဖို့ကလဲ့ပြီး ဘာများအကြံပေးနိုင်ကြမှာလဲလို့"

အယ်မလီက သူ့စိတ်ကို သူပြန်လျှော့ချသည်။ သူမ ပြောမိသည့်စကားများအတွက်လည်း စိတ်မကောင်းဖြစ်သွားပုံ ရသည်။ သူ့ညီမနံဘေးတွင် ပြန်ထိုင်ပြီး ပခုံးနှစ်ဘက်ကို ဆုပ်ကိုင်၍ ချော့ပြန်သည်။

"တိတ်ပါ ညီမလေးရယ် တိတ်ပါ။ မမက ကရုဏာဒေါသနဲ့ပြောမိတာပါ။ အပြစ်တင်နေတာ မဟုတ်ပါဘူး။ ဟန်နီ ကိုဇည်သူလင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မမနားလည်ပါပြီ။ ဒီလောက်ချစ်ရက်နဲ့များ ဘာကြောင့် သူနဲ့ကွဲပြီး ဒီကိုထွက်လာခဲ့ရတာလဲ ညီမလေးရယ်"

"ဟုတ်ပါတယ် မမ။ ဒါဟာ ဟန်နီ့ရဲ့ အမှားပါ။ ဒီအမှားကို



တောင်းပန်ဖို့ ဟန်နီ လန်ဒန်ကို စွန့်စွန့်စားစားသွားရမှာပါ။ ဒီအမှားဟာ တစ်သက်စာ ပြင်လို့မရတော့တဲ့ အမှားဆိုယင်လဲ ဟန်နီဘဝမှာ ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေမှ မလုပ်ပါရစေနဲ့တော့။ ဒီမှာပဲ မမတို့နဲ့ တစ်သက်လုံး တူလေးတွေ၊ တူမလေးတွေအားကိုးပြီး နေပါရစေတော့နော်"

အယ်မလီက သူမ၏ ရင်ခွင်ထဲသို့ ဟန်နီကိုယ်လုံးလေးကို ဆွဲယူပွေ့ဖက်ထားသည်။

"ကဲပါ ညီမလေးရယ်၊ လန်ဒန်ကိုသွားဖို့ မမ ခွင့်ပြုပါမယ်။ မောင်မောင်ပြန်လာတော့မှ အသေးစိတ်ဆွေးနွေးပြီး စီစဉ်ကြသေးတာပေါ့။ ဒါပေမယ့် ဟန်နီ သူနဲ့တွေ့ပြီး ဆွေးနွေးလို့ မပြေလည်ခဲ့ယင်တော့ မြန်မာပြည် မပြန်တော့ဘူးဆိုတာတော့ ယတိပြတ် မဆုံးဖြတ်နဲ့ဦးနော်။ နောက်တစ်ဆင့်ဖြစ်လာတာကို ဒက်ဒီတို့ပါ အသိပေးပြီး ခေါင်းအေးအေးနဲ့ ဆုံးဖြတ်ကြတာပေါ့။ ကိုဇည်သူလင်းကိုလဲ မမမေတ္တာပို့ပေးပါ့မယ်။ ညီမလေးရော မေတ္တာသုတ် ကျက်နေတာ ရပြီလား"

ဟန်နီက ဘာမျှပြန်မပြောဘဲ မျက်ရည်စက်လက်ဖြင့် ခေါင်းညိတ်သည်။ အယ်မလီက ကိုယ်ချင်းစာပြီး ဟန်နီပါးပြင်ပေါ်မှမျက်ရည်စများကို သုတ်ပေးသည်။

"အေး အေး၊ ကောင်းတယ်။ မေတ္တာသုတ်ကို ရွတ်ပြီး သူ့ကို မေတ္တာပို့ပါ။ မေတ္တာသုတ်ရဲ့ အနက်အဓိပ္ပာယ်ကိုရော ရပြီးပြီလား"

ဟန်နီက ခေါင်းညိတ်ပြန်သည်၊ အခုတလော အယ်မလီ တစ်ယောက် တရားစာအုပ်တွေဖတ်၊ တရားတိတ်ခွေတွေ နားထောင်နှင့် တရားစကားတွေ ကြားညှပ်ပြောတတ်နေသည်။

"မမတို့သဲ ကိုယ့်ဘာသာ သာသနာထွန်းကားတဲ့ တိုင်းပြည်မှာ နေရတုန်းကတော့ ကိုယ့်တရားတော်ရဲ့ အနှစ်သာရကို မသိခဲ့ဘဲ အခု ဒီရောက်မှပဲ နားလည်ခွင့် ရတော့တယ်။ ဒီလိုသိရလေလေ သာသနာထွန်းကားတဲ့ ကိုယ့်တိုင်းပြည် ကိုယ်ပြန်ချင်လေလေပဲ။ နိုင်ငံရပ်ခြားဆိုတာ ကိုယ့်ဗုဒ္ဓဘာသာ မထွန်းကားတဲ့အရပ်ဆိုယင် ပစ္စန္တရစ်အရပ်မှ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပစ်ရှစ်ပါး တစ်ပါးအပါအဝင် မနေအပ်ဘူးကွယ့်။ မာမီဆုံးတုန်းက ကြည့်ပါလား။ ဆွမ်းသွတ်ချင်လို့ မြန်မာဗုဒ္ဓဘာသာဘုန်းကြီးမရှိတာနဲ့ ဒီပြင်နိုင်ငံက ဗုဒ္ဓဘာသာဝင်ဘုန်းကြီးပဲ ရှားရှားပါးပါးပင့်ပြီး ဆွမ်းကပ်လိုက်ရတယ် မဟုတ်လား။ ကိုယ့်တရားတော်ပေမယ့် ကိုယ်နားမလည်တဲ့ဘာသာနဲ့ ဟောတော့ သဒ္ဓါပွားလို့ မရဘူးပေါ့ကွယ်။ ကိုယ်သေလို့တောင်မှ သပိတ်သွတ်ဖို့၊ သရဏဂုံတင်ဖို့ ခက်ခဲတဲ့ နေရာမျိုးမှာ တစ်သက်လုံးနေဖို့တော့ ညီမလေး လုံးဝ စိတ်မကူးပါနဲ့ကွယ်။ ကဲ....ကဲ ညဉ့်နက်ပြီ ဟန်နီအိပ်ချေတော့”

အယ်မလီက ဟန်နီ၏ နဖူးလေးကို ကြင်နာစွာ နမ်းလိုက်သည် အို....အယ်မလီရဲ့ မျက်ခမ်းမှာလည်း မျက်ရည်စက်တွေခိုတွဲလို့ပါလား။

× × × ×

“အခုဟန်နီလာတာဟာ ကုမ္ပဏီကိစ္စနဲ့လာရင်း လမ်းကြုံလို့ မောင့်ဆီ လှည့်ဝင်လာတာ မဟုတ်ပါဘူး။ မောင်နဲ့ တွေ့ချင်လွန်းလို့ အိမ်မှာ မမအယ်မလီနဲ့ အတိုက်အခံလုပ်ခဲ့ရသလို ရုံးမှာလဲ မစ္စတာ ရေမိကို တောင်းပန် ခွင့်ဆို ခဲ့ရပါတယ်။ မြန်မာပြည်ရဲ့ ခွင့်ပြုချက်ရအောင်လဲ ခက်ခက်ခဲခဲကြိုးစားခဲ့ရပါသေးတယ် မောင်ရယ်။ ဒီလိုကြိုးစားခဲ့ရတာတွေ၊ စွန့်စားခဲ့ရတာတွေဟာ မောင့်ကိုချစ်လွန်းလို့၊ မောင်နဲ့ပြန်ပေါင်းချင်လွန်းလို့ဆိုတာ နားလည်ရဲ့လားဟင်။ ယုံရော ယုံရဲ့လား မောင်”

ဟန်နီက သူမ၏ စကားအရှည်ကြီး အဆုံးဝယ် နှမ်းလျ လိုက်မော သွား၏။ လက်ကျန်လိမ္မော်ရည်ကိုမော့၍ ကုန်အောင်သောက်သည်။ နားထောင်ရသည့် စည်သူလင်းပင်လျှင် ပင်ပန်း နွမ်းနယ်သွားပြီး သူ့ စာရေးစားပွဲမှ ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချသည်။

“အိမ်ထောင်ရေးဆိုတာ လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်တယ်ဆိုတာ ကိုယ်တို့သင်ခန်းစာ ရခဲ့ကြပြီးပြီနော်။ အခုဆို ကိုယ်တို့ အသက်တွေ သုံးဆယ်ကျော်ခဲ့ကြပြီ။ လွန်ခဲ့တဲ့ ခြောက်နှစ် ခုနစ်နှစ်တုန်းကလို လွယ်လွယ်တွေးပြီး လွယ်လွယ် မဆုံးဖြတ် သင့်တော့ဘူး ဟန်နီ”



စည်သူလင်းက လေးလေးမှန်မှန် တစ်လုံးချင်းပြောနေသည်။ ဟန်နီက သူမလက်ထဲမှ ပန်းသီးကို တစ်ကိုက်ကိုက်၍ စားသည်။

“မောင့်အနေနဲ့ကတော့ ဒီပြဿနာကို အခုမှစဉ်းစားရတော့ ဒီလိုပဲ ပြောမှာပေါ့လေ။ ဟန်နီကတော့ မောင့်ကို အရင်က ထက်တောင် ပိုပြီးချစ်နေမိတော့ ဒီလိုပဲဆုံးဖြတ်ခဲ့မိတယ်မောင်။ မောင်ကစိတ်တွေ ပြောင်းသွားယင်တော့ မပြောတတ်ဘူးပေါ့။ ဟန်နီ နားလည်တာက တော့ မောင်လဲဟန်နီကိုသိပ်ချစ်တာပဲ။ မောင်မကြိုက်တဲ့ဟန်နီရဲ့အကျင့်စရိုက်တွေကြောင့်သာ ကွဲခဲ့ရတာ မဟုတ်လား။ မောင် ဟန်နီကို မမုန်းဘူးနော်”

“ထားပါလေ ကိုယ့်ဘက်ကလဲ ဒါတွေကို တွေးခေါ်ကြံဖြင်တတ်တဲ့ အသိဉာဏ်မရှိတာလဲ ချွတ်ယွင်းချက် တစ်မျိုးပဲပေါ့”

ဟန်နီက ပန်းသီးကိုဆက်မစားသေးဘဲ လက်ထဲမှာ ကိုင်ထားသည်။

“ဟန်နီနေခဲ့ပါတယ်မောင်ရယ်။ ငယ်ငယ်တုန်းက မစ်ရှင်ကျောင်းမှာနေခဲ့ပြီး အနောက်တိုင်း ယဉ်ကျေးမှုကို အထင်ကြီး လေးစားမိခဲ့တာတွေ၊ နိုင်ငံခြားက ဆွေမျိုးတွေကလဲ နိုင်ငံခြား ပစ္စည်းတွေ ပို့ပေးကြ၊ ဓာတ်ပုံတွေပို့ပေးကြနဲ့ ဟန်နီတို့ ကျင်လည် ခဲ့ရတာလဲ နိုင်ငံခြား ပစ္စည်းတွေ အများဆုံးဆောင်းဝယ်နေကြတဲ့ စကောအဈေးအသိုင်းအဝိုင်း ဆိုတော့ နိုင်ငံခြား ရောက်ဖူးမှ လူစဉ်မီတယ်လို့ ယင်မှတ် ခဲ့ပါတယ်။ ဒါတွေအားလုံးဟာ ဟန်နီရဲ့အမှားတွေပါလို့ ဝန်ခံပြီး မောင့်ကို အနူးအညွတ် တောင်းပန်ပါတယ် မောင်ရယ်”

စည်သူလင်းပေါ် ခေါင်းငိုက်စိုက်ကျလျက် သူ့ပြန်ပြောရမည့် စကားလုံးများကို တစ်လုံးချင်း စိစစ် ရွေးချယ်နေသည်။

“အတိတ်က နာကျည်းချက်တွေကို ကိုယ် ခွင့်လွှတ် နိုင်ပါတယ် ဟန်နီ။ ကိုယ့်အတွက် စဉ်းစား ဆုံးဖြတ်ရ ခက်နေတာက အနာဂတ်အတွက်ပါ”

“အခု ဟန်နီအခင်ကလို မဟုတ်တော့ပါဘူး မောင်ရယ်။ မြန်မာပြည်ကိုလဲ ချစ်လာပြီ။ ဗုဒ္ဓဘာသာ မြန်မာ ယဉ်ကျေးမှု တွေကိုလဲ လေးစားမြတ်နိုး လာပါပြီ။ ရန်ကုန်မှာနေတုန်းကတော့ လွယ်လွယ်



www.burmeseclassic.com

www.burmeseclassic.com

နေ့ရတဲ့ငွေနဲ့ ပေါ့ပေါ့နေပေါ့ပေါ့သုံးခဲ့ပေမယ့် သူများ နိုင်ငံမှာ ကာလဝေး လုပ်ခဲ့ရတော့ ဝင်ငွေနဲ့ထွက်ငွေကို အချိုးချပြီး သုံးစွဲဖို့ဆင်ခြင်တတ်ခဲ့ပါတယ်။ ခိုင်းရမယ့် အိမ်ဖော် မရှိလို့လဲ ကိုယ်တိုင်ချက်၊ ကိုယ်တိုင် လျှော်ဖွတ်ပြီး အိမ်တွင်းမှုအလုပ်တွေလဲ နိုင်နိုင်နင်းနင်း လုပ်တတ်ခဲ့ပြီ မောင်။ နောက်လဲ မောင်လိုချင်တဲ့ အိမ်ရှင်မပီပီ ဖြစ်လာအောင်နဲ့ မိခင်ကောင်းတစ်ယောက် ဖြစ်လာအောင် အတတ်နိုင်ဆုံး ကြိုးစား မှာပါကွယ်”

“ယူမှာ ဒီလို အရည်အချင်းတွေ ရှိလာပြီဆိုလို့ ကိုယ်ဝမ်းသာ ပါတယ်ဟန်နီ။ ရန်ကုန်ပြန်ချင်တဲ့ယူ့ဆန္ဒကိုလဲ ကိုယ်ထောက်ခံပါတယ်။ အိမ်ထောင်ရေး ကိစ္စကိုတော့ ရန်ကုန်ရောက်မှပဲ ဆွေးနွေးဆုံးဖြတ်ကြ ရအောင်ကွာ၊ ခုချက်ချင်း မဆုံးဖြတ် ပါရစေနဲ့”

တကယ်တော့ စည်သူလင်းသည် သူပြောသင့်သော စကား၊ ပြောရ မည့်စကားကို မပြောရက်၍ ထမင်းရေပူလာ လျှာလွှဲ ဆင်ခြေရှာနေရှောင် လုပ်နေမိခြင်းပင်။

“ဟင့်အင်း၊ ဟင့်အင်း၊ ဟန်နီ့အတွက် ရန်ကုန်ကိုပြန်ဖို့က ဒုတိယ။ မောင်နဲ့ပြန်ပေါင်းရဖို့က ပထမပါ။ မောင်က မပေါင်းချင်ဘူး ဆိုယင် ဟန်နီရန်ကုန်ကို မပြန်တော့ဘူး။ ဇင်ကာပူလဲ မပြန်ဘူး။ ပါရီမှာပဲ ဖော်ကွတ် နေလိုက်ဖို့ ဆုံးဖြတ်ပြီး နေပြီ”

“တဇွတ်ထိုး မလုပ်ချင်စမ်းပါနဲ့ ဟန်နီရယ်၊ ဘာဆိုင်လို့ ပါရီမှာ ဖော်ကွတ်နေရမှာလဲ”

“မောင်ကဘာသိလို့လဲ။ မောင်ကပြန်မပေါင်းလို့ ဇင်ကာပူပြန်သွား ယင်လဲ မမအယ်မလီတို့က ဟန်နီကို ရန်ကုန်ကိုဇွတ်ပြန်ပို့မှာပဲ။ ဒီတော့ သူတို့ဆီလဲ မပြန်တော့ဘူး။ ရန်ကုန်လဲ မပြန်တော့ဘူး။ ဒါဟာ ဟန်နီ ရဲ့ ဆုံးဖြတ်ချက်ပဲ”

ဟန်နီ၏ တဇွတ်ထိုးဉာဉ်သည် ယခုထက်တိုင် ပျောက်၍မရသေး။ သူလိုချင်သည့်အချက်ကိုသာ တစိုက်မတ်မတ် ဦးတည်နေတတ်သည်။

“မဟုတ်သေးဘူး ဟန်နီ။ ကိုယ်က မြန်မာပြည်ရောက်ယင် ရန်ကုန် မှာ နေရမှာ မဟုတ်ဘူး။ ပြည်နယ်ဆေးရုံကိုပြောင်းဖို့ အမိန့်က ထွက်



တော့မှာ။ အဲဒီတော့မှ တောထဲတောင်ထဲ မလိုက်ချင်တာတို့ ဒက်ဒီနဲ့ အတူမနေရတာတို့ ပြဿနာတက်ဦးမယ်။ ကိုယ်ရန်ကုန်ရောက်တော့ ဘယ်ကို ပြောင်းရမယ်ဆိုတာ ယူစောင့်ကြည့် စေချင်သေးတယ်”

“ဟင်....ဟုတ်လား။ မောင်က ဘယ်ကိုပြောင်းရမှာလဲ”

“ဘယ်ကိုပြောင်းရမယ်ဆိုတာ မသိရသေးဘူး။ ရန်ကုန် ပြန်ရောက် လို့ သတင်းပို့ပြီးမှ အမိန့်ကထွက်မှာ”

ဟန်နီက မျက်နှာ ရွှင်ပျပျဖြင့် မျက်လုံးလေးများ အရောင်တက် လာပြီး....

“အို....ဒီလိုဆိုလဲကောင်းတာပဲ။ မောင်ပြောင်းတဲ့ နေရာကို ဟန်နီ လိုက်မှာပေါ့။ ဟိုရောက်ယင်လေ ပြည်နယ်က ကျောင်းမှာ ဆရာမ ဝင်လုပ်ပြီး ကလေးတွေကို စာသင်ပေးချင် ပါတယ်။ အခုဆိုယင် ကိုယ်ဘိုင်းပြည်ရဲ့ နိမ့်ကျတဲ့ အခြေအနေတွေကို အထင်မသေးတဲ့ အမြင် ကိုယ်ဘိုင် မြှင့်တင်ပေးချင်တဲ့ စိတ်တွေ ဝင်ခဲ့ပါပြီ။ ပြည်နယ်မှာ နေရ တယ်ဆိုပေမယ့်လဲ ဒက်ဒီ ကျန်းမာရေးအတွက် လိုအပ်ယင် ရန်ကုန်ကို ချက်ချင်းသွားနိုင်တာပဲ။ သူက လိုက်ပြီး နေချင်တယ်ဆိုယင်လဲ ဟန်နီ တို့နဲ့အတူ ခေါ်ထားလိုက်တာပေါ့နော်။ မောင်က ခွင့်ပြုနိုင်တယ် မဟုတ်လား”

စည်သူလင်းက ခေါင်းကို လေးလေးကြီး ယမ်းပြန်သည်။

“လှယ်လှယ်လေးတွေးပြီး ကောက်ကာငင်ကာ အစီအစဉ်ဆွဲတတ် တဲ့ အကျင့်ကို ဖျောက်စမ်းပါ ဟန်နီရယ်။ ရန်ကုန် ရောက်တော့မှ လူကြီးတွေပါအသိပေးပြီး ဆွေးနွေးဆုံးဖြတ်တာဟာ မမှားနိုင်ပါဘူး”

သည်အခါတော့ ဟန်နီမျက်နှာပျက်ပြီး လေသံပါပြောင်းလာသည်။

“ဟန်နီ့ဘဝမှာ ဘယ်သူ့ကိုမှ ဒီလောက်ကြီးအောက်ကျို့ပြီး မတောင်း ပန်ခဲ့ရပါဘူး မောင်ရယ်၊ ဒီလောက်တောင် မောင်က ခေါင်းမာနေပုံ ထောက်တော့ ဟန်နီ အပေါ်မှာ မောင့်အချစ်တွေ ကုန်ခန်း သွားပြီ လား၊ ဒါမှမဟုတ်ယင်လဲ မောင့်မှာ ချစ်ရမယ့်သူ ရှိနေပြီလားဟင်”

တဲ့တိုးကြီး မေးလာမှတော့ စည်သူလင်း လွှဲရှောင်၍ မတတ်သာ။



www.burmeseclassic.com

www.burmeseclassic.com

သူနှင့်ငုဝါတို့၏အခြေအနေကို ဟန်နီ သဘောပေါက် နားလည်အောင် ပြောပြရတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဟုတ်တယ်ဟန်နီ ကိုယ့်မှာ ရန်ကုန်ရောက်ယင် လက်ထပ်ခဲ့မယ့်သူ ရှိနေပြီ အဲဒါ"

"ဟင်"

စည်သူလင်း ပြောနေသည့် ဝါကျပင် မဆုံးသေး၊ ပင့်သက်ရှိုက်သံ ဘစ်ချက်သာ ဟန်နီထံမှ ကြားလိုက် ရသည်။ ဟန်နီသည် အနားမှ လက်ဆွဲအိတ်ကို ကောက်ယူပြီး ဖြတ်ခနဲ ထရပ်ကာ တံခါးပေါက်သို့ ပြေးထွက်သွား၏။ တံခါးကလည်း ဂျက်မထိုးထား ခဲ့မိ၍ သူမသည် ချက်ချင်းလမ်းပေါ် ရောက်သွားကာ မိုးသည်းသည့်လမ်းမကြီးပေါ် တွင် ပြေးထွက်သွားတော့သည်။

"ဟေး....ဟန်နီ နေဦးလေ၊ ကိုယ်အေးအေးဆေးဆေးပြောစရာ တွေရှိသေးတယ်"

စည်သူလင်း နောက်မှ လှမ်းအော်သော်လည်း မမီတော့၊ လမ်းမ ပေါ်အထိ ပြေးလိုက်ရန် အိမ်ထဲပြန်ဝင်ပြီးသော့ကိုယူရသည်၊ အိမ် တံခါးသော့ခတ်ပြီးမှ ဟန်နီနောက်သို့ ပြေးလိုက်သည်။ ယောကျ်ား တစ်ယောက် ပုဆိုးဝတ်လျက်နှင့် လမ်းမပေါ် တွင် ပြေးလွှားနေသည်ကို လမ်းသွားလမ်းလာများက အထူးအဆန်းလုပ်ပြီး ကြည့်ကြသည်ကိုပင် မရှက်နိုင်တော့။

လန်ဒန်မြို့တွင် တက္ကစီ ကားများကလည်း ပေါလိုက်ပါဘိခြင်း။ သူလမ်းထိပ်ရောက်သော် တက္ကစီတံခါးမပိတ်မိ ဟန်နီ၏ ခရမ်းရောင် ထဘီ အနားလေးကိုသာ လှမ်းမြင် လိုက်ရသည်။ တက္ကစီ ကားသည် နံပါတ်မှတ်ချိန်ပင် မရလောက်အောင် အမြန်မောင်းပြီး ငွေ့ကာကားကို ကျော်တက်သွားသည်။

စည်သူလင်းတစ်ကိုယ်လုံး မိုးရေတွေစိုရွှဲလျက် ခေါင်းစိုက်ဖွားနှင့် အိမ်ပြန်ခဲ့ရသည်။ အိမ်ပြန်ရောက်သော် အဝတ်အစားလဲ ခေါင်းကို ရေသုတ်ရန်ပင် သတိမရနိုင်ဘဲ ကုလားထိုင်ပေါ် တွင် ခြေကုန်လက်ပန်း ဆိုက်ချလိုက်၏။



ဖွင့်လက်စ ကက်ဆက်ခွေမှ ဖြူသိ၏ "မိုင်ပေါင်းကုဋေ" သီချင်း သည် ငြိမ့်ငြိမ့် အေးအေးကလေး ပျံ့လွင့်နေဆဲ။

ကြမ်းပြင်ပေါ် တွင်ကား တစ်ကိုက်သာ ခွာပြီး ကျန်ရစ်ခဲ့သော ပန်းသီးတင်လုံး

× × × ×

ညတုန်းက သူကောင်းကောင်း အိပ်၍မပျော်။ စိတ်လှုပ်ရှားမှု ကြောင့်နိုးတစ်ဝက်မပျော်တပျော်ဖြင့် မိုးလင်းခဲ့ရသည်။ အရင်တစ်ခါ ဟန်နီတို့အိမ်ပေါ် ကဆင်းခဲ့စဉ်ကလည်း စည်သူလင်း သည်လိုပဲ ခံစား ခဲ့ရဖူးသည်။ အဲသည်တုန်းက ဒေါသနှင့်နာကျည်းစိတ်များ ရောနှော ထားသည့်အလွမ်းအဆွေးများ။ အခုတော့ သောကနှင့် သနားကရုဏာ တို့ ဖိစီးသည့် ဝိတ်ဒါဝေဒနာများ။

တကယ်တော့ မနေ့ကဆွေးနွေးပွဲတွင် စည်သူလင်းဘက်က နိဒါန်း သာပြောလိုက်ရသေးသည်။ သူ့အနေနှင့် ဟန်နီကို သူနှင့်ငုဝါတို့ အကြောင်း စုံလင်အောင်ပြောပြလိုသည်၊ သူ့ကိုနားလည်ခွင့်လွှတ်ရန် ဟန်နီကိုပင် တောင်းပန်ရမည်ဆိုက တောင်းပန်ရန်ပင် ရည်ရွယ် ထားသည်။ သူနှင့်ဟန်နီတို့ မပေါင်းရသည့်တိုင် အမိနိုင်ငံ၏ ရင်ခွင်ကို ရင့်ကျက်တည်ငြိမ်သော ခံယူချက်ဖြင့် ပြန်ဝင်ခိုနားစေချင်သည်။ တဇွတ်ထိုးစိတ်နှင့် လောကကိုအရွဲ့တိုက်ရင်း သူမဘဝသာ ရွှံ့စောင်း တိမ်းမှောက်သွားမည်ကို စိုးရိမ်မိသည်၊

သို့သော် ခက်သည်က မေတ္တာရေးနှင့် ဆသည်းနှလုံးပြဿနာတို့တွင် ခြေမြဲလေယာဉ်မကျိူး ဆုံးဖြတ်၍မရ၊ ပျားလည်းစွဲသာ ရှဉ့်လည်း လျှောက်သာဆိုသည့်အဖြစ်မျိုးကို ဖန်တီးယူ၍ရနိုင်ရန် ခဲယဉ်းတတ်ပါ သည်

အိပ်ပျက်သည့်ဒဏ်နှင့်ပဲ စိတ်မကြည်လင်မှုတို့ကြောင့် စည်သူလင်း နံနက် ၉ နာရီကျော်မှ အိပ်ရာမှထဖြစ်သည်။ ဦးတင်လတ်ပြင်ဆင်ထားခဲ့ သည့် ကော်ဖီ၊ အသားညှပ်မုန့်နှင့် ကြက်ဥကြော်တို့ကို စားပြီး ၉ နာရီ ခွဲကျော်မှ အိမ်မှထွက်နိုင်သည်။ ပထမဦးဆုံး နယူးဘွန်းလမ်း



www.burmeseclassic.com

www.burmeseclassic.com

ရှာမိုးကုမ္ပဏီဆိုင်ခဲ့သို့ ဝင်သည်။ ဟန်နီအကြောင်းကို စုံစမ်းမေးမြန်းကြည့်သည်။ မည်သူမျှ ဟန်နီကိုမသိကြ။ ဘယ်သိမလဲလေ။ လန်ဒန်ကို ကုမ္ပဏီကိစ္စနဲ့ လာတာမှမဟုတ်တာ။ ဒီဆိုင်ကိုဝင်ပြီး သတင်းပို့စရာလည်း လိုမည်မဟုတ်။

ငုဝါနှင့် နံနက် ၁၀ နာရီတွင် ချိန်းထားသော်လည်း သူနောက်ကျနေပြီး စိန့်သောမတ် (စ) ဆေးရုံသို့ သူ ၁၁ နာရီကျော်မှ ရောက်သည်။

"နောက်ကျလိုက်တာကိုကိုရယ်။ ငုဝါ ဆယ်နာရီမထိုးခင်ကတည်းက စောင့်နေတာ"

"ဆောရီးငုဝါရယ် ကိုကိုအိပ်ရာထနောက်ကျသွားလို့ပါ"

မှသားမကင်းသောဆင်ခြေဖြင့် မလုံမလဲ ဖြေရှင်းရသည်။ သူစိတ်ကမလုံပါမှ ငုဝါ၏မျက်နှာသည် ပို၍ကြည်မလင်ဖြစ်နေသည်ဟု ထင်မိသည်။

နှစ်ယောက်သား အမှတ် (၅၃) အနီရောင်နှစ်ထပ် ဘတ် (စ) ကားကြီးကို စောင့်ကြသည်။ မှတ်တိုင်တွင် စကားမပြောဖြစ်သလို ကားပေါ်ရောက်တော့လည်း တိတ်ဆိတ်လှသည်။ သူတို့နှစ်ယောက် အပေါ်ထပ်၏ ရှေ့ဆုံးထိုင်ခုံတွင် နေရာရသည်။ မြင်ကွင်းကျယ်ကျယ်နှင့် လမ်းတစ်လျှောက် ငေးမောနိုင်သည့်နေရာ ဖြစ်သည်။ ခါတိုင်းဆိုလျှင် သည်နေရာမျိုးတွင် သူတို့နှစ်ယောက် စကားတပြောပြောနှင့် ပြုံးပျော်မဆုံး ရှိတတ်ကြသည်။ စည်သူလင်းက သူ့အကြောင်းနှင့်သူ စိတ်မကြည်ဖြစ်နေရာမှ ငုဝါ ထူးထူးခြားခြား ငြိမ်ဆိတ်နေသည်ကို သံသယဝင်လာသည်။

"ဒီနေ့ ငုဝါ ဘာဖြစ်နေတာလဲဟင်။ နေမကောင်းဘူးလား"

"လူနေကောင်းပါတယ်။ စိတ်တော့မကောင်းဘူး ကိုကိုရယ်"

"ဘာဖြစ်လို့လဲကွာ ကိုယ်လာတာနောက်ကျလို့ စိတ်ကောက်နေတာလား"

"ကို့ကိုကို ငုဝါ ဘယ်တုန်းက စိတ်ကောက်ဖူးလို့လဲကွယ်။ ငုဝါ အသာ စိတ်မကောင်း ဖြစ်နေတာပါ"



"ဘာဖြစ်လို့လဲ။ ဘယ်သူနဲ့တွေ့ပြီး ဘာတွေကြားရလို့လဲ"

မလုံမလဲစိတ်တို့သည် ဖုံးကွယ်၍မရနိုင်ဘဲ ပျာပျာသလဲ မေးမိသည်။ ရုတ်တရက် သူမှုပျက်သွားသည်ကိုတော့ ငုဝါက သတိမထားမိလိုက်။ ပြောစရာ ရှိသည်ကိုသာ ဆက်ပြောသည်။

"ဘယ်သူကမှ ဘာမှမပြောပါဘူး။ ငုဝါညတုန်းက အိပ်မက်မက်တယ်ကိုကိုရယ်၊ ကိုကိုက လေယာဉ်ပျံပေါ်တက်ပြီး မြန်မာပြည်ကိုပြန်သွားတာ ငုဝါကိုတောင် လှည့်မကြည့်ဘူးတဲ့၊ ငုဝါလေဆိပ်မှာလိုက်ပို့ရင်းနဲ့ ငိုကျန်ခဲ့ရတယ်လေ။ အိပ်ရာကလန့်နိုးတော့လဲ ငုဝါ တကယ် ပင်ငိုနေမိတယ်။ မိုးလင်းတဲ့အထိ ဒီအိပ်မက်ကို ခေါင်းထဲက ထုတ်ပစ်လို့မရဘဲ ကိုကိုက ငုဝါကို တကယ် ဒီမှာထားပစ်ခဲ့မှာလားလို့ တွေးပြီး စိတ်ပူနေမိတယ် ကိုကိုရယ်"

သူထင်သလိုမဟုတ်၍ စည်သူလင်း စိတ်ပေါ့သွားသည်။ သည်တော့မှ ပြုံးရွှင်ရွှင်၊ ရွှတ်နောက်နောက်မျက်နှာဖြင့် ငုဝါဘက်သို့လှည့်၍ ပြန်သည်။

"ဖြစ်နိုင်တယ် ဖြစ်နိုင်တယ်။ ကိုကိုက ငုဝါဆိုတဲ့ ကောင်မလေးနဲ့ လေယာဉ်ပျံပေါ်တက်ပြီး မြန်မာပြည်ပြန်သွားတော့ လေဆိပ်မှာ ဒီရှာက ငိုပြီးကျန်ခဲ့မှာပေါ့။ သိပ်ကောင်းတဲ့ နှစ်ကိုယ်ခွဲခေတ်လမ်းပဲ။ သရုပ်ဆောင်ပိုင်ယင် အကယ်ဒမီတို့၊ ဘော်ဇကာဆုတို့တောင် ရနိုင်တယ်"

"နောက်မနေနဲ့ကိုကို။ ငုဝါအိပ်မက်ထဲကလို ကိုကိုနဲ့မလိုက်ရဘဲ ငိုပြီးကျန်ခဲ့ရမှာ ကြောက်တယ်ကွယ်။ ဒါကြောင့်မို့ ခုထက်ထိ စိတ်မကောင်းဖြစ်နေတာ"

"အို...ငုဝါကလဲ ရူးများရူးနေသလား။ အခုပဲ မြန်မာသံရုံးကိုသွားပတ်စပို့နဲ့ ဗီဇာထုတ်ယူပြီး လေယာဉ်လက်မှတ်ဝယ်တော့မယ်။ နောက်တစ်ပတ်လောက်ဆိုယင် ရန်ကုန်ရောက်နေပြီ"

"တကယ်ပဲ ငုဝါတို့နောက်အပတ်ထဲမှာ ရန်ကုန်ရောက်ကြတော့မှာလားဟင်"

"လေယာဉ်နေရာအဆင်ပြေယင် ဒီထက်တောင် စောလိမ့်ဦးမယ် ငုဝါ"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုရယ် ငုဝါ ကိုကိုနဲ့ တွေ့မှပဲ စိတ်ချမ်းသာတော့တယ်"

ကားပေါ်တွင် ငုဝါက စည်သူလင်းပခုံးပေါ် ခေါင်းမှီပြီး မျက်စိမှေး၍ လိုက်ပါလာသည်။ စည်သူလင်း၏ စိတ်အစဉ်ကတော့ မရပ်မနား လှုပ်ရှားနေဆဲ။

ငုဝါပြောပြသော အိပ်မက်ဟူသည် တကယ်ပဲ မက်ခဲ့လေသလား၊ သူသိထားသည့် အကြောင်းအရာ တစ်ခုခုကို ခေါင်းပါးရိပ်ခြည် ပြောပြခြင်းလေလား။

သည်အိပ်မက်က ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ။ ကိစ္စမရှိ။ ဖြစ်လာနိုင်သော ပြဿနာပေါ်ရပ်ကို စည်သူလင်းတွေးမိပြီး စိုးရိမ် ထိတ်လန့်ရပြန်သည်။ ဟန်နီသည် မြန်မာသံရုံးတွင်ဝင်၍ သဘင်းပို့ရင်း သူတို့နှစ်ယောက်နှင့် ပက်ပင်းတိုးနိုင်သည်။ ဟန်နီက ဒေါသတွေ ပေါက်ကွဲပြီး သံရုံးထဲမှာ ဆူဆူညံညံများ ဖြစ်ကြလေမလား။ ငုဝါက ရုတ်တရက်သိရပြီး ရှက်ဝမ်းနည်းစိတ်ဖြင့် သူ့ကိုများ အပြစ်တင်လေမလား။ သည်အတွက် စိုးရိမ်မိပြီး ဟန်နီလာသည့်အကြောင်း ငုဝါကို ကြိုပြီးပြောနှင့်ရန် စိတ်ကူးကြည့်မိသေးသည်။ မလိုလားအပ်သော စိတ်ဆင်းရဲမှုများ ပေးမိသလိုဖြစ်မှာလည်း စိုးမိသည်။ မဖြစ်ပါစေနဲ့ ဟုသာ ဆုတောင်းရသည်။ ဖြစ်လာလျှင်လည်း သည်အခြေကျမှ ငုဝါ ဘက်ကသာ ပြတ်ပြတ်သားသား ရပ်တည်ရမည်ဟုလည်း ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားလိုက်သည်။

ဒီဂျင့်လမ်းမှတ်တိုင်သို့ရောက်သော် သူတို့နှစ်ယောက် ဘတ်စကား ပေါ်မှဆင်းကြ၏။ မှတ်တိုင်မှ မေဖဲယားရပ်ကွက်ရှိ မြန်မာသံရုံးသို့ ဆယ်မိနစ်ခန့် လမ်းလျှောက်ရသည်။ မေဖဲယားရပ်ကွက်မှ ချား (လ်) လမ်းထဲသို့ ဝင်လိုက်လျှင် ပြည်ထောင်စုဆိုင်းဘုတ်လစ်သမ္မတ မြန်မာနိုင်ငံ တော်၏ အလံတော်အား ဝင့်ကြွားထည်ဝါစွာ လွှင့်ထူထားသည်ကို တွေ့ကြရသည်။

စည်သူလင်း စိတ်လေးလေးဖြင့် သံရုံးထဲဝင်သည်။ မြေညီထပ်မှ ဓာတ်လှေကားဖြင့် တတိယထပ်အထိ တက်ကြသည်။ တတိယထပ်တွင်



လည်း အခြားဘယ်သူနှင့်မျှ နှုတ်ဆက်မနေတော့ဘဲ ဦးအောင်ကြည်၏ ရုံးခန်းထဲသို့သာ တန်းတန်းမတ်မတ် ဝင်သွားသည်။

"ကြွပါခင်ဗျား မစ္စစ်ဒိုဆုလင်း၊ ခင်ဗျားရဲ့ပတ်စပို့နဲ့ ဗီဇာအဆင် သင့်ပဲ။ လက်ခံရရှိကြောင်း လက်မှတ်ထိုးပြီး ယူနိုင်ပါပြီ"

ဦးအောင်ကြည်က အသင့်ဖြစ်နေသော ငုဝါ၏ပတ်စပို့နှင့် ဗီဇာကို ပြ၍ ကြိုဆိုသည်။ ငုဝါက ပတ်စပို့စာအုပ်ထဲမှ မြန်မာပြည်ဝင်ခွင့် အမိန့်လက်မှတ်နှင့် တံဆိပ်တုံးတို့ကို ကြည့်မဝနိုင်အောင် ထပ်တလဲလဲ ကြည့်သည်။ ဦးအောင်ကြည်ကိုလည်း ကျေးဇူးတင်စကား အထပ်ထပ် အခါခါပြောသည်။ ငုဝါနှင့်ဦးအောင်ကြည်တို့ စကားကောင်းနေစဉ် စည်သူလင်း မြေညီထပ်သို့ ခေတ္တဆင်းခဲ့ပြန်သည်။ ကိုမြဝင်း၏ စားပွဲ ရှေ့တွင် မထိုင်မီ အလျှင်စလို မေးသည်။

"ဒီမယ်ကိုမြဝင်း မနေ့တုန်းက စင်ကာပူကလာတဲ့ မြန်မာအမျိုး သမီးတစ်ယောက် ဒီမှာသတင်းမပို့ဘူးလား"

ကိုမြဝင်းက စည်သူလင်းကို နားမလည်သလိုကြည့်လျက် သူ့စာရင်း စာအုပ်ကို လှန်နေသည်။

"နာမည်ကဘယ်သူလဲဆိုတာ ပြောဦးမှပေါ့ဆရာရဲ့။ ဆရာ့အတွက် တော်တော်အရေးကြီးနေပုံရတယ်"

"သူ့နာမည်မသိတော့မသိဘူး။ ကျွန်တော့်မိတ်ဆွေတစ်ယောက်နဲ့ ပတ်သက်နေလို့ပါ"

မှုသားတစ်ဝက်ဖြင့် စည်သူလင်းက ဖုံးဖိလိမ်ညာလိုက်သည်။ ကိုမြဝင်းက စာရင်းစာအုပ်ကို သေချာကြည့်ကာ သက်သေထူ၏။

"မနေ့တုန်းက မျက်နှာသစ် မြန်မာတစ်ယောက်မှသတင်းမပို့ဘူး၊ စင်ကာပူကလာတဲ့သူလဲ မတွေ့ဘာ တစ်ပတ်လောက်ရှိနေပြီဆရာရဲ့၊ ဆရာသိချင်တဲ့အမျိုးသမီးက လန်ဒန်ကို ဘယ်လိုတာဝန်နဲ့လာတာလဲ"

"နိုင်ငံတော်တာဝန်တော့ မဟုတ်ပါဘူး။ စင်ကာပူကို ဝပ်ပါမစ်နဲ့ အလုပ်သွားလုပ်နေရာက ဒီကို သူတို့ကုမ္ပဏီရဲ့တာဝန်အရ မြန်မာပြည် ရှိခွင့်ပြုချက်နဲ့လာတာပါ။ မြန်မာပတ်စပို့ကိုင်လျက်ပဲဗျ"

"အစိုးရတာဝန်တို့၊ပညာတော်သင်တို့ မဟုတ်ယင်တော့ သံရုံးဝင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ဆီမှာ သတင်းပို့ဖို့ မလိုဘူးဆရာ။ သူ့အကူအညီလိုယင်တော့ လာတောင်းမှာပေါ့။ သူလာယင်ဘယ်လိုပြောလိုက်ရမလဲဆရာ"

စည်သူလင်း ခေတ္တစဉ်းစားပြီးမှ မရေမရာသာ ဖြေနိုင်သည်။

"နေပါဦးဗျာ။ ခင်ဗျားပြောလို့လဲ သူကကျွန်တော့်ကို သိမှာ မဟုတ်ပါဘူး။ ကျွန်တော့်မိတ်ဆွေက စာတစ်စောင်များ သူ့ပေးလိုက်သလားလို့ပါ။ သူ့လန်ဒန်မှာတည်းတဲ့ လိပ်စာရှိယင်သိချင်လို့ပါ"

"အေးလေ။ လာယင် လိပ်စာတောင်းထားလိုက်ပါမယ် ဆရာ"

စည်သူလင်း သည်မျှသာပြောပြီး အပေါ်ထပ်သို့ပြန်တက်ခဲ့သည်။ ဟန်နီနှင့်ပတ်သက်၍ သူစုံစမ်းနိုင်သမျှ လမ်းဆုံးနေပြီ။ ဟန်နီအကြောင်းကို သူ့ခေါင်းထဲမှ အပြီးအပိုင် ရှင်းထုတ်လိုက်ကာ ဦးအောင်ကြည်၏ရုံးခန်းထဲ ပြန်ဝင်သွားသည်။

"လာပါဦးကိုသည်သူရဲ့ ခင်ဗျားတို့လမ်းခရီး လေယာဉ်အကူးအပြောင်းမှာ ဝင်နားမယ့်နိုင်ငံတွေရဲ့ ဗီဇာရဖို့ကော လိုသေးတယ်နော်။ ငုဝါအတွက်မလုပ်ရသေးဘူးဆို"

ဦးအောင်ကြည်ပြောမှ စည်သူလင်း သတိရပြီး ထိတ်ထိတ်ပျာပျာ ဖြစ်ရပြန်သည်။

"ဟုတ်ပါရဲ့ ကိုကြီးအောင်၊ ကျွန်တော့်မှာလုံးဝသတိမရဘူးဗျာ။ အချိန်မှမီပါ့မလားမသိဘူး။ ကျွန်တော့်အတွက် တခါတည်း အချိန်ရှိတော့တာ"

သူ့စကားကြောင့် ငုဝါမှာ မျက်နှာငယ်လေးနှင့် ပူပန်စိုးထိတ်နေရှာသည်။

"မီနိုင်ပါတယ်ဗျာ မပူပါနဲ့။ ဒါထက် ခင်ဗျားတို့ဘယ်လေကြောင်းကုမ္ပဏီနဲ့ ပြန်ကြမှာလဲ"

"ကျွန်တော်က ဧဲဖရန့် (စ်) (ပြင်သစ်လေကြောင်းကုမ္ပဏီ) နဲ့ အသွားအပြန်လက်မှတ်ယူခဲ့တယ်။ ငုဝါလဲ ဒီလေယာဉ်ပဲ စီးရတော့မှာပေါ့"

"ဒီလိုဆိုယင် ပဲရစ်မှာတစ်ခါ၊ ဘန်ကောက်မှာတစ်ခါ လေယာဉ်ပြောင်းစီးရမယ်။ ထိုင်းနိုင်ငံကတော့ လေယာဉ်ပြောင်းစီးတုန်း



[illegible] မလိုဘူး။ ပြင်သစ်နိုင်ငံရဲ့ ဗီဇာရဖို့လိုလိမ့်မယ်။ ခဏစောင့်ဦး ကျွန်တော်ကြိုးစားကြည့်ဦးမယ်"

ဦးအောင်ကြည်က တယ်လီဖုန်းကိုကောက်ကိုင်ပြီး နံပါတ်ခုနစ်လုံးလှည့်သည်။

"ငုဝါ စိတ်ပူလိုက်တာကိုကိုရယ်။ အချိန်မမီမရယင်တော့ ကိုကိုနဲ့ တစ်ပါတည်းမလိုက်ရဘဲ ကျန်ခဲ့မှာလားဟင်"

"ကိုကြီးအောင်တစ်ယောက်လုံးရှိနေတာပဲကွာ စောင့်ကြည့်ပါဦး"

ငုဝါကိုနှစ်သိမ့်ရသော်လည်း သူကိုယ်တိုင်လည်း စိတ်ထင့်နေသည်။ ဦးအောင်ကြည် ဖုန်းဆက်သည်မှာ လန်ဒန်မြို့ရှိ ပြင်သစ်သံရုံးမှ သူ့မိတ်ဆွေတစ်ဦးဖြစ်သည်။ တယ်လီဖုန်းထဲမှာပြောနေကြသောစကားသံများအရ တော်တော်လေးရင်းနှီးပုံရသည်။ သူတို့ချင်း ရယ်ကာမောကာစကားပြောကြပြီးမှ တယ်လီဖုန်းကိုချ၏။

"ဗီဇာရဖို့ အခုချက်ချင်းလုပ်ပေးမယ်တဲ့။ ခင်ဗျားတို့နှစ်ယောက်ရဲ့ ပတ်စပို့ယူသွား။ ပြင်သစ်သံရုံးမှာ လျှောက်လွှာဖြည့်ပြီး တင်လိုက်နေ့ချင်းပြီး ဗီဇာထုတ်ပေးမယ်တဲ့။ ခဏနေဦးစကားမဆုံးသေးဘူးလေ"

သူတို့နှစ်ယောက်က ဒေါ်ကြီးသုတ်ပျာ ထပြေးကြမည်ပြု၍ ဦးအောင်ကြည်က တားသည်။

"အချိန်မီအောင် ကျွန်တော့်ကားနဲ့ပို့ပေးမယ်။ တစ်ခါတည်း လေယာဉ်လက်မှတ်ပါ အဆင်ပြေအောင် စီစဉ်ကြည့်ရအောင် ခဏစောင့်ကြဦး"

ဦးအောင်ကြည် တယ်လီဖုန်းကိုကောက်ကိုင်ပြီး နံပါတ်ခုနစ်လုံးကိုလှည့်ပြန်၏။ ပြင်သစ်လေကြောင်း ကုမ္ပဏီသို့ ဖုန်းဆက်ခြင်းဖြစ်သည်။ တစ်ဘက်မှဖြေကြားချက်များကို ဦးအောင်ကြည်က စာရွက်ပေါ်မှာရေးမှတ်ပြီး အပြန်အလှန် မေးခွန်းထုတ်နေသည်။

စည်သူလင်းနှင့် ငုဝါတို့နှစ်ယောက် ဦးအောင်ကြည်၏မျက်နှာကို အားကိုးလေးစားသည့် မျက်လုံးများဖြင့် စူးစိုက် ကြည့်နေကြသည်။ ဦးအောင်ကြည်က တယ်လီဖုန်းကိုပြန်ချပြီးနောက် သူရေးမှတ်ထားသည့်အချက်များကို ကြည့်၍ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဗုဒ္ဓဟူးနေ့ပဲ အဆင်ပြေတယ်ဗျ။ ဒီကနေပြီး [illegible] ထွက်မယ့် အေအက် (ဗ) ဂဝ၉ ခရီးစဉ်နဲ့လိုက်သွား။ ပဲရစ်ကို သူတို့ စံတော်ချိန် ၁၁ နာရီခွဲလောက်မှာရောက်မယ်။ အဲဒီကနေပြီး နေ့လယ် ၂ နာရီခွဲမှာ ထွက်မယ့် အေအက် (ဗ) ၁၇၄ ကိုပြောင်းစီးယင် ဇန်ကောက်ကို နောက်တစ်နေ့ နံနက် ၉ နာရီခွဲမှာရောက်မယ်။ အဲဒီကနေ ဇန်ကောက်ကထွက်မယ့် ဘီအေစီကို ခင်ဗျားတို့မီမှာမဟုတ်ဘူး။ အဲဒီတော့ အဲ၊ ဖရန် (၈) က စီစဉ်ပေးတဲ့ ဟိုတယ်မှာတည်းပြီး နောက်တစ်နေ့ညနေကျမှထွက်မယ့် ဘီအေစီနဲ့ ရန်ကုန်ကိုလိုက်သွား။ ညနေ မိုးချုပ်လောက်မှာ ရန်ကုန်ကိုရောက်ကရော"

"ဟာ...သိပ်ကောင်းတဲ့အစီအစဉ်ပဲကိုကြီးအောင်ရာ။ ဇန်ကောက်မှာတစ်ညအိပ်ပြီး ဘုရားဖူးချိန်၊ ဈေးဝယ်ချိန်ရသေးတာပေါ့။ ကျေးဇူးတင်လိုက်တာဗျာ။ ကျွန်တော်တို့ကိုခွင့်ပြုပါဦး"

"နေဦးလေ၊ ကျွန်တော့်ကားနဲ့လိုက်ပို့ခိုင်းလိုက်မယ်။ ဒါမှ ဒီနေ့ကိစ္စပြတ်သွားမှာ။ ပြင်သစ်သံရုံးကျယင် ကျွန်တော်က လှမ်းလိုက်ဘယ်လိုပြောပါ၊ အဲဖရန် (စ) ရုံးကျယင်လဲ ခုနတုန်းက မြန်မာသံရုံးက အကြောင်းကြားထားတဲ့ ခရီးသည်တွေပါလို့ပြော"

ဦးအောင်ကြည်က သူ၏ယာဉ်မောင်းကိုခေါ်ပြီး စည်သူလင်းတို့အား လိုက်ပို့ရမည့်နေရာများအပြင် ကားရပ်စောင့်ရမည့်နေရာကိုပါ အတိအကျမှာကြားနေသည်။

"ကိုကြီးအောင်က ပို့မယ့်ပို့ ကူးတို့အဆိပ်ကတဲ့ ဟိုဘက်ကမ်းပေါ် အသီးတောင်မှ တင်ပို့လိုက်သေးတယ်ဗျာ"

"ဒီလိုဆိုတော့လဲ ခင်ဗျားတို့ ကူးတို့မယူသွားရမလိုတော့ဘူး ပေါ့ဗျာ။ ဟား...ဟား...ဟား"

ဦးအောင်ကြည်သည် သူများကိုကူညီရလျှင် ပြုံးရွှင်ရယ်မောတတ်သောလူမျိုး။ စည်သူလင်းတို့နှစ်ယောက် သူ့ကို ကျေးဇူးတင်စကား အထပ်ထပ်ပြော၍ နှုတ်ဆက်ခဲ့ကြသည်။ ဦးအောင်ကြည်၏ ကားနှင့်ပင် မြန်မာသံရုံးမှ ပြင်သစ်သံရုံးသို့ရောက်ခဲ့ကြသည်။ သူတို့နှင့်ဦးဝင်းလာကတည်းက ညွှန်ကြားဆိုသူက မြန်မာသံရုံးမှ လှမ်းလိုက်



သူမှန်းသိကြသည်။ ပျူငှာဖော်ရွေစွာဆီးကြို၍ မလျှောက်လွှာပုံစံများ ထုတ်ပေးသည်။ လျှောက်လွှာပုံစံကိုဖြည့်ပြီး ဧည့်ခန်းထဲမှာ ခေတ္တ ထိုင်စောင့်နေကြရသည်။

ပြင်သစ်သံရုံးမှာထိုင်စောင့်ရင်း စည်သူလင်းဘစ်ဂ်ကိုတစ်ခုကို သတိရမိပြန်သည်။ ဟန်နီသည် ပြင်သစ်ဘာသာစကားကျွမ်း၍ ပြင်သစ်ကုမ္ပဏီတွင်အလုပ်လုပ်ကာ ယခုလည်း ပြင်သစ်နိုင်ငံမှတစ်ဆင့် လန်ဒန်ကိုလာခဲ့သူမဟုတ်ပါလား။ သူသည် ပြင်သစ်သံရုံးတွင်လည်း အဝင်အထွက်ရှိနိုင်သည့်အပြင် ပြင်သစ်လေကြောင်းကုမ္ပဏီနှင့်ပင် ခရီးသွားဖို့လမ်းများသည်။ ဟန်နီကို ပြင်သစ်သံရုံးနှင့် လေကြောင်းကုမ္ပဏီရုံးတို့တွင် ပက်ပင်းတိုးနိုင်သည်။

ပျော့ညံ့သော စိတ်နှင့် သူရဲဘော ကြောင် သည် ဟုပဲ ဆိုချင်ဆို။ ဟန်နီကိုသူတွေ့ချင်၍ လိုက်ရှာသည် ဝုံစမ်းခဲ့သည်မှာမှန်သော်လည်း ငုဝါရှေ့မှာတော့ သူမတွေ့လို။ သူ၏အားနည်းချက်ကြောင့် ရင်မဆိုင်ရဲသည်ကား အမှန်ပင်ဖြစ်၏။

သို့သော် ဘာပဲဖြစ်ဖြစ် ဒီအခြေအနေရောက်တော့မှ ငုဝါနှင့် အစီအစဉ်ကိုပဲ ဇောက်ချပြီးဦးတည်ရမည်။ ငုဝါဘက်ကပဲ ခိုင်ခိုင်မာမာ ရပ်တည်ရမည်ဟု ဆုံးဖြတ်ကာ စိတ်တင်းထားသည်။

"ကိုကိုက ပြင်သစ် လေကြောင်းကုမ္ပဏီကိုမှ ရွေးပြီး စီးခဲ့တာ ဘာဖြစ်လို့လဲဟင်။ ဒီကုမ္ပဏီက တခြားလေယာဉ်ကုမ္ပဏီတွေထက် ဘယ်လိုပိုပြီးကောင်းနေလို့လဲ"

"ဘယ်လိုရည်ရွယ်ချက်မှ ရှိလို့ရယ် မဟုတ်ပါဘူး ငုဝါ။ ဒီ ပြင်လေယာဉ်တွေလဲ မစီးဖူးလို့ ဘယ်လိုကောင်းတယ်၊ သာတယ်ဆိုတာ သဲမပြောတတ်ပါဘူး။ ပြင်သစ်လေယာဉ်ကုမ္ပဏီကပေးတဲ့ မက်လုံးတစ်ခုကို သဘောကျလို့စီးခဲ့တာပါ။ ဘယ်လိုမက်လုံးလဲဆိုတော့ ဇန်ကောက်ကနေ လန်ဒန်အထိ ခရီးအတွက် လေယာဉ်လက်မှတ်ဖိုးထဲက အမေရိကန်ဒေါ်လာတစ်ရာ ပြန်အမ်းတယ်လေ။ ဒေါ်လာတစ်ရာ အပိုသုံးစရိတ်ရတာပေါ့။ အခုအပြန်မှာလဲ ဒေါ်လာတစ်ရာ ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား ဒီလိုဆိုယင် မုံရွာ ပြန်ရဦးမှာလား ဟင်"

"အဲဒါတော့ ကိုကိုမသိဘူး။ ဒီလိုပြန်အမ်းတာက ကုမ္ပဏီရဲ့စနစ် မဟုတ်ဘူး။ ဇန်ကောက်နဲ့ရန်ကုန်က ကိုယ်စားလှယ်တွေက စီစဉ်ပေးတာပဲ။ အလာတုန်းက ဒီမှာကို ဇန်ကောက်မှာပဲ ဘတ်ငွေနဲ့ နှစ်ထောင်ကျော်ကျော်ရခဲ့တယ်"

၁၅ မိနစ်ခန့်အကြာတွင် ပတ်ပို့နှင့် ပြင်သစ်နိုင်ငံဝင်ခွင့် ဗီဇာ ရခဲ့ကြသည်။ ဦးအောင်ကြည်၏ ယာဉ်မောင်းက ပြင်သစ် လေကြောင်းကုမ္ပဏီရုံးသို့ လိုက်ပို့သည်။ ထိုနေရာသည် ကားမရပ်ရသည့် နေရာဖြစ်၍ သူတို့နှစ်ဦးကိုချပေးခဲ့ပြီး မြန်မာသံရုံးသို့ ပြန်မောင်းသွားသည်။

ပြင်သစ်လေယာဉ်ရုံးမှာလည်း ဦးအောင်ကြည်၏ ကျေးဇူးကြောင့် အစစအရာရာ အဆင်ပြေသည်။ တစ်နည်းအားဖြင့် မြန်မာသံရုံးနှင့် မြန်မာနိုင်ငံတော်၏ကျေးဇူးကြောင့်ဟုလည်း ဆိုနိုင်ပါသည်။ လေယာဉ်ရုံးဝန်ထမ်းအမျိုးသမီးက မြန်မာသံရုံးမှ ပြောထားသော ခရီးသည်နှစ်ဦးပါဆိုကတည်းက လိုက်လံဖော်ရွေစွာကြိုဆို၍ကူညီကြသည်။

စည်သူလင်းက လေယာဉ် ခရီးစဉ်များကို လေ့လာ ကြည့်သော် ဦးအောင်ကြည်ပြောသည့်ခရီးစဉ်သည်သာ အဆင်ပြေဆုံးအဖြစ် ရွေးချယ်အတည်ပြုလိုက်ကြသည်။ ထိုင်ခုံနေရာသတ်မှတ်ရာတွင် လေယာဉ်အိမ်သာနှင့် ဝေးကွာသော ထိုင်ခုံနံပါတ် အေ ၂၄ နှင့် ဘီ ၂၄ ကို ရွေးလိုက်ကြသည်။

ဝန်ထမ်းအမျိုးသမီးက စည်သူလင်းထုတ်ပေးသော အပြန်ခရီးအတွက် လေယာဉ်လက်မှတ်ပေါ်တွင် ခရီးစဉ်အမှတ်၊ နေ့စွဲနှင့် ထိုင်ခုံနံပါတ်များကို တံဆိပ်ရိုက်ပေးသည်။

"သူ့အတွက်လက်မှတ်ကိုတော့ နက်ဖြန်ခါကျမှ ဘဏ်ကငွေထုတ်ပြီး လာဝယ်ပါရစေ။ နေရာအတွက်တော့ စိတ်ချပါရစေနော်"

"စိတ်ချပါရှင် ဒီထိုင်ခုံနေရာကိုလဲ လက်မှတ်ဝယ်ထားပြီးသားလို့ ကျွန်မတို့သတ်မှတ်ထားပါတယ်"



လေယာဉ်ရုံးဝန်ထမ်းအမျိုးသမီးက ဆက်၍ပင် သူတို့သိလိုသည့် အချက်များကိုစိတ်ရှည်ရှည်ရှင်းပြနေသည်။ စည်သူလင်းတို့နှစ်ယောက် လေယာဉ်ရုံးမှထွက်ခဲ့ကြသော် ညနေ ၄ နာရီထိုးနေပြီ။

"ကဲ....ငုဝါရေ၊ နောက်လာမယ့်သောကြာနေ့ ညဦးပိုင်းမှာ ကိုကိုနဲ့ အတူတူ ရန်ကုန်ကိုရောက်တော့မယ်ဆိုတာ သေချာနေပြီ။ လမ်းမှာ လေယာဉ် ပျက်ကျတာတို့၊ ပြန်ပေးဆွဲခံရတာတို့ မဖြစ်ယင်ပေါ့လေ"

"အို.... ကိုကိုကလဲ မပြောကောင်းတာတွေ မပြောပါနဲ့"

အခုမှပင် သူတို့နှစ်ဦး ရယ်စရာ မောစရာကလေးများ ပြောကာ နောက်ပြောင် ကြည်စယ်နိုင်ကြပါသည်။

× × × ×

ဘတ်ရုံးချုပ်သို့သွားရန် အောက်စဖို့ဒ်လမ်းမကြီးဘက်သို့ ထွက်လာစဉ် မိုးသည် သဲကြီးမဲကြီး ရွာချပြန်သည်။ ငုဝါသည် လန်ဒန်သူ ပီပီ မိုးတွင်းတွင် သွားလေရာ ထီးယူလာတတ်သည်။ စည်သူလင်းက ဘီးရောမိုးကာပါ မေ့ကျန်ခဲ့သည်။ သည်နေ့နံနက် အိမ်မှ မထွက်မီကတည်းက စိတ်တွေထွေပြားပြီး မေ့မေ့လျော့လျော့ဖြစ်ခဲ့ရသည်လေ၊

နိုးရာကော်ဖီဆိုင်လေးတစ်ခုထဲသို့ ပြေးဝင်ကြပြီး မိုးခိုကြသည်။ နံနက်စာစားပြီး ထွက်လာကတည်းက ဘာမျှမစားခဲ့ကြရ၍ ဗိုက်တွေလည်း ဟာနေပြီ။ ကော်ဖီတစ်ခွက်စီနှင့် ဝက်ဘူချောင်း ကြားညှပ်ထားသည့် မုန့်တစ်ခုစီဝယ်ကြသည်။ ငုဝါသည် စည်သူလင်းနှင့် မျက်နှာချင်းဆိုင် မထိုင်ဘဲ ယှဉ်၍ ဘေးချင်းကပ်ထိုင်သည်။

"ဒီစနေ၊ တနင်္ဂနွေမှာ မမမြဆီကို သွားဦးမှာလားကိုကို"

"သွားရမှာပေါ့ ငုဝါရယ်၊ မပြန်ခင် ကိုကြီးအောင်ရော မမမြပါ ခန့်တော့ကြရမယ်လေ၊ ငုဝါတခြားကိစ္စတွေ ရှိနေလို့လား"

"မဟုတ်ပါဘူး။ ကိုကိုမှာ တခြားကိစ္စရှိနေလို့ မသွားယင်တောင်မှ ငုဝါသွားမလို့ပါ၊ မမမြကပြောတယ်။ ပိတ်စတွေဝယ်ခဲ့ယင် မြန်မာ အကျီနဲ့ထဘီ ချုပ်ပေးမယ်တဲ့။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့တုန်းကလဲရွေ ကိုကိုမပါဘဲ ငုဝါရောက်ခဲ့သေးတယ်။ အဲဒီနေ့က မမမြက ငုဝါကို ထဘီ



www.burmeseclassic.com

www.burmeseclassic.com

သယ်တာသင်ပေးတယ်။ အခု ငုဝါထဘီဝတ်တတ်နေပြီလား။ နောက်ပြီးတော့လဲလေ အခု ငုဝါဆံပင်မညှပ်တော့ဘူး။ အရှည်ထားတာ ဆံထုံးထုံးလို့ရနေပြီ။ မမမြကငုဝါကို ဆံထုံးထုံး သနပ်ခါးလိမ်းပေးလို့ သဘီလေးနဲ့ မှန်ထဲမှာကြည့်ရတာ ကိုယ့်ကိုယ်ကို ကြည့်လို့တောင် မဝဘူးကိုကိုရယ်။ ကိုကိုသာတွေ့ရယင် သိပ်သဘောကျမှာပဲ"

ငုဝါ့ခြင်ကြည်လာပြန်တော့လည်း ပျော်ရပါလေသည်။

"ကောင်းပါလေ့ဗျာ။ ငုဝါကသာ ဆံပင်တွေအရှည်ထားပြီး သနပ်ခါး လိမ်းတာကို လုပ်နေတာ။ ကိုကိုတို့မြန်မာပြည်က ဟာမတွေကတော့ ဆံပင်အတိုညှပ်ကြ၊ ဖြတ်ကြ၊ ကောက်ကြ၊ ခေါင်းစုတ်ဖွားနဲ့ မိတ်ကပ်လိမ်းနေကြလေရဲ့"

"ဟုတ်လား ဘာဖြစ်လို့လဲကိုကို"

"ဗိုလ်ဆန်ချင်ကြလို့ပေါ့ ငုဝါရယ်"

"ဗိုလ်ဆန်တယ်ဆိုတာ ဘာလဲကိုကို"

စည်သူလင်းက ချက်ချင်းမဖြေနိုင်။ လည်ချောင်းထဲမှာ နင်နေသည့်မုန့်ကို ကော်ဖီနှင့်မျှောချနေရသည်။

"အင်္ဂလိပ်ရဲ့လက်အောက်ခံ ကိုလိုနီခေတ်တုန်းကပေါ့။ အင်္ဂလိပ်မျက်နှာဖြူတွေကို မြန်မာတွေက သခင်လို့၊ ဗိုလ်လို့ ခေါ်ရတယ်။ မြန်မာက ကျွန်၊ ငယ်သားပေါ့ကွာ၊ လွတ်လပ်ရေး ရပြီးတဲ့နောက် သခင်ဆိုတဲ့ အခေါ်အဝေါ်က မရှိတော့ပါဘူး။ ဒါပေမယ့် အင်္ဂလိပ်မျက်နှာဖြူဆိုယင် ဗိုလ်လို့ ခေါ်ကြတဲ့သူတွေက ရှိနေသေးတယ်။ ဒီတော့ ဗိုလ်ဆန်တယ်ဆိုတာ အင်္ဂလိပ်ဆန်တယ်၊ အနောက်တိုင်းဆန်တယ်၊ သခင်ဆန်တယ်ပေါ့ ငုဝါရယ်။ တစ်နည်းအားဖြင့် ကိုယ့်ကိုယ်ကို ကျွန်၊ ဒါမှမဟုတ် ငယ်သားလို့ သတ်မှတ်ထားသေးတဲ့ သဘော၊ ကျွန်စော်နံနေတာပေါ့ကွာ"

"အံ့ဩပါရဲ့ကိုကိုရယ်။ လွတ်လပ်တဲ့မြန်မာနိုင်ငံသား ဖြစ်နေရက်နဲ့ များ သူများကို ဗိုလ်လို့ခေါ်ပြီး အားမကျသင့်ပါဘူးနော်။ ကိုကို ပြောသလိုဆိုတော့ ဗိုလ်ဆန်ချင်တဲ့သူတွေများလာယင် တိုင်းပြည်ဟာ ကျွန်ပြန်ဖြစ်နိုင်တယ်ပေါ့ ဟုတ်လား"



"အမျိုးသားစိတ်ရှိပြီး အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထား လေးစားကြမှသာ လွတ်လပ်ရေးဟာ ခိုင်မြဲမှာပေါ့"

"ကိုယ့်ယဉ်ကျေးမှုကို ချစ်တာကို အမျိုးသားစိတ်လို့ ခေါ်တယ် လား။ ဒီလိုဆိုယင် ဒီနေ့ငုဝါမှာ အမျိုးသားစိတ်ရဲ့ အမှတ်အသားတစ်ခု လုပ်လာခဲ့တယ်။ ကိုကိုသတိထားမိရဲ့လား"

စည်သူလင်းက ငုဝါကို ခြေဆုံးခေါင်းဆုံး စေ့စေ့စပ်စပ်ကြည့်သည်။

"လက်သည်းအရှည်မထားတာကို ပြောတာလား"

"မဟုတ်ပါဘူး။ ငုဝါတို့က သူနာပြုမို့ လက်သည်းအရှည်မထားတာ ပါ။ မျက်နှာမှာကြည့်၊ မျက်နှာမှာကြည့်"

"ကိုကိုမသိဘူး ငုဝါရယ်"

"မမမြပေးလိုက်တဲ့ သနပ်ခါးဘူးထဲက သနပ်ခါး လိမ်းလာခဲ့တယ် လေ၊ ကိုကိုကလည်း မြန်မာဖြစ်နေပြီး သနပ်ခါးကိုတောင် မသိဘူး လား"

ငုဝါက အားရချင်းတော့ကိုက်ပြီး သူ့ကိုအပြစ်တင်သည်။

"သနပ်ခါးပါးပါးလေးလိမ်းထားတာ မျက်စိနဲ့ကြည့်ရုံနဲ့ ဘယ်သိပါ့ မလဲ။ အနံ့ရှူကြည့်မှ သိမှာပေါ့"

ပြောပြောဆိုဆိုနှင့် စည်သူလင်းက ငုဝါ၏ပခုံးလေးကို သူ့ဘက်သို့ ဆွဲယူ၏။ ငုဝါက ကိုယ်ကိုတောင့်ထားသဖြင့် ပခုံးကသာ အပေါ်သို့ တွန့်တက်လာသည်။

"မကဲနဲ့ ကိုကို လူတွေကြားထဲမှာ မြန်မာပီပီ သိက္ခာရှိရှိ နေစမ်း ပါကွယ်"

"ခံရတယ်ကွာ။ ဘုန်းကြီးစာချ၊ မိချောင်းမင်း ရေခင်းပြ"

စည်သူလင်းပြောသည့် စကားပုံ၏အဓိပ္ပာယ်ကို ငုဝါနားမလည်။ သူကိုယ်တိုင် ရှင်းလင်းရပြန်သည်။ တစ်ဆက်တည်းပင် မြန်မာစကားပုံ နှင့် မြန်မာ့ရိုးရာဟာသပုံပြင်များကိုလည်း ပြောပြသည်။ ငုဝါသဘော ကျလွန်း၍ အသံထွက်အောင်ပင် ရယ်သည်။

စားသောက်ပြီးသည်အထိ မိုးမတိတ်သေး။ ညနေ ၅ နာရီထိုးတော့ မည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့ အချိန်မရတော့ဘူးငုဝါ။ နက်ဖန်ကျမှ ဘဏ်ကိုသွားပြီး ငွေထုတ်ကြဖို့။ လေယာဉ်လက်မှတ် ရဖို့ကလည်း သေချာနေပြီ။ အချိန်မီပါတယ်ကွာ"

"ငုဝါ အလုပ်တွက်စာ တင်ရဦးမယ်လေ"

"ဪ ... ဟုတ်သားပဲ။ ဒီလိုလုပ်လေ နံနက်ပိုင်း ငုဝါဆေးရုံမှာ ရုံးကိစ္စတွေပြီးအောင် လုပ်ထားလိုက်၊ နေ့လယ်ကျမှ ကိုကိုနဲ့ဘဏ်မှာ ဆုံကြရအောင်လေ၊ နေ့လယ် ၁၂ နာရီမှာ ကိုယ် နက်ဂက် (စ) ဘဏ် ရုံးချုပ်က စောင့်နေမယ်"

"ဟုတ်တယ်ကိုကို။ လမ်းမကြုံဘူး။ ငုဝါကို လာခေါ်မနေနဲ့တော့။ နက်ဝက် (စ) မှာပဲစောင့်နေ။ ငွေထုတ်ပြီးမှ လေယာဉ်ရုံးကို အတူတူ သွားကြရအောင်"

"အတည်ပြုလိုက်ပြီနော်။ အဲဒီအစီအစဉ် ကောင်းတယ်"

ဆိုင်ပြင်ရောက်သည်အထိ မိုးသည်းတုန်းပင်။ တီးလေးတစ်ချောင်း နှစ်ယောက်ဆောင်းသည့်တိုင် လုံခြုံပုံမပေါ်။ ခါးအောက်ပိုင်း ရွဲရွဲ စိုသွားနိုင်၏။

"လာကွာ ဒီကုန်တိုက်ထဲဝင်ပြီး မိုးခိုရင်း ဈေးဝယ်ကြရအောင်။ ကိုယ့်ဆီမှာ ဝယ်စရာပစ္စည်းစာရင်း မှတ်ထားတာပါတယ်။ မိန်းမယူမယ့် သူဆိုတော့ အိမ်ထောင်ပစ္စည်းတွေ အခုကထားပြီး ဝယ်ရမယ်ကွ"

နှစ်ယောက်သား ဒက်ဘီဟန်း ကုန်တိုက်ကြီးအတွင်းသို့ ဝင်ကြသည်။ မြေညီထပ်မှ စက်လှေကားဖြင့် အပေါ်ဆုံးထပ်အထိ တက်သည်။ ပြီးမှ တစ်ထပ်ချင်းဆင်းကာ ပစ္စည်းများကို ရွေးဝယ်ကြသည်။ ပထမဆုံး စည်သူလင်းက ဖိအားသုံး ပေါင်းအိုးတစ်လုံး ဝယ်သည်။ လောင်စာနည်းနည်းနှင့် အချိန်တိုတိုအတွင်း အသားများ နူးနပ်စေသည့် အိုးမျိုးဖြစ်သည်။ သည့်နောက် တက်ဖလွန် ဖုံးအုပ်ထားသည့် ဒယ်အိုးတစ်ခု၊ ဆီကုန်သက်သာစွာ ကျော်ချက်နိုင်ပြီး ဆေးရကြောရလွယ်ကူသည်။ ပြီးတော့ ဗိုင်ဘာ ထမင်းဘူးကန် ခွက်ယောက် အတွဲလိုက်တစ်စုံ ဝယ်ပြန်သည်။

"ငုဝါအတွက် မြန်မာအင်္ကျီနဲ့ထဘီ ချုပ်ဖို့ကောင်းမယ့် အဝတ်စ



အဆင်ရွေးပေးပါဦးကိုကိုရယ်။ မမမြကဒီဇနက်ရှေ့နေမှာ ချုပ်ပေးမယ်တဲ့။ ငုဝါက လေဆိပ်ကိုဆင်းကတည်းက မြန်မာအင်္ကျီနဲ့ထဘီဝတ်၊ ဆံထုံးထုံး၊ သနပ်ခါးလိမ်းပြီး ကိုကိုနောက်ကို လိုက်ခဲ့မှာရှင့်"

စည်သူလင်းက ခပ်ရွှင်ရွှင် သောသောလေးရယ်သည်။

"ထဘီဝတ်ယင် ခါးပတ်လေးကောပတ်ခဲ့ပါဦးငုဝါရယ်။ တော်ကြာ လူကြားထဲကျမှ ကျွတ်ကျနေယင် အရှက်ကွဲနေပါဦးမယ်"

ငုဝါက ရှက်ရှက်နှင့်သူ့ကျောပြင်ကို လက်သီးဆုပ်ကလေးနှင့် ထုသည်။ အင်္ကျီစသုံးစနှင့်ထဘီသုံးထည်ရွေးပေးသည်ကို ငုဝါက သူမတွင်ပါလာသည့်ငွေနှင့် ပေးချေလိုက်သည်။

ကုန်မာပစ္စည်းများရောင်းသည့်ဆိုင် ရောက်လာသည်။ စည်သူလင်းက လက်သမားသုံး ပစ္စည်းကိရိယာပါသေတ္တာတစ်လုံး ဝယ်ပြန်သည်။

"ကိုကိုရေ ငုဝါလဲ အိမ်မှာ ကိုယ်တိုင်အဝတ်အထည်တွေချုပ်ဖို့ အပ်ချုပ်စက်တစ်လုံး ဝယ်ချင်တယ်ကွယ်။ ခုတစ်ခါတည်းကြုံတုန်း ဝယ်သွားချင်လို့ ကိုကိုပိုက်ဆံ ခဏချေးပါနော်။ ငုဝါ ငွေတွေထုတ်ပြီး နက်ဖန်ကျတော့ ပြန်ပေးပါမယ်"

စည်သူလင်းက သူမ၏လည်ကုပ်သား ဖြူဖြူအိအိကလေးကို မနာမကျင် ဆွဲလိမ်သည်။

"လင်မယားချင်း ပိုက်ဆံချေးရမလားကွာ။ အိမ်ထောင်အတွက် ပစ္စည်းပဲ ကိုကိုပေးမှာပေါ့"

"အို ... အခု လင်မယားအစစ်မှ မဖြစ်သေးတာ ချေးရမှာပေါ့။ အတူတူနေရတဲ့ လင်မယားဖြစ်တော့မှ တောင်းမှာ"

၆၅ ပေါင်တန် ဆင်းဂါးအပ်ချုပ်စက်တစ်လုံးကို စည်သူလင်း၏ငွေနှင့် ဝယ်သည်။

"မမမြကပြောတယ်။ ဟိုမှာ စက်ချုပ်သင်တန်းတွေ ရှိတယ်တဲ့။ အဲဒီသင်တန်းတွေတက်ပြီးယင် ကိုယ့်အင်္ကျီကိုယ်တိုင် စိတ်ကြိုက် အိမ်မှာပဲ ချုပ်နိုင်တယ်တဲ့။ ယောကျ်ားဝတ်ရှပ်အင်္ကျီပါ ငုဝါချုပ်တတ်အောင်သင်ပြီး ကိုကို့အင်္ကျီတွေပါ ငုဝါချုပ်ပေးမယ်လေ"

ငုဝါတစ်ယောက် မြန်မာပြည်အကြောင်းများကို နှိုက်နှိုက်ချွတ်



www.burmeseclassic.com

www.burmeseclassic.com

ချွတ် လှေလာထားပြီး အစီအစဉ်တွေ တစ်ခုပြီးတစ်ခု စေ့စေ့စပ်စပ် ရေးဆွဲနေသည်။ စည်သူလင်း အပ်ချုပ်စက်ခေါင်းကိုဆွဲပြီး ရှေ့မှ လျှောက်လာစဉ် တစ်နေရာတွင် ငုဝါ နောက်မှာ ပြတ်ကျန်ခဲ့သည်။ နောက်ကြောင်း ပြန်လိုက်ရှာသည့်အခါ ငုဝါကို ကလေးကစားစရာ အရုပ်ရောင်းသည့်ဆိုင်ရှေ့တွင် တွေ့ရသည်။

"ဒီမှာကြည့်စမ်းပါဦးကိုကိုရယ် ချစ်စရာကောင်းလိုက်တဲ့ ဘောဘီ ခေါ်လ်ကြီး။ သားသမီးတွေမရသေးခင်တော့ အိမ်မှာသူက ကလေး ပေါ့နော်။ သားသမီးတွေရတော့လဲ သူတို့နဲ့ကစားဖို့ပေါ့။ ငုဝါချစ်လွန်းလို့ ဝယ်လိုက်ပြီကိုကို။ ကြည့်စမ်းပါဦး ချစ်စရာ ကောင်းဘူးလား ဟင်"

ငုဝါလက်ထဲမှာ သုံးလသားအရွယ်ခန့် ဘောဘီပေါ်လ် အရုပ်ကြီး တစ်ရုပ်။ မေးပွဆံပင်နှင့် သက်ရှိကလေးတစ်ယောက်၏ပုံမျိုး။

"ဟုတ်ပါရဲ့ ချစ်စရာလေး။ ကြော်...သူ့ရုပ်ကိုကြည့်စမ်းငုဝါမျက်လုံး ဝိုင်းဝိုင်း ပါးဖောင်းဖောင်း နှုတ်ခမ်းချွန်ချွန်လေးနဲ့ ငုဝါငယ်ငယ်တုန်း က ဓာတ်ပုံထဲကအရုပ်နဲ့ တထေရာတည်းပဲ။ ဒါကြောင့်မို့ ကိုကိုလဲ မြင်မြင်ချင်းချစ်မိတာ"

"ကိုကိုမြင်တတ်သားပဲ ငုဝါလဲဒါကိုသဘောကျလို့ ဆံပင်အနက်နဲ့ သူ့ကိုမှ ရွေးဝယ်တာသိလား ဒါဟာ ငုဝါရဲ့သမီး။ ကိုကို့ရဲ့သမီးပဲပေါ့။ ရေခွဲချိထားအဖေကြီး မြန်မာပြည်ရောက်မှ သူ့အတွက် နာမည်လှလှ လေး စဉ်းစားပေးရမယ်"

ငုဝါက အရုပ်ကြီး၏ပါးလေးကို နမ်းလိုက်သေးသည်။ စည်သူလင်း က အရုပ်ကြီးကိုလှမ်းယူကာ ပွေ့ချီထားရသည်။

"နေရင်းထိုင်ရင်း ကလေးအဖေ ဖြစ်သွားပြီကွာ။ မမမေရေ ဒီသမီးနဲ့ဒီပစ္စည်းနဲ့ မနိုင်တော့ဘူးကွာ ထည့်စရာအိတ်ဖြစ်ဖြစ် သေတ္တာ ဖြစ်ဖြစ် ဝယ်မှဖြစ်တော့မယ်"

နှစ်ဦးစလုံး ကလေးရှူးရှူးနေကြပြီး စည်သူလင်းကိုယ်တိုင် အရုပ်ကို ချီ အထုပ်များကိုဆွဲရင်း လက်ဆွဲအိတ် ကျောပိုးအိတ်နှင့် သေတ္တာ များရောင်းသည့်ဆိုင်သို့ သွားကြသည်။ သေတ္တာအမျိုးမျိုး အရောင်စုံ



[illegible] စည်သူလင်းက လက်ဆွဲသေတ္တာအနီကြီး တစ်လုံးကို ရွေးဝယ်သည်။

"ကိုကိုကလဲကွာ။ ဒီအနီရောင်ကြီးက မလှပါဘူး။ ဟိုအပြာလေး တွေ၊ အငါလေးတွေယူပါလား ...လို့"

"ဒီအနီရောင်တောက်တောက်ကြီးက မလှမှန်း ကိုကိုသိပါတယ်။ ဒါမှ မြန်မာပြည်ရောက်ယင် အကောက်ခွန်ရုံးမှာ ပစ္စည်းရွေးတော့ ကိုယ့်သေတ္တာ ကိုယ်ရှာမနေရဘဲ ထင်တင်ရှားရှားကြီး တွေ့နေရမယ့် အရောင်မို့ ရွေးယူလိုက်တာငုဝါရဲ့"

"ငုဝါမသိလို့ပါ ဆောရီး။ ကိုကိုက သိပ်ဉာဏ်ကောင်းတာပဲ"

ဝယ်လာသည့်ပစ္စည်းများကို သေတ္တာအနီကြီးထဲထည့်၍ အရုပ်ကြီး ကို ပွေ့ချီလျက် ကုန်တိုက်ထဲမှ ထွက်ခဲ့ကြသည်။ သည်လိုပုံနှင့် ဘတ်စကားကျပ်သည့် အချိန်မျိုးတွင် တက္ကစီကားနှင့်ပြန်မှ ဖြစ်နိုင် သည်။ တက္ကစီ ကားပေါ်တွင်လည်း စည်သူလင်းက အရုပ်ကြီးကို ပွေ့ချီ ထားသည်။ စိန်သောမတ် (စ)ဆေးရုံသို့ ညနေ ၆ နာရီကျော်မှ ပြန် ရောက်ကြသည်။

"ကိုကိုရေ ဒီပစ္စည်းတွေကို ငုဝါဆီမှာပဲ ထားခဲ့ပါလား။ ငုဝါ့ ပစ္စည်းတွေနဲ့ အတူတူရောပြီး သိမ်းထားလိုက်မယ်လေ။ လေယာဉ် တန်ဆာလုပ်တော့ အတူတူသွားကြမှာပဲ။ ပေးစေး သမီးလေးကိုလဲ ငုဝါဆီမှာထားခဲ့"

"ကိုယ့်အိမ်ရှင်မကလဲ ဉာဏ်ကောင်းတာပါပဲ၊ တက္ကစီကို ဒီကပဲ ပြန်လွှတ်ပြီး ကိုကိုက ကျူ(ဘ်) နဲ့ပဲ ပြန်တော့မယ်။ နက်ဖြန် နေ့ လယ် ၁၂ နာရီ၊ နက်ဝက် (စ) ဘဏ်မှာ တွေ့ကြမယ်နော်"

စည်သူလင်းက သေတ္တာအနီကြီးနှင့် ပစ္စည်းများကို ကားပေါ်မှ ချပြီး တက္ကစီခကို ရှင်းလိုက်သည်။ ပိုသည့်အကြွေစေ့များကိုလည်း သဒ္ဓါကြေးအဖြစ် ယာဉ်မောင်းအားပေးလိုက်ရ၏။

"ကြော် .... ကိုကိုရယ် ငုဝါရဲ့ပတ်စပို့နဲ့ ဗီဇာကိုလည်း ပေးခဲ့ပါဦး။ နက်ဖြန် ရုံးမှာ အလုပ်ထွက်စာတင်တော့ လိုလိုမည်မည် ပြချင်ပြရ အောင်လေ"



www.burmeseclassic.com

www.burmeseclassic.com

စည်သူလင်းက ငုဝါ၏ပတ်စပို့ကို သူ့အိတ်ထဲမှ ထုတ်ပေးသည်။ သူ့လက်ထဲမှ ဘောဘီဒေါလ်ကြီး၏ ပါးလေးကိုလည်း နမ်းပြီး ငုဝါ၏ လက်ထဲသို့ထည့်၏။ ပြီးတော့မှ ငုဝါ၏နဖူးလေးကိုပါ မြန်မာဆန်ဆန် အသာအယာနမ်းသည်။ မွှေးမွှေးပေး၍ နှုတ်ဆက်ခြင်း (ဝါ) နှုတ်ဆက်သော အနမ်းလေးပင် ဖြစ်ပါလေသည်။

× × × ×

"ဒီကနေ့ သောကြာ။ ငုဝါလာယင် ဘဏ်စာရင်းရှင်း ခရီးဆောင်ချက်လက်မှတ်တွေဝယ်၊ ပြီးတော့ လေယာဉ်ရုံးကိုသွား ငုဝါအတွက် လက်မှတ်ဝယ်၊ ဂွတ်ဖရင်းမှာ ညစာထမင်းစားပြီးမှ ပြန်ကြမယ်"

"နက်ဖန် စနေနေ့။ ဝင်ဘယ်လ်ဒန်သွား၊ ကိုကြီးအောင်နဲ့မမြကို ကန်တော့၊ ငုဝါ့ရဲ့အကျီနဲ့ထဘီတွေချုပ်၊ ညစာပါစားပြီးမှပြန်"

"သန်ဘက်ခါ တနင်္ဂနွေ။ ပတ်တီကုတ်ဈေးသွား၊ လက်ဆောင်တွေဝယ်၊ လခြမ်းဆိုင်မှာ နေ့လယ်စာစား၊ နေသာယင် ဟိုက်ပတ်ပန်းခြံက မေပါယ်ပင်ကြီးအောက်က ခုံတန်းရှည်မှာထိုင်ကြမယ်"

"တနင်္လာနေ့ နံနက်ပိုင်း မိုးဖီ၏ဆေးရုံသွား၊ ဆရာသမားနဲ့ မိတ်ဆွေတွေကို နှုတ်ဆက်၊ ငုဝါ့ရဲ့ဆေးရုံက ရုံးကိစ္စတွေလဲ သူဘာသာသူ ဆက်ရှင်း၊ ညနေပိုင်း ကိုယ့်ပစ္စည်းကိုယ်သိမ်းကြ၊ ငုဝါနဲ့မတွေ့ကြဘူး။ ညပိုင်းကျမှ ဖုန်းဆက်မယ်"

"အင်္ဂါနေ့နံနက် တက္ကစီငှားပြီး ပစ္စည်းတွေတင်၊ လေယာဉ်ကွင်းသွား၊ လေယာဉ်တန်ဆာလုပ်ကြ။ အပြန်မှာ မြန်မာသံရုံးဝင်ပြီး နှုတ်ဆက်၊ မြန်မာဗုဒ္ဓဘာသာဘုန်းကြီးကျောင်းအတွက် ငုဝါ့ရဲ့အလှူငွေ ထည့်၊ သံရုံးကလက်ဆောင်နဲ့ စာကြိုတွေယူခဲ့"

"ဗုဒ္ဓဟူးနေ့ နံနက် ၆ နာရီ အိပ်ရာကထ၊ ကျုတ်နဲ့ပဲသွားပြီး ငုဝ ကိုခေါ်၊ ပစ္စည်းပေါ့ပေါ့ပါးပါးပဲ ကျန်တော့တာပဲ တက္ကစီငှားမနေတော့ပါဘူး။ ကျုတ်နဲ့ပဲ လေဆိပ်ကို ဆင်းကြမယ်။ ရှစ်နာရီကျော်ကျော်လောက် လေဆိပ်ရောက်၊ ကိုးနာရီခွဲ လေယာဉ်ပျံထွက်၊ တာ့ တာ လန်ဒန်"



လန်ဒန်မှာနေရမို့ လေးရက်သာ ကျန်ပါတော့ကလား။ သည်လေးရက်အတွင်း အစီအစဉ်အချိန်ဇယားကို စည်သူလင်းစိတ်ထဲမှာ ရေးဆွဲနေသည်။ နက်ဝက် (၈) ဘဏ်ရုံးချုပ်အဆောက်အအုံကြီး၏ စောင့်ဆိုင်းခန်းထဲတွင် ထိုင်ရင်း စိတ်ကိုအလုပ်ပေးထားသည်။

စိတ်က အားမလပ် တရစပ်အလုပ်လုပ်နေရသော်လည်း ပင်ပန်းနွမ်းနယ်ခြင်းမရှိ။ ကျေနပ်အားရမှုအပြည့်ဖြင့် ရှင်လန်းတက်ကြွနေသည်။ သူ့ဘဝတွင် တစ်ကြိမ်တစ်ခါက ကျဆုံးပြိုလဲခဲ့ရသည့်အိမ်ထောင်ရေးကို ယခုဒုတိယအကြိမ် ရည်မှန်းချက်အပြည့်ဖြင့် အကောင်အထည်ဖော်နေရပြီ မဟုတ်ပါလား။ နောက်ပြီး လက်တွဲရမည့် အိမ်ထောင်ရှင်မကလည်း မိမိကို နားအလည်ဆုံးနှင့် အချစ်ဆုံးသူ။ သူမနှင့် နောက်အပတ်ထဲမှာ မြန်မာပြည်အဘူတူပြန်ကြပြီး အကောင်အထည်ပေါ်နေပြီဖြစ်သော စိတ်တိုင်းကျ အိမ်ထောင်ရေးကို စောက်ချပြီး မွှမ်းမံရန်သာရှိတော့သည်။

"၁၂ နာရီထိုးပြီ။ ငုဝါလာတော့မယ်"

ဘဏ်ရုံးချုပ်အတွင်း လုပ်သွားနေသူများထဲတွင် ငုဝါကိုရှာမိသည်။ ငုဝါလာလျှင် သူ့ကိုမြင်သာသည့် အဝင်တံခါးမကြီးနှင့်တည့်တည့် မျက်နှာချင်းဆိုင်နေရာတွင် ပြောင်းထိုင်သည်။

နက်ဝက်(၈) ဘဏ်သည် အင်္ဂလန်နိုင်ငံရှိ အကြီးကျယ်ဆုံးသော ဘဏ်လုပ်ငန်းတစ်ခုဖြစ်သည်။ နေရှင်နယ်လ်ဝက်(၈) မင်စတာ ဘဏ်လုပ်ငန်းကို အတိုကောက် ချုပ်စနီးဖြင့် နက်ဝက်(၈) ဘဏ်ဟုခေါ်ကြသည်။ သည်ဘဏ်သည် ငွေစုငွေချေး၊ ငွေသိမ်းငွေထုတ်သာမက အာမခံလုပ်ငန်း မျိုးစုံကိုလည်း လုပ်သည်။ အသက်အာမခံ၊ မီးအာမခံ၊ မော်တော်ကား သင်္ဘောမှအစ ကြိုဟ်တု ဒုံးပျံတို့ပါ အာမခံ ထား၍ရသည်။ ရုပ်ရှင်မင်းသမီး၏ ပေါင်တန်၊ အဆိုတော်၏အသံနှင့် မယ်ကြဥ္စာ၏ ရင်သားတို့ကို အာမခံထားကြသူများလည်း ရှိသည်။ ငုဝါဖခင် ဦးကျော်မြင့်၏ အသက်အာမခံသည်လည်း နက်ဝက် (၈) ဘဏ်တွင် ထားခဲ့ပြီး ငုဝါ၏လခနှင့်စုငွေသည်လည်း သည်ဘဏ်မှာပင် စာရင်းဖွင့်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

အခု ငုဝါ၏ ကိစ္စမှာ သာမန်စုငွေထုတ်ယူခြင်းမဟုတ်ဘဲ သူဖခင်၏ အသက်အာမခံငွေနှင့် အတိုးများ၊ သူမ၏လစာထဲမှ ငွေများအားလုံးကို ထုတ်ယူပြီး ဘဏ်စာရင်းပိတ်ရမည်။ ပတ်စပို့ကိုပြ၍ ခရီးဆောင်ချက်လက်မှတ်များဝယ်ယူကာ ဗန်ကောက်အထိ ယူသွားရဦးမည်။ ထို့ကြောင့် ဘဏ်ရုံးချုပ်အထိ လာကြရခြင်း ဖြစ်သည်။ သာမန် ငွေသွင်း ငွေထုတ်ဆိုလျှင် ယခုလိုရုံးချုပ်အထိ လာစရာမလိုဘဲ နီးစပ်ရာ ဘဏ်ခွဲတွင် စက္ကန့်ပိုင်းအချိန်အတွင်းမှာပင် ပြီးစီးနိုင်ပါသည်။

နေ့လယ် ၁ နာရီအထိ ငုဝါပေါ်မလာသောအခါ စည်သူလင်း စိတ်ကသိကအောက်ဖြစ်လာသည်။ ဘဏ်အဆောက်အဦ အတွင်းရှိ အများသုံး တယ်လီဖုန်းတွင် ဆယ်ပဲနီစေ့ထည့်ပြီး စိန့်သောမတ်(စ)ဆေးရုံသို့ ဖုန်းဆက်ကြည့်သည်။ ငုဝါတာဝန်ကျရာ ဦးနှောက်နှင့် အာရုံကြောဆောင် ကုသဆောင်လိုင်းခွဲကို တောင်းသည်။

"ဟုတ်ကဲ့ ပြောပါ။ ဦးနှောက်နှင့်အာရုံကြောဌာနကပါ"

"ကျွန်တော် ဗိုရာဝိုက်(ဇ)နဲ့ စကားပြောပါရစေခင်ဗျား"

"ဒီနေ့ ဗိုရာဝိုက်(ဇ) အလုပ်မဆင်းပါဘူးရှင်"

ငုဝါအလုပ်မဆင်းသည်မှာ သေချာပြီ။ ဘဏ်ကိုအလာ လမ်းမှာများ ကြာနေသလား။ စည်သူလင်းထပ်၍ စောင့်ပြန်သည်။ နောက်ထပ်နာရီဝက် ကြာသည့်အထိ ငုဝါကိုအရိပ်အရောင်မျှ မတွေ့ရသေး။ သည်တစ်ခါတော့ ငုဝါတို့နေထိုင်ရာ သူနာပြုအဆောင်ကို ဖုန်းဆက်ကြည့်သည်။ တတိယအထပ်၏ လိုင်းခွဲကိုတောင်းပြီး အခန်းနံပါတ် ဒီ ၈၂ မှ ဗိုရာဝိုက်(ဇ)နှင့် စကားပြောလိုကြောင်း တောင်းဆိုသည်။ လက်ခံစကားပြောသည့်အမျိုးသမီးသည် ဖုန်းကိုခေတ္တဘေးမှာချထားပြီး သုံးမိနစ်ခန့်ကြာနေသည်။ တယ်လီဖုန်းမှအချိန်စေ့ခါနီး သတိပေးသံထွက်လာ၍ နောက်ထပ် ဆယ်ပဲနီစေ့တစ်စေ့ ထည့်ရပြန်၏။

"အခန်းနံပါတ် ဒီ ၈၂ သော့ပိတ်ထားပါတယ်ရှင်"

ခက်နေပြီ။ ဘဏ်ကိုလဲမလာ၊ အလုပ်လဲမဆင်း၊ အခန်းမှာလည်းမရှိ၊ သည်မိန်းကလေးဘယ်ရောက်နေပြီလဲ။ ရုံးကိစ္စများမပြီးပြတ်နိုင်ဘဲ ကြာနေပြီလား။



"ကျေးဇူးတင်ပါတယ်ခင်ဗျာ။ သူ့ကိုတွေ့ယင် ဘဏ်မှာချိန်းထားတဲ့ မိတ်ဆွေက စောင့်ရတာကြာလို့ ဆေးရုံလိုက်လာမယ်။ ဆေးရုံကပဲ စောင့်ပါလို့ ပြောပေးပါခင်ဗျား"

"ဟုတ်ကဲ့။ တွေ့ယင်ပြောလိုက်ပါမယ်"

ငုဝါ ရုံးမှာ အလုပ်ထွက်သည့်ကိစ္စ မပြီးပြတ်တာဘဲ ဖြစ်နိုင်သည်။ အစတုန်းကတော့ ပင်ဝင်မယုဘဲ ကိုယ်သဘောနှင့်ကိုယ် အလုပ်မှုရပ်နားသည်ကို လေးစားမှုဖြင့် ခွင့်ပန်ခြင်းဖြစ်၍ သည်မျှခက်ခဲလိမ့်မည်မထင်ခဲ့။ ငုဝါတစ်ယောက်တည်း မဖြေရှင်းနိုင်သည့် အခက်အခဲတစ်ခုခုတော့ တွေ့နေရပြီထင်သည်။

အချိန်လုပြီး တက္ကစီနှင့်ပင် စိန့်သောမတ် (စ) ဆေးရုံသို့ ပြေးရပြန်သည်။ ပထမဦးဆုံး ငုဝါနေထိုင်ရာ "ဖလောရင့် (စ) နိုက်တင်ဂေးလ်" ဆရာမများ အဆောင်သို့သွားသည်။ ဧည့်ခန်းထဲမှနေ၍ တတိယအထပ်သို့ ဖုန်းဆက်ကြည့်သည်။ စောစောတုန်းက တယ်လီဖုန်းကိုင်သူ၏ အသံနှင့်ပင် ပြန်ထူးသည်။ သူမလည်း စည်သူလင်း၏အသံကို မှတ်မိနေသည်။

"ဟုတ်ကဲ့။ ဒီ ၈၂ က ဗိုရာဝိုက်(ဇ)ပြန်မလာသေးပါဘူးရှင်။ ရှင်ပြောတာကို ကျွန်မ မမေ့ပါဘူး"

"ကျေးဇူးတင်ပါတယ်ခင်ဗျ။ အခုကျွန်တော် ဒီအဆောင်ရဲ့အောက်ထပ်ကိုရောက်လာပါပြီ။ ဆေးရုံထဲက မေထရွန် (သူနာပြုဆရာမအုပ်ကြီး) ရုံးခန်းကိုသွားမလို့ပါ။ သူနဲ့တွေ့ယင် လိုက်လာခဲ့ဖို့ပြောပေးပါ"

စည်သူလင်းကတယ်လီဖုန်းချလိုက်ပြီး ဆေးရုံကြီးထဲသို့ဝင်ခဲ့သည်။ လမ်းညွှန်မြေပုံဆိုင်းဘုတ်ကိုကြည့်ပြီး မေထရွန်ရုံးခန်းကို ရှာရသည်။ တွေ့သည့်သူများကိုလည်း မေးမြန်းစုံစမ်းရသေးသည်။ ရုံးခန်းရောက်လျှင် ဝင်ခွင့်ရရန် ၅ မိနစ်ခန့်စောင့်နေရသည်။

"ကျွန်တော်က မိုးဖီးဆေးရုံက ဒေါက်တာစည်သူလင်းပါ။ ဒီဆေးရုံက သူနာပြုဆရာမ ဗိုရာဝိုက်(ဇ)နဲ့ တွေ့ချင်လို့ပါ။ သူဒီနေ့ အလုပ်ထွက်စာတင်တဲ့ကိစ္စပြီးသွားပြီလားခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

သူနာပြုဆရာမကြီးသည် စည်သူလင်းကိုမျက်မှောင်ကုတ်ပြီးကြည့်သည်။

"ဝိုက်(၈)အလုပ်ထွက်တော့တယ်လို့ မင်းကိုဘယ်သူပြောသလဲ"

သူစကားပြောတာ နည်းနည်းလောကြီးပြီး အဆင့်ကျော်သွားမိသည်ကို သိလိုက်သည်။ မျက်နှာထားကို သည့်ထက်ချိုအောင်ပြုံးကာ လေသံပျော့ပျော့နှင့် စကားပြင်ရပြန်၏။

"ဩော်...ဟုတ်ကဲ့ သူဒီနေ့ ဆရာမကြီးရုံးခန်းကိုများ လာသွားသလားလို့ပါ"

"အေးလေ လာတယ်၊ သူခွင့်တစ်လယူသွားတယ်ကွယ့်"

"ခင်ဗျာ၊ သူခွင့်ယူသွားတယ်ဟုတ်လား၊ သူနဲ့ကျွန်တော် စီစဉ်ထားတဲ့ကိစ္စက ခွင့်ယူရုံနဲ့တင် ပြီးမယ့်ကိစ္စမဟုတ်ပါဘူး။ အလုပ်ထွက်ရဖို့သေချာပါတယ်။ ကျေးဇူးပြုပြီး ပြန်ကြည့်ပေးပါလားခင်ဗျာ"

စည်သူလင်းက ရိုသေကျိုးနွံသလောက် မျက်နှာပြူမကြီးက အထက်စီးနင်း လေသံဖြင့် မာဘကျောသွန်းလှသည်။

"ငါက မင်းထက်တောင်သေချာသေးတယ်။ သူခွင့်တစ်လယူသွားတာ ဟုတ်တယ်ဆိုတာ ငါလောင်းရဲတယ်။ တို့ဆေးရုံမှာ ဒီတစ်လအတွင်း အလုပ်ထွက်တဲ့သူတစ်ယောက်မှ မရှိဘူးဆိုဘာလဲ ကျိန်ပြောရဲတယ်"

"ဒီလိုဆိုယင် သူခွင့်တင်ပြီး ဆရာမကြီးဆီက ထွက်သွားတာ ဘယ်အချိန်ကပါလဲခင်ဗျာ"

"နံနက် ၉ နာရီခွဲလောက်ကပဲ"

"အခုရော သူ့ကို ကျွန်တော်တွေ့ချင်ယင် ဘယ်မှာ တွေ့နိုင်ပါသလဲခင်ဗျာ"

"ဒါကတော့ ဘုရားသခင်မှ သိမှာပဲ"

မျက်နှာပေါက်ဆိုးရုံမက လေသံပါမာလွန်းလှသော မိန်းမကြီးနှင့် သူဆက်ပြီး စကားပြောနေရျလည်း အဆင်ပြေမည်မထင်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ခွင့်ပြုပါဦးခင်ဗျာ"

အင်္ဂလိပ်လို ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ခွန်းဆက်ခဲ့ပြီး ပြန်ထွက်ခဲ့



သည်။ ငုဝါကို သူတို့အဆောင်ကပြန်ပြီးစောင့်ရမလား။ သို့သော် ဆေးရုံထဲမှာပင် တစ်နည်းကြိုးစားနိုင်သေးသည်။

မျက်စိကုဌာနတွင် ငုဝါမိတ်ဆက်ပေးဖူးသည့် ထိုင်း သူနာပြုဆရာမလေး "စင်း" ရှိနေသည်။ သူနှင့်လည်း မကြာခဏတွေ့ပြီး မျက်မှန်းတန်းနေသည်။ စင်းသည် ငုဝါနှင့် ထိုင်းဗုဒ္ဓဘာသာဘုန်းကြီးကျောင်းသို့ သွားနေကျ ခင်မင်ရင်းနှီးသူများဖြစ်သည်။ စည်သူလင်းနှင့်လည်း အမွှေတိုင်းသား ဗုဒ္ဓဘာသာဝင်အချင်းချင်း ယိုင်းပင်းကူညီမှု ရှိနိုင်သည်။

စင်းကို မျက်စိကုဌာနတွင် အလွယ်တကူ ရှာ၍တွေ့သည်။ ထိုင်းရိုးရာဓလေ့အတိုင်း အပြန်အလှန် မင်္ဂလာရပ်လျက် လက်အုပ်ချီ၍ နှုတ်ဆက်ကြသည်။

"မင်္ဂလာညနေပါ ဒေါက်တာလင်း"

"မင်္ဂလာညနေပါ စင်း။ ကျွန်တော် ဝိုက်(၈)ကို လိုက်ရှာနေပါ တယ်။ သူနဲ့အရေးကြီးတဲ့ကိစ္စတစ်ခု ချိန်းထားတာလဲ့နေတယ်။ သူ့ကို အခု အဆောင်မှာရော ဆေးရုံထဲမှာရော မတွေ့ရဘူး။ စင်းနဲ့ရော ဒီနေ့ တွေ့သေးသလား ကျေးဇူးပြုပြီး ကူညီစုံစမ်းပေးပါနော်"

"ထိုင်ပါဒေါက်တာ။ ကျွန်မအတတ်နိုင်ဆုံး ကူညီပါမယ်"

စည်သူလင်းကို သူမ၏ အလုပ်စားပွဲတွင်ထိုင်စေပြီး မလှမ်းမကမ်းမှ တယ်လီဖုန်းဖြင့် ဆေးရုံဘွင်းသို့ ဆက်သည်။ တစ်နေရာတစ်ယောက် တည်းသာမက ဖုန်းသုံးခါခေါ်ပြီး သုံးယောက်နှင့် မေးမြန်းစုံစမ်းနေသည်ကို လှမ်းမြင်နေရသည်။ တယ်လီဖုန်းပြန်ချပြီး စည်သူလင်းထံ ပြန်လာသော စင်း၏မျက်နှာပေါ်တွင် ပြုံးရွှင်ကြည်လင်မှုကိုမတွေ့ရ။ စည်သူလင်းအတွက် သတင်းဆန်းတစ်ခုသာပြောပြနိုင်သည်။

"ဟုတ်တယ်ဒေါက်တာ။ သူအလုပ်မဆင်းဘူး။ ခွင့်တစ်လ ယူသွားတယ်တဲ့"

"ဟုတ်ရဲ့လားဗျာ။ တစ်ခုခုတော့ အလွဲသွဲ့အချော်ချော် ဖြစ်နေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"သေချာပါတယ်ဒေါက်တာ။ ကျွန်မသူနဲ့ရင်းနှီးတဲ့သူသုံးယောက်ကို မေးကြည့်တာပါ။ သုံးယောက်စလုံးက ဒီလိုပဲ ပြောကြပါတယ်"

"အေးဗျာ။ ကျေးဇူးတင်ပါတယ်။ ကျွန်တော်သူနဲ့တွေ့ဖို့ အဆောင်ကပဲ သွားစောင့်နေတော့မယ်၊ စင်းနဲ့တွေ့ယင် အဆောင် ဧည့်ခန်းထဲမှာ စောင့်နေတဲ့အကြောင်း ပြောပေးပါလားဗျာ"

နိုက်တင်ဂေး (လ်) အဆောင်သို့ ဧည့်သူလင်း ရောက်ရပြန်လေပြီ၊ တတိယအထပ်ကို ဖုန်းဆက်မေးသော်လည်း အခန်းအမှတ် ဒီ ၉၂ သည် သော့ခတ်ထားဆဲဟုသာ သိရသည်။ ယခုတော့ ဧည့်ခန်းတံခါးမကြီးနှင့် တည့်တည့်နေရာတွင်ထိုင်ပြီး စောင့်ရုံမှအပ ဘာမျှမတတ်နိုင်ပါလေ။

သူနာပြုဆရာမ အဆောင်ထဲသို့ ဝင်လာသည့် ထွက်သွားသည့်သူတိုင်း၏ မျက်နှာကိုသူကြည့်သည်။ တစ်နာရီခန့်ကြာသည်အထိ ငုဝါနှင့်တူသူ တစ်ဦးတလေမျှ မတွေ့ရသေး။ ဘာပဲဖြစ်ဖြစ် သည်နေ့ ငုဝါနှင့်တွေ့ပြီး အဖြေပေါ်အောင်တော့ ဧည့်သူလင်း စောင့်ရပေလိမ့်မည်။

ညနေ ၅ နာရီကျော်လာပြီ။ ဆေးရုံမှ သူနာပြုဆရာမများ အသုတ်လိုက် အသုတ်လိုက် တာဝန်ကျရာမှပြန်လာကြပြီး စောစောရောက်နှင့်သူများဆိုလျှင် အရပ်ဝတ်လဲပြီး ပြန်ထွက်နေကြပြီ။ ငုဝါက ပျောက်ခြင်းမလှ ပျောက်ချက်သားကောင်းနေ၏။

"အို... ဒေါက်တာလင်း အခုထက်ထိ ဝိုက် (ဒ်) ကို စောင့်နေတုန်းပဲလား"

"ဩော်...စင်းပါလား ဟုတ်တယ်လေ။ သူဘယ်ကိုပဲသွားသွား ညအိပ်ဖို့တော့ ဒီကိုပဲပြန်လာရမှာပဲမဟုတ်လား။ ဒါကြောင့် သူပြန်လာတဲ့အထိ ကျွန်တော်စောင့်ရပါလိမ့်မယ်"

ထိုင်းမိန်းမပျိုလေး၏မျက်နှာသည် အပြုံးဆင်၍ နှုတ်ဆက်နေရာမှ မသိမသာညှိုးသွားသည်။

"ရှင်သူကို စောင့်မနေနဲ့တော့။ သူဟောလ်ဒေး ခွင့်ယူပြီး ထွက်သွားတာ သေချာတယ်။ ဒီညလဲ ဒီမှာပြန်အိပ်မှာ မဟုတ်တော့ဘူး"

"မစ္စစင်း ကျွန်တော့်ကို ရယ်စရာပြောနေတာ မဟုတ်ပါဘူးနော်"



"အိုး ဒေါက်တာ၊ ကျွန်မအသေအချာပြောနေတာပါ။ ဝိုက် (ဒ်) ဟာ ခွင့်ယူပြီး နံနက်ဆယ်နာရီလောက်က သေတ္တာအနီ ရဲရဲတောက် အသစ်ကြီးတစ်လုံးကို ဆွဲပြီး ထွက်သွားတာ ကျွန်မသူငယ်ချင်းတစ်ယောက်က တွေ့လိုက်တယ်။ တက္ကစီကားပေါ် တက်ခါနီး နှုတ်ဆက်ရင်း မေးကြည့်တော့ သူအမေရှိရာ ကနေဒါနိုင်ငံ၊ တိုရန်တိုမြို့ကို သွားမယ်လို့ပြောတယ်တဲ့"

✓ ✓ ✗ ✗

"ဟုတ်မှဟုတ်ရဲ့လားကွဲစည်သူရယ်။ ကျွန်မတော့ ကြားရတာ ယုံတောင်မယုံချင်ဘူး။ ဒီဟာဟာအင်မတန်သိက္ခာရှိပြီး တည်ကြည်ဖြောင့်မတ်တဲ့မိန်းကလေးပါ၊ သူဒီလိုလုပ်လိမ့်မယ်လို့ ကျွန်မလုံးဝမထင်မိဘူးရှင်"

ငုဝါ၏အကြောင်းကို ကြားသည့်အခါ ဦးအောင်ကြည်နှင့်ဒေါ်မြမြတို့ လင်မယား မယုံနိုင်မယုံနိုင်ဖြစ်အောင်ပင် အံ့သြကြရသည်။ ဧည့်သူလင်းကို စာနာသနားခြင်းအားဖြင့်လည်း ဖြူဟွမ်စိုရီဂေဟာတွင် ကရုဏာဘရားများ ဝေလျှံနေပါ၏။

"သူလန်ဒန်မှာမရှိတော့တာတော့ သေချာပါတယ် မမမြ။ စနေ၊ တနင်္ဂနွေနှစ်ရက်လုံး သူတို့အဆောင်ကို ရောက်ခဲ့ပါသေးတယ်။ သူ့မိတ်ဆွေ ထိုင်းသူနာပြုဆရာမလေး ဝင်းပြောတဲ့အတိုင်း မျက်စိနဲ့ တပ်အပ်မြင်တဲ့သူ နှစ်ယောက်ကပြောကြပါတယ်။ ဒီဟာဟာ စကာဒ်အဝါနဲ့ သက်ဆဲဇိတ်အညိုတစ်လုံးကိုလှ၊ သေတ္တာနီနီရဲရဲ အသစ်တစ်လုံးကို ဆွဲပြီး တက္ကစီပေါ် တက်သွားတာပါတဲ့"

"သူဘာကြောင့်တွေထုတ်သွားပြီး တကယ်ပဲ ကနေဒါနိုင်ငံကို သွားသလား ဟုတ်မဟုတ် ခင်ဗျားစုံစမ်းမကြည့်ဘူးလား"

ဦးတင်လတ်ကပါ ဝိဘ်ဝင်စားစွာ နားထောင်ရာမှ စူးစမ်းမေးမြန်းသည်။

"သူဘာကြောင့်ရင်း နံပါတ်မှ ကျွန်တော်မသိဘဲ။ ငွေထုတ် မထုတ် ဘယ်စုံစမ်းလို့ရမလဲ။ ငွေထုတ်ပြီးမှ ကနေဒါကိုသွားနိုင်မှာသိတာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်လဲ တွေးမိပါတယ်။ မနေ့တုန်းက အဲ... တနင်္လာနေ့မှာပေါ့လေ ကနေဒါသံရုံးကို ကျွန်တော်ရောက်ခဲ့သေးတယ်။ သူ့ပတ်စပို့နံပါတ်ကို တော့ မှတ်မိလို့ နာမည်ပါပြောပြီး ကနေဒါနိုင်ငံအတွက် ဗီဇာလျှောက် သလား မေးကြည့်သေးတယ်။ သူတို့ မနေသဟာယနိုင်ငံ အချင်းချင်း သွားယင် ဗီဇာမလိုဘူးတဲ့ဗျ။ ဒီပြင်လဲ ကျွန်တော်ဘယ်လိုမှ စုံစမ်း စရာမရှိလို့ မသိရတော့ဘူး ကိုလတ်ရာ"

"ကျွန်တော်ကတော့ဗျာ ဒိုရာ ကနေဒါနိုင်ငံကို သွားတယ်ဆိုတာ ယုံဖို့ခပ်ခက်ခက်ပဲ။ သူတကယ်သာ ရိုးရိုးသားသားသွားရယင် ခင်ဗျား ကို အကြောင်းကြားရမှာပေါ့။ အကြောင်းကြားဖို့ အချိန်မရတောင် မှ စာလေးတစ်စောင်ရေးထားခဲ့ရမယ်၊ ဖုန်းဆက်ခဲ့ရမယ်၊ ဒါထက်ပို ပြီး ကျွန်တော်နားမလည်နိုင်တာက ခင်ဗျားအပ်ထားတဲ့ သေတ္တာအနီ ကြီးကို ဘာဖြစ်လို့ယူသွားရတာလဲ၊ ဒီသေတ္တာအနီကြီးနဲ့အတူ ခင်ဗျား ဝယ်ထားတဲ့ပစ္စည်းတွေလဲ ပါသွားမှာပေါ့။ စုစုပေါင်း ဘယ်လောက် ဖိုးလောက်ရှိမလဲ"

စည်သူလင်းက သူဝယ်ထားသော အပ်ချုပ်စက်ခေါင်းနှင့် အခြား ပစ္စည်းများကို ရေတွက်ပြီး အကြမ်းဖျင်း တန်ဖိုးကို ခန့်မှန်းကြည့် သည်။

"စုစုပေါင်း ပေါင်တစ်ရာကျော်ကျော်ဖိုးလောက် ရှိမယ်"

"နည်းသလားဗျာ။ လူကို မသနားချင်တောင်မှ ပစ္စည်းကိုတော့ ထားခဲ့သင့်တာပေါ့ဗျာ။ အခုတော့ သူလုပ်သွားပုံက"

"ဘယ်လိုပြောလိုက်တာလဲ ကိုလတ်။ ခင်ဗျားက ဒိုရာကို လူဆော ပစ္စည်းပါ ချသွားတဲ့မိန်းမလို့ ဆိုလိုသလား။ မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး"

"ကျွန်တော်ဒီလိုလဲ မစွပ်စွဲရသေးပါဘူး ကိုစည်သူလင်းရယ်။ သူ တို့အနောက်တိုင်းသူတွေက ယောကျ်ားတစ်ယောက်ကို ချစ်ဖို့၊ လက် ထပ်ဖို့ရော ကွာရှင်းဖို့ရော ဘာမှဝန်လေးကြတာမဟုတ်ဘူး။ အခုတွေ့ အခုချစ်ပြီးတောင်မှ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို မြည်းစမ်း တတ်ကြတာမျိုးဗျ"



"ဘာလဲ ခင်ဗျားက အမြည်းခံဖူးလို့လား၊ ခင်ဗျားကိုယ်တွေ့လား။ မမသောင်းနဲ့ ပြန်တိုင်ပြောလိုက်မယ်နော်"

စည်သူလင်းက ဘောက်ဆတ်ဆတ်နှင့် ပြန်၍ ဘုတောသည်။ ဦးအောင်ကြည်က ဟာသတစ်ခုသာ သဘောကျရယ်မောနေ၏။

"ကိုယ်တွေ့တော့မဟုတ်ဘူးပေါ့ဗျာ။ ကြားဖူးမြင်ဖူး ဖတ်ဖူးရတာ ပေါ့။ ဒီတော့ ဖြစ်တတ်တဲ့သဘောအရ ယေဘုယျနည်းအတိုင်း တွေး ရတာနော်၊ ခုလို ဇာတ်သိမ်းမျိုးမှာ ခပ်လည်လည် ယောကျ်ားတစ် ယောက်နဲ့ဆိုယင်တော့ ပြန်အလှန်အမြတ်တွက်ပြီး အပေးအယူ မှု သွားကြမှာပဲ။ အခုတော့ ကျွန်တော့်သူငယ်ချင်းမှာ အချစ်လည်းရှုံး ပစ္စည်းလဲဆုံးရတာကို ကျွန်တော်သနားလှန်းလို့ပါ ကိုကြီးအောင်ရယ်။ ဒီသုံးရက်အတွင်း သူ့မှာ စားလဲမစားနိုင်၊ အိပ်လဲမအိပ်နိုင်တာ ကျွန် တော်ကအနီးကပ်တွေ့နေရတော့ သူ့ကိုသနားဘာနဲ့ ဒိုရာကို စိတ်နာ ချင်သလိုလိုဖြစ်မိတယ်"

"ပစ္စည်းတွေကို ကျွန်တော်မနှမြောပါဘူးကိုလတ်ရယ်။ ကျွန်တော့် မေတ္တာ၊ ကျွန်တော့်အချစ်နဲ့ ရည်မှန်းကိုးပမ်းချက်တွေကိုပဲ နှမြော တယ်။ ဒါထက်ပိုပြီးဆိုးတာက ကျွန်တော့်မျက်နှာနဲ့ သူ့ကိုကူညီခေါင် မခဲ့တဲ့ ကိုကြီးအောင်၊ လက်ခံခင်မင်မိတဲ့ မမြ တို့ကိုလဲ ကျွန်တော် သိပ်အားနာတယ်ဗျာ၊ ကျွန်တော့်ကိုညာချင်တောင်မှ ကိုကြီးအောင်နဲ့ မမြကို သူဒီလောက်အထိ ပိပိရိရိမညာသင့်ဘူးဗျာ"

စည်သူလင်းက အံကြိတ်ရင်း ခေါင်းကိုသွက်သွက်ကြီး ခါယမ်းနေ မိသည်။ သူတကယ်ပဲ နာနာကျည်းကျည်း ခံစားနေရသည်ကို ကျန် သုံးယောက်က သဘောပေါက်စာနာမိကြသည်။

"အကျင့်စာရိတ္တအားဖြင့် ဖောက်ပြန်ပြီး ဒီလိုရည်ရွယ်ချက်နဲ့ လုပ် သွားတာလို့တော့ ကျွန်မ မထင်ဘူး ကိုစည်သူရယ်။ သူ့ကိုကျွန်မ ဝင်း ရင်းနှီးနှီးပေါင်းကြည့်ပါတယ်။ သူ့မျက်လုံးလေးတွေမှာ ဟန်ဆောင်မှု ကောက်ကျစ်မှုတွေ မပါပါဘူး။ တကယ့်ကိုအပြစ်ကင်းစင်တဲ့ မျက်နှာ လေးပါ"

"ဟုတ်ပါတယ်မမြ။ ကျွန်တော်လဲ သူ့ကို အပြစ်မတင်ချင် မဟာ



www.burmeseclassic.com

www.burmeseclassic.com

ရက်ပါဘူး။ ဒါပေမယ့်ဖြစ်ရတဲ့အဖြစ်က ကျွန်တော်သာမကဘူး ကိုကြီးအောင်နဲ့ မမမြပါ အညာခံရသလို ဖြစ်မနေဘူးလားဗျာ။ ဒါနဲ့တင်ပြီးမှာမဟုတ်သေးဘူး။ ရန်ကုန်ရောက်ယင် ကျွန်တော့် သူငယ်ချင်းကိုစိုးညွန့်ကို ဘယ်လိုမျက်နှာပြုပြီး တောင်းပန်ရမလဲဆိုတာ ကျွန်တော်စဉ်းစားလို့မရသေးဘူးကိုကြီးအောင်။ သူ့ခမျာလဲ ငှါရဲ့ဗီဇာ အချိန်မီရအောင် ကြိုးစားပေးရှာမကဘူး၊ လန်ဒန်ကိုဖုန်းဆက်ရတဲ့ တယ်လီဖုန်းခနဲ့ကို တော်တော်လေးကုန်ရှာမှာ"

စကားဝိုင်းသည် ခေတ္တ ဆိတ်ငြိမ်သွားပြန်သည်။ အခတွေးကိုယ်စီဖြင့် သုံးသပ်ချက်ထုတ်ပြီး စကားမပြောဖြစ်ကြ။ ပထမဦးဆုံး ဒေါ်မြမြက ဆိတ်ငြိမ်မှုကို စတင်ဖြိုဖျက်သည်။

"ကျွန်မသိသမျှပြောရယင် ဗိုလ်ဟာ မြန်မာပြည်ကို တကယ်ချစ်ပြီး တကယ့်ကို မြန်မာပြည်ကို လိုက်ချင်တာပါ။ ဒီလို မြန်မာပြည်ကိုသွားချင်တဲ့ တခြားကျွန်မတို့မသိတဲ့ အကြောင်းရင်း တစ်ခုခုလဲ ရှိချင်ရှိမယ်ထင်တယ်လေ။ ကိုစည်သူနဲ့ ချစ်ပြီးလိုက်ခဲ့ငတယ်ဆိုယင် အခုအားလုံး အဆင်ပြေနေပြီပဲ လိုက်သွားရှာပေါ့။ အခုတော့ ကိုစည်သူနဲ့မလိုက်ဘဲ ဗီဇာရမှပဲ သူကြိုးစားတယ်။ နောက်မှ သူ့ဘာသာသူ တစ်ယောက်တည်း ရန်ကုန်ကိုသွားမလားမသိဘူး"

"မမမြပြောတာကို ကျွန်တော် သဘောမပေါက်ဘူးဗျာ။ ကျွန်တော်နဲ့မလိုက်ဘဲ မြန်မာပြည်ကို သူ့ဘာသာသူ လိုက်လာမှာက ဘာသဘောလဲ"

မမမြက တစ်စုံတစ်ခုကို ပြောသင့်မပြောသင့် ချင့်ချိန်ပြီးမှ အားတုံ့အားနာစကားဆို၏။

"ပြောရမှာ အားနာပါတယ်။ ကျွန်မ အထင်နဲ့ ပြောတာနော်။ စိတ်မကောင်းတော့မဖြစ်နဲ့။ သူကကိုစည်သူကို လက်မထပ်နိုင်လို့မလိုက်တာလား၊ ဒါမှမဟုတ် သူမှာ လက်ထပ်ရမယ့်သူ လက်ထပ်ပြီးသားသူ မြန်မာပြည်မှာ ရှိနေလို့များလားရှင်"

မမမြ၏ထင်မြင်ချက်မှာ ယဉ်ကျေး သိမ်မွေ့လှသော်လည်း စည်သူ



လင်းအတွက်မူ ဦးတင်လတ်ပြောသည်ထက်ပင် ခံရခက်လှသည်။ ရင်ထဲအသည်းထဲအထိ စူးစူးရှရှ နာကျင်ထိခိုက်စေပါ၏။

"မမမြကို ဒီလိုထင်စေအောင် သူက ဘယ်လိုများ ပြောဖူးလို့လဲ။ သူ့စိတ်ဝင်စားတဲ့ သူတစ်ယောက် မြန်မာပြည်မှာများရှိတယ်လို့ပြောဖူးလို့လား"

"မပြောဖူးပါဘူး၊ ကျွန်မဘာသာ စဉ်းစားကြည့်မိတာပါ"

"ရန်ကုန်ဆိုတာ ကျဉ်းကျဉ်းလေးပါ မမမြရယ်။ သူ့အင်းစိန်က လိပ်စာကိုလဲ ကျွန်တော် သိနေတာပဲ။ နောက်မှ သူရန်ကုန်ကိုရောက်လာယင် ကျွန်တော်သိရမှာပေါ့။ အဲဒီလိုတွေ့ကြရယင် ကျွန်တော်သူ့ကို ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး။ ကျွန်တော်တို့အားလုံးကို လိမ်ညာပြီး မြန်မာပြည်ရဲ့ ဥပဒေကို အလွဲသုံးစားလုပ်တာကို ကျွန်တော် သည်းခံနေမှာမဟုတ်ဘူး မမမြ"

ဖြစ်လာယင် သည်းမခံဘူးဆိုရခြင်းထက် မဖြစ်လာပါစေနှင့်ဟုသာ ဆုတောင်းရပါသည်။

"ခင်ဗျားတို့က သူများအကြောင်း မကောင်းတဲ့ ဘက်ကချည်း တွေးကြတာကိုးဗျ။ ခင်ဗျားဘက်ကရော ဘယ်လောက်လုံလို့လဲ။ ခင်ဗျားမိန်းမ ဟန်နီနဲ့ သူနဲ့တွေ့မသွားဘူးလို့ ခင်ဗျားပြောနိုင်သလား။ အခုဟန်နီရော ဘယ်ရောက်နေသလဲ။ ကျွန်တော်တို့သံရုံးကိုတော့ သူလုံးဝမလာဘူးဗျ"

တစ်ချိန်လုံးငြိမ်ရှုနားထောင်နေသော ဦးအောင်ကြည်၏စကားကို ကြားလိုက်ရမှ စည်သူလင်း ဟန်နီကို သတိရသည်။

"ဟန်နီသတင်းလဲ ဘာမှမကြားရပါဘူး။ ကျွန်တော်စုံစမ်းနိုင်သမျှလဲကုန်လို့ ထပ်ပြီးမစုံစမ်းနိုင်တော့ဘူး"

ဦးအောင်ကြည်က မျက်မှောင်ကုတ်စဉ်းစားရင်း မေးခွန်းတစ်ချက်ဝင်ထောက်ပြန်သည်။

"ဟန်နီလာတုန်းက ခင်ဗျားသူ့ကို ဒိုရာနဲ့ လက်ထပ်တဲ့အကြောင်း၊ ဒိုရာကိုခေါ်သွားမယ့်အကြောင်း ပြောလိုက်သေးသလား"

"မြန်မာပြည်ရောက်ယင် လက်ထပ်ရမယ့်သူရှိတယ်ပဲ ပြောခဲ့သေး



www.burmeseclassic.com

www.burmeseclassic.com

တယ် ကိုကြီးအောင်။ သူထွက်ပြေးလို့ ဘာမှ ဆက်မပြောဖြစ်ဘူး။ ကိုကြီးအောင်ထင်သလို တခြားတစ်ယောက်ယောက်ကများ ပြောလို့ ဟန်နီသိသွားပြီး ဒိုရာနဲ့သွားတွေ့သလား။ ဒီလိုဆိုယင်လဲ ဒိုရာပျောက်သွားပြီး ဟန်နီကျွန်တော့ဆီ တစ်မျိုးမျိုးနဲ့ဆက်သွယ်ရမှာပေါ့။ အခုတော့ နှစ်ယောက်စလုံး ခြေရာလဲပျောက် ရေလဲနောက်ပဲဗျာ"

"ဒီမှာကိုယ့်လူ ဖွတ်မရဓားမဆုံး အဖြစ်မခံနဲ့၊ ဟန်နီကိုအမြန်ဆက်သွယ်ပြီး ပြန်ပေါင်းလိုက်ပေတော့။ ပိုနေမြဲ ကျားနေမြဲပေါ့ဗျာ"

အရေးထဲ ဦးတင်လတ်က အရွန်းဖောက်၍ နောက်ပြန်သည်။

"ဒီလိုတော့ မဖြစ်နိုင်ဘူး ကိုလတ်ရယ်။ ဟန်နီအတွက် လစ်လပ်သွားတဲ့အသည်းတစ်နေရာမှာ ကျွန်တော်က ဒိုရာကို အစားထိုးခဲ့တာ မဟုတ်ရိုးအမှန်ပါ။ ဒီလိုပဲ ဒိုရာအတွက်လစ်လပ်သွားတဲ့အသည်းတစ်နေရာမှာ ဟန်နီနဲ့ အစားထိုးလို့မရပါဘူး။ သိမ်မွေ့နက်နဲတဲ့ မေတ္တာရေးမှာ ကွက်လပ်ကလေးတွေ ဖြည့်တမ်းကစားလို့ မရနိုင်ပါဘူး ကိုလတ်ရယ်"

"ထားပါတော့လေ၊ သူပြောသလို ကနေဒါနိုင်ငံကို အရေးတကြီး လိုက်သွားရတာလဲ ဖြစ်နိုင်ပါတယ် ကိုစည်သူရယ်။ သူ့အမေနဲ့ မောင်လေးဆီက ရုတ်တရက် အရေးတကြီးကိစ္စနဲ့ ခေါ်လို့ ထလိုက်သွားရသလားမှ မသိတာ။ ကျွန်မတို့ကို အသိပေးတဲ့စာတစ်စောင်စောင်က ပျောက်နေလို့ ကွင်းဆက်ပြတ်ပြီး အထင်အမြင်လွဲမှားနေတာလဲ ဖြစ်နိုင်ပါတယ်။ နက်ဖန်ခါ ကိုစည်သူပြန်ပြီးမှ သူ့သတင်း ထပ်ပြီးကြားချင် ကြားရဦးမှာပါ။ သူကိုယ်တိုင်လဲ ကနေဒါက ပြန်လာတဲ့အခါ တွေ့ချင် တွေ့နိုင်ပါသေးတယ်။ အဲဒီတော့မှ သူ့ကိုအကျိုးအကြောင်းမေးပြီး ကိုစည်သူနောက်ကို လိုက်ချင်သေးတယ်ဆိုယင် ကျွန်မတို့ ကူညီလိုက်ပါမယ်ရှင်"

မမမြကတော့ ယခုထက်ထိတိုင် စေတနာ မကုန်ခန်းနိုင်သေး။ သည်အတွက် စည်သူလင်း ပို၍စိတ်မကောင်းဖြစ်ရပြန်သည်။

"နက်ဖန်ခါ လေယာဉ်ထွက်တဲ့အထိ ဒိုရာကို ကျွန်တော် စောင့်မျှော်ကြည့်ပါဦးမယ်။ မလာတော့လဲ ကျွန်တော် တယောက်တည်း ပြန်ရုံပေါ့ဗျာ။ ကျွန်တော့်ကို နိုင်ငံတော်က ပညာသင်ဖို့ လွှတ်လိုက်



တာ ပညာတွေယူပြီး ပြန်ရယင် တော်ပါပြီဗျာ။ ကဲ....ကဲ.... ကိုကြီးအောင်နဲ့ မမမြကို ကျွန်တော်ကန်တော့ပါရစေတော့"

စည်သူလင်းက စကားဝိုင်းကို ပွဲသိမ်းပြီး ကန်တော့ရန် ကြမ်းပြင်ပေါ်သို့ ဆင်းထိုင်သည်။

စည်သူလင်းက ဦးအောင်ကြည်နှင့် ဒေါ်မြမြတို့ကို ထိခြင်းငါးပါးဖြင့် သုံးကြိမ်တိုင်တိုင် ဦးညွှတ်ကန်တော့ပါသည်။

"ကျွန်တော့်ကို တစ်ပြည်တစ်ရွာမှာ မိဘလို ကျွေးမွေး စောင့်ရှောက်ရုံမက သွန်သင်ဆုံးမခဲ့တာတွေ၊ ကျွန်တော်ပေးခဲ့တဲ့ဒုက္ခတွေကိုလဲ ဝေမျှခံယူခဲ့တာတွေအတွက် ကိုကြီးအောင်နဲ့ မမမြကို မိဘနဲ့ တစ်ဂိုဏ်းတည်းထားပြီး ကန်တော့ပါတယ်။ ကိုယ်နှုတ် အမူအရာစိတ်အားဖြင့် လွန်ကျူးခဲ့သမျှ အပြစ်တွေအတွက်လဲ တောင်းပန်ခဲ့ပါတယ် ခင်ဗျာ"

ဦးအောင်ကြည်က သာဓုသုံးကြိမ်သာ ခေါ်သည်။ ပြီးတော့...

"အေးဗျာ၊ ကျွန်တော်တို့တာဝန်ပြီးလို့ မြန်မာပြည်ပြန်လာတော့လဲ ဆွေလိုမျိုးလိုပဲ သဘောထားပေါ့"

ဒေါ်မြမြကမူ စည်သူလင်းကို သာဓုခေါ်ရုံသာမက ဆုတောင်း၊ မေတ္တာတွေ တသီတတန်းကြီး ဝေဝေဆာဆာပေးပါသည်။

"သာဓုကွယ် သာဓု၊ သာဓု။ ငါ့မောင်လေး အပြန်ခရီးမှာ ခလုတ်မထိ ဆူးမငြိဘဲ ချောချောမောမော ပြန်ရောက်ပါစေ။ တတ်ထားတဲ့ ပညာနဲ့ တိုင်းပြည်တာဝန်ကိုလဲ ဆထက်ထမ်းပိုးတိုးပြီး ထမ်းဆောင်နိုင်ပါစေ။ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့မှာ အောင် မြင် ပြီး သာယာတဲ့အိမ်ထောင်ရေးကိုလဲ ထူထောင်နိုင်ပါစေကွယ်"

ဒေါ်မြမြပေးသည့် နောက်ဆုံးဆုကြောင့် စည်သူလင်းရင်ထဲဝယ် ဆို့နစ်တင်းကြပ်သွားသည်။

"သာယာတဲ့ အိမ်ထောင်ရေးဆိုတာ စာမေးပွဲဖြေသလို ကိုယ်က ကြိုးစားတိုင်း အောင်မြင်နိုင်ပါသလား မမမြရယ်"

အပြန်အလှန် ဆွေးနွေးကြရလျှင် သည်လိုပြန်မေးလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် ကန်တော့သူသည် ဆုပေးသူအား ဓာတ်ကတောက်ရှိုးတုံးစိမရှိပါလေ။ ထို့ကြောင့် ထုံးစံအတိုင်းသာ သူ့နှုတ်မှ ရွတ်ဆိုရပါသည်။

"ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ"

× × × ×

စည်သူလင်း ပြန်ခါနီး လန်ဒန်တွင် လွမ်းဆွတ်ဘသစွာ ငိုကြွေးသည့်သူတစ်ယောက်တော့ ရှိပါသေးသည်။ ထိုသူကား သူတို့အိမ်ရှင် အဘွားကြီး မစ္စစ် စမစ်။

"လူကလေးရယ်၊ မင်းအပြီးပြန်တော့မယ်ဆိုတော့ ငါ့ အသည်းနှလုံးတွေကိုပါ ယူသွားသလို ခံစားရပါတယ်။ မင်းကို ငါအမြဲတမ်း လွမ်းဆွတ်နေမှာပါ"

စည်သူလင်း လေဆိပ်ဆင်းခါနီး အိမ်ပေါ်ထပ်တက်၍ နှုတ်ဆက်စဉ် အဘွားကြီးက ဖက်၍ ငိုသည်။ ငိုရင်း ပြောလိုက် စည်သူလင်း၏ ပါးနှင့် နဖူးကိုလည်း နမ်းသည်။

"ကျွန်တော်လဲ မစ္စစ်စမစ်ကို သတိရနေမှာပါ၊ မဒွတာလာတ်လဲ ရှိပါသေးတယ်ဗျာ၊ အားမငယ်ပါနဲ့။ သူကလဲ သူမိတ်ဆွေ မြန်မာတစ်ယောက်ကို ခေါ်ထားပေးပါလိမ့်မယ်"

"ငါ့ငိုတာက မြန်မာအိမ်ငှားတစ်ယောက် လျော့သွားလို့ မဟုတ်ဘူး လင်းရယ်။ ငါ့သားလေးတစ်ယောက် ငါ့ကိုပစ်သွားသလို လွမ်းရလို့ ငိုတာပါ။ အိုကွယ် မင်းဟာ ငါ့သားတွေထက်တောင်မှ ငါ့အပေါ်မှာ ကြင်နာစိတ် ထားခဲ့ပါသေးတယ်လေ"

မစ္စစ်စမစ်ပြောမည်ဆိုလည်း ပြောစရာပင်။ သည်မုဆိုးမအဘွားကြီးတွင် သားတစ်ယောက် သမီးတစ်ယောက်ရှိသည်။ သမီးက အီဒင်ဘာရာမှာ သူ့အိမ်ထောင်နှင့်သူ နေပြီး မိခင်ထံ တစ်လနေလို့ စာတစ်စောင် မရေး။ ခရစ်စမတ်မှာ ကဒ်ပြားလေးတစ်ခု ပေးလျှင်ပင် အဘွားကြီးက ဝမ်းသာမဆုံး ဖြစ်ရသည်။

သားဖြစ်သူက လန်ဒန်ထဲမှာပင် နေသော်လည်း သုံးလေးလနေလို့



သူမထံ တစ်ခါမျှ မရောက်။ အဘွားကြီးက သွားတွေ့ချင်လျှင်ပင် တယ်လီဖုန်းဖြင့် ကြိုတင်ချိန်းဆိုပြီးမှ တွေ့ရသည်။

တစ်ခါက အဘွားကြီး နေမကောင်းဖြစ်၍ သူ့သားထံ စည်သူလင်းက ဖုန်းဆက် အကြောင်းကြားရာ လာမကြည့်အား၍ ဆေးရုံသာ တင်ထားလိုက်ပါဟု ပြောသည်။ မနေတတ်သော စည်သူလင်းက အိမ်မှာပင်ထားပြီး ဆေးကုပေးရုံမက စားရေး သောက်ရေးပါ စီစဉ်ပြုစုခဲ့ရ၏။

သူ့သားသမီးများက အဘွားကြီးကို ယခုလို တစ်ယောက်တည်း မနေသင့်၊ လူအိုရုံမှာ နေသင့်သည်ဟူသော ကြင်နာမှုများသာ ပေးကြသည်။

ဦးတင်လတ်ရောက်လာသောအခါ မြန်မာနှစ်ယောက်က အဘွားကြီး၏ အိမ်ကို သန့်ရှင်းရေး လုပ်အားပေးကြသည်။ ဦးတင်လတ်က မစ္စစ်စမစ်၏ ရေခဲသေတ္တာနှင့် ရုပ်မြင်သံကြားစက် အပျက်များကို အခမဲ့ ပြင်ပေးလိုက်သေးသည်။ သူမ၏ လူမှုရေး၊ ကျန်းမာရေး ကိစ္စအဝဝတို့ကိုလည်း စည်သူလင်းတို့နှစ်ယောက်ကသာ ကူညီဖြေရှင်းပေးကြရသည်။

"ကျွန်တော်နားလည်ပါတယ်ဗျာ။ မစ္စစ်စမစ်ကို ကျွန်တော်ကလဲ အိမ်ရှင်တစ်ယောက်ထက်ပိုတဲ့ တွယ်တာမှုနဲ့ ခင်မင်ခဲ့တာပါ။ မြန်မာပြည်ပြန်ရောက်ယင်လဲ လွမ်းဆွတ် သတိရနေမှာပါ၊ ခရစ်စမတ် ကဒ်တွေလဲ နှစ်တိုင်းပို့ပေးပါမယ်နော်"

စည်သူလင်းက အဘွားကြီး၏ ကျောပြင်လေးကို ပုတ်ပေးနေသည်။ သူတို့နိုင်ငံက သက်ကြီးရွယ်အိုများသည် အထီးကျန်၊ အပယ်ခံဘဝတွင် မေတ္တာအကြင်နာငတ်မွတ်တောင့်တနေကြသည်ကို စာနာမိသည်။ ထို့ကြောင့်လည်း အဘွားကြီးကို စိတ်ရှည်ရှည်ဖြင့် ညင်ညင်သာသာ ဆက်ဆံခဲ့ခြင်း ဖြစ်သည်။

ယခုလည်း ရထားဖြင့် လေဆိပ်သို့ ဆင်းခါနီး စည်သူလင်းကို သူ့အိမ်ထဲဝင်ခိုင်းပြီး စကားကြောရှည်နေသည်။

အနားမှ ဦးတင်လတ်က နာရီတကြည့်ကြည့် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"၆ နာရီခွဲနေပြီနော် ကိုစည်သူ။ ရထားနောက်ကျလို့ လေယာဉ်ပျံ မမီဘဲ နေဦးမယ်"

မြန်မာလိုပြောပြီး သတိပေးသည်ကို စည်သူလင်းက အဘွားကြီး မသိအောင် မြန်မာလို ပြန်ပြောရသည်။

"ပြောပါစေ ကိုလတ်ရယ်။ သူ့အပေါ်မှာ နောက်ဆုံးပေးနိုင်တဲ့ ကြင်နာမှုအနေနဲ့ သူပြောချင်တာ ပြောပါစေဗျာ။ အထီးကျန်ဘဝမှာ ရင်ဖွင့်တာကို စိတ်ဝင်စားစွာ နားထောင်ပြီး နှစ်သိမ့်ပေးခြင်းဟာ တန်ဖိုးရှိပါတယ်။ ကျွန်တော် ရထားနဲ့ မသွားတော့ပါဘူး။ တက္ကစီနဲ့ပဲ သွားကြတာပေါ့ဗျာ"

စည်သူလင်းက အဘွားကြီးပြောသမျှကို စိတ်ရှည်ရှည်နှင့် နားထောင်ပြီး ကြင်နာစွာ နှစ်သိမ့်စကား ဆိုပေးသည်။

၇ နာရီထိုးပြီးကာမှ မစ္စစ်စမစ်နှင့် စကားကြေပြတ်သည်။ အဘွားကြီးက မျက်ရည်စက်လက်ဖြင့် နမ်းရှုပ်နှုတ်ဆက်ပြန်၏။

"ဘုရားသခင်ကျေးဇူးတော်ကြောင့် လင်းနဲ့ ပြန်တွေ့ပါရစေလို့ ဆုတောင်းပါတယ်ကွယ်"

"ကျွန်တော်လဲ ပြန်တွေ့ချင်ပါသေးတယ်ဗျာ။ ကဲ....သွားတော့မယ်နော်။ ဘိုင့်....ဘိုင်"

တက္ကစီကားထွက်လာတော့ မျက်ရည်သုတ်လျက် ကျန်ခဲ့သည်။ မစ္စစ်စမစ်ကို လည်ပြန်အောင်လှည့်ကြည့်နေမိသည်။ ရင်ထဲမှာ ဟာတာတာဖြင့် လှိုက်လှိုက်ဖိုဖို ခံစားလိုက်ရပြန်သည်။ မစ္စစ်စမစ်ကို သူ သည်မျှ သံယောဇဉ်တွယ်ပြီး ဆွေးဆွေးနင့်နင့် လွမ်းနေမိသလား။

မဟုတ်ပါ။ စင်စစ်တွင် စည်သူလင်း ငိုချင်လျက် လက်တို့ဖြစ်နေသည်။ ငုဝါကြောင့် ကွဲအက်နာကျင်နေသော သူ့နှလုံးသည်းပွတ်အစုံသည် တစ်စုံတစ်ခုနှင့် ထိခိုက်မိတိုင်း တစ်စစီ ပွဲချင်နေသည်။ အနာပေါ် တုတ်ကျသည့်နှယ် စူးစူးနစ်နစ် ခံစားရသည်။

ရင်ထဲ အသည်းထဲမှ ဆူဝေလှိုက်ဝေ့လာသည့် အလွမ်းဓာတ်ခံဟူ၍ပင် ပြောရပေတော့မည်။ တက္ကစီကား၏ ဦးတည်တူရှုရာနှင့် ဆန့်ကျင်



ဘက်သို့ ပြေးလွှားနေသော လန်ဒန်မြို့၏ ရှုခင်းများကို ငေးမောရင်းလည်း လွမ်းမိသလိုလို ခံစားရပြန်၏။

တက္ကစီ ကားပေါ်တွင် သက်မဲ့ပစ္စည်းလို လိုက်ပါလာခဲ့ရသည်။ အိပ်ရေးမဝသည့် ဦးတင်လတ်ကလည်း ထိုင်ခုံနောက်မှီပေါ်တွင် ဇက်တင်ရင်း ငိုက်မြည်းလျက်ပါလာသည်။ နှစ်ယောက်သား စကားမဆိုကြဘဲ ဆိတ်ငြိမ်လွန်းလှသည်။

တက္ကစီကားသည် ဟိုက်ပတ်ဥယျာဉ်ကြီး နံဘေးမှ ဖြတ်မောင်းနေသည်။ သူနှင့် ငုဝါတို့ ထိုင်နေကျ မေပယ်လ်ပင်ကြီးအောက်မှ သစ်သားခုံရှည်အစိမ်းကြီးရှိရာသို့ မျှော်မှန်း၍ ကြည့်မိသည်။ မမြင်ရပြန်တော့ သူ့ရင်ထဲမှာ ဆို့နစ်မွန်းကြပ်သွားပြန်သည်။ မမြင်ရလို့သာပင် မြင်ရလျှင်လည်း သည်ထက်ပို၍ ဆိုးလိမ့်မည်သာ။

"ငုဝါက လေဆိပ်ကို ဆင်းကတည်းက မြန်မာအင်္ကျီနဲ့ ထဘီဝတ်ဆံထုံးထုံး၊ သနပ်ခါးလိမ်းပြီး ကိုကိုနောက်ကို လိုက်ခဲ့မှာရှင့်"

ပြောခဲ့သည့်စကားအတိုင်းသာ ဖြစ်ခဲ့ပါလျှင် ယခုအချိန် ကားပေါ်တွင် မြန်မာလိုဝတ်၊ မြန်မာမလေးလို ယဉ်ယဉ်လေးလှနေမည့်ငုဝါတစ်ယောက် ပါလာပေလိမ့်မည်။ သည်လိုဆိုလျှင် မစ္စစ်စမစ်နဲ့ လန်ဒန်မြို့ကြီးကို လွမ်းဖို့ပင် သူသတိရအားမည်မဟုတ်။ ယခုလို တိတ်ဆိတ်ခြောက်သွေ့စွာ လေဆိပ်သို့ ဆင်းကြရမည့်အစား အသွက်လက်ဆုံး၊ အရွှင်လန်းဆုံး အမူအရာများဖြင့် ချစ်ရည်ရွှန်းလဲ့သည့်စကားများကို ပေါင်ဖွဲ့နေကြပေလိမ့်မည်။ သည်ခရီးသည်လည်း သတို့သားလောင်းနဲ့ သတို့သမီးလောင်းတို့၏ မင်္ဂလာဌာနသို့ သွားနေသည့် မင်္ဂလာခရီးဟုလည်း ဆိုနိုင်ပါသည်။

ဖြစ်နိုင်ပါလျှင် လန်ဒန်မှ ဇာတ်လမ်းကို တိတိပပ ပြတ်ပြတ်သားသား ရေးရသော ဇာတ်သိမ်းခန်းဖြင့် ပြည်ဖုံးကား ချခဲ့ချင်ပါသည်။ ယတိပြတ် ဆုံးဖြတ်ချက်တစ်ခုနှင့် ပြန်ခဲ့ချင်ပါ၏။ မုန်းစရာရှိလျှင်လည်း စိမ်းစိမ်းပြင်ပြင်ကြီး မုန်းလိုက်မည်။ စိတ်နာစရာရှိလျှင်လည်း ခါးခါးတူးတူး ပစ်ပစ်ခါခါ နာလိုက်မည်။ လွမ်းစရာဆိုလျှင်လည်း ဆွေးဆွေး



www.burmeseclassic.com

www.burmeseclassic.com

မြည့်မြည့် လှမ်း လိုက် ချင် ပါ၏။ ငါလိုက်လာမည်ဆိုလျှင်လည်း ရန်ကုန်ကနေ မျှော်လင့်ဆီးကြို နေချင်ပါသည်။

အခုတော့ ဘာမျှမသေချာ၊ ဘာရယ်လို့ အမည်နာမ တပ်၍မရသော ခံစားချက်ကို ရင်တွင်းမှာထားပြီး တအုံ့နွေးနွေးနှင့် ကြိတ်မနိုင်ခဲမရ ဖြစ်ရခြင်းမျိုးပါ။

ဟိသရိုးလေဆိပ်သို့ စည်သူလင်း ၇ နာရီကျော်မှ ရောက်သည်။ ပထမဦးဆုံး လေယာဉ်ဝမ်းဗိုက် ကုန်တင်ခန်းထဲသို့ ပို့မည့်ပစ္စည်းများ အပ်ရန် တန်းစီရသည်။ ပစ္စည်းများကို ပေါင်ချိန်၊ တံဆိပ်ကပ်ပြီးမှ လေယာဉ်ပေါ် တက်ခွင့်လက်မှတ်ကို ထုတ်ယူရသည်။

ပစ္စည်းအပ်ရန် တန်းစီကတည်းက စည်သူလင်း၏ မျက်စိသည် ကျိုးကန်းတောင်းမှောက် ဖြစ်နေသည်။ လေယာဉ်ပေါ် တက်ခွင့်လက်မှတ် ရပြီးတော့လည်း ကဏှာမငြိမ်။ လူဝင်မှု ကြီးကြပ်ရေးနှင့် အကောက်ခွန်ဂိတ်တွင်လည်း တို့ဆိုင်းတုံ့ဆိုင်း လုပ်နေပြန်သည်။

"ဝင်တော့လေဗျာ။ မေးမြန်းစစ်ဆေးမှာနဲ့ ဂိတ်ကနေ လေယာဉ်အထိ လမ်းလျှောက်ဖို့ အချိန်လဲ ထားဦး။ ကိုယ့်ထိုင်ခုံမှာ ထိုင်ပြီး အချိန်ပိုနေတာက စိတ်အေးရတယ် ကိုစည်သူရဲ့"

လိုက်ပို့သူ ဦးတင်လတ်က ကိစ္စအားလုံး ပြီးပါလျက်နှင့် ဂိတ်ဝတွင် ရပ်နေသူ စည်သူလင်းကို အားမလိုအားမရ ဖြစ်နေသည်။

"ကျွန်တော် နောက်ဆုံးအချိန်အထိ ဒိုရာကို စောင့်ချင်သေးတယ် ကိုလတ်ရယ်။ ကျွန်တော်ဒီနေ့ပြန်မယ်ဆိုတာရော ဒီလေယာဉ်ရဲ့ထိုင်ခုံနံပါတ်အထိ သူသိပါတယ်။ အကြောင်းတစ်ခုခုကြောင့် နောက်ကျခဲ့ရပြီးမှ သူရောက်လာယင် ကျွန်တော် စောင့်ခေါ် သွားနိုင်အောင်လို့ပါ။ သူသာ ရောက်လာမယ်ဆိုယင် ဒီလေယာဉ်မမီလဲ နောက်လေယာဉ် ပြောင်းစီးပြီး သူ့ကို အတူတူ တစ်ပါတည်း ခေါ်သွားချင်လို့ပါဗျာ"

ဦးတင်လတ်က ဘာမျှ ပြန်မပြောတော့။ စည်သူလင်းကိုသာ အထူးအဆန်းလုပ်ပြီး တအံ့တသြ ကြည့်နေသည်။ သူ့အကြည့်မှာ ကရုဏာလည်း ပါသည်။ သရော်သလောင်ပြောင်ခြင်းလည်း မကင်း၊ ပြုံးချင် ချင် ဖြစ်နေသော သူ့နှုတ်ခမ်းများကို ထိန်းချုပ်ထားရမှန်း သိသာသည်။

"သိပ်အချိန်နီးနေပြီ ကိုစည်သူ။ ဒိုရာလိုက်လာတော့မယ်မထင်ပါဘူး၊ စိတ်လျှော့လိုက်ပါတော့။ အလကားနေရင်း ခင်ဗျားအတွက် ခရီးဖင့်နေလိမ့်မယ်"

လေယာဉ်ထွက်ရန် ၁၀ မိနစ်သာ လိုတော့သည်။ စည်သူလင်း သက်ပြင်းချသည်။ သူ့မျက်လုံးများသည် ရီဝေလျက် အံကို မသိမသာ ကြိတ်ထားသည်။ နှုတ်ခမ်းနှစ်ခု တင်းတင်းစေ့ထားရာမှ ပွင့်ဟလာပြီး ဦးတင်လတ်ကို နှုတ်ဆက်သည်။

"ကျွန်တော် သွားပါတော့မယ် ကိုလတ်ရယ်။ ဒီမှာ ကျန်နေခဲ့ဦးမယ့် ကိုလတ်ကိုတော့ အကူအညီတောင်းခဲ့ပါရစေနော်။ ဒိုရာအကြောင်းကို စုံစမ်းပြီး ကျွန်တော့်ဆီ စာရေးပါဗျာ။ တကယ်လို့ သူပြောသလို ကနေဒါနိုင်ငံကို လိုက်သွားရတယ်၊ အဲဒီက ပြန်လာပြီး မြန်မာပြည်ကို လိုက်လာချင်သေးတယ်ဆိုယင် ကူညီလိုက်ပါနော်။ ကနေဒါကို သွားလိုက်ရလို့ ခရီးစရိတ်မရှိတော့ဘူးဆိုယင်တောင်မှ ကိုလတ်ကားဝယ်ဖို့ စုထားတဲ့ငွေနဲ့စိုက်ပြီး လေယာဉ်လက်မှတ် ဝယ်ပေးပါဗျာ။ ကျွန်တော့်ဆီလဲ ဖုန်းဆက်ပြီး အကြောင်းကြားလိုက်ပါ။ ရန်ကုန်က ကျွန်တော့်ကားကိုရွှေ့ပြီးတော့ ကိုလတ်ရဲ့အိမ်ရှေ့မောင်းပြီး မမသောင်းဆီ အပ်လိုက်ပါမယ်။ ကျွန်တော်ကားကို ဒိုရာရဲ့ခရီးစရိတ်အတွက် ကိုလတ်ဆီမှာ ရောင်းတဲ့သဘောပါပဲ။ ဒိုရာလို မိန်းကလေးတစ်ဦးကို မြန်မာပြည်ထဲခေါ်ရတာ ကားတစ်စင်း ဝယ်သွင်းရတာထက် တန်ဖိုးရှိပါတယ်"

သူတို့နှစ်ဦး လက်ချင်းဆုပ်လျက် အပြန်အလှန်နှုတ်ဆက်ကြသည်။

"အေးပါဗျာ။ ဒိုရာကသာ ပြန်လာပြီး မြန်မာပြည်ကိုလိုက်ချင်ပါတယ်လို့ ပြောစမ်းပါစေ၊ ကျွန်တော်ဘက်က တာဝန်ကျေစေရပါမယ်။ ကဲ..ကဲ.... ဝင်ပေတော့"

စည်သူလင်းက သူဆုပ်ကိုင်ဖြစ်ညှစ်ထားသောဦးတင်လတ်၏လက်ကို ဖြေလျှော့လိုက်သည်။ သူ၏ တင်းထားခဲ့ရသော မျှော်လင့်ချက်၊

www.burmeseclassic.com

www.burmeseclassic.com

ရည်မှန်းချက်နှင့်အတူ အားမာန်များကိုလည်း ဖြေလျှော့လိုက်ရပါသည်။

"သွားတော့မယ် ကိုလတ်ရယ်၊ သွားပြီဗျာ ကျွန်တော် သွားပြီ"

ဦးတင်လတ်၏ လက်ကိုလွှတ်ရင်း နှုတ်မှလည်း နှုတ်ဆက်ခဲ့သည်။ ပြီးနောက် ဟီသရိုးလေဆိပ်၏ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဂိတ်အတွင်းသို့ အပြေးအလွှား ဝင်ခဲ့ရပါသည်။

× × × ×

ပျံသန်းစဉ်အမှတ် အေအက်(ဖ) ၇၀၉ ဖြင့် ထွက်ခွာမည့်လေယာဉ်ကြီးပေါ်သို့ တက်လာကြသည့်ခရီးသည်များအနက် စည်သူလင်းသည် နောက်အကျဆုံးခရီးသည် ဖြစ်သည်။

"မြန်မြန်ရှင့် မြန်မြန်၊ ရှင်ဟာနောက်ဆုံး ခရီးသည်ပဲ။ နောက်ထပ်တစ်မိနစ်ဆိုယင် ရှင်ကျန်ရစ်ခဲ့လိမ့်မယ်"

နောက်ကျလွန်း၍ လေယာဉ်မယ်လေးက သူ့ကို အပြစ်တင်ကာ ကြိုဆိုသည်။ တကယ်လည်းလေယာဉ်စက်သံကမြင့်နေပြီ။ စည်သူလင်းက ဘာမျှပြန်ပြောမနေဘဲ လေယာဉ်ပေါ်တက်ခွင့် လက်မှတ်ကိုသာ သူမလက်ထဲ ထိုးအပ်လိုက်၏။ လေယာဉ်မယ်လေးက စည်သူလင်းကို ထိုင်ခုံအထိ လိုက်ပို့ပေးပြီး ခါးပတ်ပတ်ပေးသည်။ သူရောက်ပြီးမကြာမီပင် လေယာဉ်တံခါးပိတ်ကာ ဘီးလိမ့်စပြုသည်။

စည်သူလင်းက ပြတင်းပေါက်နှင့်ကပ်လျက်ဖြစ်သော ထိုင်ခုံနံပါတ် ၂၉ အေတွင်ထိုင်ကာ နေရာလွတ်ဖြစ်နေသည့် ၂၉ ဘီကိုလှမ်းကြည့်ခဲ့သည်။ လစ်လပ်ခြင်း၏ အနက်အဓိပ္ပာယ်ကို နားလည်ရသည်နှင့် တစ်ပြိုင်နက် သူ့ရင်ထဲမှာ ကွက်လပ်တစ်ခုပေါ်ကာ ဟာခနဲလိုက်ဖို့သွားသည်။ ထိုင်ခုံလွတ်ကလေးကို မကြည့်ရက်မကြည့်ရဲသည်နှင့် ပြတင်းပေါက်ဘက်ကိုသာ မျက်နှာမူပြီး ပြင်ပမြင်ကွင်းများကို ငေးကြည့်နေသည်။

ဘိုးရင်း ၇၂၇ ဂျက်လေယာဉ်ကြီးသည် ဒေါသတကြီး အော်မြည်ပြေးလွှားကာ ဝေဟင်ဆီသို့ တစ်ဟုန်ထိုးထိုးတက်သွားသည်။ မြေပြင်မှ



အဆောက်အအုံ ယာဉ်နှင့် သစ်ပင်လေးများသည် သေးငယ်သည်ထက်သေးငယ်ကာ နိမ့်ဆင်း ကျန်ရစ်ခဲ့သည်။ လန်ဒန်မြို့ကြီးသည်လည်း နိမ့်ရာမှဝေး၊ ဝေးရာမှ မှုန်မှိုင်းပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

စည်သူလင်းအတွက် လန်ဒန်မြို့ကြီးသည် သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ပြီး ဖြစ်သော်လည်း လန်ဒန်မှဖြစ်ရပ်များသည် ထပ်ချပ်မကွာ သူ့စိတ်အစဉ်တွင် ပူးကပ်လျက်လိုက်ပါနေသည်။

"ကော်ဖီလား လက်ဖက်ရည်လားရှင်"

လေယာဉ်မယ်လေး တစ်ယောက်က လက်တွန်း လှည်းလေးဖြင့် အသားညှပ်မုန့်များပေးဝေရင်း မေးသည်။

"တော်ပါပြီ။ ကျေးဇူးတင်ပါတယ်"

စည်သူလင်း လက်ကာပြသည်။ တကယ်လည်း ဘာမျှစားချင်သောက်ချင်စိတ်မရှိ။ မည်သူနှင့်မှလည်း စကားမပြောချင်။ မျက်စိကိုမှိတ်ထားပြီး သူ့ကုတ်အင်္ကျီ၏ညာဘက်အိတ်ထဲမှ စိပ်ပုတီးကို စမ်းရှာသည်။ အိတ်ထဲမှာပင်လက်နှိုက်ပြီး ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်နေလိုက်သည်။ တရားတော်၏ အေးငြိမ်မှုကြောင့် တဒင်္ဂ ဖြေသိမ့်တည်ငြိမ်မှုရနေသည်။

"ခွင့်ပြုပါခင်ဗျာ။ လူကြီးမင်းက ဘာမန်နေးက ဒေါက်တာစည်သူလင်း ဟုတ်ပါသလားခင်ဗျား"

လေယာဉ်မောင်တစ်ယောက်က ပြင်သစ်သံဝဲဝဲနှင့် အင်္ဂလိပ်လိုလာမေးသည်။ စည်သူလင်းကမျက်စိဖွင့်ကြည့်ပြီး လေယာဉ်မောင်ကို အင်္ဂလိပ်လိုပြန်ပြောသည်။

"ဟုတ်ပါတယ်။ ကျွန်တော်က ဒေါက်တာစည်သူလင်း၊ ဘာများကပါ"

"ခင်ဗျားအတွက် စာတစ်စောင်လေယာဉ်ရုံးကပေးလိုက်ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

လေယာဉ်မောင်ပေးသည့် စာအိတ်ကို လှမ်းယူပြီး ကြည့်သည်။ စာအိတ်ပေါ်တွင် အင်္ဂလိပ်ဘာသာဖြင့် လိပ်စာကို ရေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာစည်သူလင်း (မြန်မာပြည်)
ထိုင်ခုံနံပါတ် ၂၈ အေ
ပျံသန်းစဉ်အမှတ်အေအက် (ဖ) ၁၁၉
ပြင်သစ်လေကြောင်းကုမ္ပဏီ တဲ့

လိပ်စာရေးထားပုံကတော့ ဆန်းသည်။ လေယာဉ်ထိုင်ခုံနံပါတ်နှင့် ပျံသန်းစဉ်အမှတ်ကို ရေးထားသည်။ လေယာဉ်ရုံးကပေးလိုက်သော စာဆို၍ စည်သူလင်း စဉ်စားမိလိုက်သည်။ လေယာဉ်ကုမ္ပဏီ၏ ပြန်အမ်းငွေဒေါ်လာ တစ်ရာထုတ်ယူရန် ပြေစာ ဖြတ်ပိုင်းဖြစ်ပေလိမ့်မည်။ သူရန်ကုန်ကထွက်ပြီး ဗန်ကောက် ရောက်တော့လည်း ယခုလိုပြေစာဖြတ်ပိုင်းတစ်ခုနှင့် ဗန်ကောက်တွင် ဒေါ်လာတစ်ရာထုတ်ယူခဲ့ရသည်။ အခုအပြန်ခရီးအတွက် ပြေစာဖြတ်ပိုင်းကိုလည်း ဗန်ကောက်ရောက်မှ ထုတ်ယူရမည်ဟုထင်ခဲ့ရာ စောစောစီးစီးပင်လာပေးနေပြီတင်သည်။

စာအိတ်ကို ဖွင့်လိုက်သောအခါ ထင်သည့်အတိုင်းပင် လေယာဉ်ကုမ္ပဏီ၏ ပြေစာဖြတ်ပိုင်းတစ်ခုထွက်လာသည်။ သို့သော် ယင်းပြေစာဖြတ်ပိုင်းနှင့်အတူ မြန်မာလိုရေးထားသည့် စာတစ်စောင်သည်းပါလာသည်။ ရန်ကုန်ရှိလေကြောင်းကုမ္ပဏီမှ ကိုယ်စားလှယ်က ဘာတွေများမြန်မာလိုရေးပြီး ညွှန်ကြားထားပါလိမ့်။ စာရွက်ကိုဖြန့်ကြည့်သည်။

"သိပ်ချစ်ရတဲ့ ကိုကိုရယ်.... တဲ့"

ဟင်....ဒါငုဝါရေးတဲ့စာပဲ။ သူဘယ်လိုလုပ်ပြီး ဒီစာကိုပေးခဲ့သလဲ. အခုသူဘယ်မှာလဲ။ ဒီလေယာဉ်ပေါ်မှာပါလာသလား။ သို့လိုသည့်မေးခွန်းပဟေဠိများကြောင့် ထိုင်ခုံမှထရပ်ပြီး စာလာပေးသည့်လေယာဉ်မောင်နောက်ကို ပြေးလိုက်ရန်ကြိုးစားသည်။ ခါးပတ်ကဆွဲထား၍ ထ၍မရ။ ခါးပတ်ကိုဖြုတ်ပြီးမှ လေယာဉ်မောင်ထံ ကပျာကယာ ပြေးလိုက်ရသည်။

"ခွင့်ပြုပါခင်ဗျာ။ ဒီစာကိုဘယ်သူလာပေးပါသလဲ။ ဒီစာပေးတဲ့သူ ဒီလေယာဉ်ပေါ်မှာ ပါပါသလား။ ကျေးဇူးပြုပြီးစုံစမ်းပေးပါခင်ဗျာ။



ကျွန်တော့်အတွက် ဒီစာရေးတဲ့သူနဲ့ တွေ့ဖို့ရာ သေရေးရှင်ရေးတမျှ အရေးကြီးနေပါတယ်"

စည်သူလင်း၏ စကားသံက အရေးတကြီး ကတုန်ကယင် ဖြစ်နေသော်လည်း လေယာဉ်မောင်လေးက ယဉ်ကျေးသိမ့်မွေ့စွာ ပြုံးလျက် တည်တည်ငြိမ်ငြိမ်ပြန်ပြောသည်။

"ဝမ်းနည်းပါတယ်ခင်ဗျာ။ ဒီစာကို ဟိသရိုးလေဆိပ်က အဲဖရန့်(စ) ရုံးခန်းမှာရေးတဲ့သူက အပ်ထားခဲ့တာပါ။ ကျွန်တော့်ကိုလဲ ရုံးခန်းက ပေးလိုက်လို့ ယူလာခဲ့တာပါ။ ဒီစာကိုဘယ်သူရေးတယ်ဆိုတာ ကျွန်တော်မသိသလို သိတဲ့လူလဲ ဒီလေယာဉ်ပေါ်မှာ ရှိမယ်မထင်ပါဘူး။ လူကြီးမင်းသိချင်ယင် ပါရီရောက်တော့ဟိသရိုးလေဆိပ်က အဲဖရန့်(စ) ရုံးခန်းကို ဖုန်းဆက်ပြီး မေးကြည့်ပါခင်ဗျား"

စည်သူလင်း ဘာပြောရမှန်းမသိဘဲ ငိုင်ကျသွားသည်။ လေယာဉ်မောင်က သူ့လက်မောင်းကိုလာကိုင်သည်။

"အခုချိန်မှာတော့ ကျေးဇူးပြု၍ နေရာမှာထိုင်ပြီး ခါးပတ် ပတ်ထားပါလားဗျာ။ ကျွန်တော်တို့လေယာဉ်ဟာ ရေလက်ကြားကိုကျော်ဖြတ်ခဲ့ပြီးပါပြီ။ မကြာခင်အချိန်အတွင်းမှာ ချားလ်(စ) ဒီ ဂေါလ်လေဆိပ်ကိုဆင်းသက်တော့မှာ ဖြစ်ပါတယ်"

လေယာဉ်မောင်နှင့်ပိုင်ပြီး ဘာမျှပြောမနေတော့။ သူ့နေရာသို့ ပြန်ပြီးငုဝါ၏ စာကိုသာ အလျင်စလိုဖြန့်ပြီး ဖတ်ရန်ပြင်သည်။ ခါးပတ်မပတ်မိသည်ကို လှမ်းကြည့်နေသည့် လေယာဉ်မောင်က လိုက်လာပြီး ခါးပတ်ပတ်ပေးသည်။ စည်သူလင်းအတွက် စာဖတ်ရန် စိတ်စောနေ၍ ခါးပတ်ပတ်ပေးသည်ကိုပင် အနှောင့်အယှက်ဟုယူဆပြီး ကျေးဇူးတင်စကားမဆိုနိုင်။

စာရွက်ကို ဖြန့်လိုက်သောအခါ ရေးကျင့်မရှိ၍ မညီမညာ မဝိုင်းစက်သော ငုဝါ၏ မြန်မာအက္ခရာများကို တွေ့ရသည်။

သိပ်ချစ်ရတဲ့ ကိုကိုရယ်....

ကိုကိုနဲ့တွေ့ပြီးမှ ပြောရယင် ငုဝါဒီလိုပြောနိုင်မှာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

ပြောတာကိုလဲ ကိုကိုနားထောင်မှာမဟုတ်လို့ စာနဲ့ပဲ ရေးလိုက်ရပါတယ်ကိုကို။

ကိုကို့ကို ငုဝါသိပ်ချစ်ပါတယ်။ ဒီစာရေးတဲ့အတွက်လဲ ကိုကို့ကို ငုဝါသနားပါတယ်။ ဒါပေမယ့်ကိုကိုရယ်၊ ကိုကိုထက်ပိုပြီးသနားစရာကောင်းတဲ့သူ ရှိနေတာကို ငုဝါအချိန်မီ သိလိုက်ရပါတယ်။ အဲဒီသူကတော့ ကိုကို့ရဲ့ဇနီး မမဟန်နီပါကိုကို။

မမဟန်နီ လန်ဒန်ကို လိုက်လာပြီး သင်းသင်းတို့အိမ်မှာ တစ်ညအိပ်သွားပါတယ်။ သင်းသင်းဆိုတာ ငုဝါတို့ဆေးရုံမှာ အမ်အာစီပီလာဖြေနေတဲ့ ဒေါက်တာသင်းသင်းရီပါ။ ကိုကို့ကို ငုဝါတစ်ခါကပြောဖူးပါတယ်။ ကိုကို မှတ်မိရဲ့လားမသိဘူး။ ဒါပေမယ့် သင်းသင်းဟာ မမဟန်နီနဲ့ ကျောင်းနေဘက် သူငယ်ချင်းဆိုတာကို ကိုကိုမသိဘူးမဟုတ်လား။ သင်းသင်းကလဲ ငုဝါနဲ့ကိုကိုတွဲနေတာသာသိတော့ ကိုကိုဟာ သူ့သူငယ်ချင်းဟန်နီရဲ့ ယောကျ်ားဆိုတာ မသိခဲ့ဘူးတဲ့လေ။

ငုဝါဗီဇာရတဲ့ ကြာသပတေးနေ့ညတုန်းကပေါ့။ သင်းသင်းက ငုဝါနဲ့လာတွေ့ပါတယ်။ငုဝါနဲ့ကိုကိုရဲ့အခြေအနေ ဘယ်လိုရှိပါသလဲ။ သူ့ကို ကိုကိုနဲ့ တွေ့ပေးနိုင်ပါသလားတဲ့။ ငုဝါကလဲ ဘာမှန်းမသိတော့ ငုဝါနဲ့ကိုကိုရဲ့နောက်ဆုံးအခြေအနေကို ပြောပြလိုက်တယ်။ နောက်တစ်ပတ်အတွင်း ကိုကိုနဲ့ အတူတူလိုက်ဖို့ အလုပ်က နုတ်ထွက်စာတောင် တင်တော့မှာပဲဆိုပြီး ဖုန်းကွယ်မနေတော့ဘဲ လက်ထပ်ထားတာပါ ပြောလိုက်တယ်ကိုကိုရယ်။

သင်းသင်းက မျက်နှာပျက်သွားပြီး စိတ်မကောင်းဖြစ်သွားတော့မှ ငုဝါက သူ့ကိုမေးယူရတယ်၊ ဘာကြောင့်ကိုကိုနဲ့တွေ့ချင်ရတာလဲလို့၊ သူကချက်ချင်းမဖြေဘူး။ ဇွတ်အတင်း မေးတော့မှ ပြောပြတယ်။

ဗုဒ္ဓဟူးနေ့တုန်းက မမဟန်နီ လန်ဒန်ကိုရောက်လာပြီး ကိုကိုနဲ့တွေ့တဲ့အကြောင်း၊ သူ့အမှားတွေကိုတောင်းပန်ပြီး ကိုကို့ကို သူနဲ့ပြန်ပေါင်းဖို့ တောင်းပန်တဲ့အကြောင်း၊ ကိုကိုက လက်သင့်မခံဘဲ



[illegible] လက်ထပ်ရမည့်သူရှိကြောင်း ပြောပြီး ငြင်းလိုက်တယ် တဲ့

မမဟန်နီက အဲဒီညက သင်းသင်းအိမ်ကိုရောက်လာပြီး ဒါတွေပြောပြရင်း တစ်ညလုံးငိုသတဲ့၊ သင်းသင်းကတော့ ငုဝါနဲ့ကိုကိုတို့အကြောင်း မပြောပြလိုက်ပါဘူး၊ မမဟန်နီကိုလန်ဒန်မှာထပ်နေပါဦး၊ ကိုကို့ကို သင်းသင်းကတွေ့ပြီး ဆွေးနွေးစေ့စပ် ပေးပါမယ်လို့ပြောတာလဲမရဘူး။ သူမြန်မာပြည်လည်းမပြန်ဘူး၊ စင်ကာပူလဲမပြန်ဘူး။ ပဲရစ်မှာပဲ ဖြစ်သလိုနေတော့မယ်ဆိုပြီး ကြာသပတေးနေ့နံနက်ကပဲ ပဲရစ်ကိုပြန်သွားသတဲ့ ကိုကိုရယ်။

သင်းသင်းကတော့ ငုဝါကို သူသိတာပြောပြီး သူသိချင်တာမေးသွားတာပါပဲ။ ငုဝါကို ဘယ်လိုလုပ်ဖို့မှ မတိုက်တွန်းခဲ့ပါဘူး။ သင်းသင်းပြန်သွားတော့မှ ငုဝါစဉ်းစားမိတယ်။ သူပဲရစ်မှာ ဖြစ်သလို နေမယ်ဆိုယင် သူ့ဘဝ ပျက်စီးသွားတော့မှာပေါ့။ ငုဝါကတော့ မွေးကတည်းက ဒီတိုင်းပြည်မှာဒီလိုနေခဲ့ရသူမို့ နောက်ထပ်ဆက်နေရယင်လဲ မပျက်စီးနိုင်ပါဘူးကိုကိုရယ်။

ဒါ့အပြင် မမမြတို့အိမ်ကို ငုဝါတို့ ပထမဦးဆုံးရောက်တဲ့နေ့တုန်းက မီးဖိုထဲမှာပြောတာကို သတိရမိတယ်။ ငုဝါ မြန်မာပြည်ဝင်ခွင့်ရပေမယ့် မြန်မာပြည်သားမဖြစ်နိုင်သလို ငုဝါနဲ့ကိုကိုတို့ရတဲ့ကလေးဟာလဲ မြန်မာပြည်သားမဖြစ်နိုင်ဘူး၊ မွေးကျမှ နိုင်ငံသားဖြစ်နိုင်တယ်တဲ့။ အဲဒီတုန်းကတော့ ငုဝါနဲ့အတူနှိုင်းယှဉ်ပြီး ကြည့်စရာမမြင်လို့ ဒါတွေကို ငုဝါအဆိုးမမြင်ခဲ့ပါဘူးကိုကို။

အခုမမဟန်နီနဲ့ နှိုင်းယှဉ်ပြီးကြည့်မိတယ်ကိုကိုရယ်။ မမဟန်နီနဲ့ ကိုကိုတို့ရပြီး မွေးတဲ့ကလေးကတော့ မြန်မာနိုင်ငံသားစစ်စစ် ဖြစ်တာမို့ မြန်မာပြည်ကပေးတဲ့ အခွင့်အရေးတွေ အကုန်ရနိုင်တယ်မဟုတ်လား။ ဖေဖေမိုက်မှားခဲ့တဲ့ အပြစ်ဒဏ်ကို သူသေတဲ့အထိ ဒီနိုင်ငံမှာခံခဲ့ပြီးနောက် ငုဝါလဲဆက်ပြီး ခံခဲ့ရပါတယ်။ ဒီပြစ်ဒဏ်ကို မြန်မာပြည်အထိလိုက်ပြီး ငုဝါခံရဦးမယ်ဆိုယင်လဲ ငုဝါခံနိုင်ပါတယ်ကိုကို။ ဒါပေမယ့် ဖေဖေ့ရဲ့ဆိုးမွေအပြစ်ဒဏ်ကို ဖေဖေရဲ့မြေး



www.burmeseclassic.com

ငုဝါရဲ့ သားသမီးအထိ ခံခိုင်းယင်တရား ... ကိုကို့ သားသမီးတွေကို ခံခိုင်းယင် တရားပါ့မလားကိုကို။

မမဟန်နီရယ်၊ ကိုကိုရယ်၊ ကိုကို့သားသမီးတွေအပေါ် ငုဝါထားလိုက်တဲ့စေတနာကို ကိုကိုနားလည်လိုက်ပါတော့ ကိုကိုရယ်နော် ...။

အရင်တုန်းက ငုဝါ ဒီလိုမတွေးခဲ့တာလဲ ကိုကိုကိုချစ်လွန်းလို့၊ မြန်မာပြည်ကိုလိုက်ချင်လွန်းလို့ ဒီအထိမတွေးမိခဲ့ဘူး၊ အခုတော့ ကိုကိုနဲ့ မြန်မာပြည်ကိုချစ်ပေမယ့်လဲ ကိုကို့ရဲ့ သားသမီးတွေကိုပါ ချစ်တဲ့စိတ်နဲ့တွေးပြီး သနားလို့ ငုဝါမြန်မာပြည်ကို မလိုက်တော့ဘူးလို့ ဆုံးဖြတ်လိုက်ရပါတယ်။

တဆက်တည်းပဲ မမဟန်နီကိုပြန်ပေါင်းပါလို့ ငုဝါတိုက်တွန်းပါရစေနော်။ တစ်လင်တစ်မယားစနစ်ကိုကြိုက်ပါတယ်ဆိုတဲ့ ကိုကိုဟာ ငုဝါ့ရဲ့စကားကိုနားထောင်ပြီး တစ်သက်လုံး မမဟန်နီနဲ့ပေါင်းလိုက်ပါကိုကိုရယ်။ မမဟန်နီက ကိုကိုလိုချင်တဲ့ မြန်မာနိုင်ငံသားစစ်စစ် မြန်မာပြည်အတွက် သားကောင်း သမီးကောင်းလေးတွေ မွေးပေးနိုင်ပါလိမ့်မယ်။ ဒီလိုသားသမီးတွေ မွေးမပေးနိုင်တဲ့ ငုဝါကိုတော့ ကိုကိုခွင့်လွှတ်လိုက်ပါတော့၊

ဒီစာနဲ့အတူ လေယာဉ်တန်ဆာလက်မှတ်တစ်ခုကို ထည့်ပေးလိုက်ပါတယ်၊ ရန်ကုန်ရောက်ယင် ဒီလက်မှတ်နဲ့ ကိုကို့ရဲ့သေတ္တာအနီကြီးကို ရွေးယူပါနော်။ ဒီသေတ္တာအနီကြီးထဲမှာ ကိုကိုဝယ်တဲ့ပစ္စည်းတွေအပြင် အပ်ချုပ်စက်ခေါင်းနဲ့ ငုဝါဝယ်ထားတဲ့အင်္ကျီစ၊ ထဘီစတွေ၊ အရင်ကငုဝါဝယ်ပြီးစုထားတဲ့ခန်းဆီးစ၊ အိပ်ရာခင်းစတွေပါ ကိုကိုနဲ့မမဟန်နီတို့အတွက် မင်္ဂလာလက်ဆောင် ပေးလိုက်ပါတယ်။ ပြီးတော့လဲ ငုဝါနဲ့ကိုကို့ရဲ့သမီးဆိုတဲ့ တေဘီခေါလ်အရုပ်ကြီးကိုလဲ ထည့်ပေးလိုက်တယ်ကိုကို၊ ငုဝါကိုယ်တိုင် မြန်မာပြည်မလိုက်ခဲ့ပေမယ့် ငုဝါ့ရဲ့သမီးကိုတော့ ကိုကိုနောက် ထည့်ပေးလိုက်ပါတယ်ကိုကိုရယ်။

သမီးလေးရဲ့ နာမည်ကိုလဲ "ငုဝါလင်း" လို့ပေးလိုက်ပါတယ်။



... ငုဝါရဲ့အချစ်ဆုံးဖေဖေနဲ့ ကိုကိုတို့နှစ်ယောက်တည်းသာ ခေါ်တဲ့နာမည်မို့ ငုဝါသိပ်မြတ်နိုးတဲ့နာမည်ပါ။ သမီးလေးငုဝါလင်းကိုလဲ ကိုကိုနဲ့မမဟန်နီတို့ ရတဲ့ကလေးတွေနဲ့အတူ ကစားပါစေ။ ငုဝါ့ရဲ့သမီးလေးကိုလဲ ကိုကိုရဲ့ကလေးတွေနဲ့ တန်းတူချစ်ပါကိုကိုရယ်။

မြန်မာပြည်လိုက်ချင်လို့ ကိုကိုကိုချစ်တာမဟုတ်ဘူး။ ကိုကို့ကိုချစ်လို့ မြန်မာပြည်ကိုလိုက်တာလဲမဟုတ်ဘူးလို့ ပြောခဲ့တာ မှတ်မိသေးလားကိုကို။ ငုဝါအခုမြန်မာပြည်ကို လိုက်ခွင့်ရပေမယ့် ကိုကို့ကိုချစ်ဖို့မသင့်တော့လို့ မလိုက်ခဲ့တာကိုလဲ နားလည်ပါနော်။

ငုဝါလန်ဒန်မှာလဲ မနေချင်တော့ပါဘူး၊ မြန်မာပြည်ကိုလိုက်ဖို့မလိုတော့တဲ့အတွက် ဖေဖေရဲ့အသက်အာမခံငွေနဲ့ကနေဒါနိုင်ငံကိုပဲ သွားတော့မယ်ကိုကို။ ငုဝါဆောက်သမ်တမ်ကိုသွားပြီး တိုရန်တိုကမာမီတို့ အိမ်နေရာကို အတိအကျမေးခဲ့တယ်။ တိုရန်တိုမှာမာမီနဲ့ပက်ပီတို့နဲ့တွေ့ပြီး ဟိုကဆေးရုံတွေမှာ သူနာပြုအလုပ် ပြောင်းလုပ်လို့ရယင် အပြီး ပြောင်းနေလိုက်တော့မယ် ကိုကိုရယ်။

ငုဝါအိမ်ထောင်ပြုဖို့တော့ လုံးဝစိတ်မကူးတော့ပါဘူး။ ကိုကိုကိုပဲ တစ်သက်လုံး စိတ်ထဲကချစ်နေမှာပါ။ မြန်မာပြည်ကိုလဲ ရောက်တဲ့နေရာကနေပြီး မှန်းဆပြီးချစ်နေဦးမှာပါကိုကိုရယ်။ နောက်နောင်အခွင့်သာလို့ ငုဝါတို့တတွေ မြန်မာပြည်ကို ပြန်လာခွင့်ရယင်တော့ အဘွားကြီးဖြစ်တဲ့အချိန်ကျမှ လာခဲ့တော့မယ်။ မြန်မာပြည်မှာပဲ ဗုဒ္ဓဘာသာတရား အားထုတ်ပြီး ဘဝကူးချင်ပါတယ်ကိုကို။

သမီးလေးငုဝါလင်းကိုလဲ မွေးမွေးတွေပေးပြီးမှ ကိုကို့နောက်ကို ထည့်လိုက်တာပါ။ ကြာသပတေးနေ့ညနေက ကိုကိုနောက်ဆုံးနမ်းခဲ့တဲ့ ငုဝါ့ရဲ့ နဖူးလေးကိုလဲ တစ်သက်လုံး အမှတ်ရနေမှာပါကိုကို၊ ဒီစာရွက်တွေကိုလဲ နှာခေါင်းနဲ့ရှုပြီး မွေးမွေးတွေ အများကြီးပေးလိုက်ပါတယ်။

ငုဝါ ကိုဘိုကို စိတ်ညစ်အောင်လုပ်မိတယ်ဆိုယင် ရှိခိုးကန်တော့

www.burmeseclassic.com

ပြီးတောင်းပန်ပါတယ်။ မနေ့ညတုန်းက ဘုရားရှိခိုးပြီး ကိုကိုကို လဲကန်တော့ပါတယ်။ ပြီးတော့ငဝါဒုက္ခပေးမိတဲ့ ကိုကြီးအောင်နဲ့ မမမြရယ်၊ ဒေါက်တာဦးစိုးညွန့်တို့ကိုပါ ကန်တော့ပြီး တောင်းပန်လိုက်ပါသေးတယ်။ သူတို့ဆီလဲ ငဝါစာရေးပြီး တောင်းပန်ဦးမှာပါ ကိုကို။

ငဝါရဲ့စေတနာကို အားလုံးက နားလည်ကြပါစေ....

မြန်မာပြည်နဲ့ ကိုကိုကိုသိပ်ချစ်တဲ့
ငဝါမြင့်

× × × ×

"သာယာတဲ့ အိမ်ထောင်ရေးဆိုတာ စာမေးပွဲဖြေသလို ကိုယ်က ကြိုးစားတိုင်း အောင်မြင်နိုင်ပါသလား"

ဒေါ်မြမြအား ပြန်မမေးဖြစ်ခဲ့သည့်မေးခွန်းကို စည်သူလင်း သူ့ဘာသာသူ ပြန်မေးနေသည်။

စေတနာတွေ၊ မေတ္တာတွေ၊ အကြင်နာတရားတွေ။ စည်သူလင်း လူတိုင်းအပေါ် မတွန့်မတို ပေးထားခဲ့ပါသည်။ သူချစ်သူ၊ သူ့ဇနီးဟောင်း၊ ဇနီးလောင်းတို့အပေါ်မှာသာမက မိတ်ဆွေ သင်္ဂဟများ၊ မစ္စစ်ဇမစ်လိုအဘွားကြီးမျိုးကိုပင် အနစ်နာခံပြီး ကြင်နာခဲ့ပါသည်။

မေတ္တာ၊ စေတနာ၊ အကြင်နာဟူသည် တကယ်ပဲ ရောင်ပြန်ဟပ် တုံ့ပြန်တတ်သည်ဆိုကြဦးတော့ သူ့အပေါ် တုံ့ပြန်လာသော မေတ္တာ၊ စေတနာတွေမှာ အေးမြငြိမ်းချမ်းခြင်း မရှိ။ အခု ငဝါက သူ့အပေါ် ထားလိုက်သော စေတနာကြောင့် သူမှာ ပူလောင်ခြင်းမက ပူလောင် နေရပြီလေ။

ပဲရစ်မြို့ရှိ ချားလ်ဒီဂေါလ်လေဆိပ်သို့ လေယာဉ်ဆိုက်ပါပြီ။ ခရီးသည်များ လှုပ်လှုပ်ရွရွထကြသည်။ မိမိရည်မှန်းရာခရီးသို့ ဦးတည်၍ သွက်သွက်လက်လက် လှုပ်ရှားကြသည်။ ဦးတည်ချက်မရှိသလို ထိုင်ခုံမှ ခါးပတ်ကိုပင်မဖြုတ်သေးဘဲ အရုပ်ကြိုးပြတ် ဆက်ထိုင်နေသည့်သူမှာ စည်သူလင်းတစ်ယောက်သာ ဖြစ်သည်။



ဖြစ်နိုင်လျှင် လေယာဉ်ပြောင်းစီးမနေရတော့ဘဲ အခုလိုထိုင်လျက် ငုတ်တုတ်နှင့်ပင် ရန်ကုန်က သူ့အိမ် (ကမာရွတ်က ဦးသန်းလွင်အိမ်) ထဲသို့ ပြန်ရောက်သွားစေချင်သည်။

မတတ်သာ၍သာနောက်ဆုံးတွင် လေးလံနေသည့်ခန္ဓာကိုယ်ကြီးကို ဆွဲထူလိုက်ရသည်။ ဟိသရိုးလေဆိပ်တွင် လေယာဉ်ပေါ်သို့ နောက်ဆုံး တက်လာခဲ့သော စည်သူလင်းသည် အခုနောက်ဆုံး လေယာဉ်ပေါ်မှ ဆင်းသောခရီးသည်ပင် ဖြစ်ပါ၏။

လေယာဉ်ပေါ်မှဆင်းသည်ဟု ဆိုရသော်လည်း မြေပြင်အထိ လှေကားဖြင့်ဆင်းရန်မလိုပါ။ ဆင်နှာမောင်းလို လိုဏ်ခေါင်းစင်္ကြံတစ်ခုက လေဆိပ်အဆောက်အအုံမှနေ၍ လေယာဉ်၏တံခါးဝကိုလာဆက်သည်။ ခရီးသည်များသည် လေယာဉ်တံခါးဝမှထွက်ကာ ထိုလိုဏ်ခေါင်းစင်္ကြံတွင်းမှာလမ်းလျှောက်၍ လေဆိပ်အဆောက်အအုံ၏ ပထမအထပ်သို့ ဝင်ကြရသည်။

လိုဏ်ခေါင်းစင်္ကြံအတွင်း လျှောက်နေသော စည်သူလင်း၏ခြေလှမ်းများက နှေးကွေးလေးလံလွန်းလှသည်။ အချိန်တိုတို ရက်ပိုင်းအတွင်း လောကဓံ၏ အကွေ့အကောက် အလှည့်အပြောင်းကို ကြုံဖန်များစွာ ခံခဲ့ရ၍ အားအင်ကုန်ခန်းနေပြီ။ ထုံထိုင်း လေးလံစွာ ကြောင်တောင်တောင် လမ်းလျှောက်နေသောသူ့ကို လေယာဉ်မယ်လေးတစ်ယောက်က မေးသည်။

"နေမကောင်းလို့လားဟင်။ ကျွန်မ ကူညီနိုင်ပါသလား"

"ကျေးဇူးတင်ပါတယ်။ မလိုပါဘူးခင်ဗျား"

စိတ်မပါတပါဖြေကြားရင်း လေဆိပ် အဆောက်အအုံ၏ ပထမ အထပ်သို့ဝင်ခဲ့သည်။

"မောင် လာလေ။ နေမကောင်းဘူးလား"

ဟုတ်ပါသည်။ ဟန်နီမှဟန်နီအစစ်ပါ။ လေဆိပ်တွင် ဂိတ်ဝမှ ရပ်လျက် နွမ်းနယ်သောအပြုံးဖြင့် စည်သူလင်းကို ကြိုနေသည်။ ကြိုးကြား ချိတ်ထမီ၊ နှစ်ထပ်ဇာလက်ရှည် ရင်စေ့အင်္ကျီတို့ကို ဝတ်ဆင်ထားသော ဟန်နီသည် မြန်မာဆန်စွာ လှပတင့်တယ်နေပါသည်။ သူမ၏ လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com

ဘွင် ဟန်နီဟူသော အင်္ဂလိပ်ဘာသာစာတမ်း လည်ကပ်ဆွဲကြိုးလေး ဆွဲလိုပါလား။ သည်ဆွဲကြိုးလေးသည် သူမ၏ ၂၇ နှစ်မြောက် မွေးနေ့ ဘုန်းက သူလက်ဆောင်ပေးခဲ့သော ဆွဲကြိုးလေးဖြစ်သည်။

ဟန်နီကိုတွေ့လိုက်ရ၍ သူသည် အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ထိတ်လန့်ခြင်း အလျင်းမရှိ။ ခံစားချက်မရှိသော မျက်နှာ၊ အဓိပ္ပာယ်မဲ့သော အကြည့်ဖြင့် ကြည့်လိုက်သည်။ ယခုလိုအချိန်တွင် ဟန်နီကိုမှ မဟုတ်ပါ။ ဝုဝါကိုတွေ့လိုက်ရလျှင်လည်း အံ့သြဝမ်းသာဖြစ်လိမ့်မည် မဟုတ်တော့။ သူတွင် စိတ်လှုပ်ရှားခြင်းများ၊ ခံစားချက်များအားလုံး ကုန်ခန်းနွမ်းလျနေလေပြီ။ ဟန်နီက သူ့လက်ထဲမှ လက်ဆွဲအိတ်ကိုလှမ်းယူတော့လည်း အသာတကြည်ပင် လက်လွှတ်ပေးလိုက်သည်။ ဟန်နီက သူ၏နဖူးကို လက်ချောင်းလေးများနှင့် စမ်းသပ်ကာ . . .

"ကိုယ်တော့မပူပါဘူး၊ မောင့်ကိုကြည့်ရတာ သိပ်နွမ်းနယ်တာပဲ လေယာဉ်ပေါ်မှာ မူးပြီးအန်လာခဲ့သလားဟင်"

ဆို့အနားမကြားသူ တစ်ယောက်ပမာ ဟန်နီ့စကားကို တုံ့ပြန်ခြင်း မရှိ။ ဆိတ်ငြိမ်နေသည်။

"မောင်စီးမယ့် အေအက် (ဖ) ၁၇၈ က နေ့လယ်နှစ်နာရီခွဲမှ ထွက်မှာမို့ အချိန်ရပါသေးတယ်။ ဟန့်နီနဲ့ခဏထိုင်ပြီးစကားပြောကြရအောင်နော်"

ခုံတန်းရှည်တစ်ခုပေါ်တွင် ဟန့်နီထိုင်သောအခါ သူလည်းရောပြီး ထိုင်သည်။

"ဟန်နီကိုစိတ်နာပြီး ဘာဖြစ်လို့မညာတတ်ဘဲနဲ့ ညာရတာလဲမောင်ရယ်။ မောင့်မှာ လက်ထပ်ရမယ့်သူ မရှိဘူးဆိုတာ ဟန်နီသိခဲ့ပြီးပါပြီ။ ဒါကြောင့်မို့ မောင်နဲ့ပြန်ပေါင်းဖို့ ဒုတိယအကြိမ်နဲ့ နောက်ဆုံးအကြိမ် ဆွေးနွေးခွင့်ပေးပါဦးနော်။ မောင်ကလက်ခံမယ် ဆွေးနွေးလို့ပြေလည်မယ်ဆိုယင် အခု မောင်စီးမယ့်လေယာဉ်နဲ့ပဲ ဟန်နီ ဗန်ကောက်အထိ လိုက်ခဲ့ပါမယ်။ ဗန်ကောက်မှာ အတူတူလည် ဘုရားဖူးဈေးဝယ်ပြီး နောက်တစ်နေ့ မောင် ဘီအေစီလေယာဉ်ပေါ်တက်တဲ့အထိ ဟန်နီလိုက်



ပို့မယ်လေ။ ပြီးတော့မှ ဟန်နီလဲ စင်ကာပူပြန် အလုပ်ထွက် ပစ္စည်းတွေသိမ်းပြီး ရန်ကုန်ကိုလိုက်ခဲ့မယ်နော်"

အမြဲတမ်းလိုလို သူလုပ်ချင်ရာသူဇွတ်လုပ်ခဲ့ပြီး ယခုလည်း သူဖြစ်ချင်သည့်အငြိအငြင်များကိုသာ သူစိတ်ကူးနှင့်သူ ရေးဆွဲနေသည့်ဟန်နီကို စည်သူလင်း ဘာမျှပြန်မပြောချင်။ အနားတွင် ထိုင်ပြောနေပြန်တော့လည်း ကြားနေရသောစကားလုံးများကို နားထောင်လိုက်ရပါသည်။

"တကယ်လို့မောင်က ဟန်နီကိုလက်မခံဘူးဆိုယင် ဟန်နီ ပါရီမှာပဲ နေရစ်ခဲ့မှာပါမောင်ရယ်။ မောင့်ကိုရော မြန်မာပြည်ကိုရော ဒီကနေ အပြီးနှုတ်ဆက်ရမှာပါ။ ဒါကြောင့် စောဒကတက်တယ်လို့ မထင်ပါနဲ့၊ နောက်ဆုံးအနေနဲ့ အယူခံဝင်ပါရစေနော်"

စည်သူလင်း၏ တင်းမာနေသော မျက်နှာထားကို ဟန်နီ အမြဲရှာခန့်မှန်းမိလိုက်သည်။ ပြောနေရင်းအသံတွေတုန်ပြီး ဆို့နစ်သွားသည်။ မျက်ရည်ဝဲရှိသာမက ငိုရောငိုနေသလား စည်သူလင်းမသိ။ သူမနှင့် မျက်နှာချင်းမဆိုင်ဘဲ ရှေ့တည့်တည့်ကိုသာ မျက်နှာနှင့်မျက်စိများကို ဘူရှအားသည်။ ထို့နောက် နှုတ်ခမ်းလှုပ်ရုံလေးလှုပ်ကာ လေးတွဲ့တွဲ့ စကားလုံးများဖြင့် ...

"တို့ကို ဘာမှမစဉ်းစားခိုင်းနဲ့ဟန်နီ။ ဘာမှလဲ မဆုံးဖြတ်ခိုင်းနဲ့။ တို့ဘာမှာ တို့အသိဉာဏ်နဲ့စဉ်းစားဆုံးဖြတ်ခဲ့လို့ ဘာများအရာရောက်ခဲ့လို့လဲ။ သူများစဉ်းစားဆုံးဖြတ်တာတွေပဲ တို့နာခံခဲ့ရပြီး အခုမှ ဘာလို့အဆုံးအဖြတ်ကို တို့ဆီမှာ လာတောင်းနေတာလဲ။ ယူဘာသာယူ လုပ်သင့်တယ်ထင်တာတွေ လုပ်ခဲ့ပြီးပြီ။ ခုလဲလုပ်ချင်ရာလုပ် ယူဘာဝကို ယူဘာသာသာယူဆုံးဖြတ်၊ တို့ကိုတစားခံမရှာနဲ့ တို့ဘာမှ အဆုံးအဖြတ်မပေးနိုင်ဘူး"

သည်တစ်ခါတော့ သူမမျက်နှာကိုမကြည့်ဘဲနှင့် ဟန်နီငိုနေကြောင်း အသံနှင့်ပင် စည်သူလင်းသိလိုက်ပါသည်။ ဝမ်းနည်းကြေကွဲသောအသံဖြင့် သူမသည် ကြိုးစား၍ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"သိပါပြီမောင်ရယ်။ မောင်ပြောတာက ဟန်နီ ရန်ကုန်ကိုပြန်ချင်ယင်ပြန် မပြန်ချင်ယင်နေ။ မောင်နဲ့ဘာမှမဆိုင်ဘူး။ ရန်ကုန်ရောက်လာလို့လဲ မောင့်ဘဝနဲ့ ပေါင်းစပ်ခွင့် မပေးနိုင်ဘူးဆိုတာ ဟန်နီနားလည်လိုက်ပါပြီမောင်"

စည်သူလင်း၏စိတ် နောက်ကျိညစ်ညူးမှုများသည် အဆုံးမသတ်နိုင်သေးပါကလား။ ဘယ်လိုဝဋ်ကြွေးကြောင့် သည်မိန်းမနှစ်ယောက်၏ ညှဉ်းပန်းနှိပ်စက်မှုကို ထပ်ဖန်တလဲလဲခံနေရသည်ကို သူမတွေးတတ်အောင် ဖြစ်နေသည်။

"ဟန်နီရယ်၊ ဘယ်လိုအငြိုးနဲ့များ တို့ကို သွားလေရာမှလိုက်ပြီး စိတ်အနှောင့်အယှက်တွေ ပေးနေရတာလဲ။ တို့တော့ ယူကို တကယ်ကြောက်လာပြီဟန်နီ တကယ့်ကိုကြောက်လာပြီ"

"ဟန်နီကို မကြောက်ပါနဲ့ မောင်ရယ်။ မောင့်ကိုသာ ဟန်နီက ကြောက်ရတာပါ။ မောင်ကဟန်နီကို လက်မခံမှာ ကြောက်ရသလို လက်ခံပြီးမှ မချစ်မှာလဲ ဟန်နီကြောက်ရပါတယ်။ ဟန်နီဟာ မောင်ဘဝမှာ အနှောင့်အယှက် ဆူးငြောင့်ခလုတ် ဖြစ်နေပြီဆိုယင်လဲ ဟန်နီ နေရစ်ခဲ့ပါတော့မယ်မောင်။ ဟန်နီပေးမိတဲ့ စိတ်အနှောင့်အယှက်တွေ၊ ဒုက္ခတွေအတွက် မောင့်ကို ရှိခိုးကန်တော့ ကောင်းပန်ပြီး နှုတ်ဆက်လိုက်ပါတယ်"

ပြောပြောဆိုဆိုနှင့် ဟန်နီသည် ကြမ်းပြင်ပေါ် ဆင်းထိုင်ပြီး ဒူးတုပ်လျက်ကန်တော့သည်။ စည်သူလင်းက ရီဝေသော မျက်လုံးများဖြင့် ငုံ့ကြည့်ကာ မယုံကြည်နိုင်လောက်အောင် အံ့သြတုန်လှုပ်သွားသည်။ အိမ်ထောင်သက်သုံးနှစ်ပေါင်းသင်းခဲ့စဉ်က လင်ယောကျ်ားကို တစ်ခါမျှ အခုလို မကန်တော့ခဲ့ဖူးသည့်အပြင် နှုတ်မှ "ကန်တော့" ဟုပင် တစ်ခွန်းမပြောဖူးသော ဟန်နီ။ အခု သူ့ခြေရင်းမှဝပ်စင်းပြီး သုံးကြိမ်ဦးချကာ ပြန်၍ အားယူမထနိုင်သေးဘဲ စည်သူလင်း၏ခြေသလုံးကို ဦးတိုက်ကာ ဖက်ရှိုက်နေသည်။

လေဆိပ်အတွင်းမှ မျက်နှာဖြူ မျက်နှာမည်း အနောက်တိုင်းသားတို့က သူတို့နှစ်ယောက်၏အဖြစ်ကို အထူးအဆန်းလုပ်ပြီး ဝိုင်းကြည့်



ကြသည်။ စည်သူလင်း ဘာလုပ်ရမှန်းမသိ။ သာစုသုံးကြိမ်ကို ပြီးစလွယ်ခေါ် လိုက်ရမလား၊ သူမလက်ထဲမှ ခြေအစုံကိုရုန်းထွက်ပြီး နေရာမှထသွားရမလား စဉ်းစားရကြပ်၊ ဆုံးဖြတ်ရခက်လှပါ၏။

"တိတ်စမ်းပါဟန်နီရာ ဟိုမှာလူတွေ ဝိုင်းကြည့်နေကြတယ်။ ထပါဦး၊ ရှက်စရာကြီး"

"ထလို့မရလို့ပါမောင်ရယ်။ မောင့်လည်ပင်းကိုဖက်ပြီး နမ်းခွင့်မရှိတော့တဲ့အခြေအနေမို့ မောင့်ခြေသလုံးကိုတော့ ဟန်နီဖက်ပြီး အားရအောင် ငိုခွင့်ပေးပါဦး။ ဘယ်သူတွေဝိုင်းကြည့်ကြည့် ဟန်နီမရှက်နိုင်ဘူး။ ဟန်နီမှာ မောင့်ကိုချစ်ရတဲ့စိတ်ကလွဲယင် အရှက်ရေးအကြောက်ရေး မရှိတော့ဘူး။ ဖြစ်ချင်ရာဖြစ်ပါစေလို့ ဆုံးဖြတ်ပြီးပြီမောင်"

အရှက်အကြောက်ဆိုသည့် ဟိရိဩတ္တပ္ပတရားကို ဟန်နီထံမှ ကြားရမှ သူစဉ်းစားမိသည်။ မြန်မာဗုဒ္ဓဘာသာမိန်းကလေး တစ်ယောက် ပဲရစ်လို နိုင်ငံမျိုးမှာ ဟိရိဩတ္တပ္ပတရား မရှိယင် ဘာဖြစ်သွားမလဲ။ ကြင်နာစိတ်နှင့် ချစ်ဖူးသူတစ်ယောက်အတွက် မတွေးနိုင်သည့်တိုင်အောင် စာနာစိတ်ဖြင့် မြန်မာမိန်းကလေးတစ်ယောက်အတွက် တွေးသင့်သည်ဟု သူယူဆသည်။

ဟိုတစ်ချိန် လန်ဒန်မှာတုန်းက အိပ်မက်ထဲက ဟန်နီကို မျက်စိထဲမှာ ပြန်မြင်လိုက်သည်။ ဆံပင်တိုတိုကောက်ကောက် ခေါင်းစုတ်ဖွား နှုတ်ခမ်းနီရဲရဲနှင့် ဟန်နီရုပ်သွင်။ အတွင်းခံမပါသော အင်္ကျီ၊ စကဒ်နှင့် နိုင်လွန်အသားကပ် ခြေအိတ်ရှည်ဝတ်ထားသော ဟန်နီ၏ အဆင်အပြင်၊ စီးကရက်လက်ကြားညှပ်ပြီး အရက်ခွက်ကိုင်ထားသော ဟန်နီ၏ ဟန်ပန်အမူအရာ။ ပြီးတော့ တစ်ညတာ အချိန်ကာလအတွက် စတာလင်ပေါင်တစ်ရာ ဈေးခေါ်နေသည့် ဟန်နီ၏အကျင့်စရိုက်တို့ကို ပြက်ပြက်ထင်ထင်ကြီး ပြန်ပြီးသတိရမိသည်။

နာကျည်းကြေကွဲမှုနှင့်အတူ ရင်ထဲတစ်နေရာမှာ ပုန်းလျှိုးနေသည့် ကရုဏာအကြွင်းအကျန်လေးတစ်ချက် ဖူးဖူးရှရှ ဆန်တက်လာသည်။

"ထပါဦးဟန်နီရယ်။ အေးအေးဆေးဆေး စကားပြောပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com

စည်သူလင်းက ဟန်နီ၏ပခုံးကိုကိုင်ကာ ဆွဲထူသည်။ ဟန်နီက မထနိုင်သေးဘဲ ငိုရင်းနှင့်ပင် သူထင်ရာသူ စွတ်ပြောနေသည်။

"မောင်ပြောမှာတွေ ဟန်နီသိပါတယ် မောင်ရယ်။ ဟန်နီမငိုနဲ့ထပါ။ စင်ကာပူပြန်ပါ၊ ရန်ကုန်ကိုပြန်လိုက်ခဲ့ပါ၊ မောင်နဲ့ပေါင်းရဖို့ ရန်ကုန် ရောက်တော့မှ ဆွေးနွေးကြတာပေါ့၊ ဒါပဲမဟုတ်လားဟင်။ မောင့်ရဲ့ သွေးအေးအေးလေးနဲ့ ဖျောင်းဖျတဲ့စကားတွေ၊ ဆုံးမစကားတွေကို နားမထောင်ပါရစေနဲ့တော့ မောင်ရယ်။ ဟန်နီသွေးတွေက ပူနေသလို သွေးတွေက ဆူလဲဆူနေပါတယ်"

စည်သူလင်းက မတ်တတ်ရပ်၍ ဟန်နီ၏ပခုံးနှစ်ဘက်ကို အားပါပါနှင့် ဆွဲယူထူမလိုက်သည်။

"ဟန်နီကလဲကွာ ထစမ်းပါ၊ ဘာမှန်းလဲမသိဘူး၊ ကိုယ်ထင်ရာကိုယ် စွတ်ပြောနေတာပဲ၊ ထ ထ မောင်နဲ့လိုက်ခဲ့။ ရန်ကုန်အထိသာမကဟိုးပြည်နယ်အထိ လိုက်ခဲ့ ကဲကျေနပ်ပြီလား"

စီစဉ်ထားခြင်းမရှိဘဲနှင့် အဆုံးအဖြတ်စကားကို သူ့နှုတ်မှ အလိုလိုတသီတတန်းကြီး ပြောချလိုက်မိသည်။ အသိစိတ်၏ လိမ်ညာခြင်း၊ ဟန်ဆောင်ခြင်း၊ ဖုံးကွယ်ခြင်းတို့ တဒင်္ဂကပျက်ပြယ်စဉ်ဝယ် မသိစိတ်တွင်းမှ ဆန္ဒများက ပေါ်ထွက်လာခြင်း ဖြစ်ပါလိမ့်မည်။

ဟန်နီ ချက်ချင်းပင် အားမာန်တွေ ဝင်လာပြီး ထ၍ ရပ်သည်။ သည့်နောက် စည်သူလင်း၏ရင်ခွင်ထဲတိုးဝင်ကာ လည်ပင်းကိုသိုင်းဖက်ခိုစီးနေ၏။

"တကယ်ခေါ်တာလားမောင်ရယ်။ ဟန်နီမောင့်ရင်ခွင်ထဲကို ဝင်ခွင့်ရပြီပေါ့နော်။ မြန်မာပြည်ရဲ့အရိပ်ကိုလဲ ခိုလှုံရတော့မှာပေါ့ ဟုတ်လား။ ဝမ်းသာလိုက်တာ မောင်ရယ်၊ ဟန်နီလေ.... မောင့်မေတ္တာနဲ့ကိုယ့်တိုင်းပြည်ရဲ့ အရိပ်အာဝါသကို တစ်သက်သုံး မြှတ်နိုးတန်ဖိုးထားပါမယ်။ မောင့်အိမ်ထောင်နဲ့ ကိုယ့် တိုင်းပြည်ပေါ်မှာရှိခဲ့တဲ့ အပြစ်ကြွေးတွေကိုသည်း ကြေအောင်အလုပ်အကျွေးပြုပြီး ပြန်ဆပ်ပါမယ် မောင်ရယ်"



အခုတော့ သူတို့နှစ်ဦး မျက်နှာချင်းဆိုင်လျက် တင်းကြပ်စွာ ပွေ့ဖက်နေကြပြီ။ လူလည်ခေါင်မြင်ကွင်းမှာ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် မျက်နှာချင်းဆိုင်ရပ်လျက် ပွေ့ဖက်နေခြင်းသည် အနောက်တိုင်းသားတို့အဖို့ အထူးအဆန်း မဟုတ်တော့။ စောစောတုန်းက ဝိုင်းကြည့်ကြသည့် လူအုပ်သည်လည်း ကွဲ၍ ကိုယ့်လမ်းကိုယ် ရှေးရှုသွားကြပြီ။

ရင်ချင်းအပ်ပွေ့ဖက်နေစဉ်တွင် သူတို့နှစ်ဦး၏ နှလုံးသည်းပွတ်နှစ်ခုသည် နရီစည်းချက်ကျကျ ကြိမ်နှုန်းမြန်စွာ ပြိုင်တူခုန်နေကြသည်။ သည်နှလုံးသားနှစ်မှာ၏အကြားတွင် သူတို့၏အဝတ်အစားများအပြင် အခုအခံတစ်ခုခြားလျက် တည်ရှိနေသည်ကို စည်သူလင်း သတိထားမိသည်။

ထိုကြားကခံထားသည့် အခုအခံအတားအဆီးကား အခြားမဟုတ်။ သူ့ကုတ်အင်္ကျီ၏ ဘယ်ဘက်အိတ်ထဲမှာ ထည့်ထားသည့် ငွေဝါရေးလိုက်သည့်စာပင် ဖြစ်ပါ၏။

× × × ×

ပဲရစ်တွင်ဖြစ်၍ အာဝဒအာရာရ ဟန်နီကပင် ပြင်သစ်လိုပြောပြီး ဦးဆောင်သွားသည်။ ဧအာက် (ဗ) ၁၇၈ ၏ လက်မှတ်တစ်စောင်ကို စည်သူလင်းနှင့်ကပ်လျက် တစ်နေရာတွင်လည်း ရအောင် တောင်းယူလိုက်သေးသည်။ ဟန်နီ၏လှုပ်ရှားမှုအားလုံးမှာ ရှင်လန်းသွက်လက်ပြီး အားမာန်အပြည့်ဝင်နေသည်။

အခုတော့ သူတို့နှစ်ဦးသည် အေအက် (ဗ) ၁၇၁ ဆိုက်ကပ်မည့် လိုက်ခေါင်းစကြႍ၏ ဂိတ်ဝနားတွင် ထိုင်နေကြသည်။ ဟန် နီ က စည်သူလင်း၏လက်မောင်းကို ဖက်တွယ်လျက် စင်ကာပူကအကြောင်းများကိုပြောနေသည်။ သည့်နောက် သူတို့နှစ်ယောက်၏ အိမ်ထောင်အတွက် သူဝယ်ခဲ့မည့်ကား၊ ရုပ်မြင်သံကြားစက်နှင့် အိမ်ထောင်ပစ္စည်းများအကြောင်းများ။ စည်သူလင်းက သူမ၏စကားများကို နားထောင်နေရာမှ ကြားဖောက်၍မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"နေစမ်းပါဦး အဲဒီအကြောင်းတွေ ခဏထားပါဦးဟန်နီ။ မောင်နားမလည်တာလေးတွေ မေးပါရစေ။ မောင့်မှာ မြန်မာပြည်ရောက်ယင် လက်ထပ်ရမယ့်သူ မရှိဘူးဆိုတာ ဟန်နီကိုဘယ်သူကပြောသလဲ။ နောက်ပြီး မောင်ဒီနေ့ လန်ဒန်ကရောက်လာပြီး ပဲရစ်ကတစ်ဆင့် ဒီလေယာဉ်စီးပြီး သွားမယ်ဆိုတာ ဟန်နီဘယ်လိုလုပ်ပြီး သိသလဲ"

"ဟန်နီ လန်ဒန်မှာတုန်းက မသိခဲ့ရပါဘူး။ ပါရီရောက်မှ သိရတာပါ"

"ဒီရောက်မှ သိတာဟုတ်လား။ ဒီကနေ ဘယ်လိုလုပ်ပြီး သိရတာလဲ"

စည်သူလင်း ပို၍ပင်အံ့ဩရပြန်သည်။

"ခြေ...ဟုတ်သားပဲ မောင့်ကိုမပြောရသေးဘူး။ဟန်နီ လန်ဒန်မှာ တစ်ညအိပ်ပြီး တည်းခဲ့တာက ဟန်နီရဲ့ငယ်ငယ်တုန်းက ကျောင်းနေဖက်သူငယ်ချင်း သင်းသင်းရီဆိုတာလေ ဆရာဝန်ပဲ။ အိုင်အမ်တွေးက အောင်တာ၊ စိန်သောမတ် (စ) ဆေးရုံမှာ အမ်အာစီပီ ဖြေနေတာရှိတယ်။ မောင်သိမယ်မထင်ပါဘူး၊ သူကလဲ မောင့်ကိုမသိဘူးတဲ့"

"သူက ဆေး (၂) က အောင်တာဆိုတော့ ကျောင်းချင်းမှမတွေ့တာ ဘယ်သိမလဲ။ သင်းသင်းက ဟန်နီကို ဒီအကြောင်းတွေ စုံစမ်းပြီး ဖုန်းဆက်လိုက်တာလား"

စည်သူလင်းက စိတ်မရှည်နိုင်ဘဲ အတိုချုပ်ဖြတ်မေးသည်။

"ဟင့်အင်း လန်ဒန်မှာတုန်းက သင်းသင်းက မပြန်ပါနဲ့ဦး သူ မြန်မာသံရုံးက မိတ်ဆွေတွေကတစ်ဆင့် မောင့်ကိုတွေ့ပြီး စေ့စပ်ပေးပါမယ်လို့ ပြောတာ ဟန်နီကနားမထောင်ဘဲ ဇွတ်ပြန်ခဲ့လို့ နောက်မှ သူစုံစမ်းလို့ရတဲ့ သတင်းတွေ စာနဲ့ရေးပြီး ပို့လိုက်တာ။ မောင်နဲ့လဲ ထပ်ပြီး ဆွေးနွေးကြည့်ဖို့ တိုက်တွန်းလိုက်သေးတယ်လေ"

"သင်းသင်းကိုယ်တိုင်ရေးတာလား။ စာက သူ့လက်ရေးနဲ့ဆိုတာ သေချာရဲ့လား"

စည်သူလင်း ဇဝေဇဝါဖြစ်သွားသည်။ သည်ကိစ္စတွင် ဟန်နီ ပြောသည့်အတိုင်း အတိအကျမဖြစ်နိုင်။ မြှုပ်ကွက်တစ်ကွက်တော့



BURMESE CLASSIC .com

ဖြစ်နိုင်သည်။ ငုဝါ၏ [illegible]စဉ်နှင့် ကြားဝင်မှုမပါဟု မဆိုနိုင်။ ငုဝါ၏ လက်ရေးနှင့်စာများ ဖြစ်လေမလားဟု သူသံသယဝင်သည်။

"သေချာတာပေါ့။ မိသင်းလက်ရေးများ ငယ်ငယ်လေးကတည်းက မှတ်မိနေတာ"

"ဟုတ်လား အဲဒီစာ ဘယ်နေ့ကရတာလဲ"

"တနင်္ဂနွေနေ့က ရတယ်လေ"

"ဟင် ...တနင်္ဂနွေနေ့မှာ စာဝေသလား။လန်ဒန်နဲ့ပဲရစ်စာထည့်တာ ဒီလောက်တောင်မြန်သလား"

"စာတိုက်ကထည့်တာ မဟုတ်ဘူးရှင့်။ လူကြုံနဲ့ပေးလိုက်တာ"

"လူကြုံဟုတ်လား။ လာပို့တဲ့သူက ယောကျ်ားလား၊ မိန်းမလား ဘယ်လိုပုံစံမျိုးလဲ"

စည်သူလင်း ပို၍စိတ်ဝင်စားလာပြီး မေးခွန်းတွေ အဆက်မပြတ် ထပ်ဆင့်ဝင်လာသည်။

"အမယ်လေး စစ်လိုက်ဆေးလိုက်တာမောင်ရယ် စုံထောက်ကြီးကျနေတာပဲ၊ စာလာပို့တာ အင်္ဂလိပ်မတစ်ယောက်၊ ရွှေရောင်ဆံပင်နဲ့၊ ပါဝါမျက်မှန်တပ်လို့၊ သင်းသင်းရဲ့မိတ်ဆွေတဲ့၊ ပါရီကိုလာရင်း လမ်းကြုံလို့ သင်းသင်းက ပေးလိုက်တာတဲ့၊ ဘာဖြစ်လို့လဲ မောင်နဲ့ရော သိလို့လား"

"ဒီပုံမျိုးဆိုယင် မောင်မသိပါဘူး။ မြန်မာသံရုံးက မောင်သိတဲ့ လူများ ဖြစ်နေမလားလို့ပါ"

ဟန်နီပြောသည့်အတိုင်းဆိုလျှင် ငုဝါကိုယ်တိုင် ထိုစာကိုလာပေးခြင်းတော့ မဟုတ်တန်ရာ၊ ငုဝါကရေးခိုင်း၍ သင်းသင်းကရေးပြီး လူကြုံဖြင့်ပေးလိုက်သောစာပင် ဖြစ်ပေလိမ့်မည်။

"ကဲ ...အဲဒီတော့ မောင့်မှာရန်ကုန်ရောက်ယင် လက်ထပ်ရမည့်သူ မရှိဘူးဆိုတာ ဟန်နီက တကယ်ယုံသွားတယ်ပေါ့"

"ယုံလို့ လာကြိုတာပေါ့။ သင်းသင်းက မဟုတ်တာမပြောဘူး။ မောင်သာ ညာတတ်တာ"



www.burmeseclassic.com

www.burmeseclassic.com

“မြန်မာပြည်မှာတော့ လက်ထပ်ရမယ့်သူ မရှိဘူး။ လန်ဒန်မှာ လက်ထပ်ခဲ့တဲ့သူတော့ ရှိတယ်ဆိုယင်ရော ယုံမလား”

“မယုံသေးဘူး”

“ဘာဖြစ်လို့”

“ဒေါက်တာစည်သူလင်းလို ဝါသနာ မျိုးချစ်ပုဂ္ဂိုလ်ကြီးမှာလေ ဒီလိုစိတ်မျိုးရှိယင် လန်ဒန်ကိုတောင် မရောက်ဘူး။ သူ့ပထမ မယားကြီးနဲ့ စင်ကာပူကို ပါသွားပြီသိလား”

စည်သူလင်းက ကျေနပ်အားရသောလေသံဖြင့် ရယ်မောလိုက်၏။

“အဲဒါက အရင်တုန်းက ဒေါက်တာစည်သူလင်း။ အခုဒီလိုမဟုတ်တော့ဘူး။ လန်ဒန်မှာမိန်းမရခဲ့ပြီး ကလေးတစ်ယောက်တောင် ရခဲ့သေးတယ်။ သမီးလေးနာမည်က ‘ဥပါလင်း’ တဲ့”

ဟန်နီက ပြောင်ချော်ချော်မျက်နှာလေးဖြင့် ....

“မောင်ဟာလေ တော်တော်လေး ရွှတ်ရွှတ်နောက်နောက် ပြောတတ်နေပြီနော်”

“အေးပါဗျာ။ မယုံလဲနေတော့၊ နောက်တော့မှ သမီးလေး ရန်ကုန်ကိုလိုက်လာယင် လင်ပါသမီးဆိုပြီး မိထွေးလို့မဆက်ဆံနဲ့”

“ဟာ .... ဟာ .... ဟား ...... ဟားဟား”

သူ့စကားကို ဟန်နီက ပျက်လုံးတစ်ခုသဖွယ် ရွှင်ရွှင်ပျပျလေး ရယ်သည်။ ထိုခဏမှာပင် သူတို့ရှေ့တည့်တည့်ရှိ ရုပ်မြင်သံကြားစက်တွင် “အေအက် (ဖ) ၁၇၇ နှင့် လိုက်ပါမည့် ခရီးသည်များ လေယာဉ်ပေါ် တက်နိုင်ပါပြီ” ဟူသော စာတမ်း ပေါ်လာသည်။ သူတို့နှစ်ဦးလည်း အထုပ်အပိုးဆွဲကာ လိုဏ်ခေါင်းကြိုမှ တစ်ဆင့် လေယာဉ်ပေါ်သို့တက်ကြသည်။

များမကြာမီ အေအက် (ဖ) ၁၇၇ ပျံသန်းစဉ်အမှတ်ဖြင့် ဘိုးရင်း ၇၄၇ ဂျက်လေယာဉ်ကြီးသည် လေဆိပ်အဆောက်အအုံမှ ထွက်ခွာသွားသည်။ ထို့နောက် လေယာဉ်ပြေးလမ်းတစ်လျှောက် အရှိန်ယူ ပြေးလွှားကာ မြေပြင်မှ ကြွတက်သွားသည်။

လေယာဉ်ကြီးထွက်ခွာပြီး မိုးသားတိမ်လိပ်ထဲတွင် ပျောက်ကွယ်သွားသည့်အထိ လေဆိပ်ဝရန်တာ မှန်ခန်းထဲမှ မမှိတ်မသုန်ကြည့်နေသည့် အမျိုးသမီး တစ်ယောက်ကိုတော့ စည်သူလင်းနှင့် ဟန်နီတို့ သိလိုက်ကြမည်မဟုတ်ပါ။ ထိုအမျိုးသမီးသည် ဟန်နီထံသို့ သင်းသင်း လက်ရေးနှင့်စာကို လာပေးခဲ့သည့် ရွှေရောင်ဆံပင်၊ ပါဝါမျက်မှန်နှင့် အင်္ဂလိပ်မဆိုသူပင်ဖြစ်ပါ၏။

သူမသည် စည်သူလင်းတို့နှစ်ယောက် လေယာဉ်ပေါ် တက်သွားသည်ကိုသာ ကြည့်နေသည်မဟုတ်ပါ။ စည်သူလင်း ချား (စ) ဒီဂေါလ်လေဆိပ်တွင်းသို့ ဝင်လာစဉ် ဟန်နီကကြိုဆိုပုံ၊ ကန်တော့ချိုင့်ပုံ၊ စည်သူလင်းက ဆွဲယူထူမပြီး ပွေ့ဖက်ကြပုံတို့ကို မလှမ်းမကမ်းမှ အစဉ် တစိုက် ကြည့်နေခဲ့သူဖြစ်ပါ၏။

လေယာဉ်ကြီး မြင်ကွင်းမှပျောက်သွားပါမှ သူမသည် တာဝန် တစ်ရပ် ပြီးဆုံးလေဟန်ဖြင့် သက်ပြင်းတစ်ချက်ချသည်။ ထို့နောက် အမျိုးသမီးသည် ရေအိမ်ထဲသို့ဝင်ပြီး သူမဝတ်ဆင်ထားသည့် မွေးပွ ကုတ်အင်္ကျီအရှည်ကြီးကို ချွတ်သည်။ သည်တော့မှ သူမ၏ ကိုယ်လုံး ကိုယ်ပေါက်သည် သိသာထင်ရှားလာသည်။ ထို့နောက် သူမတပ်ဆင် ထားသည့် ပါဝါမျက်မှန်နှင့် ရွှေရောင်ဆံပင်တုကိုချွတ်သည်။ ထိုပါဝါ မျက်မှန်သည်လည်း အမှန်တကယ် ပါဝါမပါသော မှန်သားအကြည် နှင့် မျက်မှန်သာ ဖြစ်ပါသည်။ ရွှေရောင်ဆံပင်အောက်မှ သူမကိုယ်ပိုင် အနက်ရောင်ဆံပင်တို့သည် ဖြတ်ပြီးခါ မညီမညာဖြင့် ပေါ်ထွက်လာ သည်။

သူမသည် လက်ဆေးကန်ရှေ့တွင် အားရအောင်ငိုသည်။ နေ့စဉ် ရက်ဆက် ငိုထားရ၍လည်း မျက်ခွံများသည် မို့ရောင်နေသည်။ ငိုရ၍ အားရသောအခါ လက်ဆေးကန်တွင် မျက်နှာသစ်သည်။ လက်ကိုင် အိတ်ထဲမှ အလှပြင်ပစ္စည်းအနည်းငယ်ကိုထုတ်၍ မျက်နှာကို ကြည့် ကောင်းအောင် ခြယ်သသည်။ ခေါင်းမှ ဆံပင်နက်နက်တို့ကိုလည်း ညီသာအောင်ဖြီးသည်။ အလှပြင်ပစ္စည်း၊ ဘီး၊ မျက်မှန်နှင့်ရွှေရောင် ဆံပင်တုတို့ကို လက်ကိုင်အိတ်ထဲသို့ထည့်ပြီးမှ ရေအိမ်အပြင်သို့ ထွက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ ထို့နောက် လေဆိပ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေး ကောင်တာသို့သွားပြီး သူမဝယ်ထားသည့် လေယာဉ်လက်မှတ်နှင့် ပတ်(စ)ပို့ကို ထုတ်ပြသည်။

"နာမည်လေး ကျေးဇူးပြု၍"

"ဒိုရာဝိုက် (ဇ)"

လူဝင်မှုကြီးကြပ်ရေးအရာရှိက သူမ၏မျက်နှာကို မယုံသင်္ကာဖြင့် မော့ကြည့်သည်။

"ဟင်....ဒီပတ်(စ)ပို့ထဲက နာမည်ကတော့ တစ်မျိုးပါလား"

"အို....ဆောရီး၊ မစ္စစ် ဒိုရာလင်းပါ"

နာမည်ကိုပြင်၍ပြောရခါမှ သူမ၏မျက်နှာသည် ဟန်ဆောင်ထားရာမှ သိသိသာသာ ညှိုးရော်နွမ်းလျသွားပြန်သည်။

"ဘယ်ကိုသွားမှာလဲ"

"ကနေဒါ။ တိုရန်တို"

လူဝင်မှုကြီးကြပ်ရေးအရာရှိက ပတ် (စ) ပို့ပေါ်တွင် တံဆိပ်ရိုက်လက်မှတ်ထိုးပြီး ပြန်ပေးသည်။ သူမက ပတ် (စ) ပို့နှင့် လေယာဉ်လက်မှတ်ကို ပြန်သိမ်းလိုက်ပြီး လေယာဉ်တက်ခွင့်လက်မှတ်ကို ထုတ်ယူသည်။ ပြီးမှ သူမ စီးရမည့်လေယာဉ် ထွက်ခွာမည့်ဂိတ်ဝအနီးတွင် ထိုင်၍ စောင့်နေသည်။

မစ္စစ်ဒိုရာလင်းသည် သူမထွက်ရမည့် လိုက်ခေါင်းစကြြံ၏ ဂိတ်ဝမှ ထိုင်ခုံပေါ်တွင်ထိုင်လျက် ငေးငိုင်တွေဝေနေသည်။ သူမ၏နားထဲတွင် အတိတ်မှ ပြောခဲ့ကြားခဲ့ရသည့်အသံများသည် အသံသွင်းတိတ်ခွေကို ပြန်ဖွင့်သလို ကြားနေသည်။ အစီအစဉ်အတိုင်း တော့ မဟုတ်။ ကမောက်ကမ၊ ကသောင်းကနင်း ကြားနေသည်။

"ငုဝါ ညတုန်းက အိပ်မက်မက်တယ်ကိုကိုရယ်။ ကိုကိုက လေယာဉ်ပျံပေါ်တက်ပြီး မြန်မာပြည်ကိုပြန်သွားတာ ငုဝါကိုတောင် လှည့်မကြည့်ဘူးတဲ့။ ငုဝါ လေဆိပ်မှာလိုက်ပို့ရင်းနဲ့ ငိုကျန်ရစ်ခဲ့တယ်လေ"

"ဖြစ်နိုင်တယ် ဖြစ်နိုင်တယ်။ ကိုကိုက ငုဝါဆိုတဲ့ကောင်မလေးနဲ့ လေယာဉ်ပျံပေါ်တက်ပြီး မြန်မာပြည် ပြန်သွားတော့ လေဆိပ်မှာ

[illegible]ပါ။ သိပ်ကောင်းတဲ့ နှစ်ကိုယ်ခွဲဇာတ်လမ်းပဲ။ သရုပ်ဆောင်ပိုင်ယင် အကယ်ဒမီတို့၊ အော်စကာဆုတို့တောင် ရနိုင်ဘယ်"

"ကိုကိုကိုတော့ ယုံပါတယ်။ ငုဝါမယုံတာက ကံတရားကိုပါ။ ငုဝါတို့သားအဖရဲ့ ရှေးဘဝက ကုသိုလ်ကံက ဘယ်လောက်ဆိုးခဲ့တယ်ဆိုတာမှ မသိရတာ။ အခု ဖေဖေကတော့ ဝဋ်ကျွတ်သွားပြီပေါ့။ ငုဝါမှာ ဝဋ်ကြွေးတွေ ဘယ်လောက် ကျန်သေးတယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ ကိုကိုရယ်"

"ဒီတော့ ရှေးအပတ်ထဲမှာပဲ ဗီဇာရ၊ ကိုကိုနဲ့ငုဝါတို့ လေယာဉ်ပျံကြီးစီးပြီး ရန်ကုန်ပြန်၊ လေဆိပ်ကနေ ငုဝါကို အင်းစိန်ကဘွားဘွားအိမ်ကို လိုက်ပို့မယ်။ နောက်နံနက်ကျတော့ ကိုကို လာခေါ်ပြီး ရွှေတိဂုံဘုရားကို အလျှင်သွားကြမယ်။ ရန်ကုန်မြို့ထဲ အနှံ့ လျှောက်လည်ကြပြီး ငုဝါစားချင်တဲ့ အကောင်းဆုံးမုန့်ဟင်းခါးကို အဝစားမယ်။ တစ်ခုတော့ရှိတယ်။ ငုဝါမြင်ဖူးချင်တဲ့ ငုဝါပန်းတွေက ဒီအချိန်မှာ မပွင့်သေးဘူး။ နွေရာသီရောက်မှ ငုဝါပန်းတွေက ပွင့်ကြမှာ"

"ဟုတ်...ါရဲ့ ချစ်စရာလေး။ ပြော်...သူရုပ်ကိုကြည့်စမ်းငုဝါ၊ မျက်လုံးဝိုင်းဝိုင်း ပါးဖောင်းဖောင်း နှုတ်ခမ်းချွန်ချွန်လေးနဲ့၊ ငုဝါငယ်ငယ်တုန်းက ဓာတ်ပုံထဲကရုပ်နဲ့ တထေရာတည်းပဲ။ ဒါကြောင့်မို့ ကိုကိုလဲ မြင်မြင်ချင်းချစ်မိတာ"

"ဒါဟာ ငုဝါရဲ့သမီး ကိုကိုရဲ့သမီးပဲပေါ့။ ရေ့ခွဲထား အဖေကြီး မြန်မာပြည်ရောက်မှ သူ့အတွက် နာမည်လှလှလေး စဉ်းစားပေးရမယ်"

"မမဟန်နီရယ်၊ ကိုကိုရယ်၊ ကိုကိုသားသမီးတွေအပေါ် ငုဝါထားလိုက်တဲ့စေတနာကို ကိုကိုနားလည်လိုက်ပါတော့ ကိုကိုရယ် .... နော်"

"စေတနာပြိုင်ထားတတ်ကြတာ မြန်မာတွေရဲ့ ထုံးစံပါ။ စေတနာပြိုင်ပွဲမှာ နိုင်တဲ့သူက ဝမ်းသာကျေနပ်မှုကို ခံစားရတယ်။ ရှုံးတဲ့သူက ကျေးဇူးတင် အားနာကြရတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ လင်းနဲ့ကျွန်မ စေတနာပြိုင်ပွဲမှာ ကျွန်မက ရှုံးသွားလို့ အားနာပြီး ကျေးဇူးတင်ရမှာပေါ့နော်။ ထားပါတော့။ နောက်တစ်ခါ စေတနာပြိုင်ပွဲကျယင် လင်းကိုကျွန်မက ကောင်းကောင်းကြီးအနိုင်ယူပြလိုက်မယ်သိလား”

သူမသည် ကစဉ့်ကလျားဖြစ်နေသော အတွေးများကို ချက်ချင်းရပ်ပစ်လိုက်ပြီး သက်ပြင်းတစ်ချက်ချသည်။ ရီဝေနေသည့် မျက်ဝန်းအစုံကြားမှ မျက်ရည်စများကို ကမျာကယာထိန်း၍ မျက်နှာထားကိုပြင်သည်။ မျက်နှာအမူအရာအရ မပြုံးနိုင်သေးသည့်တိုင် ရင်တွင်းခံစားချက်ဝယ် ဝမ်းသာကျေနပ်မှုကို အရယူနိုင်အောင် ကြိုးစားလိုက်ပါ၏။

သည်တစ်ခါ စေတနာပြိုင်ပွဲတွင် မိမိကိုယ်ကို အောင်နိုင်သူဟု ဆုတံဆိပ်ချီးမြှင့်ပြီး ဂုဏ်ယူစွာဖြင့် နွေးနွေးလှိုက်လှိုက်ကလေး ဖြစ်မိသည်။ သည်လိုဆိုလျှင် ရှုံးသူဟု သတ်မှတ်ခြင်း ခံရသူများကရော သူ့မေတ္တာကို နားလည်ကြပါရဲ့လား။ ကျေးဇူးတင်ဖို့၊ အားနာဖို့ရော သတိရပါရဲ့လား။

ကိစ္စမရှိ။ နေကြပါစေ နေပါစေတော့။ ငုဝါဆိုသည်မှာ ကိုယ့်စေတနာနှင့်ကိုယ် လှူနေသည့်ပန်းလေးပါ။ နွေလရာသီတစ်ခွင်လုံး မချင်းမချန် မတွန့်မတို ပင်လုံးကျွတ်ဝေဝေဆာဆာပွင့်ပြီး လောကကို အလှဆင်ရလျှင် ကျေနပ်သောပန်းမျိုးပါ။ ခူးယူပန်ဆင်မည့်သူ မရှိသော်လည်း သူဝမ်းမနည်း။ ခါတော်မီရှားရှားပါးပါးပွင့်လာသည့် ပိတောက်ပန်းကို တော်ဝင်ဟုသတ်မှတ်၍ ပန်ဆင်ကြလျှင်လည်း မနာလိုဝန်တိုခြင်း မရှိတတ်ပါလေ။

ငုဝါဆိုသည်မှာ ကိုယ့်စေတနာနှင့်ကိုယ်လှူသောပန်း၊ စေတနာပန်း၊ သဒ္ဓါပန်း၊ မုဒိတာပန်း ဖြစ်ပါလေသည်။

ဒေါက်တာ ရဲနိုင်



www.burmeseclassic.com